


ဝိုးကျော်သူ
မျက်ကန်းမေတ္တာ
လိုးချင်း
၀ သိုး

စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ် ၆၃၃/၈၉(၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၆၅/၉၀(၁

ပထမအကြိမ်၊ ၁၉၉၀ ပြည့်နှစ်၊ မေလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၃ ကျပ်

အဖုံးရိုက် အောင်သာအောဖ်ဆက်

ထုတ်ဝေသူ ဦးကျော်ဝမ်း (မြ ၀၁၆၁၁)
မိုးကျော်သူစာပေ
၁၈၀၊ ဓမ္မစေတီလမ်း
ဗဟန်း၊ ရန်ကုန်။

ပုံနှိပ်သူ ဦးပါကြီး (မြ ၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
အမှတ် ၅၀၂၊ သိမ်ဖြူလမ်း
ရန်ကုန်မြို့။

မိုးကျော်သူ

# မျက်ကန်းမေတ္တာ

လုံးချင်း သိုင်းဝတ္ထု စဆုံး

မိမိငှါးရမ်းသွားသောစာအုပ်၊
နွမ်း-နှုတ်ပြဲ-ဖျက်ဆီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုး နှစ်ဆ ငှါးခ ရက်
အကုန်ပါ ပေးလျော်ရမည်။

## ဝိဉာဉ်နုတ်လက်ငါးချောင်း

မေလ ၆ ယမ်းတိုက်ခတ်လာသည်။ ဖုန်များလွင့်ပျံပြီး အမှိုက်သရိုက်များ လမ်းပေါ်၌ လျှပ်တိုက်ပြေးသွား၏။

'ရွှေညှိသည်' ဟုရေးသားထားသော ဆိုင်းဘုတ်မှာ တစ်ဖျတ်ဖျတ်မြည်သံနှင့်အတူ လှုပ်ယမ်းနေ၏။

ဆိုင်းဘုတ်အောက်နားမှ စားသောက်ဆိုင်ဟူသော စာလုံးခပ်သေးသေးများကား အရောင်မှေးမှိန်လွင့်ပြယ်နေချေပြီ။

'ရွှေညှိသည်စားသောက်ဆိုင်' ဟူသည့် ဆိုင်းဘုတ် အရောင်အဆင်း မှေးမှိန်နေသလို စားသောက်ဆိုင် အဆောက်အအုံမှာလည်း ဟောင်းနွမ်းအိုမင်းနေပေသည်။

လေတိုက်တိုင်း အဆောက်အဦ၏ နရာအနှံ့အပြားမှ တကျွီကျွီမြည်သံများထွက်ပေါ်နေသည်။

လေတိုးမှုကြောင့် အဆောက်အအုံသိမ့်ခနဲ သိမ့်ခနဲဖြစ်သွားပြီး ချက်ချင်းပင် ပြိုကျပျက်စီးသွားတော့မည် ထင်ရလောက်ပေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ကျော်ကပင် ခိုက်ဖုန်းမြို့သို့ သွားရာလမ်းပေါ်၌ ရွှေညွှန့်သည် စားသောက်ဆိုင်မှာ ယခုတိုင် အခွန့်ရှည်စွာ တည်ရှိနေဆဲ။

ပြိုကျပျက်စီးသွားတော့မည်ဟု လူအများသက်ဝင်ယုံကြည်နေသည့်ကြားမှ ဆက်၍တည်ရှိနေဆဲ။

ရွှေညွှန့်သည် စားသောက်ဆိုင် စတင် တည်ထောင်စဉ်က ဤလမ်းတစ်လျှောက် ကုန်သည်ပွဲစား ခရီးသွားများ ဥဒဟိုဖြတ်သန်းသွားလာခဲ့ပြီး နေ့ညမဟူ စည်ကားသိုက်မြိုက်ခဲ့လေသည်။

ရွှေညွှန့်သည် စားသောက်ဆိုင်၌လည်း စားသောက်သူများ ပြည့်လျှံနေခဲ့သည်။

စားသောက်ဖွယ်ရာများ လက်မလည်အောင် ရောင်းချခဲ့ရခြင်းကြောင့် အားကျသူများက ရွှေညွှန့်သည်သက်စားသောက်ဆိုင်ပိုင်ရှင်မှာ စီးပွားရေးနားလည်တတ်ကျွမ်းပြီး အကွက်မြင်သူဟု ချီးကျူးခဲ့ကြလေ၏။

ယခုသော် ချီးကျူးသံများ တိတ်ဆိတ် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ ချီးကျူးသံအစား ကဲ့ရဲ့လှောင်ပြောင်မှုများအစား ထိုးဖြစ်ပေါ်လာသည်။

ပြီးခဲ့သည့်ခြောက်နှစ်ခန့်က ဤလမ်းခရီးထက် ပို၍လွယ်ကူချောမွေ့သော ကုန်စည်လမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်လိုက်ခြင်းကြောင့် ကုန်သည်ပွဲစားများ ခရီးသည်များ၊ လမ်းကြောင်းပြောင်းသွားခဲ့ကြပေသည်၊

ထိုအချိန်မှစ၍ ရွှေညွှန့်သည်စားသောက်ဆိုင်ရှေ့မှ ဖြတ်သန်းသွားသူ တစ်နေ့တစ်ခြားနည်းပါးသွား၏။



နောက်ပိုင်းတွင် တစ်လနှစ်လနေမှ ခရီးသွား တစ်ယောက်တစ်လေ ဖြတ်သန်း သွားသည်ကို တွေ့မြင် ရခြင်းမျိုးသာ ရှိတော့၏။

ဖြတ်သန်းသွားလာသူနည်းပါးသွားသောအခါ စားသောက်ဆိုင်လည်း ဝင်ငွေလျော့ကျသွားသည်။

ဆိုင်အလုပ်သမား များစွာရှိခဲ့ရာမှ တဖြည်းဖြည်းချင်း အလုပ်ရပ်စဲခဲ့ရသည်။

ဆိုင်ရှင်မှာ အိုမင်းမစွမ်း ရှိနေချေပြီ။ ဆိုင်လုလင်သည် ဆိုင်ရှင်အပေါ် သံယောဇဉ်ကြီးမားလှသည်ဖြစ်ရာ ဆိုင်ရှင်ကွယ်လွန်သွားမှ ထွက်သွားရန် စိတ်ပိုင်းဖြတ်ထားသည်၊

မကြာမီ စားသောက်ဆိုင်ကို အပြီးတိုင် စွန့်ခွာ သွားရလိမ့်ဟု ယုံကြည်ထားလေသည်။

ဆိုင်ရှေ့၌ ခြေတင်ပါသော ကြိမ်ကုလားထိုင်တစ်လုံး ချထား၏။ ကြိမ်ကုလားထိုင်ဘေး၌ ခွေးခြေပုကလေး ရှိနေသည်။

စားသောက်ဆိုင် ပိုင်ရှင်သည် ကြိမ်ကုလားထိုင်ပေါ် လှဲလျောင်းရင်း အရောင်လွင့်ပြယ်နေပြီဖြစ်သော ဆိုင်းဘုတ်ကို ကြည့်ကာ ရှေးဟောင်း နှောင်းဖြစ်များကို အားပါး တရ မမောနိုင် မပန်းနိုင်ပြောတတ်၏။

များသောအားဖြင့် ရွှေညွှန့်သည်စားသောက်ဆိုင် စည်ကားသိုက်မြိုက်ပြီး ထိပ်တန်းစာရင်းဝင်ခဲ့သည့် အကြောင်းများသာဖြစ်ပေသည်။

ထိုအခါမျိုး၌ ဆိုင်လုလင်မှာ ခွေးခြေပုကလေး၌ ထိုင်ကာ မညည်းမညူ နားထောင်နေလေ့ရှိပေသည်။

ယခုတလော ဆိုင်ရှင်၏ကျန်းမာရေးမှာ စားသောက်ဆိုင် အဆောက်အဦကဲ့သို့ပင် ယိုယွင်းလာသည်။

ထို့ကြောင့် ခါတိုင်းလို ဆိုင်ရှေ့ထွက်မထိုင် ဖြစ်သည်မှာ များ၏။ ထိုအခါ ဆိုင်လုလင်မှာ ဆိုင်ရှင်ထိုင်သော ကြိမ်ကုလားထိုင်၌ တက်ထိုင်လေ့ရှိသည်။

ယနေ့လည်း ဆိုင်လုလင်မှာ ကြိမ်ကုလားထိုင် ထက်ဝယ် ထိုင်နေ၏။ ခြေတင်ပေါ်၌ ခြေသလုံးတင်သော ကြိမ်ကုလားထိုင်ကိုကျောမှီရင်း မျက်လုံးစင်းသွား၏။

သူကိုယ်တိုင် စားသောက်ဆိုင် ပိုင်ရှင်ဖြစ်ခဲ့လျှင် မည်မျှ ကောင်းမည်နည်းဟုလည်း မကြာခဏ တွေးတောစဉ်းစားတတ် သည်။

သို့သော် သူပိုင်ဆိုင်လိုသည်မှာ ပျက်စီး ယိုယွင်းနေပြီ ဖြစ်သော ရှေးဉ္စသည်စားသောက်ဆိုင်မျိုးတော့ မဟုတ်ချေ။

သူ၏စားသောက်ဆိုင်မှာ ပြိုင်ဖက်ကင်းသော ထိပ်တန်းစား သောက်ဆိုင်ကြီး ဆစ်ဆိုင် ဖြစ်သော ဧည့်သည်များ ဝင်လာမှစဲ တသဲသဲဖြင့် စည်ကားနေရမည်ဖြစ်သည်။

သူ၏ စားသောက် ဆိုင်သို့ ရောက်ဖူး သူတိုင်းသည် စား သောက်ဖွယ်ရာများ၊ မည်ရွေ့မည်မျှ ကောင်းကြောင်း၊ ဆိုင်ရှင် နှင့်တကွ အလုပ်သမားများ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံတတ် ကြောင်း တဖွဖွ ချီးကျူးမဆုံး ဖြစ်ရမည့် စားသောက်ဆိုင် တည်း။

လက်တွေ့ ပိုင်ဆိုင်နိုင်ခြင်းမရှိသောအခါ စိတ်ကူးယဉ်ဖြင့် နပ်နှစ်သိမ့်နေခဲ့ရ၏။



ဆိုင်ရှင်၏ အတိတ်ဇာတ်ကြောင်း နားထောင်ရသည်မှာ ညည်းငွေ့ဖွယ်ကောင်းသလို သူ၏စိတ်ကူးယဉ် အိပ်မက်မှာလည်း မပြောင်းမလဲ အပ်တလဲလဲဖြစ်နေရာ စိတ်ပျက်စရာ ကောင်း နေတော့သည်။

တစ်ခါတစ်လေ ဧည့်သည်များ လမ်းမှားပြီး ရောက်လာပါ စေဟု ဆုတောင်းမိ၏။

ထိုလုလင် မျက်လုံးမှေးစင်းကာ ငိုက်မြည်းလာသည်။

ထိုစဉ် တိုက်ခတ်သာသောလေထဲ၌ မြင်းခွာသံသဲ့သဲ့ ပါ လာသည်ကို ကြားလိုက်ရ၏။

ဆိုင်လုလင် မျက်လုံး ဖျတ်ခနဲ ပွင့်လာသည်။

ချက်ချင်း လှူးလိမ့်ထကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့် လိုက်၏။

ထိုအခါ လမ်းမတစ်ဘက် မိုးကုပ် စက်ဝိုင်း အောက်မှ မြင်းစီးသမားတစ်စု ထွက်ပေါ်လာသည်ကို ရေးရေး မြင်တွေ့ လိုက်ရ၏။

ဆိုင်လုလင် အားရဝမ်းသာ ဖြစ်သွား၏။

ဟင်... ဧည့်သည်တွေပါလား'

ဟုလည်း လွတ်ခနဲရေရွတ်မိလေသည်။

သူကြည့်နေစဉ်မှာပင် မြင်းစီးသမားတစ်စုမှာ ရုပ်လုံးပေါ် လာသည်။

မြင်းလေးကောင်နှင့် လူလေးယောက် နှင့်ဒုန်းလာနေကြခြင်း ဖြစ်၏။

မြင်းခွာသံများလည်း တစ်စထက် တစ်စ ကျယ်လောင်လာသည်။

ဆိုင်လုလင်မှာ မြင်ကွင်းကိုအထူးအဆန်းငေးကြည့်နေမိ၏။ မည်မျှကြာအောင်ငေးကြည့်နေမိမှန်း မသိ၊ သူ သတိဝင်လာသည့်အခါ မြင်းစီးသမားလေးယောက် ဆိုင်ရှေ့တွင်ရောက်ရှိနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

### မြင်းစီးသမားလေးယောက်

မြင်းစီးသမားလေးယောက်မှာ အသက်လေးဆယ်ခန့်ရှိကြပြီး တစ်ယောက်နှင့်တစ်ယောက် အရွယ်ချင်းမတိမ်းမယိမ်း ရှိကြလေသည်။

အတူတကွလာကြခြင်းဖြစ်သော်လည်း ကိုင်ဆောင်ကြသော လက်နက်ခြင်း ဝတ်စား ထားသော အဝတ်အစားခြင်း တစ်ယောက်နှင့်တစ်ယောက် မတူညီကြပါချေ။

ထိုရွှေဧည့်သည် စားသောက်ဆိုင်ရှေ့သို့ ရောက်လျှင် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ကြလေသည်။

သူတို့လေးယောက် ဆိုင်ပေါ် လှမ်းတက်လာမှ ဆိုင်လုလင် သတိဝင်လာသည်။

ရက်ပေါင်းများစွာ မပြောဘဲနေခဲ့ရသော စကားတစ်ခွန်းကို အတတ်နိုင်ဆုံး ယဉ်ကျေးသိမ်မွေ့သည့် လေသံဖြင့် ပြောလိုက်လေသည်။



'ကြွပါခင်ဗျာ ရွှေဧည့်သည် စားသောက်ဆိုင်က ကြိုဆိုပါတယ် ခရီးပန်းလာတဲ့လူကြီးမင်းများကို ဧည့်ဝတ် ပြုပါရစေ ခင်ဗျာ'

မြင်းစီးသမား လေးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ဘာမှမပြောဘဲ ဆိုင်လုလင်ကို ဖြတ်ကျော်ကာ စားသောက်ဆိုင်ထဲ လှမ်းဝင်လိုက်ကြလေသည်။

စားသောက်ဆိုင်ထဲ၌ လူရှင်းနေသည်မှာ ဆိုဖွယ် မရှိချေ။

သို့သော် ဆိုင်လုလင်က အလုပ်မရှိတိုင်း ကြမ်းပြင်ကိုလည်း ကောင်း၊ စားပွဲ ကုလားထိုင်များကို လည်းကောင်း တိုက်ချွတ် ဆေးကြောထားရာ အရောင်တဖိတ်ဖိတ် တောက်ပြောင်နေ၏။

စားသောက်ဆိုင်အဆောက်အဦးကိုကြည့်ကာအတွင်းဘက်၌ ညစ်ပတ် ပေကျံနေမည်ဟု ထင်မှတ်ထားသော မြင်းစီးသမား လေးယောက် အံ့သြသွားကြ၏။

ထိုလူလေးယောက်များအနက် အစိမ်းရောင် အဝတ်အစား များဝတ်ဆင်ထားသူက စားသောက်ဆိုင်အတွင်း မျက်လုံးဝေ့ ကြည့်ကာ

'မဆိုးဘူးဟေ့'

ဟု အော်ပြောလိုက်သည်။

ထို့နောက် အပြင်ဘက်လမ်းမကြီးအား လှမ်းမြင် တွေ့နိုင်သော ပြတင်းပေါက်အနီး ရှိ စားပွဲတစ်လုံးကို လှမ်းသွား၏။

သူတို့လေးယောက် ဝိုင်းဖွဲ့ထိုင်မိလျှင် ဆိုင်လုလင် ချဉ်းကပ်သွားပြီး

'ဆရာတို့ ဗိမ္မာအနားယူအပန်းဖြေပြီး စားသောက်ကြမယ် မဟုတ်လား ခင်ဗျာ ကျွန်တော်တို့ ဆိုင်မှာ ခေါက်ဆွဲခြောက် ဝက်အူချောင်း ကြက်ဥနဲ့ဆန်အရက်ရှိပါတယ်'

စားသောက်ဆိုင်ဟု အမည်ခံယူထားသော်လည်း စားသောက်မည့်သူမရှိပြီ ဟင်းလျာများ စားသောက်ဖွယ်ရာများ အရံသင့် ချက်ပြုတ်မထားတော့ပေ။

အသားငါးများ ဝယ်ယူထားလျှင်လည်း ပုပ်သိုးကုန်မည် ဖြစ်ရာ လွယ်လွယ်ကူကူချက်ပြုတ်နိုင်သလို ကြာရှည်အထားခံ သော ဝက်အူချောင်း၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်တို့ကိုသာ အသင့်ဆောင်ထားခြင်းဖြစ်ပေတော့သည်။

ဆိုင်လုလင်ကသြော်ခံချင်း ရှိနိုင်သည့် စားသောက်ဖွယ်ရာများ ပြောပြလိုက်ခြင်းဖြစ်၏။

အခြားသောဟင်းလျာများ မှာကြားနေပါက မရှိကြောင်း ပြောရမည်ကို အားတုံ့အားနာဖြစ်မိလေသည်။

မြင်းစီးသမားလေးယောက် ယင်းယောက်ကို တစ်ယောက် ကြည့်ကာ ပြုံးလိုက်သည်။ အစိမ်းရောင် ဝတ်ထားသူကပင်...

'အေး...မင်းတို့ဆိုင်မှာရှိသမျှ ခေါက်ဆွဲကြော်၊ ကြက်ဥ၊ ဝက်အူချောင်း အကုန်လာကြော်လိုက်၊ ပြီးတော့ အရက်ယူ လာခဲ့ပါ။ ငါးယောက်စာ ပြင်ပေး၊ ဟုတ်ပြီလား'

လူလေးယောက်ထဲရှိသော်လည်း ငါးယောက်စာမျှ မှာကြား ခြင်းကြောင့် ဆိုင်လုလင် အံ့သြနေမိသည်။

ထိုလူက ရိပ်မိထားသည့်အလား...

'ငါးယောက်စာ သေသေချာချာပြင်နော်'



ဟူ၍ ထပ်ပြီး မှာကြားလိုက်၏။ ဆိုင်လုလင် တွေဝေ မနေ အားပါးချေ ဦးခေါင်း ဆတ်ခနဲညိတ်ရင်း...

'ကောင်းပါပြီခင်ဗျာ ခဏတော့ သည်းခံပြီး စောင့်ပါ၊ ကျေးဇူးတင်ပါတယ်'

စကားဆုံးလျှင် ဖျာခနဲလှည့်ကာ မီးဖိုဆောင်ဘက် အပြေး တစ်ပိုင်းဝင်သွားလေတော့သည်။

နေပူပြင်းလှသည်။ ကောင်းကင်ပေါ်၌ မိုးသား တိမ်လိပ် များကင်းစင်နေသည်။

တိမ်စိုင်တိမ်ခဲများသာရှိလျှင် ဤမျှ ပူလောင်လိမ့်မည်မထင် ချေ။

ကျောက်တုံးကျောက်ခဲများပေါများသော လွင်ပြင်ကျယ် အလယ်၌ဖုန်ထူသောလမ်းကလေးမှာ ကွေ့ကွေ့ကောက်ကောက် ရှိနေသည်။

'ခွပ်ခွပ် ခွပ်ခွပ်'

စည်းချက်ဝါးချက်ကျကျ မြင်းခွာသံများ ထွက်ပေါ်လာ သည်။ အဝေးမိုးကုပ်စက်ဝိုင်းအောက်၌ ဖုန်တထောင်းထောင်း ထနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

သေသေချာချာကြည့်မည်ဆိုပါက ဖုန်လုံးကြီးများဖြစ်ပေါ် လာစေသည့်နေရာမှာ ခပ်မှန်မှန် မောင်းနှင်လာနေသော မြင်း လှည်းတစ်စီးကြောင့်ဖြစ်သည်ကို တွေ့ရပေမည်။

ဒုန်းစိုင်းမောင်းနှင်ပါက မိုးကောင်းကင်ပေါ်သို့တိုင် တိုးတက်မည့်ဖုန်လုံးများက မြင်းလှည်းကိုမြင်ကွင်းမှ ကွယ်ပျောက်သွားစေလိမ့်မည်သာတည်း။

ကွေ့ကွေ့ကောက်ကောက်လမ်းအတိုင်း ခပ်မှန်မှန် နှင်လာသည့်မြင်းလှည်းမှာ အဖိုးတန်မြင်းလှည်းတစ်စီး ဖြစ်လေသည်။

မြင်းလှည်းအိမ်ကို လှပသော ကနုတ်ပန်းခက်များဖြင့် တန်ဆာဆင်ထားသလို မြင်းလှည်းဆွဲသည့် မြင်း နှစ်ကောင် ကိုလည်း တန်ဆာဆင်ထားသည်။

မြင်းလှည်းကိုကြည့်ရုံဖြင့် မြင်းလှည်း ပိုင်ရှင်မှာ လွန်စွာချမ်းသာကြွယ်ဝသူဖြစ်ကြောင်းသိနိုင်ပေ၏။

မြင်းလှည်းအိမ် တံခါးပိတ်ထားသည်။ မြင်းလှည်းမောင်းသူမှာ ဖြူဖွေးသောအဝတ်အစားများဝတ်ဆင်ထားပြီး ခမောက်ဆောင်းထား၏။

အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက် ဖြစ်သည်။ ရုပ်ရည်တည်ကြည်ခန့်ညားပြီး ကျကျနန ဝတ်ဆင် ထားခြင်းကြောင့် မြင်းလှည်းမောင်းသမားတစ်ယောက်ဟု မည်သို့မျှထင်စရာမရှိချေ။

သို့သော် ထိုလူရွယ်မှာ မြင်းဇက်ကြိုးကို ခပ်လျော့လျော့ကိုင်ကာ မောင်းနှင်နေသည်။

မြင်းနှစ်ကောင် ခြေလှမ်း မှန်မှန်ဖြင့် မြင်းလှည်းဆွဲသွားရာ ကျောက်ပုံကြီးတစ်ခုအနီးသို့ ရောက်ရှိလာလေသည်။

ထိုစဉ် မြင်းလှည်းအိမ်ထဲမှ စကားသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။



'ဝမ်းပုဖြူရေ တို့ရောက်တော့မလား'

သြဇာအာဏာပြည့်ဝပြီး ကြားသူတိုင်း ကြည်ညို လေးစားလိုသည့်စိတ်များ ပေါ်ပေါက်လာနိုင်စေသည့် စကားသံမျိုး ဖြစ်လေသည်။

မြင်းလှည်းမောင်းသူ၏မျက်နှာတွင် ကြည်ညို လေးစားသည့် အရိပ်အယောင်များ ထွက်ပေါ်လာ၏။

'မကြာခင် ရောက်ပါတော့မယ် သခင်ကြီး'

'ဒါဖြင့် ခပ်သွက်သွက်လေး သွားကြရအောင်၊ မင်းနေပူထဲမှာထိုင်ပြီး မြင်းလှည်းမောင်းနေတာ ကျုပ်မကြည့်ရက်ဘူး'

'ကိစ္စမရှိပါဘူး ခင်ဗျာ၊ သခင်ကြီးအတွက် တာဝန်ထမ်းဆောင်နေရတာကို ကျွန်တော် ဂုဏ်ယူနေပါတယ်'

'ဘာပဲဖြစ်ဖြစ် မြင်းလှည်း ခပ်သွက်သွက်လေး မောင်းပေတော့'

'ကောင်းပါပြီခင်ဗျာ'

ဝမ်းပုဖြူဆိုသည့် လူရွယ်လေး မြင်းဇက်ကြိုးကို ခပ်တင်းတင်းဆွဲကာ သွက်သွက်မောင်းလိုက်လေသည်။

မြင်းလှည်းအိမ်ထဲမှ ပုဂ္ဂိုလ်သည် အရိပ်အာဝါသ ကင်းမဲ့သော လွင်ပြင်ကို ဖြတ်သန်းခရီးနှင်ခဲ့ရာ၌ နေပူထဲ မြင်းလှည်းမောင်းနေရသည့် ဝမ်းပုဖြူအပေါ် ကရုဏာသက်ဟန် ရှိလေသည်။

မြင်းနှစ်ကောင် ရှည်လျားစွာဟီကာ ဒုန်းစိုင်း ပြေးသွားကြသည်။

ထိုစဉ်...

'ခွပ်ခွပ်...ခွပ်ခွပ်'

အနောက်ဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အမှတ်တမဲ့မို့ ဝမ်းပုဖြူက ခေါင်းငဲ့ကြည့်လိုက်မိ၏။

ထိုအခါ မြင်းသုံးကောင် ဒုန်းစိုင်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်းပုဖြူ မျက်မှောင်ကြုတ်သွား၏။

သတိထားရမည်ဟူသောအတွေးဦးခေါင်းထဲရောက်လာလျှင် ခါးကိုမတ်မတ်ထားကာ ထိုင်လိုက်၏။

ထိုအခါ သူ၏ခါး၌ ချိတ်ဆွဲထားသောဓားမှာ အသင့် ဆွဲထုတ်ယူနိုင်သည့် အနေအထား ရောက်ရှိလာလေသည်။

အနောက်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော မြင်းစီးသမားသုံးယောက်သည် မြင်းဒုန်းစိုင်းနှင့်လာကြရာ ဝမ်းပုဖြူ၏ မြင်းလှည်းကို တဖြည်းဖြည်း မီလာသည်။

ဝမ်းပုဖြူ သတိထားနေစဉ်မှာပင် ဝဲဘက်မှပန်း၍ကျော်ဖြတ်သွားကြတော့သည်။

* * *

မြင်းစီးသမားသုံးယောက် မြင်းဒုန်းစိုင်းနှင့်သွားကြ၏။

သူတို့သည် ဝမ်းပုဖြူမောင်းနှင်နေသည့် မြင်းလှည်းကို သေသေချာချာ အကဲခတ်ကြည့်သွားကြလေသည်။

မြင်းလှည်းကိုကျော်တက်သွားပြီး ဝါးတစ်ရိုက်ခန့်သို့ ရောက်လျှင် မြင်းစီးသမားတစ်ယောက်က...



'ဟိုမြင်းလှည်းကို သေသေချာချာကြည့်မိရဲ့လား'

ဟု ပြောလိုက်လေသည်။

ထိုအခါ ကျန်နှစ်ယောက်က သူ့အား လှည့်ကြည့်သာကြသည်။

သူတို့သုံးယောက်အနက် အသက်အကြီးဆုံးဖြစ်ဟန်ရှိသူက...

'ညီလေးကျောက်...ဘာလဲ မင်းက မြင်းလှည်းကို သဘောကျနေပြီလား'

ပထမဦးဆုံးလှမ်းပြောလိုက်သူက ခေါင်းညိတ် လိုက်သည်။

'ဟုတ်တယ်အစ်ကိုကြီး မြင်းလှည်းဟာ တကယ့်အကောင်းစား မြင်းလှည်းထဲမှာ အဖိုးတန်ပစ္စည်းတွေပါလာနိုင်တယ်'

တတိယလူက...

'ခရီးသွားဟန်လွှဲ အလုပ်လုပ်ချင်ပြီထင်တယ်'

ညီလေးကျောက်ဆိုသူ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ် လမ်းမှာ စားဖို့သောက်ဖို့ ရသွားနိုင်တာပေါ့'

'ကောင်းပြီလေ တို့ပြန်လှည့်ကြရအောင်'

သူတို့သုံးယောက်နောက်ပြန်လှည့်လိုက်ကြလေသည်။

မြင်းလှည်းကလေးကား လမ်းကလေးအတိုင်း မောင်းနှင်လာနေထဲ...

ထိုလူသုံးယောက်ကမြင်းများဖြင့်လမ်းကို ကန့်လန့်ဖြတ်ပိတ်ဆို့လိုက်ကြလေသည်။

သူတို့လမ်းပိတ်ထားကြသည်ကို ဝမ်းပုဖြူအဝေးမှပင် တွေ့မြင်လိုက်ရ၏။

ထို့ကြောင့် မြင်းလှည်းအိမ်အတွင်းမှ လူဂု အစီရင်ခံလိုက်ရလေသည်။

ထို့ကြောင့်

'သခင်ကြီးရှေ့မှ လူသုံးယောက်လမ်းပိတ်ထားကြတယ်'

မြင်းလှည်းအိမ်ထဲမှ စကားသံ ပြန်လည်ထွက်ပေါ်လာလေသည်။

'တို့ကို ဘယ်သူက ဟန့်တားနိုင်မှာလဲ။

ဝမ်းပုဖြူ ပြုံးလိုက်သည်။

လမ်းပိတ်ထားသူများဘက်လှမ်းကြည့်ရင်း

'ကောင်းပါပြီ သခင်ကြီး'

မြင်းလှည်းကိုရှေ့ဆက်မောင်းနှင်သွားလေသည်။

မြင်းလှည်းဒုန်းစိုင်း မောင်းနှင်သွားရာ ခဏခဏအတွင်း လမ်းပိတ်ထားသူများနှင့်ဆုံတွေ့မိလေတော့သည်။

'ဟော့...ရပ်လိုက်'

ဝမ်းပုဖြူ မြင်းဇက်ကြိုးတင်းတင်းဆွဲကာ မြင်းလှည်း ရပ်လိုက်၏။

မြင်းလှည်းမှာ လမ်းပိတ်ထားသူများနှင့်ဆယ်ပေခန့်အကွာ၌ ရပ်တန့်သွားလေသည်။

ဝမ်းပုဖြူက လမ်းပိတ်ထားသူများကို ဝေ့ကြည့်လိုက်ပြီး...

'ခင်ဗျားတို့ လမ်းဖယ်ပေးကြရင်ကောင်းမယ်'

ဟု ကျယ်လောင်သောအသံဖြင့် အော်ပြောလိုက်လေသည်။

ထိုအခါ လမ်းပိတ်ထားသူသုံးယောက် သဘောကျစွာ ရယ်မောလိုက်ကြလေသည်။



'ဟား...ဟား...ဟား...ဟား'

'ဟား...ဟား...ဟား...ဟား

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ညီလေးကျောက်ဆိုသူက ရယ်မောရင်း လှမ်းပြောလိုက်လေသည်။

'ကျုပ်တို့ကလမ်းဖယ်ချင်မှတော့လမ်းပိတ်ထားပါ့မလားဗျာ.... ကဲ...မြင်းလှည်းပေါ်ကဆင်းပြီး လမ်းဘေးမှာ ဒူးထောက်နေလိုက်စမ်း...ကျောက်ညီအစ်ကိုသုံးဖော်နဲ့တွေ့ရင် ပြောတဲ့အတိုင်း နာခံကာအကောင်းဆုံးပဲ ဒါကိုလူတိုင်းသိကြတယ်'

သူက ရှင်တော့ပြီး ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့် ပြောလိုက်ခြင်းဖြစ်လေသည်။

ဝမ်းပုဖြူပြုံးလိုက်သည်။

'လက်စသတ်တော့ 'ကျောက်ညီအစ်ကို သုံးဖော်'က ဟန့်တားနေတာကိုး ခင်ဗျားဟာ ညီအငယ်ဆုံး 'ကျောက်စနိုး' ဟုတ်လား ဟိုဘက်ကကောင် ကျောက်ယုနဲ့ ကျောက်ချွန်းတို့ မဟုတ်လား'

သူ၏စကားကြောင့် ကျောက်ညီအစ်ကိုသုံးယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။

ကျောက်စနိုးမှာ ဝမ်းပုဖြူ ဘက် လှည့် ၍ အံ့ဩသော လေသံဖြင့်—

'ကျုပ်တို့ညီအစ်ကိုသုံးယောက်ကို ခင်ဗျား သိတယ် ဟုတ်လား'

'သိတာပေါ့ဗျာ...ခင်ဗျားတို့ရဲ့ မကောင်းသတင်း အပုပ်နံ့ ထွက်နေတာပဲ၊ လူသတ် ဓားပြတိုက် မကောင်းတာအကုန်လုပ်လို့ လူတိုင်းရွံမုန်းကြတယ်...အဖြူရောင် သိုင်းသမား တွေက ခင်ဗျားတို့ညီအစ်ကိုသုံးယောက်ကိုဆုံးမဖို့ လိုက်ရှာနေကြတယ်၊ ကျုပ်ကလဲ ခင်ဗျားတို့ကို ကြုံကြိုက်တုန်း ဆုံးမချင် ပါသေးတယ်ဗျာ'

ကျောက်စန်း ကျောက်ယုနှင့် ကျောက်ချန်းတို့ မကျေမနပ်ဖြစ်သွားကြလေသည်။

ကျောက်စန်းက ခေါင်းရှုံ့ရင်း...

'တို့အကြောင်းသိနေတယ်ဆိုတော့ မင်းဟာဘယ်ခေသို့တုန်း ကောင်းပြီလေ ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်ကြ သေးတာ ပေါ့...'

စကားဆုံးလျှင် မြင်းပေါ်မှကျွမ်းပစ်ကာ ခုန်ထွက်လိုက်၏။

မြင်းလှည်းမောင်းသူ နေရာ၌ ထိုင်နေသည့် ဝမ်းပုဖြူထံသို့ မြားတစ်စင်းပမာ တစ်ရှိန်ထိုးခုန်ဝင်တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ဝမ်းပုဖြူထိုင်နေဆဲ...ကျောက်စန်းအနီးသို့ ရောက်လာလျှင် ခါးမှဓားကို လျှပ်တစ်ပြက်ထုတ်ကာ ခုတ်ချလိုက်၏။

ဓားရောင် ဖွေးခနဲလက်သွား၏။

'ခွမ်း'

'အား'

ကျယ်လောင်သောအသံများ ဆက်တိုက် ထွက်ပေါ် လာသည်။



ကျောက်စန်းမှာ တစ်ချက် အော်ဟစ် လိုက်ပြီး ချက်ချင်း နောက်ပြန်ခုန်ဆုတ်လာလေသည်။

မြေပေါ်ခြေဆောင့်ခုန်လိုက်လျှင် သူ၏မြင်းပေါ် ပြန်လည် ရောက်ရှိသွား၏။

သူ၏ဓားကား မြေပေါ်လွတ်ကျခဲ့ချေပြီ။

သူ၏လက်တစ်ဘက်၌လည်း နီရဲသောသွေးများစွန်းထင်းပေကျံနေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ကျောက်ချန်းနှင့်ကျောက်ယုတို့ မျက်နှာပျက်သွားကြသည်။

ကျောက်စန်းက

'သူ...သူက'

သူ၏စကားမဆုံးမီ ကျောက်ယုက ကြားဖြတ် ပြောလိုက်လေသည်။

'တို့တော့ ကံဆိုးပြီ သူဟာ မုန်တိုင်းဓားဝမ်းပုဖြူပဲ'

ထိုစကားကြားလျှင် ကျောက်ချန်းနှင့်ကျောက်စန်းတို့ မျက်နှာပျက်သွားကြလေသည်။

ကျောက်ချန်းအထိတ်အလန့်ဖြင့်...

'ဒါ...ဒါဆို ကျုပ်တို့မြန်မြန်သွားမှထင်တယ်'

ပြောလည်းပြော မြင်းကိုလည်း တစ်ဘက် ဆွဲလှည့်လိုက်၏။

ကျောက်ယုနှင့်ကျောက်စန်းတို့လည်း ထပ်မံ တိုက်ခိုက်ရန် လုံးဝမစဉ်းစားကြတော့ချေ။

မြင်းဇက်ဆွဲလှည့်လိုက်ကြသည်။

ပြီးလျှင် သုံးယောက်သား တိုင်ပင်ထားကြသလို မြင်းလှည်းနှင့်ဝေးရာသို့ ဒုန်းစိုင်းနှင်သွားကြလေတော့သည်။

ဝမ်းပုဖြူ မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းတို့ဘွက်ပြေးလို့ရမလား'

ကြုံးဝါးရင်း လက်ဖျောထုတ်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ် —

'ဝမ်းပုဖြူ သူတို့ကိုလွှတ်လိုက်ပါ'

မြင်းလှည်းအိမ်ထဲမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းပုဖြူ၏ခန္ဓာကိုယ်ဆတ်ခနဲတုန်သွား၏။

ဆန့်ထုတ်ရန်ဟန်ပြင်နေသောလက်ကို အချိန်မီပြန်သည် ရုပ်သိမ်းလိုက်ရသည်။

ထိုအချိန်တွင် ကျောက်စန်းတို့သုံးယောက်မှာ မြင်းဒုန်းစိုင်းနှင်ကာ အဝေးသို့ရောက်ရှိသွားကြပြီဖြစ်လေသည်။

သူတို့လွှတ်မြောက်သွားခြင်းကြောင့် မချင့်မရဲ ဖြစ်ရသော်လည်း ဝမ်းပုဖြူက စောဒကမတက်ခဲ့ချေ။

မြင်းလှည်းအိမ်ထဲ၌ အသံရှင်၏ အမိန့်အတိုင်း တစ်သွေမတိမ်းလိုက်နာရန် သန္နိဋ္ဌာန်ချမှတ်ထားပုံရလေသည်။

မြင်းလှည်းအိမ်ထဲမှ စကားသံထွက်ပေါ်လာပြန်သည်။

'ဝမ်းပုဖြူရေ တို့ရှေ့ဆက်ကြစို့'

ဝမ်းပုဖြူက မြင်းဇက်ကြိုးကိုဆွဲကိုင်လိုက်၏။ ထို့နောက် အသံပေးကာ ငေါက်ငမ်းမောင်းနှင်လိုက်၏။

မြင်းနှစ်ကောင်လည်း ချက်ချင်းရှေ့သို့ ဒုန်းစိုင်းပြေးကြ၏။ ဖုန်တစ်ထောင်းထောင်းထသွားသည်။



ကွေ့ကွေ့ကောက်ကောက် လမ်းကလေးအတိုင်း ရှေ့ဆက်ခရီးနှင်သွားလေသည်။

* * *

လမ်းဘေးကစ်ဖက်တစ်ချက်၌ စိမ်းလန်းသော သစ်ပင်များ ဖုံးလွှမ်းလျက်ရှိသည်။

အလေ့ကျပေါက်နေသော ရောင်စုံတောပန်း ကလေးများလည်းတွေ့မြင်နိုင်၏။ ကွင်းပြင်ကျယ်ကိုဖြတ်ကာ တောသမ်းဆီသို့ ရောက်လာလျှင် အေးမြသန်းဆန်းမှုခံစားရလေသည်။

လေပြည်ယောညင်း သာသာယာယာ တိုက်ခတ် နေသည်။ ဝမ်းပုဖြူ ဟူးခနဲ သက်ပြင်းမှုတ်ထုတ်လိုက်၏၊

ပူဒဏ်အိုက်စပ်မှုများ ကွယ်ပျောက်ကာ နေသာ ထိုင်သာ ရှိလာမည်မဟုတ်လား။

တောလမ်းကလေးမှာ မြင်းလှည်း ထစ်စီးသွားရုံသာ ကျယ်ဝန်းသည်ဖြစ်ရာ အလျင်စလို ဒုန်းစိုင်းမနှင်တော့ဘဲ ခပ်မှန်မှန် မောင်းနှင်လာခြင်းဖြစ်သည်။

တောလမ်းကလေးမှလွန်မြောက်လျှင် ခိုက်ဖုန်မြို့အား လှမ်းမြင်ရတော့မည်ဖြစ်သည်။

မြင်းလှည်း မှန်မှန် မောင်းနှင်လာစဉ် ရုတ်တရက် ရှေ့၌ တလှုပ်လှုပ်သွားနေသော အဘိုးအိုတစ်ယောက်အား မြင်တွေ့လိုက်ရလေသည်။

ဝမ်းပုဖြူ မျက်မှောင်ကြုတ်သွား၏။ အရှေ့ဘက် မသုမ်းမကာ်း၌ ကျောပေးကာ တလှုပ်လှုပ်သွားနေသော အဘိုးအိုကို သေချာအချာ အကဲခတ်ကြည့်လိုက်သည်။

ထိုအတိုးအိုမှာ အညိုရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။ မြင်းလှည်းမောင်းလာသံကို မကြားၡလော၊ သို့တည်းမဟုတ် မကြားချင်ယောင်ဆောင်နေခြင်းလောမသိ၊ လုံးဝလှည့်မကြည့်ပဲသွားနေ၏။

ဤအတိုင်းဆိုလျှင် မကြာမီ မြင်းလှည်းနှင့်ဝင်တိုက်မိတော့မည်ဖြစ်လေသည်။ ဝမ်းပုဖြူ မနေနိုင်တော့ဘဲ။

'ဗျို့ဆရာကြီး လမ်းဖယ်ပေးပါသည်မှာ မြင်းလှည်းလာနေတာ မကြားဖူးလား'

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံကျယ်လောင်စွာ ထွက်ပေါ်လာသည့် သို့သော် အတိုးအိုမှာ လုံးဝမကြားသည့်အလား ရှေ့ဆက်လျှောက်သွားနေ၏။

ဝမ်းပုဖြူ အံ့ဩသွားသည်။ အတိုးအိုမှာ နားမကြားသူဖြစ်ကောင်းဖြစ်နိုင်သည်ဟု တွေးမိ၏။

ထို့ကြောင့် မြင်းလှည်းရပ်တန့်ရန် ဟန်ပြင် လိုက်လေသည်။ ထိုစဉ် အတိုးအိုက နောက်လှည့်လာသည်ကို တွေ့ရ၏။

နောက်လှည့်ကြည့်ပြီး ဘာမှ မဖြစ်သလို ရှေ့ဘက်ဆက်လျှောက်သွား၏။ ဝမ်းပုဖြူ မကျေမနပ်ဖြစ်သွားလေသည်။

အတိုးအိုမှာအသံကြားလျှင်နောက်လှည့်ကြည့်သည့် အတွက် မြင်းလှည်းကို တွေ့သွားပြီမဟုတ်လား။

အတိုးအိုက ခပ်တည်တည်ပင် ရှေ့ဆက်လျှောက်သွားသည်။ ဝမ်းပုဖြူ ခံပြင်းသွားလေသည်။



အတိုးအိုသည် တမင်လမ်းဖယ်မပေးခြင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့်....

'လမ်းဖယ်....လမ်းဖယ်'

ခပ်ကျယ်ကျယ်အော်ရင်း မြင်းလှည်းဆက်၍ မောင်းနှင်သွားလေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မြင်းနှစ်ကောင် ဒုန်းစိုင်းပြေးသွား၏။

အတိုးအိုနှင့် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်လေသည်။ အတိုးအိုက လုံးဝအရေးမစိုက်ဘဲ ရှေ့ဆက်လျှောက်နေ၏။ ဝမ်းပုဖြူစိတ်ပြောင်းသွား၏။

မြင်းနှင့်ဝင်တိုက်ရန် စိတ်ကူးထားသော်လည်း မတိုက်တော့ဘဲ မြင်းလှည်းတုန့်ခနဲရပ်လိုက်၏။

တစ်ဆက်တည်းမှာပင် ငွက်တစ်ကောင် ပမာ မြင်းလှည်းပေါ်မှ ခုန်ထွက်သွားလေသည်။

လေထဲကျွမ်းသုံးလေးပတ်မျှ ပစ်လိုက်ပြီးနောက် အတိုးအို၏ ရှေ့သို့ ရောက်ရှိအား၏။

သူရောက်လာသည်ကိုမြင်သော်လည်း အတိုးအို လုံးဝ ဂရုမစိုက်ဘဲ ရှေ့ဆက်လျှောက်သွားရန်ဟန်ပြင်လိုက်၏။

'ရပ်လိုက်စမ်း'

ဝမ်းပုဖြူအော်ဟစ်လိုက်သည်။

တစ်ဆက်တည်းမှာပင် လက်ထဲက ခါးဆွဲထုတ်ကာ အဘိုးအိုအား ချိန်ရွယ်ထားလိုက်လေသည်။

ခါးဖျားမှာ အဘိုးအို့နှင့် တစ်ပေခန့် အကွာသာ ရှိပေတော့၏။

အဘိုးအို ခြေလှမ်းရပ်လိုက်သည်။

ရှုရှုတောက်ပသောမျက်လုံးအစုံဖြင့်ဝမ်းပုဖြူကိုကြည့်ကာ-

'မင်း တော်တော်ရိုင်းစိုင်းပါလား'

ဟု ငေါက်လေသည်။

ဝမ်းပုဖြူမဲ့ပြုံးပြုံးလိုက်သည်။

'မြင်းလှည်းမောင်းလာတာကို ခင်ဗျားတွေ့တယ် လမ်းဖယ်ခိုင်းတဲ့ကျုပ်ရဲ့အသံကိုကြားတယ် ဒါတောင် လမ်းဖယ်မပေးဘူး ဆိုတော့ လမ်းဖယ်အောင်ကျုပ်က လုပ်ရတာပေါ့ဗျာ'

'မင်းဒီလိုလုပ်တာနဲ့ ကျုပ်ကလမ်းဖယ်ပေးမယ်ထင်သလား'

'ဘာဗျ'

'မင်းလမ်းမင်းသွားတယ် ကျုပ်လမ်း ကျုပ်သွားတယ် ဘာဖြစ်သလဲ'

'ဘာဖြစ်ရမလဲ လမ်းကကျဉ်းတော့ မြင်းလှည်းနဲ့ခင်ဗျားကို ဝင်တိုက်မိမှာစိုးရိမ်လို့ သတိပေးတာပေါ့'

'နေစမ်းပါဦး ဒီလမ်းကို မင်းတို့က အရင်ရောက်တာလား... ကျုပ်ကအရင်ရောက်တာလား မင်းတို့ ပိုင်တဲ့ လမ်းလဲ မဟုတ်ပါဘူး'

'ဒါတော့ ခင်ဗျားတမင်သက်သက်ကပ်တာပဲ'

'ဘာကွ'



'ခင်ဗျားလမ်းဖယ်ပေးရင် ရတာပဲ'

'ဘာဖြစ်လို့ဖယ်ပေးရမှာလဲ'

ဝမ်းပုဖြူဒေါပွသွား၏။

အံကြိတ်ရင်း....

'ကောင်းပြီ ခင်ဗျားမဖယ်ရင် ဖယ်ပေးအောင်ကျုပ်လုပ်ရမှာပေါ့'

စကားဆုံးလျှင် စတင်တိုက်ခိုက်လေသည်။

အဘိုးအို မဲ့ပြုံးပြုံးကာ

'လူကြီးကို လူကြီးမှန်း မသိ တတ်တဲ့ မင်းကို ဆုံးမရဦးမှပေါ့'

ပြောပြီး လက်ဝေ့ယမ်းကာခါးလုယူလိုက်သည်။

ဝမ်းပုဖြူမှာ အဘိုးအိုကို မကျေမနပ်ဖြစ်မိသော်သည်း ထိခိုက်ဒဏ်ရာရသွားအောင်တော့ မလုပ်လိုချေ။

ထို့ကြောင့် ဟန်ပြခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။

သို့သော် အဘိုးအိုမှာ သူ၏ခါးကွက်ကို လုံးဝအရေးမစိုက်ဘဲ ခါးပင်လုလာသဖြင့် ရင်ထိတ်သွား၏။

အဘိုးအိုမှာ ခေသူ မဟုတ်မှန်းလည်း ချက်ချင်းရိပ်မိလိုက်သည်။ နောက်ဆုတ်၍ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားချေပြီ။

သူ၏ခါးမှာ အဘိုးအို၏လက်ထဲ စွေ့ခနဲပါသွား၏။

ဝမ်းပုဖြူ မျက်လုံးပြူးသွား၏။

'ခင်ဗျား....ခင်ဗျား'

စကားထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ အဘိုးအိုအား မယုံကြည်နိုင်သလိုကြည့်နေမိလေတော့သည်။

အဘိုးအိုရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....မင်းခေါးကဘာယ်ဆိုးလို့တုန်း ခေါးနဲ့ တောင်မတန်ဘူး ခေါးကောင်းသလောက် လူ့အသုံးမကျဘူး....ဟား....ဟား....ဟား'

ဝမ်းပုဖြူ ဒေါသမထိန်းနိုင်တော့ချေ။

အံကြိတ်ကာ

'ယား'

ညာသံပေးရင်းတိုက်ခိုက်လိုက်လေသည်။

အဘိုးအိုခေါင်းယမ်းလိုက်သည်။

'မင်းဟာ ပြောလောက်လေပါလား'

စကားအဆုံးတွင် လက်ဆန့်ထုတ်လိုက်ရာ....

'ဝုန်း'

အသံတစ်ချက်ထွက်ပေါ်လာပြီး ဝမ်းပုဖြူနောက်ဆုတ်လိုက်ရ၏။

အဘိုးအိုနှင့်လက်ဝါးချင်းဆိုင်ကာ ရိုက်ချလိုက်ခြင်း လက်မောင်းတစ်ခုလုံး နာကျင်သွားတော့၏။

'မင်းရဲ့ အတွင်းအားလဲမဆိုးပါလား....ဒါပေမယ့် ကျုပ်က အားနည်းနည်း ပိုစိုက်လိုက်မယ်ဆိုရင် မင်းလက်ကျိုးသွားမှာပဲ'

အဘိုးအို၏စကား မှန်ကန်ကြောင်း ဝမ်းပုဖြူသိပါ၏။

မျက်နှာမည်းမှောင်နေပြီး မည်သို့ ပြောရမှန်းမသိ ဖြစ်နေသည်။



ထိုစဉ်....

'ကျုပ်တပည့်လေးကို လက်တော့ မချိုးလိုက်ပါနဲ့ဗျာ'

ကြည်လင်ပြတ်သားသော စကားသံ ထွက်ပေါ်လာသည်။ အဘိုးအိုနှင့် ဝမ်းပုဖြူ ပြိုင်တူလှမ်းကြည့်လိုက်သည်။

ထိုအခါ မြင်းလှည်းတခါးပွင့်သွားပြီး လူတစ်ယောက်ဆင်းလာသည်ကိုတွေ့မြင်လိုက်ရတော့သည်။

* * *

မြင်းလှည်းပေါ်မှ လူတစ်ယောက်ဆင်းလာသည်။ ထိုလူမှာ ရွှေဝါရောင် အဝတ်အစားများဝတ်ဆင်ထား၏။

အသက် ၅၀ ကျော်ခန့်ရှိပြီး ဉပဓိရုပ် ကောင်းသူ ဖြစ်၏။ ချမ်းသာကြွယ်ဝဟန်ရှိ သိုင်းပညာ ဘတ် မြောက် ထားပုံ ရကြောင်း · သူ့သာထင်ရှား၏။

ထိုသူကိုမြင်လျှင် ဝမ်းပုဖြူ မြေပေါ် ဒူးထောက်ကာ....

'သခင်ကြီး သူ...ဘူက။

သူ၏စကားမဆုံးမီ ရွှေဝါရောင်ဝတ်ဆင်ထားသူ လက်ကာပြလိုက်သည်။

ကျုပ်သိတယ်။ ကဲ....မင်းနောက်ဆုတ်လိုက်ပါ'

ဝမ်းပုဖြူ ခေါင်းငုံ့ကာ နောက်ဆုတ်လိုက်လေသည်။ ရွှေဝါရောင်ဝတ်ဆင်ထားသူက အဘိုးအိုနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

အတိုးအိုက သူ့ဟာသ ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး

'ကျုပ်မျက်စေ့မမှုံဘူးဆိုရင် မင်းဟာ ခမတ္တာ တောင်ကုန်းက ဝှာစင်းရှန့်ဖြစ်လိမ့်မယ်'

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ရွှေဝါရောင် ဝတ်ဆင်ထားသူ အံ့ဩသွားလေသည်။

'ကျုပ် နာမည်ကိုတောင် သိထားတာကိုး။ ခင်ဗျားက ဘယ်သူလဲ'

'ကျုပ် ဘယ်သူလဲဆိုတာ မင်းသိစရာမလိုပါဘူး'

'ခင်ဗျား မပြောပေမယ့် သိနိုင်တဲ့နည်းလမ်း ရှိပါသေးတယ်ဗျာ'

အတိုးအို မဲ့ပြုံး ပြုံးကာ....

'ဘာလဲ ကျုပ်ရဲ့သိုင်းကွက်ကို စမ်းကြည့်မလို့လား'

'ဟုတ်တယ်... သည်နည်းလမ်းပဲ ရှိတာပေါ့'

အတိုးအို ခေါင်းယမ်းလိုက်လေသည်။

'မင်းရဲ့ စမ်းသပ်နည်း မစွံပါဘူးကွာ'

'ခင်ဗျားသင့်လို့ပါ။ တစ်ခါတလေ နာမည်မပြောချင်တဲ့လူနဲ့တွေ့ရင် သည်နည်းလမ်းက အဖြေမှန်ကို အမြန်ဆုံး ရစေနိုင်တယ်'

'သည်လိုဆိုရင်လဲ မင်းသဘောပဲ'

'ကဲ....သတိတော့ထားပါဗျာ'



စကားဆုံးလျှင် ရွှေဝါရောင်ဝတ်ဆင်ထားသူ(ဝါ) ဝှာစင်းရှန့်က လက်တစ်ဖက်ဆန့်ထုတ်ကာ တိုက်ခိုက်လေသည်။

ဝှာစင်းရှန့်၏ သိမ်းငှက်ဖမာ ရှောင်ကျော်သော လက်ချောင်းများသည် အတိုးအို၏ပခုံးကိုကုတ်ဖဲ့လိုက်သည်။

ထိုသိုင်းကွက်မှာ စွန့်ကုတ်လက်သည်းသိုင်းကွက်ဖြစ်ပြီး ရန်သူကို မလွတ်တမ်း ဖမ်းချုပ်ရာ၌ ဝှာစင်းရှန့် အသုံးပြုလေ့ရှိကြောင်း ခမ်းပုဖြူ သိထား၏။

ဝှာဆင်းရှန့်၏လက်မှ အတိုးအို လွတ်မြောက်နိုင်သည်မဟုတ်ဟုလည်း ယုံကြည်ထားလေသည်။ သို့သော် သူ၏ အထင်နှင့်အမြင် ပါစင်အောင် လွဲနေကြောင်း တွေ့မြင်လိုက်ရ၏။

အတိုးအို၏ ပခုံးကိုနှိမ့်ချကာ ဝှာစင်းရှန့်၏ ချိုင်းအောက်မှ လျှိုဝင်ကာ ရှောင်လိုက်၏။

ပြီးလျှင် ဝှာစင်းရှန့်၏နောက်ကျောကို လက်ဝါးဖြင့် အသာပုတ်လိုက်လေသည်။

ဝှာစင်းရှန့် မျက်လုံးပြူးသွားသည်။ ချက်ချင်း နောက်လှည့်ကာ သက်ဝါးနှစ်ဘက် တွန်းထုတ်လိုက်၏။

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။ အတိုးအိုက နောက်ဆုတ်ရှောင်သွား၏။ ခပ်လှမ်းလှမ်း အရောက်တွင် ခြေလှမ်းရပ်ကာ....

'ဘယ်လိုလဲ ကျုပ်ဘယ်သူလဲဆိုတာ သိပြီလား'

ဟု ပြုံးစိစိ မေးလေသည်။

ဝှာဆင်းရန် မျက်နှာပျက်သွားလေသည်။ အဘိုးအို မည်သူ မဝါဖြစ်ကြောင်း သူမသိချေ။

သူငိုင်နေသည်ကိုတွေ့လျှင် အဘိုးအို ရယ်မောလိုက်ပြီး....

'ဟား ဟား ဟား....မင်း မသိဘာဘဲ ကောင်း ပါ တယ် ဗျာ'

စကားဆုံးလျှင် ချာခနဲလှည့်၍ ထွက်သွားလေသည်။ ဝမ်း ဖြူက ဟန့်တားရန် ဟန်ပြင်လိုက်သည်။ သို့သော် ဝှာစင်းရ လက်ကာပြရင်း...

'သူ သွားပါစေ'

ဟု ပြောလိုက်လေသည်။

ဝမ်းပုဖြူ ခြေလှမ်းရပ်လိုက်သည်။ သူ၏ရင်ထဲ ပေါ်မပြန် သေဒဝေဒနာများဖြစ်ပေါ်ခံစားလာရ၏။

သူ၏သိုင်းပညာသည် ထိပ်တန်းအဆင့်ရှိပြီး သိုင်းလော နာမည်ရသူဖြစ်၏။

ဝှာစင်းရန်၏သိုင်းပညာကား ခန့်မှန်း၍မကုန်အောင်ထက်မြ ပြီး လူတိုင်းလေးစားကြလေသည်။

ဝှာစင်းရန်မှာ သိုင်းလောက၌ နေလိုလလို ထင်ရှားသေ သိုင်းသမားကြီးတစ်ယောက်ဖြစ်ပေတော့သည်။



ဝမ်းပုဖြူ ငိုင်နေစဉ် ဝှာစင်းရန်၏စကားသံ ထွက်ပေါ်လာ သည်ကိုကြားလိုက်ရလေ၏။

'တို့ သွားကြစို့....နောက်ကြောင်းပြန်လှည့်မယ်၊ ရှေ့ဆက် သွားစရာမလိုတော့ဘူး'

ဝမ်းပုဖြူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဝှာစင်းရန် နားမလည်နိုင်စွာ လှမ်းကြည့်မိလေသည်။

ဝှာစင်းရန်မှာ မြင်းလှည်းဆီသို့ လျှောက်သွား နေပါ၏၊ မြင်းလှည်းအနီးသို့ရောက်လျှင် လှမ်းတက်ကာ တံခါးပိတ်ထား လိုက်သည်။

ဝမ်းပုဖြူမှာ ခန္ဓာကိုယ်တွင်းရှိအင်အားများ ရုတ် ခြည်း ကွယ်ပျောက်သွားသလို ခံစားလိုက်ရလေသည်။

ဘာမှ မပြောသာတော့ဘဲ မြင်းလှည်းဆီသို့ လျှောက်သွား ရင်း ခုန်တက်လိုက်သည်။ မည်သူ မည်ဝါဟုပင် မသိခဲ့ရသော အဘိုးအိုကို ရှုံးနိမ့်သွားချေပြီ။

သူ၏ ဘဝတစ်သက်တာ၌ ပထမဆုံးအကြိမ် ဘုမသိဘမသိ အရှုံးပေးလိုက်ရခြင်းဖြစ်ပေသည်။ သူကိုယ်၌သာမက ဝှာစင်း ရန်လည်း ရှုံးသွားသည်။

သူကိုယ်တိုင် ရှုံးနိမ့်ရသည်ထက် ဝှာစင်းရန် ရှုံးနိမ့်သွား သည်ကို မယုံကြည်နိုင်ခြင်းဖြစ်ခဲ့ရ၏။

ဝှာစင်းရန်အား ဆရာကြီးတစ်ဆူအဖြစ် အားကိုးဆည်းကပ် ခဲ့ရာမှ ဝှာစင်းရန် ရှုံးသွားသည်ကိုမြင်တွေ့ရသဖြင့် ပေါ်မပြ နိုင်အောင် ခံစားနေရခြင်းပင်။

ဝမ်းပုဖြူက မြင်းလှည်းကို နောက်ကြောင်းပြန် လှည့်ကာ ဒုန်းစိုင်းမောင်းနှင်သွား၏။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ လှမ်း ပေါ်၌ ဖုန်တထောင်းထောင်း ထသွား၏။

မြင်းလှည်းမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားပြီး နောက်ဆုံး မြင်ကွင်းမှကွယ်ပျောက်သွားလေတော့သည်။

ရွှေဧည့်သည့်စားသောက်ဆိုင်။

ရွှေဧည့်သည့် စားသောက်ဆိုင်တွင် ဧည့်သည်လေးယောက် ရောက်ရှိနေပြီဖြစ်သေသည်။ ဧည့်သည်မှာ လေးယောက်ဖြစ် သော်လည်း လူငါးယောက်စာ အစားအသောက်များ မှာကြား ခဲ့၏။

ဆိုင်လုလင်က အကောင်းဆုံးဖြစ်အောင် ကြိုးစား ဆောင် ရွက်ပေးနေသည်။ ယခု စားပွဲပေါ်၌ အငွေ့ တထောင်း ထောင်းထနေသည့် စားသောက်ဖွယ်ရာများ ရောက်နေပြီ ဖြစ် လေသည်။



ခေါက်ဆွဲကြော်၊ ဝက်အူချောင်းကြော်နှင့် ကြက်ဥကြော် အားလုံး အကြော်အလှော်များသာဖြစ်ပေသည်။

ဆိုင်လုလင်မှာ ဖွယ်ဖွယ်ရာရာမရှိသော စားသောက်စရာများ ရောင်းချရသည်ကို အားတုံ့အားနာ ဖြစ်နေသည်။

သို့သော် ဧည့်သည်လေးယောက်မှာမူ မည်သို့မျှ သဘော မထားကြချေ။ စားသောက်ဖွယ်ရာများရောက်ရှိလာသော်လည်း စားသောက်ခြင်းမပြုကြသေးချေ။

လူလေးယောက်သာရှိသော်လည်း ငါးယောက်စာမျှ မှာ ကြားခြင်း၊ စားစရာ ရောက်ရှိလာသော်လည်း စား သောက် ခြင်းမပြုဘဲနေခြင်းကို ထောက်ချင့်ကာ နောက် ထပ် ဧည့်သည် တစ်ယောက်ရောက်ရှိလာဦးမည်ဖြစ်ကြောင်း ဆိုင်လုလင် ရိပ်မိ လိုက်လေသည်။

ဧည့်သည်တစ်ယောက်တိုးလာလျှင် တစ်ယောက်စာ ငွေပိုရ နိုင်သည်မဟုတ်လား။

ထို့ကြောင့် စားသောက်ဆိုင်အပေါက်ဝဘက်သို့ မကြာခဏ လှမ်းကြည့်နေမိတော့၏။

စားပွဲတွင်ဝိုင်းဖွဲ့၍ထိုင်နေသူလေးယောက်မှာလည်း ပြ တင်း ပေါက်မှတစ်ဆင့် အပြင်ဘက်သို့လှမ်းမျှော်ကြည့်နေကြပါသည်။

ဆိုင်လုလင် မလှမ်းမကမ်း၌နေပြီး လိုအပ်သည်ကိုစွ ဆောင် ရွက်ပေးရန်စောင့်ကြည့်နေသည်ကို ၎င်းတို့သိပြီး သဘောကျပုံ မရချေ

အကင်းပါးသော ဆိုင်လုလင်သည် လိုလေသေးမရှိ စီစဥ်

ဆောင်ရွက်ပေးပြီးလျှင် အလိုက်သိစွာနှင့် ဆိုင်အပြင်ဘက်ထွက်ခဲ့၏။

ဆိုင်အပြင်ဘက်တွင် အသင့်ခင်းထားသောကုလားထိုင်ပေါ် ထိုင်ချသာ မျက်လုံးမှိတ်ထားလိုက်၏။

သို့သော် ချက်ချင်း မျက်လုံးပြန်ဖွင့်လိုက်ရသည်။ အကြောင်းအား လမ်းပေါ်၌ လူတစ်ယောက်လျှောက်လာနေသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်ပေသည်။

ဆိုင်လုလင်၏ငေးကြည့်နေစဉ်မှာပင် ထိုလူသည် စားသောက်ဆိုင်ရှေ့သို့ရောက်လာ၏။

ထိုလူမှာ ဝမ်းပူဖြူ၊ ဝှာစင်းရှန်တို့နှင့်တွေ့ဆုံခဲ့သောအဘိုးအိုဖြစ်လေသည်။

အဘိုးအိုသည် စားသောက်ဆိုင်ရှေ့ရောက်လျှင် ခြေ လှမ်းရပ်ကာ ဆိုင်းဘုတ်တိုမော့ကြည့်လိုက်သည်။

တစ်ဖန် ဆိုင်လုလင်ကို အကဲခတ်ကြည့်ကာ....

'ဒါ... စားသောက်ဆိုင်ဟုတ်လား'

ဟု မေးလေသည်။

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် စားသောက်ဆိုင်ပါ။ ဦးစိတ်တိုင်းကျ စားသောက်နိုင်မယ့် စားသောက်ပါ'

'သည်မှာ စားသောက်ဆိုင် ဖွင့်ထားတာ ရယ်စရာကောင်းတယ်၊ ဘယ်သူကလာပြီး စားသောက်မှာလဲ'

ယခင် ထိုစကားမျိုးကြားရလျှင် ဆိုင်လုလင် ခေါင်းငုံ့သွား



မည်ဖြစ်သည်။ ယခုမူ ရင်ကော့ကာ ခပ်ကြွားကြွားကလေးပြောလိုက်လေသည်။

'စားသောက်မည့်သူရှိလို့ စားသောက်ဆိုင် ဖွင့်ထားပါတယ် ခင်ဗျာ။၊ ဦးထက် အရင်စားသောက်မယ့်လူတွေ ရောက်နှင့်ပြီး စားသောက်နေကြပါပြီ'

'ဟေ'

အဘိုးအို အံ့သြသွား၏။ စားသောက်ဆိုင်ထဲသို့ မျက်လုံးဝေ့ကြည့်လိုက်ပြီး—

'ဒါဆိုရင် ကျုပ်လဲ အမောပြေအောင် အရက် တစ်ခွက်လောက်ဝင်သောက်ဦးမှပဲ'

'ကြွပါ....ကြွပါ၊ ဆန်အရက် ကောင်းကောင်း ရှိပါတယ်'

ဆိုင်လုလင် အားရဝမ်းသာဖိတ်ခေါ်၏။ အဘိုးအိုက လှေခါးထစ်များကိုကျော်ဖြတ်ကာ စားသောက်ဆိုင်ထဲ ဝင်လာ၏။

ဆိုင်ထဲဝင်မိလျှင် စူးရှ တောက်သော မျက်လုံး ရှစ်လုံး အကြည့်မှာ အဘိုးအိုထံသို့ စုပြုံကျရောက်လာသည်။

အဘိုးအို ခြေလှမ်း တုံ့ခနဲရပ်သွား၏။ သို့သော်ဆိုင်လုလင်ဘက် လှည့်ရင်း—

'အရက်မြန်မြန်ယူလာခဲ့၊ ကျုပ် အရက်သောက်ပြီးရင် ခရီးဆက်ရဦးမယ်'

ပြောပြီး အနီးရှိ စားပွဲတစ်လုံး၌ ထိုင်ချ လိုက်လေသည်။ ဆိုင်လုလင်လည်း ချက်ချင်းပင် အနောက်ဘက်သို့ခပ်သွက်သွက် ပြေးဝင်သွားလေသည်။

အဘိုးအိုက ထိုင်ချပြီးလျှင် သူ့ထက် အရင် ရောက်နေသူ

လေးယောက်ကို လှမ်းကြည့်လိုက်သည်။ ထိုလူလေးယောက်က သူ့အား မျက်တောင်မခတ်ကြည့်နေပါ၏။

အဘိုးအို မနေတတ် မထိုင်တတ်ဖြစ်သွား၏။ ထိုလူများကို ပြုံးကြည့်ပြီး...

'မောင်မောင် ပူတယ်ဗျ'

ဟု လှမ်းပြောလိုက်သည်။

ထိုလူလေးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။ တစ်ယောက်မှာ မျက်မှောင်ကြုတ်ရင်း....

'သူက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။ သူ၏စကားသံ ကျယ်လောင်သွားသည်ဖြစ်ရာ အဘိုးအိုလည်း ကြားလိုက်ရလေသည်။

အဘိုးအိုက သူတို့ဘက်သို့ လှုံးလှုံးလျားလျား မျက်နှာလှည့်လိုက်သည်။ လူလေးယောက်အနက် တစ်ယောက်က...

'အကြည့်ဆိုးလဲကွာ သူ ဘယ်သူဆိုတာ ဘယ်လိုလုပ်သိရမှာလဲ၊ ခရီးသွားတစ်ယောက်ယောက်ဖြစ်မှာပေါ့၊ စားသောက်ပြီးရင် သူ့ဘာသာ ထွက်သွားလိမ့်မယ်'

'မဟုတ်ဘူးထင်တယ်ကွ၊ သူက တို့ကိုပြုံးပြနေတယ်။ သိများ သိနေလို့လား မပြောတတ်ဘူး'

'အို-သူက တို့ကိုသိရင် တို့ကလဲ သူ့ကို သိရမှာပေါ့'

'တို့မှ မသိတာ'

'သူက လူမြင်တိုင်း ပြုံးပြတတ်တဲ့လူ ဖြစ်မှာပေါ့ကွာ'

သူတို့ ပြုံးလိုက်ကြလေသည်။

သူတို့ ပြောနေကြသည့်စကားသံများကိုကြားလျှင် အဘိုးအို



မကျေမနပ်ဖြစ်သွားလေသည်။ မျက်နှာလည်း မှုန်ကုပ်ကုပ်ဖြစ်သွား၏။

ထိုင်ရာမှ ဆတ်ခနဲထကာ—

'ကျုပ်က လူမြင်တိုင်း ပြုံးပြတတ်တဲ့လူ မဟုတ်ဘူးကွ'

ဟု အော်ပြောလိုက်လေသည်။

လူလေးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်၊ တစ်ယောက်က-

'တို့စောင့်နေတာက တစ်ယောက်၊ ရောက်လာတာက တစ်ယောက်၊ လူရှုပ်မှာစိုးလို့ သည်ကိုလာပါမှ ရှုပ်ရှုပ်ယှက်ယှက် လာတိုးနေရတော့တယ်'

'အို—ဘာရှုပ်ရမှာလဲ၊ မောင်းထုတ် လိုက်တာပေါ့ကွာ'

"'ကောင်းသားပဲ'

အဘိုးအိုထိုင်ရာမှ ဝုန်းခနဲထလိုက်သည်။ ထိုလူလေးယောက်မှာ သူ့အား စော်ကားမော်ကား ပြောနေသည် မဟုတ်လား။ ထိုလူလေးယောက်ထံ လျှောက်သွားရင်း...

'ကျုပ်ကို မောင်းထုတ်မယ်ဆိုတာ ဘယ်သူလဲ'

ဟု မေးလိုက်လေ၏။

ထိုလူလေးယောက်အနက် တစ်ယောက်က ထရပ်လာသည်။ အဘိုးအိုကို စေ့စေ့ကြည့်ကာ—

'ကျုပ်'

'ကောင်းပြီ၊ မင်းတကယ်ပဲ မောင်းထုတ်နိုင်မလားကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ထိုလူ၏မျက်နှာသို့ လက်သီးတစ်လုံး လျှပ်တစ်ပြက်ပစ်သွင်းလိုက်လေ၏။

'ဖျောက်'

အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်။ အဘိုးအိုနောက်ဆုတ်သွား၏။ သူ၏ လက်တစ်ဖက်ကား တွဲလောင်း ကျနေချေပြီ။

ထိုလူ ပြုံးနေသည်။ သူက အဘိုးအို လက်သီးဖြင့်ထိုးချလာလျှင် လက်ဆန့်ထုတ်ကာပုတ်ချလိုက်ခြင်းဖြစ်၏၊ အရှိန်ဖြင့်ရိုက်ချလိုက်သည်ရှိရာ အဘိုးအိုလက်တစ်ဖက် ကျိုးသွားခြင်း ဖြစ်ပေတော့သည်။ အဘိုးအို နောက်ဆုတ်လိုက်၏။

ထိုလူက-

'ခင်ဗျားကို မောင်းထုတ်နိုင်တယ်ဆိုတာ တွေ့ပြီလား'

ဟု ပြုံးစစမေး၏။ အဘိုးအိုက အံကြိတ်ကာ-

'မင်း....ဘယ်သူလဲပြောစမ်း'

'ကျုပ် လက်သန်း'

'ဟာ'

'ဟာ...လက်သန်းလေ မကြားဘူးလား'

အဘိုးအို မျက်နှာပျက်သွားသည်။

'လက်....လက်ငါးချောင်း'

'ဟုတ်တယ်၊ ဝိညာဉ်နုတ်လက်ငါးချောင်းဆိုတာ ကျုပ်တို့ပေါ့။ ကဲ....ဘယ်လိုလဲ၊ ခင်ဗျားထွက်သွားတော့မယ် မဟုတ်လား'

အဘိုးအို ခေါင်းငိုက်စိုက်ကျသွား၏။



'ကျုပ်....ကျုပ်သွားပါတော့မယ်ဗျာ'

စကားသံ တုန်တုန်ယင်ယင်ဖြင့် ပြောကာ ချာခနဲ လှည့်ပြီး ပြေးထွက်သွား၏။ လက်သန်းက ပြုံးရင်း ထိုင်ချလိုက်သည်။

ထိုအချိန်တွင် ဆိုင်လုလင်မှာအရက်အိုးနှင့် စား သောက်ဖွယ်ရာများယူကာ ဝင်လာ၏။

အဘိုးအိုထွက်ပြေးသွားသည်ကိုတွေ့လျှင် ပါးစပ်အဟောင်းသားဖြစ်သွား၏။

'ဗျို့ မိတ်ဆွေကြီး ခင်ဗျား မှာထားတာတွေ မစားတော့ဘူးလားဗျ'

အဘိုးအိုကား သူ၏စကားကို လုံးဝအရေးမစိုက်ဘဲ အပြစ်ထွက်ပြေးသွားလေတော့သည်။

ဆိုင်လုလင် ကြောင်အမ်းအမ်းဖြစ်နေသည်။ ထွက် ပြေးသွားသော အဘိုးအိုကိုတစ်လှည့်၊ ထိုင်နေသူ လေးယောက်ကို တစ်လှည့်ကြည့်လိုက်လေသည်။

ထိုစဉ် လက်သန်းက-

'ဟေ့-သည်ကို ယူလာခဲ့'

ဟု လှမ်းပြောလိုက်သည်။

ဆိုင်လုလင် ခပ်သွက်သွက်လှမ်းထွက်သွားကာ စားသောက်ဖွယ်ရာများနှင့် အရက်အိုးချထားပေးလိုက်လေသည်။

လက်သန်းက ဆိုင်လုလင်အား စိုက်ကြည့်ရင်း-

'နောက်ထပ် ဘယ်ဧည့်သည်မှ လက်မခံနဲ့ ဟုတ်ပြီလား'

ဟု ပြောလိုက်၏။

ဆိုင်လုလင် မကျေမနပ်ဖြစ်သွားလေသည်။

လက်သန်းကိုကြည့်ကာ...

'ဒါဟာ စားသောက်ဆိုင်ပါခင်ဗျာ၊ စားသောက်မယ့် လူ ရောက်လာရင်....'

သူ၏ စကားမဆုံးမီ လက်သန်းက ကြားဖြတ် ပြော လိုက်သည်။

'ဘယ်သူမှ လက်မခံနဲ့၊ ကျုပ်စကား နားမထောင်ရင် မင်းအတွက် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မယ်။ ကဲ... မင်းသွားတော့'

အရောင် တဖိတ်ဖိတ်တောက်ပနေသော လက်သန်း၏ မျက်လုံးများကြည့်ကာ ဆိုင်လုလင် ထိတ်လန့်သွား၏။

စောဒက မတက်ဝံ့တော့ဘဲ ဦးညွှတ်ကာ အပြင်ဘက် ထွက်သွားခဲ့လေသည်။

သူ၏နောက်ကျောကိုလက်သန်းစိုက်ကြည့်နေမည်ဖြစ်ကြောင်း ရိပ်မိထားပါလေသည်။

အဘယ်ကြောင့်မှန်းမသိ ကြောက်ရွံ့စိတ်များ ပေါ်ပေါက်လာလေသည်။

ဆိုင်အပြင်ဘက်ရောက်မှ သက်ပြင်းချနိုင်ခဲ့လေသည်။

ကြိမ်ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချရန် ဟန်ပြင်လိုက်စဉ်မှာပင်



'ဟိုက်'

လွှတ်ခနဲရေရွတ်ကာ ခုန်ထလိုက်လေသည်။

အကြောင်းမှာ ဆိုင်ရှေ့သို့ လူတစ်ယောက်နှင့် မြင်းတစ်ကောင် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်လား။

မြင်းစီးလာသူသည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ပြီး ဓားတစ်လက်ကျောပိုးထားလေသည်။

မျက်နှာထားခပ်တင်းတင်း ခန္ဓာကိုယ် အလွန်တောင့်တင်းကြံ့ခိုင်သူ ဖြစ်လေသည်။

ထိုလူက မြင်းပေါ်မှ ခုန်ဆင်းကာ စားသောက်ဆိုင်ပေါ် လှမ်းတက်လာလေသည်။

ဆိုင်လုလင် သက်ပြင်းချလိုက်လေသည်။

ထိုလူ၏သွားရာလမ်းကို ပိတ်ရပ်ကာ

'ဝမ်းနည်းပါတယ်ခင်ဗျာ ဧည့်သည် လက်မခံပါ'

စကားပင်ဆုံးအောင် မပြောလိုက်ရပါချေ။ ထိုလူက သူ့အား တွန်းဖယ်လိုက်၏။

ဆိုင်လုလင်က ဒယိမ်းဒယိုင်ဖြင့် ဘေးရောက်သွားပြီး လဲကျမလို ဖြစ်သွားလေသည်။

အရှိန်ထိန်းကာ မတ်မတ် ရပ်နိုင်သောအခါ ထိုလူမှာ ဆိုင်အတွင်းဘက်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း တွေ့မြင်လိုက်ရ၏။

ဆိုင်လုလင်မှာ ဆိုင်ထဲဝင်ရန်ထက် ဤနေရာမှ အမြန်ဆုံး ထွက်ပြေးရန် စိတ်ကူးနေမိလေတော့သည်။

*

စားသောက်ဆိုင်ထဲ၌ လူလေးယောက် ထိုင်နေသည်။

ထိုလူလေးယောက်သည် ညွှန့်သည်နောက်ထပ် ဝင်လာလျှင် မောင်းထုတ်ပစ်ရန် ဆိုင်လုလင်ကို ပြောခဲ့လေသည်။

ဆိုင်လုလင်ကလည်း ညွှန့်သည်ရောက်လာသောအခါ မောင်းထုတ်ရန် ကြိုးစားခဲ့လေသည်။

သို့သော် ထိုညွှန့်သည်အား ဆိုင်လုလင်ကိုပင် ပြန်လည် မောင်းထုတ်မလို ရှိခဲ့လေသည်။

ညွှန့်သည် နောက်တစ်ယောက် စားသောက်ဆိုင်ထဲ ရောက်လာပြီ ဖြစ်လေသည်။

ညွှန့်သည်ရောက်လာခြင်းကြောင့် အယင်ရောက်နှင့်သူ လေးယောက်က မောင်းထုတ်လျှင် တိုက်ပွဲတစ်ခုဖြစ်လာမည်ဟု ဆိုင်လုလင် ယုံကြည်ထားရာ ဆိုင်ထဲသို့ပင် မစင်ရဲတော့ချေ။

အပြင်ဘက်မှ အသာနားစွင့်နေလိုက်သေသည်။

ထိုစဉ် စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'အစ်ကိုကြီး ရောက်လာပြီဟေ့'

'အစ်ကိုကြီး နောက်ကျလှချည်လား'

'ကျုပ်တို့ဒီမှာ စောင့်နေတာ ကြာပြီဗျ'

ဝမ်းသာအားရ တစ်ယောက်တစ်ပေါက် ပြောလိုက်သော စကားများကြောင့် ဆိုင်လုလင် ကြောင်အမ်းအမ်းဖြစ်သွား၏။

ဆိုင်ထဲသို့ ခေါင်းပြူကာ ချောင်းကြည့်လိုက်သည်။

ထိုအခါ အယင်ရောက်နှင့်နေသူလေးယောက်အား နောက်ဝင်



လာသူအား ဝမ်းသာအားရ ကြိုဆိုနေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

'ဘယ်လိုဖြစ်တာပါလိမ့် သူတို့ပဲ မောင်းထုတ်လို့ ပြောတယ် သူတို့ပဲ ဝမ်းသာအားရဖိတ်ခေါ်နေတယ် ဘယ်လိုလူတွေပါလိမ့်'

မကျေမနပ် ရေရွတ်လိုက်သေသည်။

ပြီးမှ ထိုလူလေးယောက်ရောက်လာစဉ်က လူငါးယောက်စာ မှာကြားခဲ့သည်ကို အမှတ်ရလာလေသည်။

နဂိုကပင် လူတစ်ယောက် ရောက်လာမည်ကို ကြိုတင်သိရှိအစ စားသောက်ဖွယ်ရာများပင် မှာကြားခဲ့သည် မဟုတ်ပါလား။

ဆိုင်လုလင် ချောင်းကြည့်နေစဉ်မှာပင်....

'ဆိုင်လုလင် ဘယ်ရောက်နေသလဲ စားစရာ သောက်စရာ မြန်မြန်ယူလာခဲ့ပေးစမ်း'

အော်ခေါ်သံ ထွက်ပေါ်လာလေသည်။

ဆိုင်လုလင် မနေစံတော့ဘဲ ပြေးဝင်သွားရ၏။

နောက်ဆုံးမှ ရောက်လာသူက....

'ကျုပ်အတွက် အရက်နဲ့ ဝက်အူချောင်း ထပ်ယူခဲ့ပြီးရင် မင်းဝေးဝေးမှာ သွားနေတော့ဟုတ်ပြီလား'

ဆိုင်လုလင်မှာ အရက်နှင့်ဝက်အူချောင်းကြော်များ ထပ်ယူပေးလိုက်လေသည်။

ထို့နောက် စားသောက်ဆိုင်အပြင်ဘက် ပြေးဝင်သွား၏။

သူပြန်ဝင်လာတော့မည် မဟုတ်ချေ။

ထိုအချက်ကို ဝိုင်းဖွဲ့ထိုင်နေသူ ငါးယောက် ကောင်းစွာ သတောပေါက်ထားကြလေသည်။

နောက်ဆုံးမှရောက်လာသူက အစားအသောက်များ အားရပါးရ စားသောက်လိုက်လေသည်။

ပြီးလျှင် အရက်ကို အိုးလိုက်မော့ချလိုက်သည်။

ကျန်လူလေးယောက်က သူ့အားစောင့်ကြည့်နေကြပါ၏။

စိတ်တိုင်းကျ စားသောက်ပြီးမှ ထိုလူက...

'မင်းတို့ အဆင်သင့်ပဲ မဟုတ်လား'

ဟု မေးလိုက်လေသည်။

ကျန်လူလေးယောက် တညီတညွတ်တည်း ခေါင်းညိတ်လိုက်ကြ၏။

လက်သန်းဆိုသူက...

'အစ်ကိုကြီးလက်မ ကျုပ်တို့အားလုံး အဆင်သင့်ပဲ အစ်ကိုကြီးတက်စေတော့ အဆင်ပြေတယ် မဟုတ်လား'

လက်မဆိုသူက ရယ်မောလိုက်၏။

'ဟဲ...ဟဲ...ဟဲ... ကျုပ်ထမပိုင်ဘဲ ဘယ်တော့မှ မလုပ်ဘူးဆိုတာ မှတ်ထားစေ။ သူဌေးမင်းသ ငွေမြိုးမြိုးမျက်မျက်ပေးတဲ့အပြင် အလွယ်တကူ အောင်မြင်စေဖို့ စီစဉ်ပေးလိုက်သေးတယ် ဒီလိုအလုပ်ရှင်မျိုးမှာ ဘယ်တို့လုပ်ရမယ့်အလုပ်ဟာ ငှက်ပျောသီး အခွံနွာစားရတာထက်တောင် လွယ်ကူနေလိမ့်မယ်'

ထိုစဉ် တစ်ယောက်က ဝင်ပြောသည်။

'ဒီလောက်လွယ်ရင်လဲ ဘာကြောင့် ကျုပ်တို့ကို ခိုင်းတာလဲ သူတို့ဘာသာလုပ်ရုပ် မရဘူးလား'

'ကျုပ်လဲ စဉ်းစားထားပေါ့ လက်ညှိုးရေ ဘာပဲဖြစ်ဖြစ်ပေါ့ ငွေလဲစိတ်ကြိုက်ရမယ် အစစအရာရာလဲ အဆင်ပြေမယ်ဆိုတော့



ဘာမှစဉ်းစားနေစရာ မလိုတော့ဘူး မဟုတ်လား ကဲ လက်သူကြွယ်နဲ့ လက်ခလယ်ကော ဘာပြောချင်သေးသလဲ'

တစ်ချိန်လုံး ငြိမ်နေသူနှစ်ယောက်က ပြိုင်တူ ခေါင်းယမ်းကာ

'ဘာမှ မပြောစရာ မရှိပါဘူးဗျာ'

'အစ်ကိုကြီး လက်မခေါင်းဆောင်ပြီး စီစဉ်တာကို ကျုပ်တို့ ဘယ်တုန်းက ကန့်ကွက်ဘူးလို့လဲ'

လက်မ သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား... တို့စားသောက်ကြပြီဆိုတော့ သွားရင် ကောင်းမယ် မြန်မြန်ပြီးတော့ မြန်မြန်အေးသွားတာပေါ့ မဟုတ်ဖူးလား'

ကျန်လူများ သဘောတူကြ၏။

လက်မ ထိုင်ရာမှထလိုက်သည်။

ကျန်လူများလည်း တညီတညွတ်တည်း ထရပ်လိုက်ကြသည်။

လက်သန်းက ရွှေတုံးတစ်တုံး ထုတ်ယူကာ စားသောက်ဖွယ်ရာများအတွက် ကျသင့်ငွေအဖြစ် စားပွဲပေါ်တင်ထားလိုက်၏။

ထို့နောက် အားလုံး စားသောက်ဆိုင်ထဲမှ လှမ်းထွက်သွားကြလေသည်။

ဆိုင်အပြင်ဘက်သို့ရောက်လျှင် မြင်းများပေါ်သို့ ခုန်တက်ကာ ခိုက်ဖုန်မြို့ဘက်သို့ဦးတည်ကာ ဒုန်းစိုင်း နှင်သွားကြသည်။

သူတို့ထွက်သွားမှ ဆိုင်လုလင် ဆိုင်ထဲဝင်လာရာ၏ စားသောက်ကျသင့်ငွေအဖြစ် ပေးထားသည့်ရွှေတုံးကလေးကိုတွေ့လျှင် အလွန်ဝမ်းသာသွားလေသည်။

'တကယ်တမ်းကျတော့ စားသောက်ခထက် ဆယ်ဆလောက် ပိုပေးခဲ့ပါလား၊ တကယ်ကိုသဘောကောင်းတဲ့ လူတွေပဲ'

ဟု လွတ်ခနဲ ရေရွတ်လိုက်သည်။

ထိုလူများ နောက်ထပ်ခေါက် လာရောက် စားသောက်ပါ စေဟုလည်း ဆုတောင်းမိသည်။

အကယ်၍သာ ထိုလူငါးယောက်မှာ သိုင်းလောကဥ္နာမည် ကျော်နေသော ကြေးစားလူသတ်သမား 'ဝိညာဉ်နှုတ်ထက်ငါ ချောင်း' ဖြစ်သည်ကိုသာသိလျှင် ယင်းသို့ ဆုတောင်းနိုင်တော့ မည် မထင်ချေ။

ဆိုင်လုလင်မှာ တေးသွားတပိုဒ်ဆိုညည်းရင်း စားသောက်ပြီ စီးသွားသော ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းနေလေ တော့သည်။

* * *

# အပြစ်မဲ့ အလှမယ်

ခိုက်ဖုန်မြို့။

ခိုက်ဖုန်မြို့တောင်ဘက်တွင် ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခု ရှိပေသည်။

ခြံဝင်းအတွင်း၌ မကြီးလွန်း မငယ်လွန်းသော အိမ်တစ်လုံး ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်က ထွန်းကားခဲ့သည့် ဗိသုကာပညာ အသုံးပြုကာ ခြံဝင်း အဝင်ဝ၌ 'ကချေသည် ဂေဟာ' ဟု ရေးထားသောဆိုင်းဘုတ် ချိတ်ဆွဲထားသည်။

ကချေသည်ဂေဟာသည် ခိုက်ဖုန်မြို့၌ လူသိများ၍ ထင်ရှားသော ဂေဟာတစ်ခုဖြစ်သည်။

လူတိုင်းလူတိုင်း ကချေသည်ဂေဟာမှ အလှမယ်ကျင်းကျင်းကို နှစ်သက်သဘောကျမိကြသည်။

ကျောင်းကျောင်း၏ ကျွမ်းကျင်လိမ္မာသော ကချေသည် အတတ်ပညာကို နှစ်သက်သဘောကျကြခြင်းဖြစ်၏။

ကျောင်းကျောင်းနှင့်ပတ်သက်ပြီး ကချေသည်ဇဂဟာကို လူတိုင်းလူတိုင်း သိထားခြင်းဖြစ်လေတော့သည်။

ကျောင်းကျောင်း၏ လှပချောမောသော ရုပ်ရည်ရူပကာကြောင့်လည်း လိပ်ပြာကလေးအသွားပုံဝတ်ဘာ ကကြိုးစုံသင်ကဟန်ဆင်တတ်သည့် ကချေသည်အတတ်ပညာကြောင့်လည်း စွဲလန်းမက်မောသော လက်ထပ်လိုသူများပြားလှ၏။

ထိုသော် ကျောင်းကျောင်းမှာ လက်ထပ်ခွင့်တောင်းခံလာသူတိုင်းကို ယဉ်ယဉ်ကျေးကျေးငြင်းပယ်ခဲ့ချည်းသာဖြစ်၏။

ကျောင်းကျောင်းဘဝမှာ သနားစရာကောင်းလှသည်။ ငယ်ရွယ်စဉ်ကပင် ဖခင်ကွယ်လွန်သွားပြီး မိခင်လက်ပေါ်၌ ကြီးပြင်းခဲ့ရသည့် ဖတဆိုးဖြစ်လေသည်။

ကျောင်းကျောင်း ကချေသည်ဘဝ မခံယူမီ သူတို့သားအမိနှစ်ယောက်မှာ ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့ နေခဲ့ရ၏။

ယခုအချိန်မှာ တင့်တောင်းတင့်တယ် နေနိုင် ခဲ့ခြင်းဖြစ်လေသည်။ ကျောင်းကျောင်းမှာအိမ်ထောင်ပြုလိုက်လျှင် မိခင်ကြီးအတွက် ပြုစုယုယမည့်သူမရှိတော့မည်ကို စိုးရိမ်ခြင်းကြောင့် အိမ်ထောင်မပြုဘဲနေခဲ့ခြင်းဖြစ်၏။

ထိုသော် လွန်ခဲ့သော သုံးနှစ်ခန့်က သူမ၏ဘဝ အလှည့်အပြောင်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။

မမျှော်လင့်ဘဲ ပွဲတစ်ခုတွင် ကျူးယို့ပင်ဆိုသူနှင့် ဆုံတွေ့



ခဲ့ကြခြင်းဖြစ်ပေသည်။ ကျူးယို့ပင်သည် သိုင်းလောကရှိ ထင်ရှားသောမိသားစုကြီးတစ်ခုမှ ဆင်းသက်လာသူဖြစ်သည်။

ရုပ်ရည်ချောမောခန့်ညားသလို မိဘနှစ်ပါး အရှိန် အဝါကြောင့် လက်ထပ်လိုသောမိန်းကလေးများ ဝိုင်းဝိုင်းသည်နေခဲ့ပေသည်။

ထိုသော် ပတ်ဝန်းကျင်မှ အလှပလေးများကို စိတ်မဝင်စားဘဲ ကျောင်းကျောင်းကို မြင်လျှင် မြင်ချင်း အရူးအမူး စွဲလန်းမိတော့၏။

ကျောင်းကျောင်းကိုယ်တိုင်လည်း ကျူးယို့ပင်အား နှစ်သက်သဘောကျမိသည်ဖြစ်ရာ သူတို့နှစ်ဦးမှာ မခွဲနိုင် မခွာရက် ချစ်သူဘဝရောက်ခဲ့ကြလေသည်။

ကျူးယို့ပင်နှင့် မေတ္တာ မျှခဲ့သော်လည်း ကျောင်းကျောင်းမှာ ကချေသည်ဘဝကို စွန့်ခွာခြင်းမပြုခဲ့ချေ။

ကျူးယို့ပင်ကား လူအများအား ဖျော်ဖြေရသည့် ကချေသည်မလေးအဖြစ် ကျောင်းကျောင်းကို မမြင်တွေ့လိုတော့ပါ။

ချစ်သူနှစ်ယောက် အကြိတ်အနယ် ဆွေးနွေးခဲ့ပြီးနောက် လက်ထပ်ရန် သဘောတူလိုက်ကြသည်။

လက်ထပ်ပြီးလျှင် ကျောင်းကျောင်းမှာ ကချေသည်ဘဝကို အပြီးတိုင်စွန့်လွှတ်လိုက်ရမည်ဖြစ်သည်။

ထိုအတွက် သူတို့သားအမိနှစ်ယောက်၏တာဝန်ကို ကျူးယို့ပင်က လုံးလုံးလျားလျား တာဝန်ယူမည်ဖြစ်မည်။

ကျင်းကျင်းမှာ ကခဲ့ချသည့်ဘဝကို နှစ်ခြိုက်မျှော်ပိုက်ခဲ့သော်လည်း ကျူးယို့ပင်၏အလိုကျ စွန့်လွှတ်ရန်ဆုံးဖြတ်လိုက်သည်။

ယခုဆိုလျှင် သူတို့နှစ်ယောက် ထိမ်းမြားရန် နှစ်ဖက်မိဘများဆွေးနွေးတိုင်ပင်သော နေ့ကောင်းရက်မြတ် ရွေးချယ်ထားပြီးဖြစ်လေတော့သည်။

အခန်းတွင်း၌ မွှေးရနံ့များ ထုံသင်းနေ၏။ ကျင်းကျင်းက မှန်ရှေ့တွင် အလှပြင်နေသည်။

ပြင်ဆင်လိုက်သောအခါ ကျင်းကျင်းမှာ နတ်မိမယ်တမျှ ချောမောလာသည်ထင်မှတ်ရပေသည်။

ချွဲခို ပြုံးလိုက်သည်။ အလှပြင်နေသည့် ကျင်းကျင်းကို ကြည့်ကာ—

'မမဟာ တကယ့်ကို ချောတာပဲ၊ ဒါကြောင့် သခင်လေး ကျူးယို့ပင် တမ်းတမ်းစွဲနေတာပေါ့'

ပြောလိုက်လေသည်။

ကျင်းကျင်းက ချွဲခိုဘက် လှည့်ကြည့်လိုက်သည်။ ချွဲခို၏ဂေဟာသို့ရောက်လာသည်မှာ မကြာသေးချေ။



ကျင်းကျင်း၏ အခြေအရ မဖြစ် ကျူးယို့ပင်က ရွေးလှတ်ထားခြင်းဖြစ်၏။ ထို့အပြင် စစ်ဟန်ဆူးဆိုသူလည်း ရှိသေး၏။

ကချေသည်ကျင်းကျင်းအား လိုချင်မက်မောသူ များပြားလှပေရာ မနှောင့်ယှက်နိုင်စေအောင်၊ ဒုက္ခမပေးနိုင်စေအောင် ကာကွယ်စောင့်ရှောက်ရန် ကျူးယို့ပင် တမင်စေလွှတ်ထား စောင့်ရှောက်စေခိုင်းခဲ့ခြင်းဖြစ်သည်။

အချို့က ကျင်းကျင်း လက်ထပ်တော့မည့် ကိစ္စ ကြောင့် မကျေမနပ်ဖြင့် အခကောက်ကြံနိုင်ရာ ထိုအန္တရာယ်ကို စစ်ဟန်ဆူးက ကာကွယ်မည်ဖြစ်သည်။

အစစအရာရာ လိုလေသေးမရှိအောင် စီစဉ်ပေးခြင်းကြောင့် ကျင်းကျင်းမှာ ကျူးယို့ပင်ကာပေါ် ပိုပြီးမြတ်မြတ်နိုးနိုး ချစ်ခင်မိလေသည်။

ကျင်းကျင်းက ချွဲခိုကို ရှက်စနိုးကြည့်ကာ-

'သည်လောက်လဲ မဟုတ်သေးပါဘူးကွယ်၊ ညီမလေးရဲ့ သခင်လေးကသာ မျက်စိလျှမ်းပြီး မမကို နှပ်သက်သွားတာဖြစ်ပါလိမ့်မယ်'

'ဟာ...မဟုတ်တာ၊ မမဟာ တကယ့်ကို ချောပါတယ်၊ သခင်လေးနဲ့လဲ တကယ့်ကို ရွှေသွားနောက်လိုက် ညီပါတယ်၊ မမတို့ရဲ့မင်္ဂလာပွဲ စည်ကား သိုက်မြိုက်အောင် သခင်လေးစီစဉ်နေတယ်။ သိုင်းလောကမှာတော့ အကြီးကျယ်ဆုံးအခမ်းနားဆုံး မင်္ဂလာပွဲဖြစ်လာမှာပဲ'

ကျင်းကျင်း မျက်နှာလေးတည်သွားသည်။ သိုင်းလောကနှင့်သူမ၏ဘဝမှာ လုံးလုံး မျှသက်ဆိုင်ခြင်းမရှိချေ။

သိုင်းလောက၏ ရှုပ်ထွေးဆန်းပြားသောဖြစ်ရပ်များကိုမကြား ခဲ့ဖူးခဲ့သည်။ ထို့ကြောင့်သည်း မပတ်သက်ရလေအောင် ဝေးဝေးမှရှောင်ခဲ့သည်။

သို့သော် သိုင်းလောကသားတစ်ယောက်နှင့် လက်ထပ်ရမည့် အဖြစ်ပျိုး ကြုံတွေ့လာရသည်။

လက်ထပ်ပြီးစီးသွားလျှင် အချေသည့်ဘဝကို သူမစွန့်လွှတ် သလို သိုင်းသမားဘဝကိုလည်း ကျူးယို့ပင် စွန့်လွှတ်ရမည် ဖြစ်သည်။

ဤသည်မှာ သူတို့နှစ်ဦး၏ လျှို့ဝှက်သဘောတူညီချက်ဖြစ် ပေတော့သည်။ ချွေခုံက ဆက်ပြောလိုက်သည်၊

'သခင်ကြီးဟာ သခင်လေးရဲ့ မင်္ဂလာကိစ္စကို သဘောတူခဲ့ တာမဟုတ်ဘူး၊ သခင်လေးကိုချစ်လွန်းလို့သာ လိုက်လျောခဲ့ရ တာ၊ ဒါပေမယ့် သခင်ကြီးဟာ မာနကြီးပေမယ့် သဘော ကောင်းပါတယ်'

ယခုတစ်ကြိမ် ကျင်းကျင်းလှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူမသိခဲ့ရသောကိစ္စများ ချွေခုံထံမှ တစ်စွန်းတစ်စ သိလိုက်ရပြီ မဟုတ်ပါလား'

ထိုကိစ္စများ ကျူးယို့ပင် သူမအား ပြောပြခဲ့ခြင်းမရှိချေ။ မိဘများ သဘောတူမတူ မေးမြန်းသည့်အခါ ကျေကျေနပ်နပ် သဘောတူကြောင်းပြောခဲ့သည်။

သူမ၏မိခင်နှင့် တွေ့ဆုံခဲ့စဉ်ကလည်း သားရေး သမီးရေး တိုင်ပင်ဆွေးနွေးအော လက်ထပ်မင်္ဂလာပွဲကျင်းပရန် စီစဉ်ခဲ့ကြ သည်ဟုသိခဲ့ရ၏။



သူမ၏မိခင်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့ခြင်း ဖြစ်၏။ သူမ၏မိခင်ကိုယ်တိုင်ကလည်း သမီးကလေး၏ အိမ်ထောင်ဘက် အရွေးတော်သည်ဟု တဖွဖွ ချီးကျူးမဆုံးချေ။

ယခုသော် သူမ မသိရသေးသောကိစ္စ တစ်စွန်းတစ်စ သိ လိုက်ရပြီဖြစ်သည်။

ချွေခုံကို အကဲခတ်ကြည့်ရင်း အလိမ္မာသုံးကာ မေးလိုက် သည်။

'ညီမရယ် မမဟာကချေသည်တစ်ယောက်မို့ အစ်ကိုကျူးရဲ့ မိဘတွေက သဘောမတူကြတာထင်ပါရဲ့။ မမဟာ အစ်ကိုကျူး ကိုလက်ထပ်ဖို့ အတော်စဉ်းစားပြီး သတ္တိမွေးပြီးမှ ဆုံးဖြတ် လိုက်ရတာပါကွယ်'

သူမ၏စကားကြောင့် ချွေခုံ ကရုဏာ သက်သွားလေသည်။ မိန်းမသားချင်း ကိုယ်ချင်းစာနာစိတ်များ ဖြစ်ပေါ်လာသည်။

'အခုမှတော့ စိတ်မပူပါနဲ့တော့၊ သခင်ကြီး ကိုယ်တိုင် သဘောတူလိုက်ပြီပဲ။ သခင်ကြီးဟာ ကတိစကားကို တည်တဲ့လူ ပါ၊ အခုတောင် မမကို သူ့ရဲ့မိတ်ဆွေသင်္ဂဟာရွေမှာ ပွဲထုတ်ဖို့ စီစဉ်နေတာပဲမဟုတ်လား၊ သည်အတွက်တော့ ဘာမှစိုးရိမ် ကြောင့်ကျမနေပါနဲ့တော့'

'မမတို့ရဲ့ချစ်ခြင်းကိုတော့ မခွဲတန် ကောင်းပါဘူးနော်'

'အို...ကြံကြီးစည်ရာမမရယ်၊ သခင်ကြီးဟာ အသည်လိုလုပ် မယ့်လူစားမျိုးမဟုတ်ပါဘူး၊ မမတို့အတွက် ဂုဏ်သရေရှိ စီစဉ် ပေးနေပြီပဲ'

'အင်းလေ သည်လိုဆိုလဲ ပြီးတာပေါ့ပဲ၊ မမက စိတ်ပူနေလို့ မေးတာပါကွယ်'

'မမ စိတ်ပူနေတာတွေ မနက်ဖြန် ပြေပျောက် သွားတော့မှာပေါ့'

'ဘာဖြစ်လို့လဲ ညီမရဲ့'

'မကြာခင် ရွှေရုပ်တုခြံဝင်းက အကြိုမြင်းလှည်းရောက်လာတော့မယ်မဟုတ်လား။ မြင်းလှည်းနဲ့ လိုက်သွားပြီး ဟိုရောက်တာနဲ့ မမကိုယ်တိုင်သခင်ကြီးကို တွေ့ရလိမ့်မယ်၊ သည်တော့မှ ရိုးရိမ်ပူပန်မှုတွေကွယ်ပျောက်သွားမှာပဲ'

ကျင်းကျင်း တိတ်တဆိတ် ထက်ပြင်းချမိလေသည်။ ချွေခိုင်၏ စကားအရ ရွှေရုပ်တုခြံဝင်းမှလူများက သူမအား နွေးနွေးထွေးထွေး ဆီးကြိုမည်ဖြစ်ကြောင်း သိနိုင်၏။

တကယ်တမ်း စဉ်းစားကြည့်ပြန်လျှင်လည်း ရွှေရုပ်တုခြံဝင်းပိုင်ရှင်သည် သူ၏သားကျူးယို့ပင်နှင့် သူမအားသဘောမတူဘဲ လက်ထပ်ပေးလာသော အခမ်းအနားဖြင့် စီစဉ်ပေးမည်မဟုတ်ချေ။

ယခုတော့ ရွှေရုပ်တုခြံဝင်း၌ မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရန် စိုင်းပြင်းနေ၏။

မင်္ဂလာပွဲကျင်းပရန် ဆယ်ရက်ခန့်အလိုတွင် ရွှေရုပ်တုဂေဟာသို့ သူမ အရောက်သွားရမည်ဖြစ်၏။

မင်္ဂလာပွဲကျင်းပမည့်အချိန်နီး ကပ်လာပြီဖြစ်သည်။ ယခုနေ ရွှေရုပ်တုခြံဝင်းမှ အကြိုတော်မြင်းလှည်းဖြင့် သူမအား လာရောက်ကြိုဆိုမည်ဖြစ်သည်။

ထို့ကြောင့်လည်း အစွမ်းကုန် ဆလှပြင်ဆင် ခြယ်သနေခြင်းဖြစ်



ပေတော့သည်။ ကျင်းကျင်းနှင့် ချွေခိုင်တို့ စကားပြောဆိုနေစဉ် မှာပင် အခန်းတွင်းသို့ အမျိုးသမီးကြီးတစ်ယောက်ဝင်လာသည်ကို တွေ့မြင်ရလေသည်။

ထိုအမျိုးသမီးကြီးမှာ ကျင်းကျင်း၏မိခင် ကျင်းလင်း ဖြစ်လေသည်။

ကျင်းလင်းသည် အခန်းတွင်းသို့ရောက်သည်နှင့် အလှကြီးလှနေသော သမီးဖြစ်သူအားကြည့်ကာ...

'သမီးကတော့ တကယ့်ကို ချစ်စရာကောင်းတာပဲဟေ့'

ဟု ချီးမွမ်းလိုက်လေသည်။

ကျင်းကျင်း မျက်နှာနီရဲသွားလေသည်။

ခေါင်းကလေးငုံကာ...

'အို....မေမေကလဲ'

'တကယ်ပြောတာ သမီးရဲ့၊ သမီးကို သူတို့လဲ ချစ်ကြမှာပါ၊ သမီးအတွက် မေမေ ဝမ်းသာဂုဏ်ယူပါတယ်ကွယ်'

ကျင်းကျင်းက မိခင်ဖြစ်သူ၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ကျင်းလင်းက အလိုက်သင့် ပွေ့ဖက်ထားလိုက်လေသည်။

ထိုစဉ်...

'ချွင်....ချလွင်'

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချွေခိုင်က...

'ကြိုသည့်ရောက်လာပြီထင်တယ်'

ဟု ပြောလိုက်လေသည်။

ညနေသည်ရောက်လာလျှင် အခြားသူ မဟုတ်ဘဲ ရွှေရုပ်တု ခြံဝင်းမှ အကြိုတော်မြင်းလှည်းသာ ဖြစ်မည်ဟု အားလုံး သိထားလေသည်။

ထို့ကြောင့် ညနေသည်ရောက်ရှိလာသည့် အထိမ်းအမှတ် ဖြစ်သော ခေါင်းလောင်းသံထွက်ပေါ်လာလျှင် အားလုံး ဝမ်းသာသွားကြလေတော့သည်။

*

'ချွင်…ချွင်'

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။

ယနေ့ အကြိုတော်မြင်းလှည်း ရောက်လာမည်ဖြစ်ရာ စစ်ဟန်ဆူး ဝမ်းသာသွားလေသည်။

ချက်ချင်း အပြေးတစ်ပိုင်း ထွက်လာခဲ့သည်။

အကြိုတော်မြင်းလှည်းဖြင့် သူတို့ပါ ရွှေရုပ်တု ခြံဝင်းသို့ ပြန်လိုက်သွားကြရမည် ဖြစ်၏။

ကိုယ့်ရုပ်ဌာနေပြန်ရမည်ဖြစ်ရာ ဝမ်းသာပျော်ရွှင်နေသည်မှာ အပြစ်ဆိုဖွယ် မရှိပါချေ၊

စစ်ဟန်ဆူး အပြင်ဘက် ပြေးထွက်လာသောအခါ ခြံဝင်းတံခါးဝ၌ မြင်းလှည်းရောက်ရှိနေသည်ကို မတွေ့ရချေ။



မြင်းလှည်းမရှိဘဲ အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

စစ်ဟန်ဆူး မျက်မှောင်ကြုတ်သွား၏။

ထိုလူကို အကဲခတ်ကြည့်ရင်း....

'ဘယ်သူ့ကို တွေ့ချင်လို့လဲဗျ'

ဟု မေးလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသူကား ဝိညာဉ်နုတ် လက်ငါးချောင်းမှ အစ်ကိုအကြီးဆုံး လက်မဖြစ်သည်။

လက်မက အရယ်အပြုံးကင်းသော သက်မဲ့မျက်နှာထားဖြင့်

'ဘချေသည် ကျွင်းကျွင်း'

ဟု ပြောလိုက်လေသည်။

စစ်ဟန်ဆူး ခေါင်းယမ်းလိုက်သည်။

'ကျွင်းကျွင်းဟာ ကပွဲတွေ လက်မခံတော့ဘူးဗျ'

'ကျုပ်သိတယ်'

'သူ့ကို တွေ့ခွင့်မရှိဘူး'

'ဘာဖြစ်လို့လဲ'

'သူဟာ မကြာခင် ရွှေရုပ်တုခြံဝင်းက သခင်ကာလနဲ့ လက်ထပ်တော့မှာမို့ပါ'

ရုတ်တရက် လက်မက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

စစ်ဟန်ဆူးက....

'မိတ်ဆွေ ဒါဟာ ရယ်စရာ မဟုတ်ဘူးဗျ'

'ကျုပ်သိတယ် သူဟာ ရွှေရုပ်တု ခြံဝင်းကို ဘယ်တော့မှ ရောက်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိသားပဲ ရယ်တာ'

'ဘာ'

'ကျောင်းကျောင်းကို ကျုပ်ခေါ်သွားမယ်'

မဖိတ်ခေါ်ဘဲ အန္တရာယ်ဝင်လာပြီဖြစ်ခြင်း စစ်ဟန်ဆူ ချက်ချင်းရိပ်မိလိုက်လေသည်။

လက်မကို စိုက်ကြည့်ရင်း...

'ယောင်းပြီးလေ ကျောင်းကျောင်းကို ခေါ်ချင်တယ်ဆိုရင် ကျုပ်ကို အသက်ချော်ဖြတ်ဖို့ ကြိုးစားပေါ့'

စကားဆုံးလျှင် ခါးမှဓားကိုဆွဲထုတ်လိုက်လေသည်။ ဓား ရောင်ဝင်းခနဲလက်သွားသည်။ လက်မ ခေါင်းယမ်းလိုက်သည်။

'ကျုပ်ခယ်သူလဲ ဆိုတာသိရင် ခင်ဗျား ဟန်တားဝံ့မှာ မဟုတ်ပါဘူး'

'ဘာကွ'

ဝိညာဉ်နုတ်သက်ငါးချောင်းဆိုတဲ့နာမည်ကို ခင်ဗျားကြား ဖူးမယ်ထင်တယ်'

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် စစ်ဟန်ဆူ မျက်နှာပျက်သွားသည်။

လက်မကို စိုက်ကြည့်ရင်း

'ဝိညာဉ်နုတ် သက်ငါးချောင်းဟုတ်လား။ ဒါဖြင့် ခင်ဗျား ကလဲ'

ကျုပ်က လက်မ'



စစ်ဟန်ဆူး နောက်ဆုတ်လိုက်သည်။ လက်မ ရယ်မောရင်း ရှေ့တိုးလာ၏။

လတ်နှစ်ယောက်ကြားရှိ ခြံဝင်းတံခါး ခြားနေပါသည်။ စစ်ဟန်ဆူး ချာခနဲနောက်လှည့်ကာ --

'ချွေခို ရန်သူရောက်လာပြီ'

ဟု အော်ပြောလိုက်၏။

သူလှည့်ပြောနေသည့် တခဏအချိန်အတွင်းမှာပင် လက်မ သည် မြေပေါ်ခြေဆောင့်ခုန်လိုက်၏။

သူ၏ ခန္ဓာကိုယ်အပေါ် မြောက်တက်သွားပြီး ခြံဝင်း တံခါးကိုကျော်ကာ တစ်ဖက်သို့ ကျွမ်းပစ်ကျလာသည်။

စစ်ဟန်ဆူးအနီးသို့ ရုတ်ခြည်း ရောက်ရှိလာခြင်း ဖြစ်လေ သည်။ စစ်ဟန်ဆူးကို စိုက်ကြည့်ရင်း

'ခင်ဗျား လည်ချောင်း ကွဲ ထွက် အောင် အော်လို့လဲ အကြောင်းမထူးဘူး'

သူ၏ စကားကြားလျှင် စစ်ဟန်ဆူး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။ ချက်ချင်းပင်သက်မဘက်သို့လှည့်ကာ တိုက် ခိုက် လိုက်လေသည်။ ဓားရောင် ဝင်းခနဲလက်သွား၏။

'စစ်ဟန်ဆူး၏ဓားမှာ လက်မအနီးနင်စသို့ တန်းတန်းမတ်မတ် တိုးဝင်သွား၏။

လက်မက ခန္ဓာကိုယ်ဘေးသို့ယိမ်း၍ ပွတ်ကာသီကာ ရှောင် တိမ်းလိုက်သည်။

တစ်ဆက်တည်းမှာပင် စစ်ဟန်ဆူး၏ ဓားကိုင် ထားသော လက်ကိုလက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

'ဖျောက်'

'အား'

စူးရှသော အော်ဟစ်သံထွက်ပေါ်လာသည်။ စစ်ဟန်ဆူး၏လက်ထဲမှ ဓားလွတ်ကျသွား၏။ သူ၏ဓားကိုင်ထားသောလက်မှာ သွေ့သွေ့ကျိုးသွားပြီဖြစ်လေသည်။

စစ်ဟန်ဆူးမှာ ဆက်၍ မတိုက်ဝံ့တော့ချေ။ ဝိညာဉ်နှုတ်လက်ငါးချောင်းဟူ၍ သိလိုက်ရတည်းက မယှဉ်နိုင်မှန်း ရိပ်မိထား၏။

ထို့ကြောင့် ချာခနဲလှည့်ကာ ပြေးသွား၏။ ကျင်းကျင်းအား အချိန်မီသတိပေးပြီး လွတ်အောင် ပြေးခိုင်းရဦးမည် မဟုတ်ပါလား'

လက်မမှာ ခေါင်းရှုံ့လိုက်သည်။

'မင်းပြေးလို့ မလွတ်ပါဘူး'

ပြောရင်း မြေပေါ်ကျနေသည့် စစ်ဟန်ဆူး၏ဓားကို ခြေဖျားဖြင့် ကော်တင်လိုက်သည်။

ဓားအပေါ် မြောက်တက်လာလျှင် ခြေထောက်ဖြင့် ခတ်တိုက်လိုက်၏။

'ဝှီး'

ဓားရှည်မှာ မြားတစ်စင်းပမာ လှစ်ခနဲ မင့်လွင့်သွားပြီ ထွက်ပြေးသွားသော စစ်ဟန်ဆူး၏ နောက်ကျောသို့ စိုက်ဝင်သွားတော့၏။

'အား'



စစ်ဟန်ဆူး တစ်ချက်အော်လိုက်သည်။ ခန္ဓာကိုယ် တုံ့ခနဲ ရပ်သွားပြီး လဲကျသွား၏။

မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားလိုက်သော်လည်း မထနိုင်တော့ချေ။ တစ်ချက် နှစ်ချက် လူးလွန့်ပြီး နောက်ဆုံး လုံးဝငြိမ်ကျသွား၏။

လက်မကား သူ့အား အရေးမစိုက်တော့ဘဲ အဆောက်အဦဆီသို့ တလှမ်းချင်း လှမ်းသွားလေတော့သည်။

အပြင်ဘက်မှစူးရှသော အော်သံထွက်ပေါ်လာသည်။ ချွေခုံမျက်နှာ ပျက်သွားလေသည်။

အော်သံမှာ စစ်ဟန်ဆူး၏အသံဖြစ်ကြောင်း သူမ သိရှိသွားလေသည်။

စစ်ဟန်ဆူးသည် ရွှေရုပ်တုခြံဝင်းမှ ထိပ်တန်း သိုင်းသမားတစ်ယောက်ဖြစ်သည်။

တော်ရုံတန်ရုံရန်သူကို မှုသူမဟုတ်ချေ။

ကျင်းကျင်းအား လာရောက် နှောင့်ယှက်မည့် လူရမ်းကားများကို ဆက်နက်ပင်သုံးစရာမလိုဘဲ မောင်းထုတ်နိုင်သူ ဖြစ်၏။

ကြီးကြီးကျယ်ကျယ် အန္တရာယ်ကြုံတွေ့စရာ မရှိ၍လည်း စစ်ဟန်ဆူးနှင့် ချွေခုံတို့နှစ်ယောက်တည်းသာ စောင့်ရှောက်ခိုင်းခဲ့ခြင်း ဖြစ်သည်။

ယခုလို အန္တရာယ် ကြုံတွေ့ရမည်ဆိုလျှင် ကျူးယို့ပင်သည့်
ကိုယ်တိုင်ကိုယ်ကျ စောင့်ရှောက်မည်သာဖြစ်ပေသည်။

ရှေ့ရှုပ်တု ခြံဝင်းမှ သတ္တိသမီး ထောင်းအား ရှောင့်ယှက်
ရန်ရှာ၀ံ့မည်မဟုတ်ဟု ယုံကြည် စိတ်ချထားခြင်းကြသည်။ ခပ်
လျော့သလို ဖြစ်ခဲ့ချေပြီ။

စစ်ဟန်ဆူး ခံလိုက်ရပြီဖြစ်ကြောင်း ရိပ်မိသည်နှင့် ချေခုံ
ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ပဲ…

မမ ကျွန်မတို့ ဒီကပြေးမှ ဖြစ်မယ်'

ကျင်းကျင်းဘက်လှည့်ကာ ပြောလိုက်လေသည်။

ကျင်းကျင်းတို့သားအမိ ထိတ်လန့်သွားကြသည်။

ကျင်းကျင်းက ဟအံ့တကြီးမေးသည်။

'ညီမလေး ဘာများ ဖြစ်နေလို့လဲဟင် မာကိုလဲ ပြောစမ်
ပါဦး'

ရှင်းပြဖို့ အချိန်မရှိဘူး မမကို ဒုက္ခပေးမယ့်လူတွေ ရောက်
လာပြီလို့ပဲ မှတ်ထားလိုက်ပေတော့ ကျွန်မတို့ မြန်မြန်ပြေးမှဖြ
မယ် စစ်ဟန်ဆူးတော့ သေပြီထင်တယ်'

ကျင်းကျင်းမှာ မျက်နှာလေး ဖြူဖပ်ဖြူရော် ဖြစ်သွား၏

ချေခုံက…

'ကဲလာ အနောက်ဘက်အပေါက်က ပြေးကြရအောင်'

ပြောရင်း ရှေ့မှဦးဆောင် ပြေးသွားသည်။

ကျင်းကျင်းနှင့် ကျင်းလင်းတို့ ထိတ်လန့် တုန်လှုပ်နေကြ

ကျင်းလင်းက…

'သမီး မေမေတို့ ဗိမ္မာနေခဲ့တာ နှစ်ပေါင်းများစွာကြာပြ
ခဲ့ပြီ ဘယ်လိုဘေးအန္တရာယ်မျိုးမှ မကြုံတွေ့ခဲ့ဘူး အခုတော့
အန္တရာယ်ပြုမယ့်လူတွေ လာပြီဆိုတော့ ဟုတ်နိုင်ပါ့မလား'

မယုံကြည်နိုင်သောလေသံဖြင့် မေးသည်။

ကျင်းကျင်း ခေါင်းယမ်းလိုက်သည်။

'သမီးလဲ မပြောတတ်ဘူး မေမေ

'မေမေတို့အိမ်က ဘာကြောင့် ထွက်ပြေးရမှာလဲ'

ကျင်းလင်းက ထွက်ပြေးသွားရမည်ကို သဘောမတူချေ။

ထို့ကြောင့် ကျင်းကျင်းသည်း မပြေးပဲ ရပ်နေသည်။

သူတို့သားအမိနှစ်ယောက် နေရာမရွေ့ဘဲ ရပ်နေကြသည်
ကို တွေ့ရလျှင် ချေခုံ စိတ်ပျက်သွားသည်။

မမ ဘာလုပ်နေတာလဲ မြန်မြန်လာပါ'

ဟု အော်ခေါ်လိုက်သည်။ ထိုစဉ်မှာပင်…

'ဟား…ဟား…ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရသည်။ ချေခုံ ခြေလှမ်းရပ်လိုက်သည်။

ထွက်ပြေး၍မလွတ်မှန်း ရိပ်မိသွားသည်။

ထို့ကြောင့် ကျင်းကျင်းတို့အနီးသို့ ပြန်လျှောက်သွားပြီး
ရှေ့ဦးမားမားမတ်မတ် ရပ်နေလိုက်သည်။

ရယ်မောသံများအဆုံးတွင်…

'ဝုန်း'

ခဲတက်ရှိ အခန်းနံရံပြိုပျက်သွားပြီး လူတစ်ယောက် လှမ်း
ဝင်လာသည်ကို တွေ့ရသည်။ ထိုလူမှာ လက်ညှိုးဖြစ်သည်။

လက်ညှိုးဝင်လာချိန်နှင့် တစ်ပြိုင်တည်းမှာပင် အိမ်ခေါင်မို
ပေါက်ပြဲသွားပြီး လက်သန်းဝင်လာသည်။

လက်ညှိုးနှင့် လက်သန်းရောက်လာပြီး မရှေးမနှောင်းမှာပင်
လက်ခလယ်နှင့်လက်သူကြွယ်တို့သည်း ရောက်ရှိလာကြသည်။

သူတို့လေးယောက်မှာ ကျင်းကျင်းတို့အား ဝိုင်းရံထားလိုက်
ကြသည်။ ချေခုံ အံ့ကြိတ်လိုက်သည်။

သူတို့လေးယောက်ကို ဝေ့ကြည့်ရင်း....

'ရှင်တို့ တော်တော်ရိုင်းစိုင်းပါလား ရွှေရုပ်တုခြံဝင်းရဲ့သ
သမီးကို အနှောင့်အယှက်ပေးတတ်တာ နည်းတဲ့သတ္တိမဟုတ်
ရွှေရုပ်တုခြံဝင်းပိုင်ရှင်ဆ အပြစ်ဒဏ်ခတ်မှာ မကြောက်ဘူးထ
တယ်'

ဟူ၍ ခပ်မာမာ ပြောလိုက်သည်။

လက်ညှိုး လက်ခလယ် လက်သူကြွယ်နှင့် လက်သန်းတို့ တ
ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

သို့သော် ဘာမှမပြောကြချေ။ ချေခုံသာ ဆက်ပြောလိုက်

'ရှင်တို့ ဒူးထောက် တောင်းပန်ပြီး မြန်မြန် ထွက်သွား
ချမ်းသာရာရမယ် ဒါမှမဟုတ်ရင်တော့'

သူမ၏စကားမဆုံးမီ အေးတိအေးစက် စကားသံတစ်ချ
ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ဘယ်သူ ဒူးထောက်တောင်းပန်ရမှာလဲ'

ချေခုံ လှမ်းကြည့်လိုက်သည်။

ထိုအခါ လူတစ်ယောက်သက်နှစ်ဘက်နောက်ပစ်ကာ အခ
တွင်းသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။



ထိုလူမှာ လက်မဖြစ်လေသည်။

လက်မက ချေခုံ ကျင်းလင်းနှင့် ကျင်းကျင်း တို့အား တစ်
ချက်စေ့ ကြည့်လိုက်သည်။ ပြီးလျှင်....

'ကချေသည်ကျင်းကျင်းကိုပဲ ကျုပ်လိုချင်တယ် မဆိုင်တဲ့
လူတွေနောက်ဆုတ်လိုက်ကြပါ'

ဟု ပြောလိုက်၏။ ချေခုံ မဲ့ပြုံးပြုံးလိုက်သည်။

'ရပါတယ် ရှင်လိုချင်ရင် လာယူပေါ့'

'မင်းရဲ့အသက်ကို မနှမြောဘူးလား'

ချေခုံက လက်မ၏ အေးတိအေးစက် စကားသံကို အရေး
မစိုက်ဘဲ....

'ရှင်တော့'

စကားဆုံးလျှင် ရှေ့သို့ လှစ်ခနဲထွက်ကာ လက်မအားတိုက်
ခိုက်လိုက်သည်။ ချေခုံသည် စစ်ဟန်ဆူးထက်အဆက်ငယ်၏

သို့သော် စစ်ဟန်ဆူးထက် သိုင်းပညာတော်သူ ဖြစ်လေ၏။

သူမ တိုက်ခိုက်လိုက်သည်နှင့် လက်မက လက်စေ့ယမ်းကာ
ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း...'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ချေခုံ နောက်သို့ ခြေသုံးလေးလှမ်း ဆုတ်သွားရ၏။

လက်မကို မယုံကြည်နိုင်စွာကြည့်ရင်း....

'ရှင်....ရှင်'

လက်မ ပြုံးလိုက်သည်။

'မင်းမဆိုးဘူး တော်ရုံတန်ရုံ ကျုပ်ရဲ့ သိုင်းကွက်တစ်ကွက် ခုခံနိုင်သူ ရှားတယ် ဒါပေမယ့် မင်းလဲ ကြာကြာ ခံနိုင်မယ် မထင်ဘူး'

ချေခို့ အကြိတ်လိုက်သည်။

လက်မမှာ အလွန် ကြောက်စရာ ကောင်းသူ ဖြစ်ကြောင်း၊ သိုင်းကွက်တစ်ကွက်ယှဉ်ပြိုင်ရုံဖြင့် သိရပြီဖြစ်သည်။

ရှေ့ဆက် တိုက်လိုက်လျှင် သူမသာ ရှုံးနိမ့်သွားမည် ဖြစ်ကြောင်းသိ၏။

မည်သို့ဆိုစေ ဆက်ပြီးတိုက်ခိုက်ရန်မှ လွဲပြီး အခြားနည်း လမ်းမရှိတော့ပါချေ။

ကျင်းကျင်းတို့သားအမိအား မကားကွယ် နိုင်တော့သည်ကို သာ ဝမ်းနည်းမိသည်။ ကျင်းကျင်းဘက်လှည့်ကာ....

'မမ....မမကိုအအားအကွယ်မပေးနိုင်တော့တဲ့အတွက် ကျွန်မ ကိုခွင့်လွှတ်ပါရှင် ကျွန်မ တာဝန်ကျေပွန်အောင် ထမ်းဆောင် သွားတယ်လို့ သခင်လေးကို ပြောပေးပါ'

ယခုတစ်ကြိမ် သူမ၏လက်ထဲ၌ ရွှေဆံထိုး နှစ်ချောင်း ကိုင် ထားပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ရွှေရောင်လက်ခနဲဝင်းသွား၏၊ လက်မနောက်ဆုတ်လိုက်ရ၏၊ သို့မဟုတ်ဘဲ လက်ဆန့်ထုတ်ကာ တိုက်ခိုက်မည်ဆိုလျှင် ရွှေ ဆံထိုးဖြင့် ထိုးစိုက်ခြင်းခံရမည်ဖြစ်လေသည်။

လက်မနောက်ဆုတ်သွားလျှင် ချေခို့အားတက်သွားပြီး တရ ကြမ်း ဖိ၍တိုက်ခိုက်လိုက်သည်။



ထိုအခါ လက်ညှိုး လက်သူကြွယ် လက်ခလယ်နှင့်လက်သန်း တို့က ကြားဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'သူ့ကို ကျုပ်တာဝန်ထားလိုက်'

လက်မ၏စကားသံထွက်ပေါ်လာသည်။

လက်ညှိုးတို့ ချက်ချင်း နောက်ပြန်ဆုတ်သွားကြလေသည်။ သူတို့သည် လက်မကို ကောင်းစွာ ယုံကြည်စိတ်ချထားကြပုံ ရလေသည်။

ကျင်းကျင်းတို့သားအမိကား တိုက်ပွဲကိုအထိတ်တလန့် ငေး ကြည့်နေ၏၊ သူတို့ဘဝတစ်သက်တာတွင် ပထမဦးဆုံးကြုံတွေ့ရ သောအတွေ့အကြုံဖြစ်၏၊

သိုင်းလောကသားမဟုတ်သည့် အတွက် တိုက်ပွဲကိုမြင်လျှင် ရူးပျက်ချောက်ချားနေကြပေတော့၏။

ချေခို့ကား ရွှေဆံထိုးနှစ်ချောင်းဖြင့် လက်မအားတရကြမ်း တိုက်ခိုက်နေပါ၏။ လက်မ နောက်ဆုတ် ရှောင်လိုက်ပြီး....

'မင်းကို ကျုပ်ချီးကျူးတယ် မင်းကို သတ်ပစ်ရမှာ စိတ်မ ကောင်းဘူး....ဒါပေမယ့်မတတ်နိုင်ဘူး သတိသာထားပေတော့'

ပြောရင်း ချေခို့၏တိုက်ခိုက်မှုကို ခန္ဓာကိုယ် နောက်လှန်ချ ရင်း ရှောင်လိုက်သည်။ တစ်ဆက်တည်းပင် ခြေထောက် နှစ် ချောင်းဖြင့်တရစပ်ကန်ကျောက်လိုက်၏။ ချေခို့မှာ ရှက်ယမ်းရက် ပြန်လည်တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့်ထိတ်လန့်သွား၏။

ရှေ့ဆက်တိုက်ခိုက်ခြင်းမပြုဝံ့တော့ဘဲ နောက်ဆုတ် ရှောင် လိုက်၏။

ယင်းသို့ရှောင်လိုက်လျှင် ဆက်တိုက်ရှောင်ရနေလေတော့သည်။ လက်မက တင်းမြီးကောက်သဖွယ် လက်နှစ်ဖက်ကြမ်းပြင်ပေါ် ထောက်ကာ ခြေနှစ်ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက် တိုက်ခိုက်လိုက်သည်။

ချွေခုံမှာ နောက်ဆုတ် ရှောင်နိုင်သော်လည်း မရှောင်တဲ ဆံထိုးနှစ်ချောင်းဖြင့် ပြန်လည်တိုက်လိုက်၏။

ထိခိုက်ဒဏ်ရာရမည်ကို လုံးဝ ဂရုမစိုက်ဘဲ လက်မ လဲကျသွားစေရန်သာ အဓိကရည်ရွယ်ပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသော့သည်။

သူမ၏ရည်ရွယ်ချက်ကို လက်မ ရိပ်မိလိုက်သည်။

'မင်း မှားသွားမယ်'

ပြောရင်း ရှတ်ခြည်းခုန်ထွက်လိုက်၏။ ယခုတစ်ကြိမ် သူ၏ လက်ထဲ ဓားတစ်လက်ပါလာပြီဖြစ်လေသည်။

သူက ကျွမ်းပစ်ရင်း လက်ဝေ့ယမ်းလိုက်သည်နှင့်

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ ချွေခုံမှာ ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားလေသည်။

လက်မက ဓားဖြင့် ယခုလို မြန်မြန်ဆန်ဆန် ပြန်လည်တိုက်ခိုက်လာနိုင်မည်မထင်မိပါချေ။ လက်မ ဓားဆွဲ ထုတ်လိုက်သည်ကိုပင် သူမ မတွေ့ခဲ့ချေ။

ထို့ကြောင့်လည်း မရှောင်နိုင်ဘဲ ခံလိုက်ရခြင်းဖြစ်ပေသည်၊ ချွေခုံက ကြမ်းပြင်ပေါ် မှလူးလိမ့်ယလိုက်သည်။



သူမ၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်၊ လက်မအား မယုံကြည်နိုင်စွာကြည့်ရင်း

'ရှင်…ရှင်'

စကား ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသလို သူမ၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေပါသည်။ လက်မ ခေါင်းယမ်းလိုက်သည်။

သူ၏ဓားမှာ ဓားအိမ်ထဲ ပြန်ရောက်သည် ထိုးသွင်းထားပြီးဖြစ်လေသည်။ ချွေခုံကို ပခုံးတွန့်ပြရင်း

'ကျုပ်တယ်သူတယ်ဓ ါဆိုတာ မင်းသိချင်တယ်မဟုတ်လား၊ ကျုပ်ကို သူများတွေက လက်မလို့ ခေါ်ကြတယ်၊ ကဲ…သည် လောက်ဆို ကျုပ်တို့ တယ်သူတယ်ဝါတွေဆိုတာ မင်းသိလောက်ပါပြီ'

ချွေခုံ အံကြိတ်လိုက်သည်။

'ရှင်…ရှင်တို့ဟာ ဝိညာဉ်နုတ်ဆက်ငါးချောင်း'

စကားဆုံးအောင် မပြောနိုင်ချေ၊ နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာပြီး၊ ကြမ်းပြင်ပေါ် လဲကျသွား၏။

ယခုတစ်ကြိမ် သူမပြန်မထနိုင်တော့ချေ။ လက်မက ချွေခုံအား တစ်ချက်ကြည့်လိုက်သည်။ ပြီးလျှင် ကျင်းကျင်းတို့ သားအမိဘက်လှည့်လိုက်လေသည်။

ကျင်းကျင်းတို့ သားအမိနှစ်ယောက် မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေကြ၏။ မကြာသေးမီက ရယ်ရယ်မောမောပြောဆိုနေခဲ့သောချိုခိုမှာ ကြမ်းပြင်ပေါ်ဝယ် လဲကျအော သေဆုံးနေချေပြီ။

စစ်ဟန့်ဆူးသည်း အသက် ရှင်လျက် ရှိတော့မည် မဟုတ်ကြောင်းရိပ်မိကြလေ၏။ သူတို့အား ကာကွယ်စောင့်ရှောက်မည့်သူများ သေဆုံးသွားကြချေပြီ။

သူတို့သားအမိ နှစ်ယောက်မှာ လူ့အသက်ကို ဖက်ရွက်လောက်ပင် တန်ဖိုးမထားသူများ၏ လက်တွင်း ကျရောက်နေချေပြီ။

ကျင်းကျင်းနှင့် ကျင်းလင်တို့မှာ ဝိုင်းရံ ထားကြသောလက်မှတို့ ငါးယောက်ကို ကြောက်ရွံ့ထိတ်လန့်သောအကြည့်ဖြင့် ငေးကြည့်နေမိကြ၏။

လက်မတာ ပတ်ခန်းကျင်ကို အကဲခတ် ကြည့်လိုက်သည်။ ပြီးလျှင် လက်သန်းကိုမေးဆတ်ပြလိုက်လေသည်။ လက် သန်း ခေါင်းယမ်းလိုက်သည်။

'အိမ်ထဲမှာ သူတို့ နှစ်ယောက်တွဲကလွဲရင် ဘယ်သူမှ မရှိတော့ဘူး'

ဟုလည်း ပြောလိုက်လေသည်။

'ကောင်းပြီ သူ့ကိုခေါ်ပြီး သွားကြတာပေါ့'

စကားဆုံးသျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

လက်ညှိုးက....

'ဆက်ယောက်တည်းလား'



ဟု လှမ်းမေးလိုက်သည်။

လက်မက ခေါင်းညိတ်ပြပြီး ထွက်သွားလေသည်။ လက်ညှိုးက ကျင်းကျင်းတို့သားအမိဘက်ကိုလှည့်ကာ

'ကဲ ကလေးသည်မိန်းကလေး ကျုပ်တို့နဲ့လိုက်ခဲ့ပါ'

ဟု ဖိတ်ခေါ်လိုက်လေသည်။ ကျင်းကျင်း အလွန်ကြောက်ရွံ့နေပါသည်။ ဦးခေါင်း သွင်သွင်ခါယမ်းရင်း

'မလိုက်ဘူး မလိုက်ဘူး၊ ရှင်တို့ထွက်သွားကြပါ'

ကျင်းလင်ကလည်း....

'ကျွန်မ... ကျွန်မသမီးလေးကို ခေါ်မသွားကြပါနဲ့ရှင်'

တောင်းပန်ရင်း ကျင်းကျင်းရှေ့ကကာကွယ်ထားလိုက်လေ၏။

လက်ညှိုး ပခုံးတွန့်လိုက်သည်။

'ကျုပ်တို့လိုချင်တာ ခင်ဗျားမဟုတ်ဘူး'

စကားဆုံးလျှင် လျှပ်တစ်ပြက်ရှေ့တိုးသွားပြီး ကျင်းလင်၏ လည်ကုပ်ကို လက်ဝါးစောင်းဖြင့်ခုတ်ချလိုက်လေသည်။

'အား'

ကျင်းလင် ခွေလဲကျသွား၏။

'မေမေ'

ကျင်းကျင်း အထိတ်တလန့်အော်ခေါ်လိုက်သည်။

မိခင်ဖြစ်သူအား ပြေး၍ပွေ့ဖက်လိုက်လေသည်။

ကျင်းလင်ကား သူမ၏ ခေါ်သံ ကြားနိုင် တော့မည် မဟုတ်ချေ။

'ရှင်....ရှင်တို့ လူယုတ်မာတွေ ရက်စက် ကြမ်းကြုတ်တဲ့ လူ့တိရစ္ဆာန်တွေ ရှင်...ရှင်တို့'

သူမ စကားဆုံးအောင်မစောင့်ဘဲ ပြောလိုက်ရပါချေ။

လက်ညှိုးက လျှပ်တစ်ပြက် သူမ၏ခေါင်းကြေကွဲများ ပိတ်ဆို့လိုက်၏။

ကျောင်းကျောင်းခွေကျသွားလျှင် ဆတ်ခနဲ ပွေ့ကာ ပခုံးပေါ် ထမ်းလိုက်၏။

ထို့နောက် ခပ်သွက်သွက် ကလေးထွက်သွား၏။

သူ၏နောက်မှ လက်ခလယ် အက်ဘူကြွယ်နှင့် လက်သန်းတို့ လိုက်သွားကြသည်။

သူတို့ငါးယောက်မှာ ကျောင်းကျောင်းကိုခေါ်ဆောင်ကာ ခဏ အတွင်း ပျောက်သွားကြ၏။

ကချေသည်ဂေဟာအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည့် အချိန်နှင့်ပြန်လည်ထွက်ခွာသွားချိန်မှာ များစွာကြာမြင့်လှသည် မဟုတ်ချေ။

သို့သော် ဝိညာဉ်နက် လက်ငါးချောင်း၏ ဒဏ်ကို လူသုံး ယောက်ခံစားလိုက်ရပြီဖြစ်သည်။

ဘူဟိုသည် အဘယ့်ကြောင့် ဤကဲ့သို့သောအမှု ကျူးလွန်ခဲ့ ကြရသနည်း။

ကျောင်းကျောင်းအား အဘယ့်ကြောင့်ဖမ်းဆီးခေါ်ဆောင်သွားရ ပါသနည်း။

ကျောင်းကျောင်းမှာ ကချေသည်မလေးတစ်ဦးသာဖြစ်သည်။

သိုင်းလောကနှင့်ပတ်သက်ခြင်းနှရှိသဖြင့် သိုင်းလောကသား များနှင့်ရန်ငြိုးရန်စရှိမည်မဟုတ်ချေ။



ဤသို့ဆိုလျှင် သူမလောက်ထပ်မည့် ရွှေရုပ်တုခြံဝင်းနှင့် ပတ်သက်ကာ သူမအား ဒုက္ခပေးကြသည်လော။

ဝိညာဉ်နက်လက်ငါးချောင်းက ကျောင်းကျောင်းအား ဖမ်းဆီး ခေါ်ဆောင်သွားပြီး တစ်ခဏအကြာတွင် ကချေသည် ခြံဝင်း ရှေ့သို့ မြင်းလှည်းတစ်စီးဆိုက်ရောက်လာခဲ့လေသည်။

ထိုမြင်းလှည်းမှာ ရွှေရုပ်တုခြံဝင်းမှ ဆက်ကြိုတော်မြင်းလှည်း ဖြစ်ပေသည်။

အကြိုထောက်လာသူများသား ခြံဝင်းအတွင်းလဲကျနေသဆုံး နေသည့် စစ်ဟန့်ဆူးအား တွေ့သည်နှင့် အခြေအနေကို ရိပ်မိ သွားကြ၏။

ချက်ချင်း လိုက်လံရှာဖွေကြသော်သည်း ကျောင်းကျောင်းအား မတွေ့ရတော့ချေ။

အစောင်အကြပ်အဖြစ်ထားရှိခဲ့သော စစ်ဟန့်ဆူး၊ ချောနှင့် ကျောင်းကျောင်း၏ အမေ ကျောင်းလင်တို့ သေဆုံးနေပြီး သတို့သမီး ကျောင်းကျောင်းပျောက်ဆုံးနေကြောင်း ရွှေရုပ်တု ခြံဝင်းအတွင်းသို့ ချက်ချင်းသတင်းပို့လိုက်ကြလေတော့သည်။

ကျူးယို့ပင် ခေါင်းငိုက်စိုက်ချထား၏။

သူ၏မျက်နှာနီမြန်းနေသည်။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝိုင်းနေသည်။ သူ၏ လက်တစ်ဘက်မှာ ခါးမှခါးရိုးကို တင်းကျပ်စွာဆုပ်ကိုင်ထားသေးသည်။

အခန်းတွင်း၌ တိတ်ဆိတ်နေသည်။

အတော်အလေးကြာမှ သက်ပြင်းချသံ သဲ့သဲ့ ထွက်ပေါ်လာသည်။ ကျူးယို့ပင်ထံမှမဟုတ်ချေ။

ကျူးယို့ပင်အား စိတ်မချမ်းမြေ့သည့် မျက်နှာ ထားဖြင့် စိုက်ကြည့်နေသောအဘိုးအိုထံမှ ထွက်ပေါ်လာခြင်းဖြစ်ပေ၏။

ထိုအဘိုးအိုမှာ ကျူးယို့ပင်၏ဖခင်ရွှေရုပ်တု ခြံဝင်းပိုင်ရှင် 'ကျူးရယ်' ဖြစ်လေသည်။

ကျူးရယ်သက်ပြင်းချရင်း...

'သား...သည့်ကိစ္စကို ဖေဖေကြည့်ပြီးစီစဉ်မယ် သားကိုယ်တိုင်သွားစရာမလိုဘူး သားတစ်ရုံတစ်ခု ဖြစ်သွားမှာကို ဖေဖေမသိုသားဘူး'

ထိုစကားကြားလျှင် ကျူးယို့ပင် ဆတ်ခနဲ ခေါင်းထောင်လာသည်။ ဖခင်ဖြစ်သူအားကြည့်ရင်း—

'ဖေဖေ ကျင်းကျင်းကို လူဆိုးတွေဖမ်းသွားတယ်။ ဒါကို ကျွန်တော်လက်ပိုက်ကြည့်နေရမှာလား၊ ကျင်းကျင်းဟာ ကျွန်တော့်ချစ်သူ ကျွန်တော်နဲ့ မကြာခင် လက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက်ပါဖေဖေ'

ဖေဖေသိပါတယ်သားရယ်၊ ဖေဖေကိုယ်တိုင် သတောတူပြီး ကြီးကြီးကျယ်ကျယ်မင်္ဂလာဆောင်ပေးဖို့ စီစဉ်ခဲ့တာပဲ မဟုတ်လား။ ကျင်းကျင်း လွတ်မြောက်အောင် ကြိုးစားရမယ်ဆိုတာ ဖေဖေနားလည်ပါတယ်၊ ဒါပေမယ့် သားကိုယ်တိုင် သွားစရာမလိုဘူးလို့ ဖေဖေယူဆထားတယ်'



'ဘာကြောင့်လဲဖေဖေ'

'ဘာဖြစ်ရမလဲ ကျင်းကျင်းမှာ ရန်သူမရှိဘူး။ သူ့ကို လူဆိုးတွေ ဘာကြောင့်ဖမ်းသွားသလဲ၊ ဒါဟာ အဓိကအထားပြီး စဉ်းစားရမယ့်အချက်ပဲ၊ တစ်စုံတစ်ယောက်ဟာ ရွှေရုပ်တု ခြံဝင်းကို ဒုက္ခပေးဖို့ကြိုးစားနေပြီဆိုတာ ထင်ရှား မနေဘူးလား'

ကျူးယို့ပင် အံ့သြသွား၏။

'ဟုတ်တယ် မင်္ဂလာပွဲပျက်အောင် ဖန်တီးတာပဲ။ ကျင်းကျင်းကိုခေါ်သွားခံလုပ်ပြီး ဖေဖေတို့ကို ဒုက္ခပေးလာလိမ့်မယ်။ သူ တို့လိုချင်တာ ကျင်းကျင်း မဟုတ်ဘူး'

'သူတို့ဆိုတာ ဘယ်သူတွေလဲဖေဖေ'

ကျူးရယ် ခေါင်းယမ်းလိုက်သည်။

'ဖေဖေလဲမသိဘူး၊ ရွှေရုပ်တုခြံဝင်းဟာ မကောင်းသူပယ်ကောင်းသူကယ်တယ်ဆိုတော့ လူဆိုးလူမိုက် ဒုစရိုက်သမားတွေ မျက်မုန်းကျိုးနေကြမှာပဲ၊ တစ်ယောက်ယောက်က ဖေဖေတို့ကို ဒုက္ခပေးဖို့ အကွက်ကောင်း စောင့်နေတာဖြစ်မှာပေါ့'

ရွှေရုပ်တုခြံဝင်းအား ဒုက္ခပေးလို၍ ကျင်းကျင်းအား ခေါ်သွားဖမ်းဆီးသည်ဆိုလျှင် ကျင်းကျင်းမှာ လွန်စွာ သနားစရာကောင်းနေပြီဟု ကျူးယို့ပင် တွေးမိသည်။

ကျောင်းကျောင်း၏မိခင်လည်း သေဆုံးသွားရချေပြီ။ သူ၏ ဖခင် ယူဆချက်မှန်ကန်လျှင် ကျောင်းကျောင်း ဒုက္ခရောက်ရသည်မှာ သူ့ကြောင့်ဖြစ်နေသည်မဟုတ်လော။

ကျူးရယ်က ဆက်ပြောလိုက်သည်။

'ရှေ့ရှပ်တုန်ခြင်းကို ဒုက္ခပေးဖို့ ကျောင်းကျောင်းကိုဖမ်းဆီးသွားတာဆိုရင် သားလိုက်သွားတဲ့အခါ သူတို့အကြိုက်ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် သားကို ဖေဖေ တားဆီးနေတာပေါ့'

'ကျောင်းကျောင်း ဒုက္ခရောက်နေတာကို သားလက်ပိုက်ကြည့်နေရမှာလားဟင်'

'သည်လိုလဲ မဟုတ်ဘူးလေ၊ ကျောင်းကျောင်းကို ဖမ်းသွားတာ ဘယ်သူတွေလဲဆိုတာ အခုစုံစမ်းရမယ်၊ ဘယ်သူ ဘယ်ငါ့လက်ချက်ဆိုတာသိရင် ကျောင်းကျောင်းကိုကယ်ဆင်ဖို့ ကြိုးစားနိုင်တာပေါ့။ ပြီးတော့ သူတို့ဘက်ကလဲ အဲပေးအယူလုပ်လာလိမ့်မယ်လို့ ဖေဖေထင်တယ်'

ကျူးယို့ပင် ငိုင်သွား၏။ မှန်ပေသည်။ လူဆိုး ဓားပြများသည် ဓားစာခံဖမ်းသွားသည့်အခါတိုင်း လိုလားချက်တစ်ခုခုကို တောင်းဆိုတတ်သည်မဟုတ်လား။

လူတို့အလိုရှိသည်ကိုမပေးလျှင် ဓားစာခံအား သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်တတ်ကြပေသည်။

ကျူးရယ်က

'သားရဲ့စိတ်တွေ လှုပ်ရှားနေတဲ့အခါ အမှန်ကိုအမှား အမှားကို အမှန်လို့ မြင်နေလိမ့်မယ်၊ သည်တော့ သားလိုက်သွားရင်



ကျောင်းကျောင်းကို ဘယ်တင်ဆု မရောက်တဲ့အပြင် ဒုက္ခပေးသလိုဖြစ်သွားလိမ့်မယ်'

'ဒါဆို သားသား ဘာလုပ်ရမလဲ ဖေဖေ'

ကျူးရယ်က တည်ကြည်သော မျက်နှာထားဖြင့်

'ပထမအချက်က သားဘာမှမလှုပ်ရှားဘဲ ငြိမ်ငြိမ်နေရလိမ့်မယ်။ ဒုတိယအချက်ကတော့ ကျောင်းကျောင်းကို ဖမ်းဆီးသွားတဲ့ လူဆိုးတွေက ဆက်သွယ်တာကို စောင့်ရမယ်'

'သူတို့ဘက်က ဆက်သွယ်လာတဲ့အထိ ဘာမှမလုပ်ဘဲ သည်အတိုင်းထိုင်စောင့်နေရမလားဟင်'

'သည်လိုလဲမဟုတ်သေးဘူး၊ ဖေဖေတို့ဘက်က ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားရလိမ့်မယ်'

ကျူးယို့ပင် မျက်လုံးများ အရောင်တစ်ဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။ ဖခင်ဖြစ်သူကို အားကိုးတကြီး ကြည့်ကာ-

'ဘယ်လို ပြင်ဆင်ရမှာလဲဟင်'

'ဖေဖေ ရှင်းပြမယ်၊ လူတိုင်း လူတိုင်းဟာ ရန်သူနဲ့ ရင်ဆိုင်ရပြီဆိုရင် ဘယ်လိုယှဉ်ပြိုင်ရမယ်ဆိုတာ သိကြတယ်၊ ရန်သူကို သိရင် ထိပ်တိုက်ရင်ဆိုင်ဖို့ လွယ်ပါတယ်၊ ဒါပေမယ့် ကိုယ့်လူတစ်ယောက်ကို ဓားစာခံ လုပ်ထားပြီဆိုပါတော့။ ရန်သူကို သိရင်တောင်မှ ဓားစာခံအသက်ကို ငဲ့ညှာထောက်ထားပြီး လက်ပိုက်ကြည့်နေရမယ့် အဖြစ်မျိုး ကြုံရတတ်တယ်'

ကျူးယို့ပင် စိတ်ပျက်သွား၏။ ကျူးရယ်၏ ပြောစကားများမှာ သဘာဝကျနေသည်မဟုတ်လား။

ကျူးရယ်က ဆက်၍ရှင်းပြလိုက်သည်။

'ဒီလိုကြုံတွေ့ရတဲ့အခါမျိုးမှာ ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်မနေဘဲ ဘယ်နည်းဘယ်ပုံ ဖြေရှင်းမယ် ခါးစာခံ လွတ်မြောက်အောင် ဘယ်လို ကယ်တင်ရမယ် ဆိုတာ သိတဲ့လူမျိုး ရှိတယ်'

'ဘယ်လိုလူစားမျိုးလဲဟင်'

ကျူးယို့ပင် အငမ်းမရမေးလိုက်၏။

ကျူးရယ်ပြုံးလိုက်သည်။

'အသက်ရှောင်းတဲ့လူပေါ့'

'ခင်ဗျာ'

'သူတို့ဟာ အသက်ယက်ငွေ့ကိုပိုပြီးတန်ဖိုးထားကြတယ် ဒီလူမျိုးကို သားတွေ့ဖူးသလား'

ကျူးယို့ပင်ခေါင်းယမ်းလိုက်သည်။

'တွေ့ဖူးဖို့နေနေသာသာ ကြားတောင်မကြားဖူးဘူးဖေဖေ'

'အေး...လောက ပေါ်မှာ သားမသိတာတွေ နားမလည်သေးတဲ့ကိစ္စတွေ အများကြီး ရှိသေးတယ်ဆိုတာ မှတ်ထားပေဖေဖေတို့ကြုံတွေ့နေရတဲ့ကိစ္စမျိုးဟာ အသက်ရှောင်းတဲ့ လူရဲ့အတွက်တော့ အင်မတန်လွယ်ကူတဲ့ကိစ္စဖြစ်မှာပဲ ဖေဖေသဘောပြောရရင် သားကိုယ်တိုင်လိုက်မယ့်အစား အသက်ရှောင်းတဲ့လူတွေကို လွှတ်လိုက်ရင် အချိန်အနည်းငယ်အတွင်းမှာ လူဆိုးတွေကို ဖော်ထုတ်နိုင်မယ် ကျောင်းကျောင်းကိုကယ်တင်နိုင်မှာပဲ'

ကျူးယို့ပင် စေခွဲမရသောလေသံဖြင့်....



'ဒီလိုဆိုရင် ညီမလေးကျောင်းကျောင်းရဲ့အသက်ကို သူတို့လက်ထဲထည့်လိုက်တာနဲ့အတူတူပဲ ဒါပေမယ့် မပူပါနဲ့ သူတို့ဟာ ဒီလိုအလုပ်မျိုး လုပ်နေကျလူတွေပါပဲ အမြဲထမ်း အောင်မြင်အောင်ဆောင်ရွက်နိုင်တဲ့ သူတွေပါ သားမပါဘဲ အေးအေးသာနေသားရွှေ့ကို ကျောင်းကျောင်းပြန်ရောက်လာလိမ့်မယ်'

ကျူးယို့ပင် ရင်ထဲမရှိုးမရှဖြစ်လာသည်။

သိလိုနေသောမေးခွန်းကို မအောင့်အည်းနိုင်ဘဲ ထုတ်ဖော်မေးမြန်းလိုက်လေသည်။

'ဖေဖေ ဘယ်သူ့ကိုအသုံးပြုမှာလဲ'

'အသက်ရှောင်းတဲ့လူလေ'

'အဲဒီလူက ဘယ်သူလဲ'

'မျက်ကန်း'

ကျူးယို့ပင် ပါးစပ်ပိတ်ထားလိုက်သည်။

မျက်ကန်းတစ္ဆေမကြောက်ဟူသောစကားကို လူတိုင်းကြားဖူးကြမည်ဖြစ်သည်။

မျက်စိအလင်းမရသောမျက်ကန်းသည် ဘာကိုမှ မြင်ရမည်မဟုတ်ပါ။ ဘာကိုမှမမြင်ရသောအခါ ဘာကိုမှ ကြောက်ရွံ့တော့မည်မဟုတ်ချေ။

* * *

ရွှေရုပ်တုခြံဝင်း…

ကြီးကျယ်ခမ်းနားလှသော ရွှေရုပ်တု ခြံဝင်းအတွင်းသို့ လှပ
သော ဗီရိုလှည်းတစ်စင်းမောင်းနှင်ဝင်လာလေသည်။

စံအိမ်ရှေ့သို့ရောက်လျှင် မြင်းလှည်းမောင်းသူက မြင်းဇက်
ကြိုးတင်းတင်းဆွဲကာ အရှိန်တပ်ရပ်လိုက်လေသည်။

မြင်းလှည်းရပ်တန့်သွားချိန်၌ အဆောက်အအုံအတွင်းမှ လူ
တစ်ယောက်ထွက်လာပြီး ဖြစ်လေသည်။

'ဧည့်သည်ရောက်လာတာကိုး ကြွပါဗျာ ရွှေရုပ်တုခြံဝင်းထဲ
လိုက်လှဲပျူငှာမှုနဲ့ကြိုဆိုပါတယ်'

အလွန်ယဉ်ကျေးသိမ်မွေ့သော လေသံဖြင့် ပြောလေသည်။

ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့်
အဘိုးအိုတစ်ယောက်ဖြစ်လေသည်။

ထိုအဘိုးအိုသည် ရွှေရုပ်တုခြံဝင်းပိုင်ရှင်ကျူးရယ်၏ လူယုံ
တော်ရှမ်းပုယင်းဖြစ်လေသည်။

ကျူးရယ်က ရွှေရုပ်တုခြံဝင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို
ရှမ်းပုယင်းနှင့်သာ လွှဲထားလေ ရှိ၏။

ယခုလည်း ဧည့်သည်ရောက်လာသဖြင့် ရှမ်းပုယင်းက ထွက်
ကြိုဆိုနေခြင်းဖြစ်လေသည်။

မြင်းလှည်းမောင်းသူသာ မြင်းလှည်းပေါ်မှခုန်ဆင်းလိုက်၏။

ထို့နောက် မြင်းလှည်းအိမ်တံခါးဖွင့်ပေးသည်။

မြင်းလှည်းထဲမှ အဘိုးအိုတစ်ယောက်ဆင်းလာ၏။

အဘိုးအိုက ရှမ်းပုယင်းအား လက်နှစ် ဘက် ဆုပ် က
ဦးညွှတ်ရင်း…



'ကျုပ်ဟာ မေတ္တာတောင်ကုန်းက ဝှာစင်းရန်ပါ ရွှေရုပ်တု
ခြံဝင်းပိုင်ရှင်ကို အရေးကြီးကိစ္စတစ်ခု တင်ပြစရာရှိလို့ လာခဲ့
တာပါ'

ဟု ပြောလိုက်၏။

ရှမ်းပုယင်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'လာကိစ္စသက်တော့ မေတ္တာတောင်ကုန်းက သိုင်းသမားကြီး
ဝှာစင်းရန်ကိုး ကြွပါဗျာ ကြွပါ သခင်ကြီး အထဲမှာ ရှိပါတယ်'

ပြောရင်း ခေါ်ဆောင်သွားသည်။

ဝှာစင်းရန် နောက်မှလိုက်သွား၏။

မြင်းလှည်းမောင်းသမားလည်း နောက်မှ ထက်ကြပ်မကွာ
လိုက်သွားသည်။

မကြာပါချေ။ သူတို့အားလုံး အခန်းတစ်ခုရှေ့သို့ ရောက်
သွားကြ၏။ အခန်းစေ့ထားပါ၏။

သို့သော် ရှမ်းပုယင်းက အခန်းဝင်မသွားပဲ တံခါးခေါက်
လိုက်သည်။

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းတွင်…

'ရှမ်းပုယင်းလား ဘာကိစ္စလဲဟေ့'

အတွင်းဘက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်
ရသည်။ ကျူးရယ်၏ရယ်သံ ဖြစ်သည်။

ရှမ်းပုယင်းက…

'ဧည့်သည်တွေ ရောက်လာပါတယ် သခင်ကြီး မေတ္တာတောင်
ကုန်းက သိုင်းသမား ဝှာစင်းရန်ဖြစ်ပါတယ်'

'အထဲဝင်ခဲ့ကြပါ'

ရှမ်းပုယင်းက အခန်းတံခါးဖွင့်ကာ ဝင်လိုက်သည်။

ဝှာစင်းရန်နှင့်ဝမ်းပုဖြူတို့က နောက်မှ လိုက်ဝင်သွားသည်။

အခန်းတွင်း၌ ကျူးရယ်နှင့် ကျူးယို့ပင်တို့ ထိုင်နေကြပါသည်။

သူတို့သားအဖနှစ်ယောက် တိုင်ပင် ဆွေးနွေးနေချိန်၌ ဧည့်သည် ရောက်ရှိလာခြင်း ဖြစ်သည်။

ကျူးရယ်ကိုတွေ့လျှင် ဝှာစင်းမှုန်က လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ဂါရဝပြုလိုက်သည်။

ကျူးရယ်က သူ့အားနေရာထိုင်ခင်းပေးသည်။

ဝှာစင်းရန်နှင့် ဝမ်းပုဖြူတို့ ထိုင်မိကြလျှင် စကားစလိုက်၏။

'မိတ်ဆွေဝှာ ဘယ်လိုအကြောင်းကိစ္စရှိလို့ ကျုပ်ဆီကိုလာခဲ့ရတာလဲ အားမနာတမ်းပြောပါဗျာ'

ဝှာစင်းရန် ခေါင်းညိတ်လိုက်သည်။

'အမှန်ဆိုရင် ဒီကိစ္စ ဘယ်သူ့ကိုမှ ပြောမပြဘူးလို့ ကျုပ်စိတ်ကူးထားတာပါဗျာ ဘာကြောင့်လဲဆိုတော့ ကျုပ်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်နေလို့လဲ'

ကျူးရယ် မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လိုကိစ္စမျိုးလဲဗျာ မိတ်ဆွေကြီးဝှာအတွက် ထိခိုက်နစ်နာစေမယ့် ကိစ္စမျိုးဆိုရင်လဲ မပြောပါနဲ့လား'

ဝှာစင်းရန်နှင့် ကျူးရယ်တို့မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

သို့သော် ဝှာစင်းရန်မှာ ကျူးရယ်ထက်သိုင်းပညာအဆင့်နိမ့်သူ ဖြစ်သည်။



သိုင်းလောကတွင် သူတို့နှစ်ယောက်၏ နာမည် ကျော်ကြားမှု ခြင်းလည်း မတူချေ။

ကျူးရယ်မှာ သိုင်းလောကသားတိုင်း ကြည်ညိုလေးစားမှု ခံရပြီး ဝှာစင်းရန်ထက်ပို၍ ကျော်ကြားသူ ဖြစ်ပေသည်။

ကျူးရယ်က ဝှာစင်းရန်ကို အဆင့်အတန်းမခွဲခြားပဲ မိတ်ဆွေရင်းချာပမာ တန်းတူရည်တူ ဆက်ဆံသည်ကပင် ကျူးရယ်၏ မွန်မြတ်သော စိတ်နေသဘောထားကို သိရှိနိုင်ပေသည်။

ဝှာစင်းရန် ခေါင်းယမ်းလိုက်သည်။

'မပြောလို့မဖြစ်ဘူး ရွှေရုပ်တုခြံဝင်းရဲ့ အရေးကိစ္စဟာကျုပ်ရဲ့ ဂုဏ်သိက္ခာထက်ပိုပြီး အရေးကြီးနေတယ်'

'ကျုပ်ရဲ့ခြံဝင်းနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဗျာ'

'ပတ်သက်ပြီလားဗျာ အချေသည့်ဂေဟာကို စီးနင်း တိုက်ခိုက်သွားတဲ့ လူဆိုးကို ကျုပ်သိတယ်ဗျ'

'ဗျာ....'

ကျူးရယ် တအံ့တသြဖြစ်သွားလေသည်။ ကျူးယို့ပင် ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်သည်။

ကျူးရယ်က စိတ်ကိုထိန်းချုပ်နိုင်လိုက်ပုံရသည်။ ငြိမ်ငြိမ်ထိုင်နေရန် ကျူးယို့ပင်အား လက်ယမ်းပြလိုက်လေသည်။

ကျူးယို့ပင်မှာ ကြားဝင်ဓမးမြန်းလိုသော်လည်း ဖခင်က ဟန့်တားထားခြင်းကြောင့် ပါးစပ်ပိတ်ကာ ပြန်ထည့်ထိုင်ချလိုက်လေသည်။

ဝှာစင်းရန် ဆက်ပြောလိုက်သည်။

'ဟုတ်တယ် အဲဒီလူဆိုးကို ကျုပ်သိတယ်ဗျ'

'ဘယ်သူများလဲဗျာ'

ဝှာစင်းရန်က ခိုက်ဖုန်မြို့သို့ အသွား လမ်းခရီး၌ ကြုံတွေ့ခဲ့ရသည့် အဘိုးအိုအကြောင်း ပြောပြလိုက်လေသည်။

ထိုအဘိုးအိုအား စမ်းပုဖြူရင်ဆိုင်နိုင်ခြင်းမရှိသဖြင့် သူကိုယ်တိုင် ဝင်ရောက်ယှဉ်ပြိုင်ပါသော်လည်း သိုင်းကွက် တစ်ကွက်တည်းဖြင့် ရှုံးသွားရပုံကို ရှင်းလင်းပြောပြလိုက်ခြင်း ဖြစ်လေသည်။

သူ၏စကားအဆုံး၌ ကျူးရှယ်မျက်မှောင်ကြုတ်ကာ....

'မိတ်ဆွေကြီးဝှာကိုတောင် သိုင်းကွက် တစ်ကွက်တည်းနဲ့ အနိုင်တိုက်ခိုတ်သွားနိုင်တယ်ဆိုတော့ သည်လူမစခဘူး'

ဟု မှတ်ချက်ချလေသည်။ ဝှာစင်းရန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်သည်လူစားမျိုးပဲ့ ရွှေရုပ်တုခြံဝင်းကို အံတုဝံ့မှာလို့ တွက်ဆမိတယ်။ ရွှေရုပ်တုခြံဝင်းကသခင်လေး ကျူးယို့ပင်နဲ့ ကချေသည်ကျင်းကျင်းတို့ လက်ထပ်မည့်သတင်း သိုင်းလောကတစ်ခုလုံး သိနေကြပြီပဲ၊ ကချေသည်မလေး ကျင်းကျင်းကို ဒုက္ခပေးရင် ရွှေရုပ်တုခြံ ဝင်းက လက်ပိုက်ကြည့်နေမယ်မဟုတ်ဘူးဆိုတာ သိတာ ထင်ရှားနေတာပဲ'

ကျူးရှယ် ခေါင်းညိတ်လိုက်သည်။

'မိတ်ဆွေကြီးဝှာပြောသလိုဖြစ်နိုင်ပါတယ်၊ ခေဘ်ရှုံ တန်းလူဟာ ကျုပ်ချွေးမလောင်းကို ဒုက္ခပေးဝံ့မှာ မဟုတ်ပါဘူး၊ အခုတော့ ကျုပ်ကိုပါ စော်ကားသလို ဖြစ်နေတယ်။ ခင်ဗျာ



ပြောတဲ့အဘိုးအို ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ကျုပ်စုံစမ်းလိုက်ပါမယ်။ အခုလိုလာပြီး သတင်းပေးတာ ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ'

'အို... ကျုပ်က ရွှေရုပ်တုခြံဝင်းအတွက် ကူညီနိုင်သရွေ့ ကူညီရတာပါ။ အခုလို အကူအညီ ပေးနိုင်တာပဲ ဝမ်းသာလှပါပြီ'

သူတို့ စကားပြောနေကြစဉ်။

'ဧည့်သည် ရောက်လာပါတယ်သခင်ကြီး'

အစေခံတစ်ယောက် လာရောက် သတင်း ပို့လေသည်။ ကျူးရှယ်က....

'ခေါ်လာခဲ့ပါ'

ဟု အမိန့်ပေးလိုက်ရာ အစေခံ ပြန်ထွက်သွား၏။ မကြာပါချေ ဧည့်သည်တစ်ယောက်ကို ခေါ်ဆောင်ကာ ပြန်ဝင်လာသည်။

ရောက်လာသည့် ဧည့်သည်အား တွေ့ရလျှင် ဝှာစင်းရန်နှင့် ဝမ်းပုဖြူတို့ ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။

ဝှာစင်းရန် ထိုင်ရာမှထကာ

'ကျုပ်....ကျုပ်ပြောတာ သူ...သူပဲဗျ။ ကျုပ်ကို လမ်းမှာ အနိုင်ယူသွားတာ သူပဲ၊ ကချေသည်ဂေဟာကို ဖျက်ဆီးသွားတာ သူပဲဖြစ်လိမ့်မယ်'

ဟု အော်ပြောလိုက်လေသည်။

အခန်းတွင်းသို့ ဝင်လာသည့်ညှော်သည့်ကား အဘိုးအို တစ်ယောက်ဖြစ်သည်။ ဝှာစင်းရန်အား အနိုင်ယူခဲ့သော အဘိုးအို ဖြစ်လေသည်။

ကျူးရယ်ပြုံးလိုက်သည်။ အဘိုးအိုလည်း ပြုံးလိုက်လေသည်။ ဝှာစင်းရန်နှင့် ဝမ်းပုဖြူတို့ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

ထိုစဉ် ကျူးရယ်၏စကားသံ ထွက်ပေါ်လာသည့်ဟု ကြားလိုက်ရလေသည်။

ဝမ်းကုန်း ခင်ဗျား ဘယ်ကဘယ်လို မျက်စိ လည်လာတာလဲဗျ'

ဟူ၍ အဘိုးအိုကို လှမ်းမေးလိုက်ခြင်း ဖြစ်လေသည်။ အဘိုးအိုသဘောကျစွာ ရယ်မောလိုက်ပြီး...

'ကိစ္စရှိလို့ ခင်ဗျားဆီကို ပြေးလာရတာပေါ့ဗျာ'

'ဘာကိစ္စများလဲဗျ'

'ကျုပ်ကိစ္စမပြောခင် သူတို့ကိစ္စပြောစမ်းပါဦး။ သူက ကျုပ်ကို စွပ်စွဲပြောဆိုနေပါလား'



ဝမ်းကုန်းဆိုသည့်အဘိုးအိုက ဝှာစင်းရန်အား ညွှန်ပြရင်း ပြောလိုက်၏။ ကျူးရယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် မိတ်ဆွေကြီး ဝှာက ခင်ဗျားကို အထင်လွဲနေတယ်လေ။ သူပြောတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာ စဉ်းစားနေတုန်း ခင်ဗျားဖြစ်မှန်း သိလိုက်ရတာပဲ'

ဝှာစင်းရန် ကြောင်အမ်းအမ်းဖြစ်နေ၏။ ကျူးရယ်ကို တစ်လှည့်၊ ဝမ်းကုန်းဆိုသောအဘိုးအိုကို တစ်လှည့် မျက်လုံးပြူးကာကြည့်နေမိလေသည်။

ကျူးရယ်က မိတ်ဆက်ပေးလိုက်လေသည်။

'သူကတော့ မေတ္တာတောင်ကုန်းက သိုင်းသမား ဝှာစင်းရန်ပါခင်ဗျာ'

ဝှာစင်းရန် အလိုလို ခေါင်းညိတ်ပြမိ၏။

'သူက ရှောင်ထင် ကျောင်းထွက် သိုင်းသမား ဝမ်းကုန်းပါပဲ'

ဝမ်းကုန်းဆိုသောအဘိုးအို ရယ်မောရင်း

'သူက ကျုပ်ကို ကောင်းကောင်းကြီး မှတ်မိနေတာပါဗျား ဟား ဟား ဟား'

သဘောကျစွာ ရယ်မောနေ၏။

'ယခုမှ အဘိုးအို မည်သူမည်ဝါ ဖြစ်ကြောင်း သိရချေပြီ၊ ဝမ်းကုန်းမှာ သိုင်းလောကဌ်နာမည်ကျော်ကြားနေသည့် အဖြူရောင်သိုင်းသမားကြီးတစ်ယောက်မဟုတ်လား'

ဝမ်းကုန်းက....

'အချစ်ရသည့်ဂေဟာ ဖျက်ဆီးခံလိုက်ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကိုအားငယ်လှနေတယ်ဆိုရင် အဲ့သည်သံသယကို ခင်ဗျား စိတ်ထဲက ဖျောက်လိုက်ပေတော့၊ ကျုပ်ဟာ ရွှေချပ်တုခြံဝင်၊ ကိုနှောင့်ယှက်ဖို့နေနေသာသာ ဒုက္ခပေးမယ့်လူကိုတောင် ရှာပြီး ဆုံးမဦးမှာဗျ'

သူ၏စကားကို ကျူးရယ် ခေါင်းညိတ် ထောက်ခံလိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ ဝမ်းကုန်းဟာ ကျုပ်နဲ့ ညီအစ်ကိုလို ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါပဲ'

ဝှာစင်းရန် သက်ပြင်းချလိုက်သည်။

'ကျုပ် အထင်မှားမိတာကို ခွင့်လွှတ်ပါဗျာ ကျုပ်စိတ်ထဲမှာ ကချေသည် ဂေဟာကို ဖျက်ဆီးတဲ့ လူဟာ သိုင်းပညာ ထူးချွန်ရမယ်ဆိုတော့ ရိပ်မိလို့ ခင်ဗျားဖြစ်မယ်လို့ သံသယဝင်မိတာပါပဲ'

ဝမ်းကုန်းက

'ကျုပ်တော့ မဟုတ်ဘူးဗျ ဒါပေမယ့် ခင်ဗျားပြောသလို သူတို့ဟာ သိုင်းပညာ ထက်မြက်ကြမယ် ဆိုတာတော့ အမှန်ပဲ'

'ဘာကြောင့်လဲဗျ'

ကျူးရယ်က ကြားဝင်မေး၏။ ဝမ်းကုန်း၏မျက်နှာ တည်တည် ကြည်ကြည် ဖြစ်သွား၏။ စဉ်းစားချင့်ချိန်သော လေသံဖြင့်—



'ကျုပ်လဲ ဝှာစင်းရန်လို သူများကို သံသယ ဝင်နေလို့ပါပဲ'

'ဘယ်သူလဲဆိုတာ ပြောပါဦးလေ'

ဝမ်းကုန်းက ရွှေညှော်သည့် စားသောက်ဆိုင်၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

သူ၏စကားကို ကျူးရယ် ကျူးယို့ပင် ဝှာစင်းရန် ဝမ်းပုဖြူနှင့် ရှမ်းပုယင်းတို့ စိတ်ဝင်စားစွာ နားထောင်နေကြ၏။

ဝမ်းကုန်းက စကားဆုံးလျှင် သူ၏ ဝဲဘက်လက်ကို လှုပ်ပြလိုက်၏။ လက် သွင်သွင် ကျိုးနေပြီး အသုံးပြု၍ မရတော့ချေ။

'ကျုပ်ကို သိုင်းကွက် တစ်ကွက်ထဲနဲ့ အနိုင် ယူသွားတာဗျ'

ဝမ်းကုန်းက မကျေမနပ်ဖြင့်နောက်ဆုံးပိတ် ပြောလိုက်သည်။ ကျူးရယ် မျက်မှောင်ကြုတ်ကာ

'နေပါဦး အဲဒီလူ ဘယ်သူလဲဆိုတာ ခင်ဗျား မသိဘူးလား'

ဝမ်းကုန်းက

'ဝိညာဉ်နတ် လက်ငါးချောင်းထဲက လက်သန်းပဲ'

'ဘာ'

ကျူးရယ်၏အသံ ဟိန်းထွက်လာသည်။ သူ၏ မျက်လုံးများသည်း ပြူးကျယ်နေ၏။

'လက်သန်း လက်သန်း ဟုတ်လား'

'ဟုတ်တယ် သူကိုယ်တိုင် ပြောခဲ့တာပဲ'

'ဒါဆို သေချာပြီ'

'ဘာလဲဗျ'

'ကံချေသည့်ဂေဟာကိုဖျက်ဆီးပြီး ကျောင်းကျောင်းကိုဖမ်းသွား ထ‌ေ ဝိညာဉ်နုတ် လက်ငါးချောင်းပဲ ဖြစ်ရမယ်'

အခန်းတွင်း၌ အေးစိမ့်လာသည်ဟု အားလုံးခံစားလိုက်ကြ ရ၏၊ စကားသံများလည်း ရုတ်ခြည်း တိတ်ဆိတ် သွားလေ သည်။

ကျူးယို့ပင်၏မျက်နှာ ဖြူဖပ် ဖြူရော် ဖြစ်သွားသည်၊ ကျူးရယ်က ဘာမှမပြောဘဲ စားပွဲပေါ်တင်ထားသော အရက် အိုးကို လှမ်းယူကာ မော့ချလိုက်သည်။

ပြီးလျှင် အခန်းထောင့်ရှိ ခုံတစ်လုံး၌ သွားထိုင်နေလိုက် သည်။ ဝိညာဉ်နုတ် လက်ငါးချောင်းဟူသောအမည်သည် အား လုံးကို ခြောက်လှန့်နေပြီ ဖြစ်လေသည်။

ဝှာစင်းရှန်နှင့် ဝမ်းပုဖြူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ဝှာစင်းရှန်က ဘာမှမပြောဘဲ အခန်းတွင်းမှ လှမ်းထွက်သွားသည်။

ဝမ်းပုဖြူလည်း နောက်မှလိုက်သွား၏။ သူတို့ နှစ်ယောက် ထွက်သွားသည်ကို မည်သူမျှ ဟန့်တားခြင်း မပြုကြချေ။

ဝမ်းကုန်းက ကျူးရယ်ကို လှမ်းကြည့်လိုက်သည်။

ပြီးလျှင်

'ကျုပ်ကို နားလည်ခွင့်လွှတ်စေချင်ပါတယ်ဗျာ'

စကားဆုံးလျှင် ဝှာစင်းရှန်တို့ကဲ့သို့ အခန်းတွင်းမှ ခပ်သွက် သွက် ထွက်သွား၏။



ထိုအခါ အခင်းတွင်း၌ ကျူးရယ် ကျူးယို့ပင်နှင့် ရှမ်းပု ယင်းတို့သာ ကျန်ရစ်ခဲ့ကြလေတော့သည်။

အခန်းတွင်း၌ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေ၏။ လူ သုံး ယောက် ထိုင်နေကြသော်လည်း စကားသံ ထွက်ပေါ်လာခြင်း မရှိချေ။

ကျူးရယ်၊ ကျူးယို့ပင်နှင့် ရှမ်းပုယင်းတို့သာ အတွေးကိုယ် မြင့် ငြိမ်နေကြခြင်း ဖြစ်လေသည်။ ရှမ်းပုယင်းမှာ တိတ်ဆိတ် ငြိမ်သက်မှုကို ညည်းငွေ့လာပုံရ၏။

ကျူးရယ်ကို လှမ်းကြည့်ရင်း....

'သခင်ကြီး မြင်းသည်တော်တစ်ယောက်ကို သခင်ကြီးခိုင်း စေတဲ့အတိုင်း အမြန်ဆုံး လွှတ်လိုက်ပါပြီ'

ဟု ပြောလိုက်လေသည်။

ကျူးရယ် ယခုမှ သတိဝင်လာဟန်ရှိသည်၊ ဦးခေါင်းမော့ လာပြီး....

'ကောင်းတယ် အခုအချိန်မှာ သူ့ကိုတွေ့ဖို့အရေးကြီးနေပြီ'

ပြောရင်း ကျူးယို့ပင်ကို လှမ်းကြည့်လိုက်၏။ ကျူးယို့ပ
ထား ငိုင်နေဆဲ....

'သား'

ဖခင်၏ ခေါ်သံကြားမှ လှည့်ကြည့်လာ၏။

'ကျူးရယ်က....

'သား 'ဝိညာဉ်နှုတ် လက်ငါးချောင်း' ဆိုတဲ့အမည်ကို သာ
ကြားဖူးတယ်မဟုတ်လား'

'ဟုတ်ကဲ့ ကြားဖူးပါတယ် ဖေဖေ သူတို့ဟာ အင်မတန် ရက်
စက်ကြမ်းကြုတ်တဲ့ လူဆိုးကြီးတွေပါပဲ သိုင်းပညာလဲ အလွ
တော်ကြပါတယ်၊ သိုင်းလောကမှာ ခြေရာပျောက်သွားကြတ
အတော်ကြာပြီ၊ အခုမှ သူတို့သတင်းကြားရတာပါ'

ကျူးရယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် သူတို့ငါးယောက်ဟာ ကြောက်စရာ ကော
ကောင်းသိုင်းပညာတော်ကြတယ်၊ သူတို့ဘာကြောင့် သိုင်းလောက
က ပျောက်သွားကြတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ဒါပေ
မယ့် အခုပြန်ပေါ်လာကြပြီလေ၊ ပေါ်လာတာနဲ့ တို့ကို ဒုက္ခ
ပေးတော့တာပဲ သူတို့နဲ့ ရင်ဆိုင်ရမယ်ဆိုရင် ဖေဖေကိုယ်တို
ထွက်မှဖြစ်မယ်'

ကျူးယို့ပင် ထိုင်ရာမှ ဆတ်ခနဲထကာ....

'ဖေဖေ ကျွန်တော်သူတို့ကိုရင်ဆိုင်ပါ့မယ်'

ဟု ပြောလိုက်သည်။

ကျူးရယ် ခေါင်းယမ်းလိုက်သည်။

'သား သွားလို့မဖြစ်ဘူး'



'ဘာကြောင့်လဲဖေဖေ သားသူတို့ကို ရင်ဆိုင်နိုင်ပါတယ်'

'သား မှားသွားမှာစိုးပါ၊ ဝိညာဉ်နှုတ် လက်ငါးချောင်းကို
လွယ်လွယ်ကူကူရင်ဆိုင်နိုင်တဲ့လူ သိုင်းလောကမှာ အင်မတန်ရှား
တယ်၊ ဖေဖေတောင်မှ သူတို့ကို ရင်ဆိုင်ဖို့ မလွယ်ဘူး'

'ဗျာ...'

ကျူးယို့ပင် အံ့သြသွား၏။

ဖခင်ဖြစ်သူအား နားမလည်နိုင်စွာကြည့်ကာ...

'ဖေဖေတောင် သူတို့ကို ရင်ဆိုင်ဖို့မလွယ်ဘူးဟုတ်သလား'

'ဟုတ်တယ်'

'ဒါဖြင့် သူတို့က ဘာကြောင့် ကျင်းကျူင်းကို ခေါးစခံဖမ်း
သွားလဲ ဖေဖေနဲ့ ထိပ်တိုက်လာပြီးရင်ဆိုင်ရဲပေါ့'

'ဘာလဲ သူတို့ ကျင်းကျင်းကိုဖမ်းသွားတာဟာ ဖေဖေကိုဒုက္ခ
ပေးချင်လို့ ဖြစ်ရမယ်လို့ သားယူဆထားတယ်ပေါ့'

'ဟုတ်တယ်လေ ရှေ့ရှုပ်တုခြံဝင်းကို ဒုက္ခပေးချင်လို့သာ ဖြစ်
ရမယ် မဟုတ်လား'

'အမှန်ပြောရရင် ဖေဖေနဲ့သူတို့ ရန်ငြိုးရန်စ မရှိခဲ့ဘူး၊ ဖေဖေ
တို့ ဒုက္ခပေးစရာ အကြောင်းမရှိဘူး'

ထိုစဉ် ရှမ်းပုယင်းက ကြားဝင်ပြောလိုက်လေသည်။

'ဝိညာဉ်နှုတ် လက်ငါးချောင်းဟာ ကြေးစားတွေပါ သူတို့
ဟာ ငွေရရှိင် ဘာမဆိုလုပ်ကြမှာပဲ သိုင်းလောက အထင်ကရ
သိုင်းသမားတွေကို ဒုက္ခပေးဖို့လဲ ဝန်မလေးကြပါဘူး၊ အခြေ
အည်မခလာ၊ ကျင်းကျူင်းကို ဖမ်းသွားတာဟာ သူတို့ ဟုတ်မဟုတ်

သေချာအောင် စုံစမ်းပြီးမှ ဘာကြောင့် အခုလို လုပ်ရတယ်ဆို
တာ ကောက်ချက်ဆွဲလို့ ရပါလိမ့်မယ်'

ကျူးရယ် လှည့်ကြည့်လိုက်သည်။ ရှမ်းပုယင်းက တည်ကြည်
သော မျက်နှာထားဖြင့် ပြန်ကြည့်နေ၏။ ရှမ်းပုယင်းသည်လူနှစ်ယေ
အားကိုးရသူ ဖြစ်သည်။

ထို့ကြောင့် ရွှေရုပ်တုခြံဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို
မျက်နှာလွှဲထားနိုင်သည်မဟုတ်ပါသော။

ရွှေရုပ်တုခြံဝင်း၌ ကျူးရယ်နှင့် ကျူးယို့ပင်တို့ ပြီးလျှင်
သြဇာအာဏာအရှိဆုံးလူကိုပြပါဆိုလျှင် ရှမ်းပုယင်းကို ပြရမည်
သာဖြစ်လေသည်။

ကျူးရယ် မျက်မှောင် ကြုတ်သွားသည်။ အတန်ကြာ
ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ....

'အင်း...သူရောက်လာမှပဲ ကြည့်စီစဉ်ကြတာပေါ့၊ ဒါထက်
သားကို ပြောစရာရှိသေးတယ်'

'ပြောပါ...ဖေဖေ'

'ကျင်းကျင်းရဲ့ကိစ္စကို ဖေဖေကိုယ်တိုင် ကိုင်တွယ်ဖြေရှင်း
မယ် သားတာမှုဝင်မစွက်ဘဲအေးအေးဆေးဆေး နေရလိမ့်မယ်'

ထိုစကားကြားလျှင် ကျူးယို့ပင် လှုပ်လှုပ်ရှားရှားဖြစ်သွား
လေသည်။ ဖခင်ဖြစ်သူအား နားမလည်နိုင်သလို ကြည့်ရင်း

'ဖေဖေ ညီမလေးကျင်းကျင်း ဒုက္ခရောက်နေတာကို သာ
လက်ပိုက် ကြည့်နေရမှာလားဟင်'

'ဖေဖေကိုယ်တိုင် သူ့ကိုကယ်တင်ဖို့ ကြိုးစားနေတာ မင
လောက်ဘူးလား သားဝင်ပါရင် မတော်တဆ ဒုက္ခကြုံရ



စိုးရိမ်လို့ပါ နှစ်ယောက်စလုံး ဒုက္ခရောက်တာကို ဖေဖေ ဘယ်
ည်းနဲ့မှ လက်မခံနိုင်ဘူး'

ကျူးယို့ပင် ငိုင်ကျသွား၏။

ဖခင်ဖြစ်သူ၏ စိတ်နေသဘောထားကို ကောင်းစွာသိရှိထား
ပါ၏။ ကျင်းကျင်းအား လက်ထပ်ခွင့်ပြုခြင်းသည်ပင် သူ့အား
အလွန်ချစ်၍ လိုက်လျောခြင်း ဖြစ်ပေသည်။

ကျူးရယ်က ခပ်တင်းတင်း ပြောလိုက်လျှင် ကျူးယို့ပင်
ပါးစပ်ပိတ်ကာ ပြန်လည်ထိုင်ချလိုက်တော့၏။

ကျူးရယ်က ရှမ်းပုယင်းဘက်သို့လှည့်ကာ

'ဝိညာဉ်နတ်ဆက်ငါးချောင်း ပြန်လည်ထွက်ပေါ်လာပြီဆို
တော့ အမျိုးမျိုး ဒုက္ခပေးကြတော့တဲ့ သူတို့သတင်း မျက်ခြည်
မပြတ် စောင့်ကြည့်စုံစမ်းပါ သိုင်းလောကနေရာ အနှံ့အပြား
မှာ ရှိနေတဲ့လူတွေကိုလဲ အကြောင်းကြားထားလိုက်'

ဟု အမိန့်ပေးလိုက်သည်။

ရှမ်းပုယင်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ ချက်ချင်း စီစဉ်လိုက်ပါမယ် သခင်ကြီး'

သူတို့ပြောဆိုနေကြစဉ် အစောင့်တစ်ယောက် ပြေးဝင်လာ
သည်ကို တွေ့မြင်လိုက်ရလေသည်။

အစောင့်သည် အခန်းတွင်းသို့ ရောက်သည်နှင့်

'သခင်ကြီး အပြင်ဘက်မှာ လူတစ်ယောက်လာပြီး နှောင့်
ယှက်နေပါတယ်'

ဟု သတင်းပို့လေသည်။

မမျှော်လင့်ဘဲ ကြားလိုက်သည့်သတင်းကြောင့် ကျူးရယ်
ကျူးယို့ပင်နှင့် ရှမ်းပုယင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ
လေသည်။

ရှမ်းပုယင် အံကြိတ်ကာ

'ဒီမှာ စိတ်ရှုပ်နေရတဲ့ကြားထဲ နှောင့်ယှက်မယ့်လူ ပေါ်လာ
သေးတယ် သိကြသေးတာပေါ့ကွာ'

စကားဆုံးလျှင် ခပ်သွက်သွက်ပြေးထွက်သွားလေသည်။

ကျူးရယ်က

'သတိထားပေါ့'

အော်ပြောရင်း နောက်မှလိုက်သွား၏။ ကျူးယို့ပင်ကလည်း
နောက်မှ လိုက်သွား၏။

သူတို့အပြင်ဘက်သို့ ရောက်ရှိသွားသောအခါ မြေကွက်လပ်
တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့မြင်လိုက်ရ လေတော့
သည်။

* * *

ရွှေရှုပ်တုခြံဝင်းမှ လက်ရွေးစင်သိုင်းသမားများသည် အဝါ
ရောင် အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။



ရွှေရှုပ်တုခြံဝင်းမှ လက်ရွေးစင် သိုင်းသမားဆိုလျှင် သိုင်း
လောကတွင် လေးစားခြင်း ခံကြရပေသည်။

ယခုအခါ အဝါရောင် ဝတ်ဆင်ထားသူငါးယောက်က လူ
တစ်ယောက်အား ဝိုင်းရံ တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရ
လေသည်။

ဝိုင်းရံတိုက်ခိုက်ခြင်း ခံနေရသူမှာ မီးခိုးရောင် အဝတ်အစား
များ ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်သည်။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ဆံပင်များ ဖားလျားချထားပြီး
လက်ထဲမှ တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထား၏။

အဘိုးအိုမှာ တောင်ဝှေး ကိုင်ထားသော်လည်း အသက်
သုံးဆယ်ကျော်ခန့်သာ ရှိဦးမည် ဖြစ်ကြောင်း တွေ့မြင် ရပေ
မည်။

ထိုလူသည် ဝိုင်းရံ ထားသူများကို ဂရုမစိုက်ဘဲ ရှေ့သို့
တစိုက်မတ်မတ် လှမ်းလာနေ၏။

အဝါရောင် ဝတ်ဆင်ထားသူများက

'ရပ်လိုက်စမ်း'

အော်ပေါက်ရင်း လမ်းပိတ်ဟန့်တားကြ၏။ သို့သော် မီးခိုး
ရောင် ဝတ်ဆင်ထားသူ ရှေ့ဆက် လှမ်းလာနေရာ အဝါရောင်
ဝတ်ဆင်ထားသူများ ဟန့်တား တိုက်ခိုက်လိုက်ကြ လေတော့
သည်။

'အား'

မီးခိုးရောင် ဝတ်ဆင်ထားသူက ညာသံ တစ်ချက်ပေးလော
တောင်ဝှေးကိုဝေ့ယမ်းရင်း ပြန်လည်တိုက်ခိုက်လေသည်။

ထိုအခါ

'အား'

'အွန့်'

'အမယ်လေး၊'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး အဝါရောင် ဝယ်ဆင်ထားသူသုံးယောက်မြေပေါ် လဲကျသွား၏။

ကျန်နှစ်ယောက် နောက်ဆုတ်လိုက်ကြလေသည်။ မြေပေါ် လဲကျသွားသူသုံးယောက် ပြန်လည်လူးလိမ့်ထလာကြသည်။

သူတို့ငါးယောက်စုံပေါင်းကာ မီးခိုးရောင် ဝတ်ဆင်ထားသူအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြပြန်လေသည်။

'ရပ်လိုက်စမ်း'

ရှမ်းပုယင်းက ဟန့်တားလိုက်၏။

သူ၏စကားသံကြားလျှင် အဝါရောင် ဝတ်ဆင်ထားသူငါးယောက် ချက်ချင်းနောက်ဆုတ်သွားကြ၏။

အားလုံးသည် ရှမ်းပုယင်းကို လက်နှစ်ဖက်ဆုတ်ကာ ဦးညွှတ်လိုက်ကြလေသည်။ တစ်ယောက်က...

ဆရာရှမ်း ခြံဝင်းထဲကို ကျူးကျော်ဝင်လာပါတယ်။ သူ့ကိုတားဆီးပေမယ့် သူက စပြီးတိုက်ခိုက်လို့...

သူ၏စကားမဆုံးမီ ရှမ်းပုယင်း လက်တာပြလိုက်သည်။

'ကျုပ် နားလည်ပြီ'

ပြောရင်း မီးခိုးရောင်ဝတ်ဆင်ထားသူ ရှေ့သို့ လျှောက်သွားလေ၏။ မီးခိုးရောင်ဝတ်ဆင်ထားသူက ရှေ့တည့်တည့်သို့ မျက်တောင်မခတ်စိုက်ကြည့်နေပါ၏။



ရှမ်းပုယင်းက

'သည့်နေရာဟာ ရွှေရုပ်တုခြံဝင်းဆိုတာ ခင်ဗျားမသိဘူးထင်တယ်။ ကျုပ်တို့ခြံဝင်းက လူက်ရွေးစင်သိုင်းသမားတွေကို တောင် မမှုဘူးဆိုတော့ ချီးကျူးစရာပဲ။ ဒါပေမယ့် ခင်ဗျား ကျူးကျော်ဝင်လာတဲ့အတွက် အပြစ်ပေးခံရမှာပဲ'

စကားဆုံးလျှင် လက်နှစ်ဖက်၌ အတွင်းအား စုစည်းကာ စောင်တိုက်ခိုက်လိုက်လေသည်။ မီးခိုးရောင်ဝတ်ဆင်ထားသူ ငြိမ်းလိုက်သည်။

တောင်ဝှေးကို မြေပေါ်ဆောင့်ချကာစိုက်လိုက်၏။ ပြီးလျှင် လက်ဝါးတစ်ဖက်ဆန့်ထုတ်ကာ ပြန်လည် တိုက်ခိုက် လိုက်လေသည်။

သူတို့နှစ်ယောက် လက်ဝါးချင်း ရင်ဆိုင်မိသည်နှင့်...

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာလေသည်။ ရှမ်းပုယင်း၏ခန္ဓာကိုယ် ယိမ်းယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

ရှမ်းပုယင်း မျက်နှာပျက်သွားသည်။ မီးခိုးရောင် ဝတ်ဆင်ထားသူအား မယုံကြည်နိုင်စွာကြည့်ရင်း

'မင်း... မင်း ဘယ်သူလဲ'

ဟု မေးလိုက်၏။ မီးခိုးရောင်ဝတ်ဆင်ထားသူက သူ၏စကားကို လုံးဝ ဂရုမစိုက်ချေ။

'ရွှေရုပ်တုံ ခြံဝင်းပိုင်ရှင် ဘယ်မှာလဲ'

ဟု ဓအားတိဓအားစက်ပြန်မေးလိုက်သည်။ ရှမ်းပုယင်းအံ့ကြိတ်သာ

'ခင်ဗျားတွေ့ချင်တိုင်း တွေ့ရမယ်မထင်နဲ့'

ပြောရင်း ရှေ့သို့ခြေလှမ်းတိုးကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် မီးခိုးရောင် ဝတ်ထားသူ၏ မျက်လုံးအစုံကို တွေ့မြင်သွား၏။

ထိုလူ၏မျက်လုံးအစုံမှာ အနက်ရောင်မျက်ဝန်းမပါသဲ့ မျက်လုံးနှစ်ခုလုံး နို့နှစ်ရောင် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ဟင်'

ရှမ်းပုယင်း နောက်သို့ ပြန်လည်ဆုတ်မိ၏။ မီးခိုးရောင်ဝတ်ဆင်ထားသူကို ငေးကြည့်ရင်း

'ခင်.... ခင်ဗျား.... မျက်စိ'

သူ၏စကားမဆုံးမီ စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'မျက်ကန်းဆိုတာ သူပဲဖြစ်ရမယ်'

ရှမ်းပုယင်း လှည့်ကြည့်လိုက်၏။ ထိုအခါ ကျူးရယ်နှင့် ကျူးယိုပင်တို့ လှမ်းလာနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ရှမ်းပုယင်း သက်ပြင်းချလိုက်သည်။ မီးခိုးရောင် ဝတ်ဆင်ထားသူမှာ မျက်ကန်းဖြစ်သည်ဆိုလျှင် ရှုံးသွားရမည်ကို ဝမ်းနည်းမိမည် မဟုတ်ချေ။

မျက်ကန်းမှာ အလွန်ထူးခြားသော သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း နားလည်သိရှိထားသည် မဟုတ်လား။



သိုင်းလောက၌ မျက်ကန်းဆိုသည့် ကြေးစား သိုင်းသမားတစ်ယောက်ရှိကြောင်း လူတိုင်းလိုလိုသိကြ၏။

သို့သော် မျက်ကန်းအား တွေ့ဖူးသူကား နည်းပါးလှသည်။ ယခု မျက်ကန်းအား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံရချေပြီ။

ရွှေရုပ်တုခြံဝင်းသို့ မျက်ကန်း ရောက်ရှိလာသည်မှာ ကျူးကျူးအား လူဆိုးများလက်မှကယ်တင်ပေးရန် ကမ်းလှမ်းခဲ့သည်ကို သဘောတူခြင်းကြောင့်သာ ဖြစ်ရပေမည်။

မျက်ကန်းမှာ သူတို့၏ရန်သူ မဖြစ်နိုင်တော့ချေ။ မျက်ကန်း ရောက်လာသည်နှင့် ကျူးကျူးအား ကယ်တင်နိုင်တော့မည်ဟု ရှေးမဆွကပင် ရွှေရုပ်တုခြံဝင်းမှ လူအားလုံး ယုံကြည်ခဲ့ကြလေသည်။

သူတွေးတော၍ စဉ်းစားနေစဉ်မှာပင် ကျူးရယ်နှင့် ကျူးယိုပင်တို့အနီးသို့ ရောက်လာကြလေသည်။

ကျူးရယ်က မီးခိုးရောင်ဝတ်ဆင်ထားသူကို လက်နှစ်ဘက်ဆုတ်ကာ ဦးညွတ်ရင်း....

'ကျေးဇူးပြုပြီး အိမ်ထဲကိုကြွပါဗျာ'

ဟု ဖိတ်ခေါ်လိုက်သည်။ မျက်ကန်းခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ'

ကျူးရယ်က ရှေ့မှလမ်းပြခေါ်ဆောင်သွား၏။ မျက်ကန်းက ထောင်ဝှေးတဒုတ်ဒုတ်မြည်အောင် ဆောင့်ရင်းလိုက်သွား၏။

လမ်းချိုးကွေ့ရာ၌လည်းကောင်း ကျောက်လှေကားထစ်များတက်ရာ၌လည်းကောင်း အဆောက်အဦးအတွင်းသို့ဝင်ရာ၌လည်းကောင်း မျက်ကန်းသည် မျက်စိကောင်းသူတစ်ယောက်နှင့်

မခြား တိုးမိ တိုက်မိခြင်းမရှိပဲ ဖြောင့်ဖြောင့်တန်းတန်းလိုက်သွားနိုင်သည်ကို တွေ့ရ၏။

မျက်ကန်းသည် မည်သည့်နေရာမျိုးမဆို အတားအဆီး မရှိ သွားလာနိုင်မည့်သူဟုပင် ထင်စရာရှိပေတော့၏။

ကျူးယို့ပင်နှင့် ရှမ်းပုယင်းတို့နောက်မှလိုက်သွား၏။ မကြာပါချေ။ ကျင်းကျင်းအား အယ်ဆင်ရေးအတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြသောအခန်းအတွင်းသို့ အားလုံး ပြန်ရောက်ရှိသွားကြလေတော့သည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အရက်များ ပြည့်လျှံသွား၏။

ကျူးရယ်က....

'ကဲ....ရောက်တုန်းရောက်ခိုက် ဧည့်ဝတ်ပြုပါရစေဗျာ စားလိုက်ပါဦး'

ဟူ၍ လောကွတ်ပြုလေသည်။

သူကိုယ်တိုင် လေးလေးစားစား အရေးပေး ဆက်ဆံနေသည်ကို တွေ့ရသဖြင့် မျက်ကန်းမှာ ခေသူမဟုတ်ကြောင်း ကျူးယို့ပင်နှင့် ရှမ်းပုယင်းတို့ ရိပ်မိသွားကြလေသည်။

ထို့ကြောင့်လည်း မသိမသာ အကဲခတ်ကြည့်နေကြ၏။ မျက်ကန်းက ခေါင်းညိတ်ရင်း....



'အခုတော့ပဲ ကျုပ်လဲ ခရီးပြင်းနှင်လာရတယ်ဆိုတော့ မောပန်းနေတယ်၊ ဒီကြားထဲ အလိုက်မသိတဲ့ လူတွေကို ဆုံးမနေရသေးတယ်'

ပြောပြီး အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။ အရက်အိုး လမ်းယူပုံ အရက်ငှဲ့ပုံတို့မှာလည်း မျက်စိမြင်သူတစ်ယောက်နှင့် လုံးဝမခြားနားပါချေ။

ကျူးယို့ပင် အံ့သြနေမိတော့သည်။ မျက်ကန်းဟာ အရက်သောက်ပြီးလျှင် စားသောက်ဖွယ်ရာများလည်း နှိုက်ယူ စားသောက်လိုက်ပါ၏။

ကျူးရယ်သာ သူ့အား မျက်တောင်မခတ် ကြည့်နေသည်။ အတော်ကလေးကြာမှ မျက်ကန်း စားသောက် ပြီးစီးသွားလေသည်။ စားပြီးသည်နှင့်....

'ကဲ... စားလို့ပြီးပြီ အလုပ်အကြောင်း ပြောကြတာပေါ့ ကျုပ်ကို ဘာကြောင့်တွေ့ချင်တာလဲ ပြောပါ'

ဟု ခပ်ပြတ်ပြတ်မေးလေသည်။ ကျူးရယ်ပြုံးလိုက်သည်။

သူကလည်း ထိုသို့သော လူစားမျိုးကို သဘောကျပေသည်။

'ကျုပ်က မင်းကို ငှားချင်လို့'

'ကျုပ် ဘာလုပ်ပေးရမလဲ'

'လူတစ်ယောက် ကယ်တင်ပေးရမယ်'

'ကောင်းပြီ၊ ကျုပ်အတွက် ငွေသုံးသိန်းပေးရမယ်၊ တခြားကုန်ကျတဲ့ စရိတ်စကတွေလဲခံရမယ် လိုအပ်လို့ လူခေါ်ရမယ်ဆိုရင် တစ်ယောက်ကို အနည်းဆုံး ငွေနှစ်သိန်းထပ်ပေးရမယ်'

ကျူးရယ် မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားက လူထပ်ခေါ်မယ်ဟုတ်လား ဘယ်နှစ်ယောက် ခေါ်မှာလဲ'

'အနည်းဆုံး နှစ်ယောက် အများဆုံး သုံးယောက်ပေါ့'

ဘာကြောင့် ခေါ်မှာလဲ'

'ရွှေရုပ်တုခြံဝင်းက သခင်အေး ကျူးယို့ ပင်နှင့် လက်ထပ်မယ့် သတို့သမီးလေးကို ဖမ်းဆီးသွားတဲ့ တယ်ဆိုတော့ ခေမှာ မဟုတ်ဘူးဗျ။ ကျုပ်တစ်ယောက်လဲ တတ်နိုင်ချင်မှတတ်နိုင်မှာ'

'ခင်ဗျားက ဘယ်သူတွေကို ထပ်ခေါ်မှာလဲ'

'ဒါ... ကျုပ်အလုပ်ပါ'

ကျူးရယ် ခေါင်းတွန့်လိုက်သည်၊

'ခင်ဗျားပြောမှဖြစ်မယ်၊ ခင်ဗျားကို ငွေသုံးသိန်းပေးရတာ မများပေမယ့် ခင်ဗျားထပ်ခေါ်မယ့်လူတွေဟာ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ကျုပ်သိချင်သေးတယ်'

'ကောင်းပြီ ကျုပ်က အခုလာသောဆယ် 'နားရှစ်ဖက်နဲ့ မျက်နှာတစ်ရာကို' ခေါ်သွားမယ်စိတ်ကူးထားတယ်'

ကျူးရယ်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ပင်းလက် တောက်လာလေသည်။

'အင်း....သည်လူတွေ ဆိုရင်တော့ ငွေနှစ်သိန်း ပေးရတာ မဆိုးပါဘူး'

'နောက်တစ်ယောက်လဲ လိုချင်သေးတယ်'

'ဘယ်သူလဲ'

'လုံဟွာ'

'မိုးပေါ်က လုံဟွာ ဟုတ်လား'



'သူကလဲပြီး ဘယ်သူရှိဦးမှာလဲ'

ကျူးရယ် အားရပါးရ ပြုံးလိုက်သည်။

'မင်းတို့ ကချေသည်မလေးကို ကယ်တင် နိုင်မယ် ဆိုတာ ကျုပ်ယုံကြည်စိတ်ချသွားပါပြီ'

မျက်ကန်းက

'လုံဟွာ အတွက်တော့ ငွေပိုပေးရလိမ့်မယ်'

'ကိစ္စမရှိဘူး၊ မင်းစိတ်တိုင်းကျဖြစ်စေရမယ်'

မျက်ကန်းသည်း သဘောကျသွားလေသည်။

'ခင်ဗျားဟာ အပေးအကမ်းချက်ချောတဲ့လူဆိုတာ ကျုပ်သိပါတယ်။ ကချေသည်မလေးကျောင်းကျောင်း ဘယ်လိုအဖမ်းခံတယ် ဆိုတာ ကျုပ်ကို ရှင်းပြပါဦး'

ဟု မေးလိုက်၏။

ကျူးရယ်က ရှင်းပြလိုက်သည်။ ကျောင်းကျောင်းအား ရွှေရုပ်တုခြံဝင်းသို့ခေါ်ရန် စီစဉ်နေစဉ်မှာပင် လူဆိုးများ၏ ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း၊ သူမအားစောင့်ရှောက်ရန်ခေလွှတ်ထားသည့် ချွေခုံနှင့် စစ်ဟန်ဆူးတို့ ချန်သူသက်ချက်မိကာ သေဆုံး သွားခဲ့ကြောင်း စသည်စသည် အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်လေသည်။

သူ၏စကားဆုံးလျှင် မျက်ကန်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'သူတို့ဆီက ဘာအဆက်အသွယ်မှ မလာသေးဘူးလား'

'အခုအထိတော့ ဘာသတင်းမှ မကြားရသေးဘူး။ သူတို့ဆက်သွယ် လာမယ်လို့တော့ ထင်တယ်။ ကချေသည်မလေးကိုဖမ်းထားတယ်ဆိုတော့ ကျိန်းသေဆက်သွယ်လာရမှာပဲ'

'ဒါဖြင့် သူတို့ဘာကြောင့် ဖမ်းထားရတယ်ဆိုတာ မသိရသေးဘူးပေါ့'

'ဟုတ်တယ်'

'လူဆိုးတွေဟာ ဘယ်သူဘယ်ဝါ ဖြစ်မယ်ဆိုတာ ခင်ဗျားသံသယရှိသလဲ'

'ဝိညာဉ်နုတ် လက်ဝါးချောင်း'

'ဪ'

မျက်ကန်း ငြိမ်ကျသွား၏။ ကျူးယို့ပင်နှင့် ရှမ်းပုယင်းတို့က မျက်ကန်းအား အကဲခတ်ကြည့်နေကြပါ၏။

ဝိညာဉ်နုတ် လက်ဝါးချောင်းနှင့် ရင်ဆိုင် ရမည်ဆိုလျှင် မျက်ကန်း မည်သို့ရှိမည်ကို စောင့်ကြည့်နေကြခြင်းဖြစ်လေသည်။

မျက်ကန်းမှာ ငြိမ်သွားသည်မှအပ ထူးခြားသော ပြောင်းလဲမှုမရှိပါချေ။

လက်ရည်ညီပြိုင်ဖက်နှင့် ရင်ဆိုင်ရသည့်အခါ ဖြစ်ပေါ်လာတတ်သော သိုင်းသမားတစ်ယောက်၏ အမူအရာမျိုးသာ ဖြစ်ပေသည်။

မျက်ကန်းကိုကြည့်ရင်း ကျူးယို့ပင်ရင်ထဲ လေးစားကြည်ညိုစိတ်များ ထူးခြားစွာ ဖြစ်ပေါ်လာလေတော့သည်။

ကျူးရယ်သည် အကဲခတ်ကြည့်နေပါ၏။ အတော်ကလေးကြာလျှင် မျက်ကန်း သက်ပြင်းချလိုက်ပြီး....



'ပွဲကြီးပွဲကောင်းပေါ့။ ခင်ဗျားသာ ငွေအဆင်သင့် ပြင်ထား၊ သုံးလေးရက်အတွင်း ကချေသည်မလေး ခင်ဗျားဆီကို ပြန်ရောက်လာစေရမယ်'

ကျူးရယ် ပြုံးလိုက်သည်။

'မင်း....တာဝန်ယူတယ်ပေါ့'

'ကျုပ် စကားနှစ်ခွန်း မပြောဘူးဗျ'

'ဒါဖြင့် ငွေဘယ်လို ပေးရမလဲ'

'ကချေသည်မလေး ပြန်ရောက်မှ ကျုပ်အတွက်ပေးပါ ကျန်တဲ့ လူတွေ အတွက်တော့ အခုကတည်းကကြို ပေးရလိမ့်မယ်'

'ကောင်းပြီ ကျုပ် သဘောတူတယ်'

ကျူးရယ်က ကျူးယို့ပင်ဘက်လှည့်ကာ

'သားမင်းဘာမှ စိတ်မပူနဲ့တော့ မကြာခင်သားရဲ့ကချေသည်မလေးပြန်ရောက်လာလိမ့်မယ်'

ဟု ပြောလိုက်သည်။

ကျူးယို့ပင်မှာ ထိုစကားကို ယုံချင်ပါ၏။ သို့သော် ကျင်းကျင်း ပြန်ရောက်လာမှ ယုံကြည်နိုင်မည် ဖြစ်သောသည်။

ကျူးရယ်က ရှမ်းပုယင်းအား လှမ်းပြီး အမိန့်ပေးလိုက်၏။

'ရှမ်းပုယင်း ငွေဆယ်သိန်းနဲ့ တန်ဖိုးညီတဲ့ ရွှေတုံးတလေးတွေ သွားယူလာခဲ့'

ရှမ်းပုယင်း ဦးညွှတ်ကာ ထွက်သွားလေတော့သည်။

တန်ပြန်တပ်ဖွဲ့....

နေရောင်ခြည်ဖြာကျနေသည်။ နံနက်ခင်းတွင် ရောင်စုံ ပန်းကလေးများ ဖူးပွင့်နေသလို ငှက်ကလေးများ တေးသီဆိုညည်းလျက် ရှိသည်။

ကော်ပင်ကင်ပေ့ဂ်၌ မိုးသားတိမ်လိပ်များ ကင်းစင်နေသည်။ တောလမ်းကလေးကိုဖြတ်ကာ မြင်းနှစ်ကောင် ဒုန်းစိုင်း နှင်လာနေပါသည်။

မြင်းစီးလာသူနှစ်ယောက်ကား မျက်ကန်းနှင့် ကျူးယို့ပင် တို့ ဖြစ်ကြသည်။

မျက်ကန်းမှာလူကောင်းတစ်ယောက်ကဲ့သို့ ပို၍ကျွမ်းကျင်စွာဖြင့် စီးနိုင်သည်ကို တွေ့ရသဖြင့်ကျူးယို့ပင် အံ့ဩမိသည်။

ကျူးရယ်က မျက်ကန်းအား ကျင်းကျင်းကို ကယ်တင်ပေးရန် အလုပ်အပ်နှံ ပြီးစီးသွားချိန်၌ ကျူးယို့ပင်က သူလည်း မျက်ကန်းတို့နှင့်အတူ လိုက်သွားမည်ဟု တောင်းဆိုလာခြင်း ဖြစ်သည်။

သားအဖနှစ်ယောက် အကြီးအကျယ် အငြင်းအခုံဖြစ်ပြီးနောက်မှ ကျူးရယ် အလျှော့ပေးလိုက်ခြင်း ဖြစ်လေသည်။

ကျူးယို့ပင် လိုက်လာသည်ကို မျက်ကန်း သဘောမကျပါချေ။ သို့သော် မတတ်သာ၍ လိုက်ခွင့်ပြုလိုက်ရ၏။

အကယ်၍သာ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်တိုးပြီး ဒုက္ခရောက်ပါက ကိုယ့်တာဝန်ကိုယ် ယူရမည်ဟု ကြိုတင်စည်းကမ်း သတ်မှတ်ခဲ့သည်။



ကျူးယို့ပင်က ကသောတူသောအခါ ကန့်ကွက်စရာ မရှိတော့ချေ။ တောလမ်းကလေးအတိုင်း မြင်းဒုန်းစိုင်းနှင်လာကြရင်း စိမ်းလန်းသော တောအုပ်တစ်ခုရှေ့သို့ ရောက်လာကြလေသည်။

တောအုပ်ထဲမှ မီးခိုးများ တလူလူထွက်နေသည်ကို တွေ့ရ၍ မျက်ကန်းက မြင်းရပ်လိုက်သည်။

ကျူးယို့ပင် မြင်းရပ်လိုက်သံကို နားထောင်ပြီးမှ

'တောအုပ်ထဲမှ မီးခိုးထွက်နေတာကို မြင်ရသလား'

ဟု မေးလိုက်လေသည်။

ကျူးယို့ပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် မီးခိုးထွက်နေတယ်'

'ကောင်းတယ် သူ အိမ်မှာရှိနေတာ သေချာပြီ'

'ဘယ်သူလဲ'

'မျက်နှာ တစ်ရာလေ'

'ဩ...'

'ကျုပ်တို့သွားစို့'

မျက်ကန်းက မြင်းဒုန်းစိုင်းသွား၏။

ကျူးယို့ပင် နောက်မှ လိုက်သွားလေသည်။

တောအုပ်အတွင်းသို့ရောက်လျှင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေး တစ်လုံးကို တွေ့မြင် လိုက်ရလေတော့သည်။

ကျူးယို့ပင်နှင့် မျက်ကန်းတို့ အိမ်ကလေးအနီးသို့ ရောက်သွားသောအခါ အိမ်ရှေ့၌ အဘိုးအိုတစ်ယောက်ထင်းခြောက်များ ကောက်နေသည်ကို တွေ့မြင်လိုက်ရသည်။

မျက်ကန်းက မြင်းစီးပေါ်မှ ခုန်ဆင်းလိုက်သည်။ ကျူးယို့ပင်လည်း ခုန်ဆင်းလိုက်လေသည်။

သူတို့နှစ်ယောက်ရောက်လာသည်ကိုတွေ့လျှင် အဘိုးအိုက...

'ဧည့်သည်တွေ ရောက်လာတာကိုး'

ပြောပြီးထင်းခြောက်များပွေ့ကာအိမ်ထဲဝင်သွား၏။ အဘိုးအို ဝင်သွားပြီး မကြာမီ ပြတင်းပေါက်မှ လူငယ်လေးတစ်ယောက် ပြေးထွက်လာကာ

'ကြွပါခင်ဗျာ ကြွပါ ဆရာကြီးက ဧည့်သည်တွေကို ဖိတ်ခေါ်ပါတယ်'

ဟု ပြုံးပြုံးရွှင်ရွှင်ကြီးဆိုလေ၏။ မျက်ကန်းပြုံးလိုက်လေ၏၊

'အိမ်ထဲ ဝင်ကြရအောင်'

ပြောပြီး လှမ်းဝင်သွား၏။ ကျူးယို့ပင်လည်း နောက်မှ လိုက်သွားလေသည်။

သူတို့နှစ်ယောက် အိမ်ထဲရောက်သွားလျှင် လူငယ်ကလေးထ နေရာထိုင်ခင်း ချထားပေးလိုက်သည်။

လူငယ်ကလေးက

'ခဏစောင့်ပါဗျာ ဆရာ ထွက်လာပါလိမ့်မယ်'

ပြောပြီး အတွင်းဘက်သို့ ဝင်သွား၏။ လူငယ်ကလေးဝင်သွားပြီး မကြာမီ အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်ကို တွေ့ရ၏။



အမျိုးသမီးကြီးမှာ မျက်ကန်းနှင့် ကျူးယို့ပင်ကိုတွေ့လျှင် အံ့ဩသွားဟန်ဖြင့်

'ဟောတော့ ဧည့်သည်တွေ ရောက်နေတာကိုး စားသောက်စရာ တစ်ခုခု သွားပြင်လိုက်ဦးမှ'

ပြောပြီး အတွင်းဘက်ပြန်ဝင်သွား၏။ ကျူးယို့ပင် အံ့ဩနေသည်။

သေးငယ်သော အိမ်ကလေး အတွင်း၌ လူအများအပြား နေထိုင်လျက် ရှိသည်ကို တွေ့မြင်ရသည် မဟုတ်လား။

သူ အကဲခတ် ကြည့်နေစဉ် မျက်ကန်းက အောင်ပြောလိုက်လေသည်။

'ဟေ့ မျက်နှာတစ်ရာ ကျုပ်နဲ့ ပါလာတဲ့ ဧည့်သည်ဟာ မင်းမညာပြတာကို အချိန်ကုန်ခံပြီး ကြည့်နေမှာ မဟုတ်ဘူးကွ'

သူ၏စကားသံနှင့် မရှေ၊ မနှောင်းမှာပင် အတွင်းဘက်မှ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟား.... ဟား... ဟား.... မင်းကတော့ မျက်လုံးကန်းနေတော့ မထူးဘူးပေါ့ ကျုပ်က မင်းရဲ့ဧည့်သည်ကို ဧည့်ခံနေတာပါကွာ'

စကားသံနှင့်အတူ လူတစ်ယောက်လှမ်းထွက်လာလေသည်။ သူတို့နှစ်ယောက် ပြောနေကြသောစကားများကို ကျူးယို့ပင် နားမလည်ပါချေ။

မျက်ကန်းနှင့် အခန်းတွင်းမှ ထွက်လာသူကို တစ်လှည့်စီကြည့်နေ၏။

အခန်းတွင်းမှ ထွက်လာသူက သူတို့ထံ လျှောက်လာပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

ထိုလူမှာ အသက်သုံးဆယ် ကျော်ခန့်ရှိပြီး ပျော်ပျော်နေတတ်သူတစ်ယောက် ဖြစ်ဟန်ရှိသည်။

ကျူးယို့ပင်ကို တစ်ချက်ကြည့်ပြီးမှ မျက်ကန်းဘက် လှည့်ကာ

'မင်းရဲ့မိတ်ဆွေနဲ့ ငါ့ကို မိတ်ဆက်ပေးဦးမှပေါ့'

ဟု ပြောလိုက်သည်။

မျက်ကန်းက

'သူဟာ ရွှေရုပ်တု ခြံဝင်းက သခင်လေး ကျူးယို့ပင်ပါ သူကတော့ ကျုပ်မိတ်ဆွေ မျက်နှာတစ်ရာပါ'

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ပေးလိုက်လေသည်။ ကျူးယို့ပင်က အသိအကျွမ်းပြုသည့်သဘောဖြင့် ခေါင်းညိတ်ပြ လိုက်လေသည်။ —

မျက်နှာတစ်ရာ အံ့ဩသွားဟန်ဖြင့်

'ရွှေရုပ်တုခြံဝင်းကသခင်လေးကိုး အတော်ကြီးတဲ့ငါ့မိတ် တာပဲ'

'ဗျာ'

ကျူးယို့ပင် ပါးစပ်အဟောင်းသားဖြစ်သွား၏။ မျက်ကန်းက ကြားဖြတ်ပြောလိုက်လေသည်။

'မင်းဒီမှာ နေရတာ ပျင်းနေပြီလို့ ငါထင်တယ်'

'မပျင်းပါဘူးကွာ ဟား ဟား ဟား'



မျက်နှာတစ်ရာက တမင်အရှဲ့တိုက်ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

မျက်ကန်းက

'ဒီမှာနေရတာ မပျင်းဘူးဆိုရင်လဲ ပြီးတာပဲ နားရှစ်ဘက် ဆီကို ငါသွားတော့မယ်'

ပြောပြောဆိုဆို ထိုင်ရာမှထရန် ဟန်ပြင်လိုက် လေသည်။ မျက်နှာတစ်ရာ ပျာပျာသလဲဖြစ်သွား၏။

'ဟေ့ မင်းဘယ်လို ဖြစ်တာလဲ အရင်အလိုမှဟုတ်ဘဲ စိတ်ဆိုး လွယ်လှချည်လားကွ'

'ဟုတ်တယ် ငါစိတ်ဆိုးနေတယ်'

'ပြောစမ်းပါဦး ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ'

'ငါးက သိပ်ကြီးလွန်းတော့ ငါတစ်ယောက်ထဲ စားမကုန်လို့ပေါ့'

'ဟား ဟား ဟား'

မျက်နှာတစ်ရာ သဘောကျစွာ ရယ်မောလိုက်ပြန် လေသည်။

မျက်ကန်းက ဆက်ပြောလိုက်သည်။

'ငါတစ်ယောက်တည်း ကုန်အောင် မစားနိုင်လို့ မင်းတို့ကို ငါကျွေးမလို့ကွ မင်းမစားချင်ရင်လဲနေ နားရှစ်ဖက် ကတော့ အစားအသောက်ခုံမင်တယ် သူစားမယ်ထင်တယ်'

'မင်း တကယ်သွားတော့မလို့လား'

'ဟုတ်တယ် ငါ့အတွက် အချိန်သိပ်မရှိဘူးကွ'

'ငါက ကူစားမယ်ဆိုရင်ကော'

'ဒါဆိုရင်တော့ အချိန်နည်းနည်းပေးနိုင်မယ်ထင်တယ်'

'ကောင်းပြီ ဘယ်လိုကိစ္စဖြစ်ဖြစ် မင်းနဲ့လက်တွဲမယ်လို့ ငါက ကတိပေးတယ် ကဲ ဘယ်လိုလဲ'

မျက်ကန်း သဘောကျစွာပြုံးလိုက်သည်။

'မင်း ဘာကယ် မပြောအားနော်'

'ငါ ဘယ်တုန်းက လိမ်ပြောဘူးလို့လဲ'

'မပြောတတ်ဘူးလေ မင်းက မျက်နှာများလွန်းတယ် အဘိုးအိုလိုလဲ ပြောတတ်ဆိုဘတ်တယ် ကလေးသူငယ်လို အမျိုးသမီးလို၊ အိုကွာ မင်းမပြောတတ်တာ ဘာမှမရှိဘူး ဒါကြောင့် မင်းစကားကို အတော်ချင့်ချိန်ပြီး ယုံရမှာ'

'ဘာပဲဖြစ်ဖြစ် မင်းယုံတယ် မဟုတ်လား'

'တခြားလူတွေထက်စာရင် မင်းစကားကို ငါယုံခဲ့တာချည်းပဲ မဟုတ်လား'

'ဟား....ဟား....ဟား'

သူတို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြ၏။

သူတို့၏ ပြောစကားများကို နားထောင်ရင်း တွေ့ခဲ့ရသည့် အဘိုးအိုသည်လည်းကောင်း၊ လူငယ်ကလေးသည်လည်းကောင်း အမျိုးသမီးကြီးသည်လည်းကောင်း မျက်နှာအစ်ရာက ရုပ်ဖျက်ထားခြင်းဖြစ်ကြောင်း ရိပ်မိလာသည်။

မျက်နှာတစ်ရာမှာ နာမည်နှင့် လိုက်အောင် ရုပ်ဖျက်ပညာသေသူဖြစ်ကြောင်း သိရှိသွားလေတော့သည်။

မျက်ကန်းသည် ထူးခြားသူ ဖြစ်သည်။

မျက်နှာတစ်ရာသည်လည်း ထူးခြားသူဖြစ်၏။



သူတို့သိုင်းလောကတွင် ကျင်လည်ကျက်စားနေသည်ကို သူမသိခဲ့ချေ။ နာမည်ကြားဖူးသော်လည်း ယခုမှလူချင်းဆုံမိခြင်းဖြစ်၏။

လူချင်းဆုံမိသည်နှင့် သူ၏ဖခင်ကျူးရယ်က ဘာဘယ်ကြောင့် မျက်ကန်းအား ငွေးရှမ်းရှသည်ကို နားလည်သဘောပေါက်လာသည်။

သူ့အား စိတ်ချသက်ချမှာလိုက်သည့်အကြောင်းရင်းကိုလည်း နားလည်လာတော့သည်။

မျက်နှာတစ်ရာက....

'နားရှစ်ဖက်ဆိုကိုတော့ မင်း သွားဦးမှာလား'

ဟု မေးလိုက်သည်။

မျက်ကန်း ခေါင်းညိတ်လိုက်သည်၊

'သွားရလိမ့်မယ်'

'အေး သွားပါတော့ ပိုကောင်းတာပေါ့'

'သွားပါမှကိုဖြစ်မှာ'

'ဒါဆို ငါသင်တာထက်ပိုပြီ'

သူ၏စကားဆုံးမိ မျက်ကန်းက ကြားဖြတ်ပြောလိုက်သည်။

'ဟုတ်တယ် ပိုပြီးအန္တရာယ်များတယ် ဝိညာဉ်နတ်လက်ငါးချောင်းဆိုတာ ကြားဖူးဘယ်မဟုတ်လား တို့က သူတို့တကယ်ပဲ ဝိညာဉ်နတ်နိုင်သလား မနတ်နိုင်ဘူးလားဆိုတာ စမ်းသပ်ကြည့်ရမှာကွ'

အစဉ်အမြဲ ပြုံးရွှင်နေသော မျက်နှာတစ်ရာ၏မျက်နှာ တည်သွားသည်။

မျက်ကန်းက ဆက်ပြောသည်။

'တို့အတွက် အချိန်သိပ်မရှိဘူး မင်းလိုက်မယ်ဆိုရင်လဲ သွားကြရအောင်'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်သည်။

မျက်နှာတစ်ရာ တွေဝေနေသည်။

သူမလိုက်ဘဲနေမည်ကို ကျူးယို့ပင် စိုးပူမိသည်။

သို့သော် မျက်နှာတစ်ရာပြောလိုက်သော စကားကြားလျှင် စိတ်သက်သာရာ ရရှိသွားသည်၊

'ကောင်းပြီလေ သွားကြတာပေါ့ နှားရှစ်ဖက်ကို တွေ့ချင်နေတာနဲ့အတော်ဘဲ သူ့ကိုမတွေ့ရတာ အတော်ကြာပြီကွ'

မျက်ကန်း ရယ်မောလိုက်တည်။

'ဟား...ဟား...ဟား'

မျက်နှာတစ်ရာလည်း ရယ်မောလိုက်သည်။

သူတို့ရယ်မောနေသည်ကိုကြည့်ကာ ကျူးယို့ပင်လည်း ရယ်ချင်လာသည်။

ထို့ကြောင့် မအောင့်အည်းနိုင်တော့ဘဲ...

'ဟား...ဟား...ဟား'

အားရပါးရ ရယ်မောလိုက်သည်။

မျက်ကန်းနှင့် မျက်နှာတစ်ရာတို့က သူ့အား လှည့်ကြည့်လိုက်ကြသည်။

သဘောကျစွာ ရယ်မောနေသည့်ကျူးယို့ပင်အားတွေ့လျှင် အံ့သြသွားကြသည်။

သူတို့နှစ်ယောက် ဘာမှမပြော ကြည့်နေကြသည်။



မျက်ကန်း မြင်ရသည်မမြင်ရသည်မသိပါ။ မျက်နှာတစ်ရာကမူ ကျူးယို့ပင်လှန်စွာသဘောကျနေသည်ကို တွေ့မြင်ထားခြင်းဖြစ်ကြောင်း အံ့သြနေခြင်းဖြစ်၏။

အတန်ကြာမှ ကျူးယို့ပင် အရှိန်သပ်ရပ်လိုက်သည်။

သူ့အား ကြည့်နေကြသည်ကိုတွေ့လျှင် မျက်နှာပူသွား၏။

သို့သော် မျက်ကန်းနှင့် မျက်နှာတစ်ရာတို့က ဘာမှမပြောဘဲ ထွက်သွားခြင်းကြောင့် စိတ်လွတ်လပ်သွားသည်။

တုံ့ဆိုင်းမနေဝံ့ဘဲ နောက်မှ လိုက်သွားရတော့သည်။

* * *

နေဝင်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီဖြစ်သည်။

နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအစားထိုးဝင်ရောက်လာ၏။

အမှောင်ထုကို အံတုရန် အိမ်တိုင်းလိုလို မီးထွန်းညှိထားကြပြီဖြစ်လေသည်။

ပုစွန်ထုပ် စားသောက်ဆိုင်၌ မီးအိမ်အလုံးနှစ်ဆယ်မျှ ထွန်းထားရာနေ့ဘက်နှင့်မခြား ထိန်ထိန်လင်းနေပေတော့သည်။

ပုစွန်ထုပ် စားသောက်ဆိုင်သည် အလွန်နာမည်ကြီးသော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

ပုစွန်ထုပ် စားသောက်ဆိုင်၌ အရသာ ထူးကဲ ပြည့်စုံသော စားသောက်ဖွယ်ရာများ ရရှိနိုင်သည်။

နာမည်ကြီးသော်လည်း လူတိုင်း စားသောက်နိုင်သည်မဟုတ်ချေ။ အကြောင်းမှာဈေးနှုန်းအလွန် ကြီးမြင့်ခြင်းကြောင့် ဖြစ်ပေသည်။

ပုစွန်ထုပ် စားသောက်ဆိုင်မှ ဟင်းလျာတစ်ပွဲ၏ တန်ဖိုးသည် အခြားစားသောက်ဆိုင်များမှ ဟင်းလျာတန်ဖိုးထက်ထက်ဝက်ခန့် ပိုများလေ၏။

ဆင်းရဲနွမ်းပါးသူများ မစားကြသော်လည်း ချမ်းသာကြွယ်ဝသူများကား ပုစွန်ထုပ်စားသောက်ဆိုင်၌သာ စားသောက်တတ်ကြပေ၏။

နေ့စဉ်သွားသည်နှင့် စားသောက်ဆိုင်၌ လူစည်ကားလာတတ်စမြဲပင်။ စားသောက်ဆိုင်အပေါ်ထပ်၌ သီးသန့်အခန်းဆောင်များ ရှိလေ၏။

ထိုသီးသန့်အခန်းကလေးများ၌ ချမ်းသာကြွယ်ဝသူများ ကြိုတင်နေရာယူထားတတ်ကြသည်။

စားသောက်ဆိုင်အပေါ်ထပ်၌ စားသောက်သူဆိုလျှင် ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း သိနိုင်ပေတော့သည်။

စားသောက်ဆိုင်အပေါ်ထပ် ဝရန်တာနှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌လူသုံးယောက်ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြလေသည်။

ထိုလူသုံးယောက်မှာ မျက်ကန်း၊ မျက်နှာတစ်ရာနှင့်ကျူးယို့ပင်တို့ဖြစ်ကြလေ၏။

သူတို့သုံးယောက် ဤစားသောက်ဆိုင်ကလေးသို့ ရောက်လာရသည်မှာ နှားရှစ်ဘက်ကိုရှာဖွေရန် ဖြစ်လေ၏။



မျက်ကန်းနှင့် မျက်နှာတစ်ရာတည်းဟူသော လူထူးလူဆန်းနှစ်ယောက်ကိုတွေ့ပြီးနောက် နှားရှစ်ဘက်ဆိုသူအား တွေ့လိုစိတ်များ ကျူးယို့ပင်၏ ရင်ထဲဖြစ်ပေါ်နေ၏။

နှားရှစ်ဘက်သည်လည်း ထူးခြားသူဖြစ်ရမည်ဟု ယုံကြည်ထားလေတော့သည်။

သူတို့စားသောက်နေစဉ်မှာပင်စားသောက်ဆိုင် အပေါ်ထပ်သို့လူတစ်ယောက်တက်လာသည်ကိုတွေ့မြင်လိုက်ရ၏။

ထိုလူမှာ ကျူးယို့ပင်တို့ထိုင်နေသော စားပွဲဆီသို့ဦးတည်လာနေခြင်းဖြစ်၏။ ထိုလူအားတွေ့လျှင် ကျူးယို့ပင် ဝမ်းသာသွားသည်။

'ဟင် ဦးလေး ရှမ်းပုယင်းပါလား'

ထိုင်ရာမှထကာ ဝမ်းသာအားရနှုတ်ဆက်လိုက်၏။

ရှမ်းပုယင်းက....

'သခင်လေးကိုလိုက်ရှာနေတာ အခုလိုတွေ့ရလိမ့်မယ်လို့မမျှော်လင့်ဘူး'

ဟု ပြောလိုက်၏။

ကျူးယို့ပင်က နေရာထိုင်ခင်းပေးလိုက်လျှင် ရှမ်းပုယင်းထိုင်ချလိုက်၏။ မျက်ကန်းက နားစွင့်နေပြီး မျက်နှာတစ်ရာအကဲခတ်ကြည့်နေပါသည်။

ရှမ်းပုယင်းက သူတို့အားတစ်ချက်ဝေ့ကြည့်လိုက်သည်။

ပြီးလျှင် ကျူးယို့ပင်ကိုကြည့်ကာ···

'သခင်လေးထွက်သွားပြီး နောက်နေ့မှာပဲ လူဆိုးတွေဆီက အဆက်အသွယ်ရခဲ့ပါတယ်'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ကျူးယို့ပင် စိတ်ဝင်စား သွားလေသည်။ မျက်ကန်းလည်း လှုပ်ရှားသွားပြီး

'ဘယ်လို ဆက်နွယ်လာတာလဲဗျ'

ဟု ကြားဖြတ်မေးလိုက်သည်။

'ရှေးရှပ်တုခြံဝင်းကို လူတစ်ယောက် ရောက်လာပြီး စာတစ်စောင်ပေးပို့သွားပါတယ်။ စာထဲမှာ ကျောင်းကျောင်းကိုအသက်ရှင်လျက်ပြန်လိုချင်တယ်ဆိုရင် အဆိပ်ပန်းချိုင့်ဝှမ်းကို ငွေ ၁၀ သိန်းနဲ့အတူလာရွေးဖို့ရေးထားပါတယ်။

'အဆိပ်ပန်းချိုင့်ဝှမ်းဟုတ်လား'

'ဟုတ်ပါတယ်'

'အဆိပ်ပန်းချိုင့်ဝှမ်းဟာ မြောင်နယ်ခြားမှာရှိတယ်။ ခရီးဝေးလွန်းတယ်။ သူတို့ဖမ်းသွားတာ သိပ်မကြာသေးဘူး မဟုတ်လား။ အဆိပ်ပန်းချိုင့်ဝှမ်းကို ဘယ်လိုလုပ် ရောက်သွားနိုင်မှာလဲ။ ကျုပ်တော့ လုပ်ကြံရေးလိုက်တဲ့စာဖြစ်မယ်လို့ ထင်တယ်'

မျက်နှာတစ်ရာက ကြားဖြတ်ပြောလိုက်ခြင်း ဖြစ်လေသည်။

မျက်ကန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် အဆိပ်ပန်းတောင်ကြားကို ဘယ် နည်း နဲ့ မှ ရောက်သွားနိုင်ဦးမှာမဟုတ်ဘူး။ ကျုပ်တို့ လမ်းလွှဲသွားအောင် တမင်သက်သက် လုပ်ကြံဖန်တီးလိုက်တာပဲဖြစ်မယ်'

ရှမ်းပုယင်း ပခုံးတစ်ချက်တွန့်လိုက်သည်။

'ဒါတော့ ကျုပ်မသိဘူး။ လူဆိုးတွေက ဆက်သွယ်တဲ့စာ ရောက်လာလို့ သခင်လေးကိုပြောပြဖို့ လိုက်ရှာနေတာ'



'ဒါပဲလား နောက်ထပ် ဘာများ ထူးခြားသေးသလဲ'

'ဘာမှ မရှိတော့ပါဘူး'

ကျူးယို့ပင်က မျက်ကန်းဘက်လှည့်ကာ

'ကျုပ်လဲ မယုံဘူးဗျ'

ဟု ပြောလိုက်လေသည်။

မျက်ကန်းက

'စာပို့တဲ့လူကိုရော စစ်ဆေးကြည့်ခဲ့သလား'

ရှမ်းပုယင်း ခေါင်းညိတ်လိုက်သည်။

'စစ်ဆေးကြည့်ပါတယ်ဗျာ။ သူဘာမှမသိပါဘူး။ လူတစ်ယောက်ကငွေပေးပြီး စာပို့ခိုင်းလို့လာပို့တာပါပဲ။ ဒါကြောင့် သူ့ကို ပြန်လွှတ်လိုက်ပါတယ်'

မျက်ကန်း၏မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။ ဤသည်ကို မျက်နှာတစ်ရာ ရိပ်မိလိုက်သည်။

မျက်ကန်း၏ ခံစားမှုကို သိထားသည့်အလား ရှမ်းပုယင်း ဘက်လှည့်ကာ

'ကျောင်းကျောင်းကို လူဆိုးတွေ လက်ထဲကရအောင် ကယ်တင်ပါ့မယ်ဗျာ။ ကျုပ်တို့ဘာသာ လွတ်လွတ်လပ်လပ် ကြိုးစားပါရစေ။ ခင်ဗျားတို့ နောက်ယောင် ခံလိုက်တာ ရပ်တန်းက ရပ်လိုက်ပါ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ရှမ်းပုယင်း မျက်နှာပျက်သွား၏။

'ကျုပ်တို့ သခင်လေးကို စောင့်ရှောက်နေတာပါဗျာ'

'မလိုဘူး ကျုပ်တို့သေသွားမှ သူဒုက္ခ ရောက်လိမ့်မယ်'

'ကောင်းပြီလေ ခင်ဗျားတို့ ဘည်လိုတာဝန်ယူတဲ့အတွက်
ကျေးဇူးတင်ပါတယ်၊ ကျုပ်ကိုခွင့်ပြုပါဦး'

စကားဆုံးလျှင် ရှမ်းပုဆိုးက ထိုင်ရာမှထကာ စားသောက်
ဆိုင်အောက်ထပ်သို့ဆင်းသွားပါ၏။

သူအောက်ထပ်ဆင်းသွားချိန်၌ လူတစ်ယောက် လှမ်းတက်
လာသည်ကို တွေ့လိုက်ရသည်။

ထိုလူကို တွေ့လျှင် မျက်နှာတစ်ရာ၏မျက်နှာ ပြုံးရွှင်သွားလေ
လေတော့သည်။

မျက်နှာတစ်ရာ၏မျက်နှာ ပြုံးရွှင်သွား၏။ မျက်ကန်းတက်
လှည့်ကာ

'နားရှင်ဖက်ကတော့ ရောက်လာပြီကွ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျူးယို့ပင် စိတ်ဝင် စားသွားပြီ
လှမ်းကြည့်လိုက်လေသည်။

ထိုအခါ ပုပုဝဝလူတစ်ယောက် တစ်လှမ်းချင်း လျှောက်
လာနေသည်ကို တွေ့မြင်လိုက်ရ၏၊

စည်ပိုင်းတစ်လုံးလိမ့်လာသလိုသည်နှင့်ပင်တူနေ၏။ ဦးခေါင်း
ပြောင်အောင်ရိတ်ထားသလို ကျယ်ပြန့်သော နားရွက်နှစ်ဖက်မှာ
တောင်းကားထွက်နေရာ ရယ်စရာ ကောင်းပေတော့သည်။

သို့သော် ကျူးယို့ပင် မရယ်ဝံ့ချေ။ ထိုလူသည် မျက်ကန်း
နှင့် မျက်နှာတစ်ရာကိုတွေ့လျှင် ကြောင်အမ်းအမ်း ဖြစ်သွား၏၊



ချက်ချင်း မျက်နှာရှုံ့မဲ့သွားပြီ...

'မင်းတို့ ဒီကို ဘာကိစ္စနဲ့ လာကြတာလဲ ငါ့ကို ဒုက္ခပေး
မလို့ မဟုတ်လား'

ဟု အော်ကြီးဟစ်ကျယ်ပြောကာ လျှောက်လာလေသည်၊
မျက်ကန်းနှင့် မျက်နှာ တစ်ရာ သဘောကျစွာ ပြုံးလိုက်လေ
သည်။

မျက်နှ တစ်ရာက အနီးသို့ရောက်လာသည့် နားရှစ်ဘက်ကို
ကြည့်ကာ...

'တို့က နဂါးဖမ်းဖို့လာတာကွ မင်းကို ဒုက္ခပေးဖို့ လာတာ
မဟုတ်ဘူး'

ဟု ပြန်ပြောလိုက်၏။

နားရှစ်ဘက်က

'နဂါးပဲဖမ်းဖမ်း နားအားပဲဖမ်းဖမ်း ငါ့အလုပ်မဟုတ်ဘူး
မင်းနဲ့ပေါင်းရင် ဒုက္ခရောက်တတ်လွန်းလို့ ငါတာသာ အေး
အေး ဆေးဆေး နေပါရစေကွာ ငါ့ကိုတော့လာပြီး ဒုက္ခမပေး
ပါနဲ့'

မျက်နှာတစ်ရာ ပခုံးတွန့်လိုက်သည်။

'တို့က မင်းကို ဒုက္ခပေးမလို့ မဟုတ်ဘူး မင်း ဒုက္ခရောက်
နေတယ်ကြားလို့ လာခဲ့တာကွ'

'ဘာ ငါဒုက္ခရောက်နေတယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'နေစမ်းပါဦး ငါဒုက္ခရောက်နေတယ်လို့ ဘယ်သူက ပြော
တာလဲ'

'သူပြောတာ'

မျက်နှာတစ်ရာတမျက်ကန်းကိုညွှန်ပြလိုက်၏။ နားရှစ်ဘက်၏ အကြည့်မှာ မျက်ကန်းဆီသို့ ရောက်သွားသည်။

သူမမေးမီ မျက်ကန်းက ဦးအောင် ပြောလိုက်လေသည်။

'မင်းမှာ အကြွေးတွေ ဝိုင်းဝိုင်းလည်နေလို့ ငါကြားတယ် မင်းမှာရှိတဲ့ပိုက်ဆံ လောင်းကစားဝိုင်းမှာကုန်ပြီ အခု အကြွေးရှင်တွေက မင်းကို မကြည့်ပြူ တော့ဘူး မင်းဆီက အကြွေးတကျီကျီတောင်းနေကြတယ် ငါက မင်းအတွက်အကြွေးဆပ်ပေးဖို့ လာတာ'

ထိုစကားကြားလျှင် နားရှစ်ဘက် ငိုင်ကျသွားလေသည်။ သည်။ မျက်ကန်းကို မကျေမနပ်ကြည့်ကာ

'နေပါဦး ဒီသတင်းကို မင်း ဘယ်လိုလုပ်ကြားတာလဲ'

'မင်းတစ်ယောက်တည်း နားပါတယ် ထင်သလား'

နားရှစ်ဘက် ဟူးခနဲသက်ပြင်းချလိုက်သည်။ ရှမ်းပုယင်းထိုင်သွားသောနေရာ၌ ထိုင်ချလိုက်ပြီး အရက်နှင့် စားသောက်ဖွယ်ရာများ ခင်းထည့်တည့် စားသောက်လိုက်လေသည်။

မျက်ကန်းက

'မင်းရဲ့အကြွေးတွေ ဆပ်နိုင်တဲ့အပြင် တစ်နှစ်သောက်စေ ကောင်းကောင်း ထိုင်ဖြုန်းနိုင်ဦးမယ်ကွ'

ဟု ပြောလိုက်သည်။

နားရှစ်ဘက်က ဘာမှပြန်မပြောဘဲအားရပါးရ စားသောက်နေပါသည်။ တဝတပြဲ စားသောက်ပြီးမှ



'မင်းတို့နောက်ကို ကျွားလိုက်နေတယ် ဆိုတာကော မင်းသိရဲ့လား'

'ရှမ်းပုယင်း မဟုတ်လား'

'နောက်တစ်ယောက် ရှိသေးတယ်'

မျက်ကန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ မျက်နှာတစ်ရာနှင့် ကျူးယို့ပင်တို့က လှမ်းကြည့် လိုက်ကြလေတော့သည်။

နားရှစ်ဘက်က ဆက်ပြောလိုက်သည်။

'သွေတော်ဆိုတဲ့ လူတစ်ယောက်ဟာ အနက်ရောင် သိုင်းလောကသားတွေအတွက် အလုပ် လုပ်ပေးနေတယ် သူဟာ သိုင်းလောကရဲ့အရေးကြီးတဲ့ သတင်းတွေ အဖိုးတန်ရတနာရှိတဲ့ နေရာတွေကို အကျထောက်ချ သတင်းပေးနေသူပဲ အခု သူက မင်းတို့နောက်ကို ခြေရာခံလိုက်နေတယ်ကွ'

'မင်း ဘယ်လိုလုပ်သိတာလဲ'

'ငါ့နာမည် နားရှစ်ဘက်ဆိုတာ မမေ့နဲ့ဦးလေ ပြီးတော့ ငါ့နားရွက်က မင်းတို့ထက်ပိုပြီး ကြားတယ်ကွ ဗဟုသုတများတယ် ဉာဏ်ကျယ်တယ် တတ်သိလိမ္မာတဲ့'

'တော်စမ်းပါကွာ'

မျက်နှာတစ်ရာက ကြားဝင်အော်လိုက်လေသည်။ နားရှစ်ဘက် ငြိမ်ကျသွား၏။

မျက်ကန်းက

'တို့ဒီကိုလာမယ်ဆိုတာ မင်းသိတယ်ပေါ့'

'ဟုတ်တယ်'

'ဘယ်လိုလုပ် သိတာလဲ'

'ရွှေရုပ်တုခြံဝင်းရဲ့ သတို့သမီးလေးလှောင်းကိုလူဆိုးတွေဖမ်းသွားပြီဆိုကတည်းက မင်းပေါ်လာတော့မယ်ဆိုတာ ငါ သိပြီးသားပါ'

'အေး အေး ငါပါနေတာ မင်းသိပြီ ဒီတော့ မင်းကော'

'မင်းပါနေမှတော့ ငါ ဘာဘတ်နိုင်ဦးမှာလဲ'

မျက်ကန်း ပြုံးလိုက်လေသည်။

မျက်နှာတစ်ရာက....

'ငါလဲ မင်းလိုပဲ အေးအေးဆေးဆေးနေမယ် စိတ်ကူးမိပါတယ် သူ့မျက်နှာမြင်တာနဲ့ တစ်ကိုယ်လုံး မီးလောင်သလို ဖြစ်သွားတော့တာပဲ'

နားရှစ်ဘက်က…

'ဖြစ်သွားတာမလုပ်နဲ့ ဒီတစ်ခါ တကယ်ကို မီးလောင်မှာ မျက်ကန်းပါလာကတည်းက မလွယ်ဘူးဆိုတာ ငါသိတယ် ရွှေရုပ်တုခြံဝင်းနဲ့ပတ်သက်တဲ့သတင်း ကချေသည်မလေး လျှောကျင်းနဲ့ ပတ်သက်တဲ့သတင်းတွေ ငါစုံ စေ့ထားပြီးပြီ ဘယ် လောက် ပြည့်စုံသလဲဆိုရင် သူတို့အကြောင်း သူတို့ကိုယ်တိုင် သိတာထက်တောင် ငါကပိုသိနေတယ်ကွ အခုကိစ္စဟာ အတော်ကို ရှုပ်ထွေးတယ် ဘာမှဝင်မပါဘဲ လက်ပိုက်ကြည့်နေဖို့ကောင်းတဲ့ ကိစ္စတစ်ခုပဲ'

မျက်ကန်း ပြုံးလိုက်သည်။



'ငါ့ တစ်ယောက်လုံး ရှိပါသေးတယ်ကွာ မင်း တို့ဒုက္ခရောက်အောင် ငါလုပ်ပါ့မလား ရှုပ်ထွေးတဲ့ ပြဿနာ တစ်ခုဆိုတာ နိပ်မိလို့ ငါလက်ခံလိုက်တာပေါ့'

'တို့က တကယ့်လူတွေနဲ့ ထိပ်တိုက်တွေ့ရမှာနော်'

'ငါသိပါတယ်ကွာ'

'မင်းက ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီးပြီ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုရင် ငါ့ကို အခွင့်အရေးတစ်ခု ပေးရလိမ့်မယ်'

'ဘာလဲကွ'

'လုံးဝ မပါပဲနဲ့တော့ ငါမလိုက်ဘူး'

မျက်ကန်း ရယ်မောလိုက်လေသည်။

ကျူးယို့ပင်မှာ သူတို့ပြောနေသော စကားများကို အသိုက်သိသိ ကြားဝင်မပြောဘဲ နားထောင်နေသည်။

မျက်ကန်း၊ မျက်နှာတစ်ရာနှင့် နားရှစ်ဘက်တို့မှာ သူထင်ထားသည်ထက် ပိုပြီးထူးဆန်းသူများ မဟုတ်ကြပါချေ။

နားရှစ်ဘက်က....

'လုံးဝ ပါမှ ဒီပြဿနာကို ရှင်းနိုင်လိမ့်မယ်ကွ၊ ဒါပေမဲ့ သူလိုက်မယ် မထင်ဘူး'

'ဘာဖြစ်လို့လဲ'

'သူ မင်္ဂလာဆောင်တော့မယ်လေ'

မျက်ကန်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

*

မင်္ဂလာပွဲ ကျင်းပနေသည်။

ကျေးရွာထုံးစံအတိုင်း ဇာတိအမှတ် အကာအခုန်များဖြ
စည်ထားသိုက်မြိုက်စွာ ကျင်းပနေခြင်း ဖြစ်လေသည်။

ခြောက်အိုးမောက်သံများလည်း ကျက်ကျက်ညံနေသည်။

သတို့သမီးနှင့် သတို့သားမှာ မိဘဘိုးဘွားများအား ကန်
တော့ ပြီးစီးသွားကြချေပြီ။

ဧည့်ပရိသတ်များကိုလည်း အကျွေးအမွေးဖြင့် ဧည့်ခံကျွေ
မွေးနေပြီး ဖြစ်သည်။

မကြာမီ မင်္ဂလာပွဲပြီးဆုံးပေတော့မည်။

သတို့သမီးနှင့် သတို့သားသည် ဧည့်ပရိသတ်များကိုနှုတ်ဆက်
ရင်း လက်ဖွဲ့ပစ္စည်းများစုပုံထားသည့်နေရာသို့ ရောက်ရှိလာလေ
သည်။ လက်ဖွဲ့များကား တောင်ပုံရာပုံရှိနေ၏။

လက်ဖွဲ့ပစ္စည်းများကြား၌ ထူးထူးခြားခြား ကြယ်ပုံသဏ္ဌာ
ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို တွေ့မြင်လိုက်ရသည်

သတို့သား အံ့ဩသွားသည်။

ကြယ်ပုံသဏ္ဌာန်ရှိသော အထုပ်ကလေးကို ညွှန်ပြရင်း
'ဒီအထုပ်ကလေးကို ဘယ်သူလက်ဖွဲ့တာလဲ'

လက်ဖွဲ့ပစ္စည်း လက်ခံသော မိန်းကလေးများအားမေးလိုက်
သည်။

မိန်းကလေးတစ်ယောက်က ဧည့်ပရိသတ်များကြား၌ စ
သောက်နေသူ လေးယောက်ကို ညွှန်ပြရင်း



'သူတို့ပေးသွားတာဘဲ ကျွန်မတို့ရှင့်ကမဟုတ်ဘူး လူစိမ်းတွေ
အစ်ကိုလေးလို့ဟုခေါ်ကို သိကြတယ် ထင်ပါရဲ့ သူတို့နာမည် မေး
တာလဲ မပြောဘူး'

ဟု ပြောလေသည်။

သတို့သား မျက်နှာပျက်သွားသည်။

ကြယ်ပုံသဏ္ဌာန် အထုပ်ကလေးကို ချက်ချင်းဖွင့်ကြည့်သည်။

ထိုအခါ အတွင်းတွက်၌ အိတ်တစ်လုံးရှိပြီး အိတ်ထဲ၌
ရွှေတုံးကလေး အများအပြားရှိနေသည်ကို တွေ့ရသည်။

သတို့သားသည် ရွှေတုံးကလေးများ ထည့်ထားသည့် အိတ်
ကလေးကို ကိုင်ရင်း မိန်းကလေးညွှန်ပြရာသို့ လှမ်းသွား၏။

မကြာပါချေ။ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်
နေသူ လေးယောက် အနီးသို့ရောက်သွားသည်။

ထိုလူလေးယောက်မှာ မျက်ကန်း၊ မျက်နှာတစ်ခု၊ နား
ရွှစ်ဖက်နှင့် ကျူးယို့ ပင်တို့ဖြစ်ကြလေသည်။

သတို့သား အံ့ဩသွားလိုက်သည်။

မင်းတို့သာ လက်ဖွဲ့ မပေးဘူးဆိုရင် မင်းတို့ ရောက်လာတဲ့
အတွက် ငါ သိပ်ဝမ်းသာသွားမှာပဲ'

ဟု ပြောလိုက်လေသည်။ နားရွှစ်ဖက်က
'လုံးဟုခေါ်ယာ မင်းစာလည်းပါ၊ လက်ဖွဲ့ရတာတော်ဝမ်း
မသာနိုင်တော့ဘူးလားကွ'

'ဘယ်လိုလုပ်ဝမ်းသာမှာလဲ၊ မင်းတို့လက်ဖွဲ့က ငါ့ကို ဒုက္ခ
ရောက်အောင်လုပ်ခိုင်းဖို့မဟုတ်လား'

'ဟာ ဘယ်အဒုက္ခရောက်မှာလဲ၊ မင်းအိမ်ထောင်ပြုလိုက်တဲ့အခါ အသုံးလိုလာမယ်မဟုတ်လား'

'အပိုတွေပြောမနေစမ်းပါနဲ့ကွာ ပြန်ယူထားပါ။ သည်လိုအချိန်မျိုးမှာ နှောင့်ယှက်ဖို့စဉ်းစားတာ အတော်ကို မတရားတာပဲ'

သတို့သားမှာ လုံးဟွမ်း ဖြစ် လေ သည်။ သိုင်းလောကရှိ အကြောင်းသိများက သူ့အား မိုးပေါ်မှ လုံးဟွမ်းဟုခေါ်ကြသည်။

လုံးဟွမ်းသည် ထူးခြားသော သိုင်းသမားတစ်ယောက်ဖြစ်သည်။ သူ့အားတွေ့ချင်၍ လိုက်ရှာလျှင် ဆယ်နှစ် ဆယ်မိုး ရှာသော်လည်းတွေ့ချင်မှတွေ့ရသည်။

သူက တွေ့ချင်သျှင်မူ မည်သည့်နေရာ၌မဆို ရောက်လာမည်သာတည်း၊ လုံးဟွမ်း၏အမည် ကျော်ကြား သော်လည်း မျက်နှာကို ထိုက်ထိုက်တန်တန် လူကိုတွေ့ဖူးသူ နည်းပါးလှပေသည်။

ယခုသည်း လုံးဟွမ်းမင်္ဂလာဆောင်နေချိန်၌ မျက်ကန်းတို့ရောက်လာသဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရခြင်းပင်။

မျက်ကန်း သက်ပြင်းချလိုက်သည်။

'ငါတို့လာပြီး နှောင့်ယှက်တာ မဟုတ်ပါဘူးကွာ။ မင်းရဲ့အကူအညီ တကယ်ကို လိုအပ်နေလို့ပဲ'

လုံးဟွမ်း ခေါင်းယမ်းလိုက်လည်း။

'ငါက သိုင်းလောကထဲ မထွက်တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီကွ'



'မင်း သည်တောသည်တောင်ထဲမှာ တစ်သက်လုံး နေမယ်လို့ ဆုံးဖြတ်လိုက်ပြီပေါ့'

'ဟုတ်တယ်'

'မင်း နေနိုင်ပါ့မလား'

'ဘာဖြစ်လို့ မနေနိုင်ရမှာလဲ ငါက အိမ်ထောင်သည် ဖြစ်နေပြီကွ။ ငါ့ဘေးမှာ ငါ့ရဲ့ဇနီးသည်ရှိရင် ဘယ်နေရာမဆို ငါနေနိုင်တယ်'

မျက်ကန်း ခေါင်းညိတ်လိုက်သည်။

'မင်း သည်လိုစိတ်ထားပြောင်းလဲသွားမယ်လို့ ငါမထင်ခဲ့မိဘူး၊ မင်းအတွက် တကယ်ပဲ ဝမ်းမြောက်ပါတယ်ပြီပေါ့'

'တော်စမ်းပါကွာ ငါ့အတွက် အချိန်သာမဖြုန်းစမ်းပါနဲ့။ မင်းတို့ သည်ကမြန်မြန်သွားကြရင် ကောင်းမယ်'

ထိုစဉ် ကျူးယို ပင်က ကြားဝင်ပြောလိုက်သည်။

'ဟုတ်ပါတယ်ဗျာ မင်္ဂလာပွဲ ကျင်းပနေတုန်းဖြစ်ပါတယ်။ သတို့သားကို နှောင့်ယှက်ဖို့မသင့်ပါဘူး။ သည်လိုအချိန်မျိုးမှာ ပျော်ရွှင်ချမ်းမြေ့စရာပဲရှိသင့်ပါတယ်။ ဝမ်းနည်းကြေကွဲစရာတွေစိတ်လှုပ်ရှားစရာကိစ္စတွေ မဖြစ်သင့်ပါဘူး။ ကျုပ်တို့ သွားကြပါစို့ဗျာ'

စကားဆုံးလျှင် ထိုင်ရာမှထရန် ဟန်ပြင်လိုက်၏။ လုံးဟွမ်း မျက်ခုံးမှောင်ကြုတ်လာ၍

'သူက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

မျက်ကန်း ပြုံးလိုက်သည်။

'မင်းလို သတ္တိသားတစ်ယောက်ပေါ့'

'ဟေ'

'သိုင်းလောကမှာ မင်္ဂလာပွဲတစ်ခုကျင်းပဖို့ ကြီးကြီးကျယ်ကျယ်စီစဉ်နေတာ မင်းမသိဘူးလား'

'ဘာလဲ ရွှေရုပ်တုခြံဝင်းကို ပြောတာလား'

'ဟုတ်တယ်'

'ဒါဖြင့် သူက...'

'ရွှေရုပ်တုခြံဝင်းက သတ္တိသားပေါ့'

လုံးဟွဒီး၏မျက်နှာတွင် အံ့ဩသည့် အရိပ် အယောင်များ ပေါ်လွင် လာလေသည်။ ကျူးယို့ပင်ကို အကဲခတ် ကြည့်လိုက်၏။

တစ်ဖန် မျက်ကန်းဘက်လှည့်ကာ

'သူဟာ ရွှေရုပ်တုခြံဝင်းပိုင်ရှင် ကျူးရွှယ်ရဲ့သား ကျူးယို့ပင်ဟုတ်လား'

ဟု မေးလိုက်သည်။

မျက်ကန်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'သူ ဒီကိုဘာလာလုပ်တာလဲ အခုအချိန်ရွှေရုပ်တုခြံဝင်းမှာ ရှိနေသင့်တယ် မဟုတ်လား'

'ဟုတ်တယ် ရွှေရုပ်တုခြံဝင်းမှာပဲ နေသင့်တယ် ဒါပေမယ့် သူ့ဆီလာသူများတွေရဲ့ မင်္ဂလာအခမ်းအနား ဘယ်လိုစည်ကားတယ် ဘယ်လောက်ပျော်စရာကောင်းတယ်ဆိုတာလိုက်ပြီး လေ့လာနေတာကွ'



လုံးဟွဒီး ခေါင်းယမ်းလိုက်၏။

'ဟာ အဓိပ္ပာယ်မရှိတာကွာ'

'ငါတကယ် ပြောတာကွ'

'ဟာကွာ မင်းကလဲ ဧည့်သည်ကိုအားနာစရာ ကောင်းပါတယ်ကွာ'

ကျူးယို့ပင် မချိပြုံး ပြုံးရင်း...

'သူပြောသလိုဖြစ်နေပါပြီဗျာ ဘာမှအားမနာပါနဲ့ ရပါတယ်'

လုံးဟွဒီးက မျက်ကန်းဘက်လှည့်ကာ...

'မင်းတို့သူ့ကို ဘာကြောင့်ဒုက္ခပေးချင်ရတာလဲ သူမင်္ဂလာဆောင်တော့မယ်မဟုတ်လား မင်းတို့ကတော့ တွေ့တဲ့လူတိုင်းကို လိုက်ပြီး ဒုက္ခပေးနေတာပဲ'

'သူ့ရဲ့ မင်္ဂလာပွဲမဖြစ်မြောက်ခဲ့ပါဘူး'

'ဘာဖြစ်လို့လဲ'

'သတို့သမီး ပျောက်သွားလို့ပေါ့'

'ဟေ'

လုံးဟွဒီး မျက်လုံးပြူးသွားသည်။ မျက်ကန်းကိုတစ်လှည့် ကျူးယို့ပင်ကိုတစ်လှည့်ကြည့်လိုက်သည်။ ကျူးယို့ပင်ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

'နေပါဦး သတို့သမီးက လက်ထပ်ရမှာကို သဘောမတူဘူးလား'

'တူပါတယ်'

'ဒါဖြင့်ဘာကြောင့် ထွက်ပြေးသွားတာလဲ'

'ထွက်ပြေးသွားတာမဟုတ်ဘူး ပျောက်သွားတာ'

'ပျောက်သွားတာဟုတ်လား အကြောင်းတစ်ခုခုကြောင့်ရှာမတွေ့တော့တာပေါ့'

ဤတွင် မျက်နှာတစ်ချက်ရှုံ့ကာ...

'ပျောက်တာတွေ ထွက်သွားတာတွေ ပြောမနေနဲ့ သတို့သမီးကိုဖမ်းသွားတာကွ မင်္ဂလာပွဲပျက်အောင်တမင်လုပ်လိုက်တာဘဲ ရွှေရုပ်တုခြံဝင်းရဲ့ ရန်သူကလုပ်တာဖြစ်မယ် သတို့သမီးကိုဖမ်းသွားသူတွေဟာ ဝိညာဉ်နှုတ် လက်ငါးချောင်းဖြစ်တယ်လို့ ထင်တင်ရထားပြီးပြီ'

သူကကြားဝင် ရှင်းပြလိုက်ရာ လုံးဟွန်း နားလည်သဘော ပေါက်သွား၏။ ကျူးယို့ပင်ဘက် လှည့်ကာ...

'ကျုပ်စိတ်မကောင်းပါဘူးဗျာ ဝိညာဉ်နှုတ် လက်ငါးချောင်းဟာ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ ကြေးစားလူသတ်သမားတွေဗျ ကျုပ်တို့ကတော့ ကြေးစားဆိုပေမယ့် ဒုက္ခရောက်သူတွေကိုသာကူညီတာ...

မဟုတ်မတရားတာ မလုပ်ဘူး ချမ်းသာကြွယ်ဝသူတွေဆီက အခကြေးငွေသိန်းနဲ့ချီပြီး ယူပေမယ့် ဆင်းရဲနွမ်းပါးသူတွေဆီအတွက်တော့ ငွေတစ်ပြားမပေးလဲကျုပ်တို့ ဆောင်ရွက်ပေးတာပဲ တချို့က ကျုပ်တို့ဟာငွေကိုသာ တန်ဖိုးထားတယ်လို့ ယူဆကြတယ် ငွေမက်ရင်ဒီလိုဘယ်နေပါ့မလဲဗျာ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကိုဖြိုဖျက်ချင်လို့ ကျုပ်တို့သဘောနဲ့ကျုပ်တို့ ဆောင်ရွက်နေကြတာ'



ဟူ၍ ရှည်လျားစွာပြောလိုက်သည်။

မျက်ကန်းမျက်နှာတစ်ရာ နားရှစ်ဘက်နှင့် လုံးဟွန်းတို့သည် ငွေမက်သူများ မဟုတ်ကြကြောင်း ကျူးယို့ပင် ရိပ်မိထား၏။

သူတို့သည် ပင်ကိုယ်ဂုဏ်ရှိနေသဘောထား ထူးခြားသူများဖြစ်ကြရာ သိုင်းလောကသားများက အထင်နဲ့ သတ်မှတ်ပြောဆိုနေကြခြင်းဖြစ်မည်ဟု နားလည်ထား၏။

မျက်ကန်းတို့လူစုကို လေးစားခင်မင်သောစိတ်များ ပေါ်ပေါက်မိလေ၏။

လုံးဟွန်းက ဆက်ပြောလိုက်သည်။

'ခင်ဗျားအတွက်ကျုပ်တကယ်ပဲစိတ်မကောင်း ဖြစ်မိပါတယ်ဗျာ'

ထိုစဉ် မျက်ကန်းက ကြားဖြတ်ပြောလိုက်သည်။

'မင်းတကယ် စိတ်မကောင်းဖြစ်တာလား'

'ဟ ငါကဘာကြောင့် လိမ်ပြောရမှာလဲ'

'ဒါဖြင့် မင်းကိုယ်ချင်းမစာနာဘူးလား'

'ငါ'

လုံးဟွန်း ရှေ့ဆက်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

မျက်ကန်းက...

'တကယ်လို့များ မင်းနဲ့လက်ထပ်မယ့် မိန်းကလေးကို လူဆိုးတွေ ဖမ်းခေါ်ဆောင်သွားတယ်ဆိုရင်ကော'

'အို... လူဆိုးတွေကို ငါချေမှုန်းပစ်မှာပေါ့'

'အေး... သူကလည်း ချေမှုန်းပစ်ချင်တယ် ဒါပေမယ့်'

လုံဟွာ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။ မလှမ်းမကမ်း၌ ရပ်ကြည့်နေသည့် သူ၏ဇနီးဘက်သို့ လှည့်ကြည့်လိုက်သည်။

ဇနီးသည်မှာ သူ့အား စောင့်မျှော်နေ၏။ လုံဟွာ၏ သက်ပြင်း ချလိုက်သည်။

'ငါ့ကို ခွင့်လွှတ်ကြပါကွာ'

စကားဆုံးလျှင် ရွှေတုံးကလေးများ ထည့်ထားသော အိတ်ရှုံ့ကလေးကို စားပွဲပေါ် ပစ်တင်ကာ ချာခနဲလှည့်ထွက်သွား၏။

မျက်ထားနီး ခေါင်းယမ်းလိုက်သည်။ ကျူးယို့ပင် မျက်နှာမကောင်းချေ။

မျက်နှာတစ်ရာလည်း နှုတ်ဆိတ်နေ၏။

နားရှစ်ဘက်ကမူ

'ငါ့ရှိဆုံးဖြတ်ချက်ကို ပြင်လိုက်မယ် သွားလိုက်ပေမယ့် ငါ လိုက်မယ် ကဲ တို့သွားကြစို့'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်လေသည်။ မျက်ထားနီး မျက်နှာတစ်ရာနှင့်ကျူးယို့ပင်တို့လည်းထိုင်ရာမှထလိုက်ကြသည်။

သူတို့သည်လင်တို့သမီးထံသို့ဦးတည်သွားနေသော လုံဟွာ၏ ကျောပြင်ကို ယှမ်းကြည့်လိုက်ကြသည်။

ထို့နောက် မင်္ဂလာပွဲကို ကျောခိုင်းကာ ထွက်သွားကြလေတော့သည်။

* * *

ကောက်ရိုးပုံထဲအပ်ရှာသူ

ကောင်းကင်ပေါ်၌ လဝန်း ထိန်ထိန်သာနေ၏။ လရောင်သည် ကမ္ဘာမြေပေါ်သို့ ဖြာကျနေသည်။

ကြည်လင်အေးမြသောလရောင်အောက်တွင် သစ်တောအုပ်အတွင်းရှိ မြေကွက်လပ်ပေါ်၌ ဘုံကျောင်းပျက်တစ်ခု ရှိနေနေသည် တွေ့မြင်ရမည်ဖြစ်လေသည်။

ဘုံကျောင်းမှာ ပျက်စီးယိုယွင်းနေချေပြီ။ အကာအရံ များ ပြိုကျနေသလို ခေါင်မိုးများလည်း ပေါက်ပြဲကာ ကြယ်မြင်လမြင်ဖြစ်နေ၏။

လူသူ စွန့်ခွာသွားသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီ ဖြစ်ကြောင်း သိနိုင်၏။

မြေကွက်လပ် ဘေးပတ်လည်၌ သစ်ပင်ကြီးများ ဖုံးလွှမ်းနေသည်။

ရှည်လျားသော မြက်ပင်ရှည်များလည်း ပေါက်နေလေ၏။

'ဂစ်'

ညဉ့်ငှက်တစ်ကောင် ဝူးဝူးဝါးဝါး အော်ကာ ပျံသန်းသွား၏။ မရှေးမနှောင်းမှာပင်

'ဝူး....ဝူး... ဝူး....'

တောခွေးသံများ ထွက်ပေါ်လာသည်။ တိတ်ဆိတ်သော ညဉ့်ယံဝယ် ခြောက်ခြားဘွယ်ကောင်းအောင် ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

တောခွေးသံများထွက်ပေါ်လာပြီး မရှေးမနှောင်းတွင် မြက်ပင် ရှည်များကြားမှလူရိပ်တစ်ခုတိုးထွက်လာသည်ကို တွေ့နိုင်၏။ လူရိပ်မှာ ဘုန်းကျောင်းပျက်စီသို့ ဦးတည်ကာ တရွေ့ရွေ့ လှမ်းလာနေလေသည်။

မြက်ပင်ကြားမှဖြတ်ကာ ခြုံကွက်လပ်သို့ ရောက်လျှင် တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံး စွပ်ထားသူ တစ်ယောက်ဖြစ်ကြောင်း တွေ့မြင်ရပေမည်။

မျက်နှာဖုံးစွပ်ထားသူသည် ဘုန်းကျောင်းပျက်ဆီသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်သည်။

မျက်နှာဖုံးစွပ်အောက်မှ စူးရှတောက်ပသော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်လိုက်သည်။

ထစ်ပန်း ကောင်းကင်ပေါ်မော့ကြည့်လိုက်လေသည်။ ခုနစ်ကြယ် အမြီးထောင်သည့် သန်းခေါင်အချိန် ရောက်ရှိနေပြီ ဖြစ်လေသည်။

မျက်နှာဖုံးစွပ်ထားသူထံမှ တီးတိုးစကားသံ ထွက်ပေါ်လာသည်ကို ကြားရပေမည်။



'သန်းခေါင်အချိန်ရောက်ပြီ ခင်ဗျား ဘာဖြစ်လို့ မလာသေးတာလဲ'

သူ၏စကားသံနှင့် မရှေးမနှောင်းတွင်

'ဟား...ဟား...ဟား...'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။ ရယ်မောသံနှင့်အတူ ဘုန်းကျောင်းပျက်ထဲမှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရ၏။

လရောင်အောက်သို့ ထိုးထွက်လာခြင်းကြောင့် ထိုလူမှာ ဝိညာဉ်နတ်လက်ဝါးချောင်းမှ လက်မဆိုသူဖြစ်ကြောင်း တွေ့မြင်ရပေမည်။

လက်မက သခေါ်ကျစွာရယ်မောရင်း မျက်နှာဖုံးစွပ်ထားသူထံလှမ်းလာသည်။

မျက်နှာဖုံး စွပ်ထားသူက လက်မကို မျက်တောင်မခတ် စိုက်ကြည့်နေပါသည်။

လက်မက သူနှင့်မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်ပြီး...

'ခင်ဗျားဖြစ်စေချင်တဲ့အတိုင်း အောင်မြင်အောင် ကျုပ်တို့ ဆောင်ရွက်ပေးပြီးပြီ ကျုပ်တို့ကိုပေးဖို့ ကျန်နေတဲ့ ငွေပါတယ် မဟုတ်လား'

ဟု စကားစလိုက်သည်။

မျက်နှာဖုံးစွပ်ထားသူ ခေါင်းညိတ်လိုက်သည်။

'အဆင်သင့် ပါပါတယ်ဗျာ ကျုပ်က နောက်ထပ်အလုပ် တစ်ခုအပ်ဦးမလို့စိတ်ကူးထားတယ်'

‘ဟဲ....ဟဲ...ဟဲ....ခင်ဗျားနဲ့အလုပ်လုပ်ရတာကို ကျုပ်သဘောကျပါတယ်ဗျာ ကဲ ပြောပါဦး ကျုပ်တို့ ဘာလုပ်ပေးရမှာလဲ’

‘အခုကျုပ်တို့ စထားတဲ့ကိစ္စ ဆုံးခန်းတိုင်အောင် ဆက်ပြီးဆောင်ရွက်ပေးဖို့ပါပဲ’

လက်မ ရယ်မောလိုက်သည်။

‘ခင်ဗျား ဒီလိုပြောလာမယ်ဆိုတာ ကျုပ်သိပါတယ်ဗျ ကဲ ကျုပ်ဘာလုပ်ပေးရမယ်ဆိုတာ ပြောပါ’

‘ကျင်းကျင်းကို မသတ်ဘဲဆက်ပြီး ဖမ်းချုပ်ထားပါ’

‘ဒါလွယ်ပါတယ် နဂိုကတည်းက ကျင်းကျင်းရဲ့ဘဝကို ဖျက်ဆီးပစ်ဖို့ ခင်ဗျားစီစဉ်ထားတယ်မဟုတ်လား သူ့ကို ကြေးစားမယ်ဖြစ်သွားအောင်လုပ်ဖို့ ခင်ဗျားဘာသာလုပ်ပါ ကျုပ်တို့က ကြေးစားတွေဆိုပေမယ့် ဒီလိုအောက်တန်းကျတဲ့အလုပ်တွေ လုပ်ဖို့တော့ စိတ်မပါဘူးဗျ’

‘ကျုပ်သိပါတယ် သူ့ကိုဆက်ပြီးဖမ်းထားပါ အချိန်တန်တော့ကျုပ်လွှဲပြောင်းယူပါမယ် ပြီးတော့ ခင်ဗျားတို့ကိုလိုက်နေတဲ့လူတွေကိုလဲ သတိထားဦး’

‘ဘယ်သူတွေက ကျုပ်တို့ကို လိုက်ရှာနေတာလဲ’

‘မျက်ကန်း’

‘ဘာ’

လက်မ၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်သွားသည်။ မျက်နှာဖုံးစွပ်ကိုစိုက်ကြည့်ရင်း....

‘မျက်ကန်းဟုတ်လား’



‘ဟုတ်တယ် မျက်ကန်းက ကျင်းကျင်းကို ကယ်တင်ဖို့ တာဝန်ယူလိုက်ပြီးသူက ခင်ဗျားတို့ကိုလိုက်ရှာနေတော့မှာပဲ’

‘ဟား....ဟား....ဟား’

လက်မကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သည်။

မျက်နှာဖုံး စွပ်ထားသူက....

‘ခင်ဗျား ဘာရယ်တာလဲ’

‘မျက်ကန်းနဲ့ထိပ်တိုက်ရင်ဆိုင်ရမှာကို သဘောကျလို့ပေါ့’

‘သူဟာ မလွယ်မဟုတ်ဘူးဆိုတာ ခင်ဗျားသိထားမှ ဖြစ်မယ်’

‘ကျုပ်သိတယ် ကျုပ်တို့အကြောင်းလဲ သူကောင်းကောင်းသိသွားရမှာပေါ့’

မျက်နှာဖုံးစွပ်ထားသူက ခေါင်းယမ်းကာ....

‘မျက်ကန်းကို ပေါ့ပေါ့တန်တန်သဘောထားရင် အခက်ကြုံမယ်နော်’

‘စိတ်ချ ကျုပ်သူ့ကို ရှင်းပစ်လိုက်မှာပါ’

‘ဒါထက် မျက်ကန်းနဲ့အတူ ရွှေရုပ်တုခြံစောင့်က သခင်လေး [illegible]ယို့ မင်းလည်းရှိနေလိမ့်မယ် သူ့ကိုတော့ထိပ်ဖျားနဲ့တောင် ထိဖို့ စိတ်မကူးပါနဲ့’

‘ကျုပ် ဂရုစိုက်ပါ့မယ်ဗျာ ခင်ဗျားအဓိကလိုလားချက်ဟာ ဘာလဲ ရှင်းရှင်းပြောပါ’

‘အချိန်’

မျက်နှာဖုံးရှင်၏ စကားကြောင့် လက်မ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မျက်နှာဖုံးရှင်ကို စိုက်ကြည့်ရင်း....

'အချိန်ဟုတ်လား'

'ဟုတ်တယ်'

'ကဲ ပြောစမ်းပါဦး ဘယ်လိုအချိန်ကိုလိုချင်တာလဲ'

'ကျောင်းကျောင်းကို လူဆိုးတွေဖမ်းသွားတယ် သူပျောက်သွ… လို့သင်ဒေသ ကျူးယို့ ပင်ကလိုက်ရှာတယ် ဒါပေမယ့် အချိ… သာကုန်သွားတယ်ရှာလို့ မတွေ့ရဘူး ကြားတော့လူတွေကလဲ သူမ… မေ့သွားတယ် ကျုပ်လိုချင်တာဒါပဲ'

ထိုစကားကြားလျှင် လက်မ ခေါင်းယမ်းလိုက်သည်။

'နှစ်ရှည်လများ ထိန်းသိမ်းထားဖို့တော့ ကျုပ် တာဝန်ယ… နိုင်ဘူးဗျ အများဆုံးသုံးလဘဲ ထိန်းသိမ်းထားနိုင်မယ်'

မျက်နှာဖုံးရှင် စဉ်းစားလိုက်သည်။

ပြီးလျှင် ခေါင်းညိတ်ကာ

'ကောင်းပြီလေ သုံးလထိန်းသိမ်းထားရင် လုံလောက်ပါပြီ'

'သည်အတွက် ခင်ဗျား ငွေထပ်ပေးမယ် မဟုတ်လား'

'ပေးမှာပေါ့'

စကားဆုံးလျှင် မျက်နှာဖုံးရှင်က အင်္ကျီအိတ်ထဲမှ အထု… ကလေးတစ်ထုပ်ယူကာ မစ်ပေးလိုက်သည်။

လက်မက ဖမ်းယူလိုက်သည်။

မျက်နှာဖုံးရှင်က

'သုံးလအတွင်း ခင်ဗျားတို့ တစ်နေရာရာ ရှောင်နေကြ… ကောင်းမယ်။ မျက်ကန်းနဲ့ထိပ်တိုက်တွေ့ပြီး ပြဿနာ ဖြစ်လ… တာမျိုး ကျုပ်မလိုလားဘူး'

'သည်အတွက် ဘာမှမပူပါနဲ့ဗျာ'



'ဒါဖြင့် ကျုပ်သွားမယ်'

စကားဆုံးလျှင် မျက်နှာဖုံးရှင် ချာခနဲ လှည့်ထွက်သွား၏၊ မြက်ပင်ရှည်များကြားသို့ တိုးဝင် ပျောက်ကွယ်သွားသည်အထိ လက်မက ငေးကြည့်နေလိုက်သည်။

ပြီးလျှင် ဆန့်ကျင်ဘက် အရပ်သို့ လှည့်ထွက်သွားလေတော့သည်။

အခန်းတွင်း၌ မီးရောင်များဖြာကျနေလေသည်။ ဖွင့်ထားသောပြတင်းပေါက်မှတစ်ဆင့် လေပြည်လေညင်း တိုးဝင်လာသည်။

အခန်းတွင်း၌ အိုက်စပ်မှုမရှိသည့်ကပင် တော်သေးသည်ဆိုရပေမည်။ လက်သန်းက ပြတင်းပေါက်အနီး၌ ထိုင်နေ၏။

အပြင်ဘက်တွင် အမှောင်ထု လွှမ်းခြုံထားပါ၏။ သူက အမှောင်ထုထဲသို့ အဓိပ္ပာယ်မဲ့ ငေးကြည့်နေလေသည်။

အခန်းထောင့်၌ မိန်းကလေးတစ်ယောက်ရှိနေသည်။ ထိုမိန်းကလေးမှာ ကချေသည်ကျောင်းကျောင်းဖြစ်လေသည်။

ကျောင်းကျောင်းအား ကြိုးတုပ်ထားခြင်း သွေးကြောပိတ်ထားခြင်းမရှိချေ။ သို့သော် သူမ ထွက်ပြေးနိုင်မည် မဟုတ်ပါ။

ထွက်ပြေးရန်လည်း ကြံစည် စိတ်ကူးဝံ့မည် မဟုတ်ချေ။ အကြောင်းမှာ ရက်စက်ကြမ်းကြုတ်သော လူသတ်သမားများ

လှိုက်တွင်းသို့ ကျရောက်နေသည် ဟူသည့် အတိဓာ သူမအား ထောင်စဉ် ခြောက်လှန့်စိုးရိမ်နေသည် မဟုတ်ပါလား။

လက်သန်းက သူမအား စကားတစ်ခွန်း ပြောခဲ့သည်။

'မင်းထွက်ပြေးဖို့ကြိုးစားရင်း မင်းရဲ့ဘဝကို ဖျက်ဆီးပြီးမှ မင်းကိုသတ်ပစ်လိုက်မယ်'

ယင်းသို့ လူမဆန်စွာ ခြိမ်းခြောက်ထားခဲ့ရာ ကျင်းကျင်း ထွက်ပြေးရန် လုံးဝ မစဉ်းစားဝံ့ပါချေ။

မည်သို့ဆိုစေ လူဆိုးများ၏လက်မှ လွတ်မြောက်လိုသည့် စိတ်ဆန္ဒများရှိနေ၏။ ကျူးယို့ပင် လာရောက်အယ်တင်လိမ့်မည်ဟုလည်း တစ်ထစ်ချယုံကြည်ထား၏။

ကျင်းကျင်း လူးလွန့်လိုက်၏။ လက်သန်းအား ချက်ချင်းလှည့်ကြည့်လာလေသည်။ ကျင်းကျင်း ကြောက်ကြောက် လန့်လန့်ဖြင့်...

'ကျွန်—ကျွန်မ ထွက်ပြေးမလို့ မဟုတ်ပါဘူးရှင်'

ဟု ပြောလိုက်လေသည်။ လက်သန်းက ပြုံးလိုက်သည်။

'ထွက်ပြေးရင် မင်းသေသွားမှာပေါ့'

'ကျွန်...ကျွန်မသိပါတယ်ရှင်'

'ဟဲဟဲ...မင်းသည်လို လိမ္မာမှပေါ့'

ကျင်းကျင်း ခေါင်းငုံ့ ထားလိုက်လေသည်။ လက်သန်းက ဆက်ပြောလိုက်သည်။

'မင်းဘာမှမပူနဲ့ အချိန်တန်ရင် မင်းကို ပြန်လွှတ်ပေးလိုက်မှာပဲ။ ကျုပ်တို့က မိန်းကလေး တစ်ယောက်ကို ဖမ်းဆီးထား



ထား ဒါပထမဆုံးအကြိမ်ပဲ။ ဒီလိုလုပ်ရတာကို ကျုပ်တို့လဲ သဘောမကျဘူး။ လုပ်လဲမလုပ်ချင်ဘူး။

ကျင်းကျင်း ခေါင်းမော့လာသည်။ လက်သန်းကို ကြည့်ကာ...

'ဒါဖြင့် ဘာကြောင့် အခုလို လုပ်ခဲ့ရတာတဲ့ရှင်'

'ငွေ...ငွေကြောင့်ပေါ့'

'ရှင်'

'မင်းတို့ရဲ့မင်္ဂလာပွဲမကျင်းပနိုင်အောင် ဟန့်တားနိုင်မယ်ဆိုရင် ကျုပ်တို့အတွက် မြိုးမြိုးမျက်မျက်ရလေး ရမယ်လေ'

'ဘယ်...ဘယ်သူက အခုလို လုပ်ခိုင်းတာလဲရှင်'

'မင်းသိလို့လဲအပိုဘဲ၊ မင်္ဂလာပွဲ မဖြစ်စေချင်သူလို့ မှတ်ထားလိုက်ပေါ့'

ကျင်းကျင်း၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာသည်။ မင်္ဂလာပွဲကို မည်သူက ဖျက်လိုဖျက်ဆီး ပြုလုပ်လိုပါသနည်း။

သူမတွင် ရန်သူမရှိဟု ကိုယ့်ကိုယ်ကို ယုံကြည်သည်။

ဤသို့ဆိုလျှင် ကျူးယို့ပင်နှင့်ပတ်သက်သော ရန်ငြိုးရန်စသာ ဖြစ်ပေမည်။

လက်သန်းက ငိုနေသည့်ကျင်းကျင်းကို တစ်ချက် ကြည့်ကာ စိတ်ပျက်သွားဟန်ဖြင့်...

'ကျုပ်မှာ ကြင်နာသနားတတ်တဲ့ စိတ်မရှိတာခက်တယ်'

ပြောပြီး ပြတင်းပေါက်ဘက် ပြန်လှည့်နေလိုက်သည်။

ယခုတစ်ကြိမ် အမှောင်ထုထဲ ကြည့်လိုက်သောအခါ လူရိပ်တစ်ခု ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသည်။

လက်သန်း ပြုံးလိုက်သည်။

'အစ်ကိုကြီးဘောဝ် ပြန်လာပြီ'

ပြောရင်း ထိုင်ရာမှထလိုက်၏။

တစ်ဖန် ကျင်းကျင်းကို စိုက်ကြည့်ကာ...

'မင်း ထွက်ပြေးဖို့ မကြိုးစားနဲ့'

ဟု ငေါက်လိုက်သည်။

ထို့နောက် ပြတင်းပေါက်တံခါးကို ပိတ်ကာ အခန်းတွင်းမှ ထွက်သွားသည်။

'ဝုန်း'

အခန်းတံခါးပြန်ပိတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကျင်းကျင်းမှာ ထွက်မပြေးဝံ့ဘဲ တရှုပ်ရှုပ် ငိုကြွေးနေမိလေတော့သည်။

အခန်းတွင်း၌ လူစုံစုံညီညီ ရှိနေပါ၏။

လက်မ လက်ညှိုး လက်ခလယ် လက်သူကြွယ် လက်သန်း ငါးယောက်စလုံး စုံစုံညီညီရှိနေခြင်း ဖြစ်သည်။

အားလုံးသည် လက်မကို ဝိုင်းကြည့်နေကြသည်။

လက်မက စကားစလိုက်သည်။

'ဇာချေသည်မလေးကို နောက်ထပ်သုံးလ တို့ဆက်ပြီး သိမ်းထားရလိမ့်မယ်'



'ဘာ သုံးလ ဟုတ်လား'

လက်ညှိုးက အလန့်တကြား မေးသည်။

လက်မ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် သူက ငွေထပ်ပေးတယ် သုံးလလောက် အချိန်ဖြုန်းဖို့ပြောတယ်'

'ဟာ အဓိပ္ပာယ်မရှိတာ ဖမ်းထားမယ့်အစား ရှင်းပစ်လိုက်ရင် အေးတာပဲ ဘာကြောင့် အလုပ်ရှုပ်ခံပြီး သုံးလတောင်ဖမ်းထားရမှာလဲ'

'သူ့ကိုမှသတ်ချင်ဘူး လူတွေမေ့သွားမယ့် ကျူးယို့ပစ်လဲ မေ့သွားမယ် ဒီလိုအဖြစ်မျိုးဘဲ သူကလိုချင်တယ်'

'ဒါ သက်သက် ကျုပ်တို့အလုပ်ရှုပ်အောင်လုပ်တာပဲ'

လက်ခလယ်ကလည်း မကျေမနပ် ဝင်ပြောလေသည်။

လက်မ လက်ကာပြလိုက်သည်။

'သူက ငွေထပ်ပေးထားတယ်လေ'

'ငွေပေးတာမှန်တယ် ဒါပေမယ့် သူလုပ်ပုံကို ကျုပ်သဘော မကျဘူး'

လက်သူကြွယ်က ပြောလာသည်။

သူ၏လူများ တစ်ယောက်မှ သဘောမကျကြောင်း လက်မ ရိပ်မိလိုက်သည်။ ထို့ကြောင့် ရှင်းပြလိုက်ရသည်။

'မင်းတို့ သဘောမကျကြဘူးဆိုတာ ကျုပ်သိတယ် ရှင်းရှင်း ပြောရရင် ကျုပ်လဲ ဒီကိစ္စကို သဘောမကျဘူး'

ယခုတစ်ကြိမ် သူ၏စကားကို ကျန်လူများ ငြိမ်သက်စွာ နားထောင်နေလိုက်ကြသည်။ လက်မက ဆက်ပြောလိုက်သည်။

'တို့တစ်တွေကို လူတစ်ယောက်က ဆက်သွယ်ပြီး ငှားရမ်းလာတယ် မင်္ဂလာဆောင်တော့မယ့် သတို့သမီးတစ်ယောက်ကို ဖမ်းခေါ်သွားရမယ် ပြီးရင် သူ့ကိုလွှဲပြောင်းပေးရမယ်လို့ဆိုတယ် ငွေအတော်များများရမယ်ဆိုတော့ တို့တတွေ လက်ခံလိုက်ကြတယ် ဒီလိုနဲ့ခဲ့တယ် မဟုတ်လား'

လက်သန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဗျာ ဒီအလုပ်မျိုး ကျုပ်တို့မှ မလုပ်ဘူးပဲ ဒါပေမယ့် ငွေများများရတော့လဲ လုပ်ခဲ့ကြရတာပေါ့'

လက်မက....

'ကောင်းပြီ တို့က သတို့သမီးကို ဖမ်းခေါ်လာခဲ့တယ် အမှန်ဆိုရင် တို့ရဲ့အလုပ်ရှင်လက်ထဲ လွှဲပြောင်းပေးလိုက်ရုံပဲ အခုတော့ တစ်မျိုးဖြစ်လာပြီ တို့ကိုဆက်ပြီး ထိန်းသိမ်းထားဖို့ နောက်ထပ် ငွေပေးပြီးခိုင်းလာတယ် ဒီကိစ္စ အစအဆုံး ဘယ်လိုဖြစ်ပေါ်လာတယ် ဘာကြောင့် ဖြစ်ပေါ်လာတယ်ဆိုတာ စဉ်းစားကြည့်ကြစမ်း'

လက်ညှိုးက စဉ်းစားချင့်ချိန်သောလေသံဖြင့်....

'သတို့သမီးကို ဖမ်းခေါ်ခိုင်းတယ် ဆိုကတည်းက မင်္ဂလာပွဲ ပျက်စီးစေချင်လို့ဆိုတာ ထင်ရှားနေတယ်ပေါ့'

'ဟုတ်ပြီ ဘာကြောင့် မင်္ဂလာပွဲ ပျက်စီး သွားစေချင်ရတာလဲ'

လက်ညှိုး ပါးစပ်ပိတ်ထားလိုက်လေသည်။

လက်ခလယ်က



'ဒါကိုစဉ်းစားမယ်ဆိုရင် မင်္ဂလာပွဲ ပျက်စီးတဲ့အခါ ဘယ်သူ့ကို ထိခိုက်မလဲ ဒါကိုအရင်ဆုံး စဉ်းစားရလိမ့်မယ်၊ အရင်ဆုံး ထိခိုက်မယ့်လူဟာ ရွှေရုပ်တုခြံဝင်းပိုင်ရှင်နဲ့ သူ့ရဲ့ သားပဲ'

လက်မ ပြုံးလိုက်သည်။

'မင်းမဆိုးဘူး ပြောတာ အဖြစ်နိုင်ဆုံးပဲ ဘယ်သူက ရွှေရုပ်တု ခြံဝင်းပိုင်ရှင်နဲ့ သူ့သားကို ထိခိုက်စေချင်ရတာလဲ'

'သူတို့နဲ့ မတည့်တဲ့လူ ဖြစ်မှာပေါ့'

'ကောင်းပြီ ဒီလိုတွေးတာ အမှန်ဆုံးဖြစ်မယ်လို့ အားလုံး ယူဆကြမှာပဲ ဒီလိုပဲ တွေးရလိမ့်မယ် ဒါပေမယ့် ရွှေရုပ်တု ခြံဝင်းပိုင်ရှင်ဟာ ခေတ်လူမဟုတ်ဘူးဆိုတာ ကြည့်တွက်ရမယ် သူ ဘယ်လိုလူစားဆိုတာ အရေးကြီးဆုံးပဲ'

လက်သူကြွယ်က

'သူဟာ သိုင်းသမားပီသတဲ့ သိုင်းသမားကြီးတစ်ယောက်ပေါ့ ကတိသစ္စာတည်တယ် အများအကျိုး ဆောင်ရွက်တယ်၊ သိုင်းပညာတော်တယ် သိုင်းလောကမှာ နေလိုလလိုထင်ရှားတဲ့ သိုင်းသမားကြီးပေါ့'

လက်မ ပြုံးလိုက်ပြန်သည်။

'ဟုတ်တယ် ကျူးရယ်ကို လူတိုင်းလေးစားကြတယ် ကျူးရယ်ဟာ ထိပ်ဆုံးရောက်နေတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဆိုတော့ မာန်မာနခက်ထန် မောက်ကြွားတယ်ဆိုတာ သိကြမှာပဲ'

'ဟုတ်တယ် သိုင်းအောကသားတိုင်း ကြည်ညို့လေးစားကြ တော့ သူဟာ ဝင့်ကြွား မောက်မာလာတာပေါ့ ဒါပေမယ့် ဘယ်သူကသူ့ကို အပြစ်ပြောရဲမှာလဲ'

ဆက်သန်းက ထောက်ခံလိုက်သည်။

လက်ညှိုးက

'ကျူးရယ်ကို မှန်းမျှန်ပ်တဲ့လူတွေလဲ ရှိမှာပေါ့'

'ဟုတ်တယ် တကယ်လို့များ သူ့ကိုရှင်းပစ်ဖို့ တစ်ယောက် ယောက်က ငွားရပ်းလာရင် ကျုပ်တို့လက်ခံမှာ မဟုတ်လား'

လက်လေယ်က ပြောသည်။

လက်သူကြွယ်ကလည်း

'မှန်တယ် ကျူးရယ်ဟာ မာန်မာနကြီးသလို ဂုဏ်သိက္ခာကို အရေးထားတယ် တော်ရုံတန်ရုံလူတွေဟာ သူနဲ့တန်းတူ မဟုတ်ဘူး သူ့ထက်အဆင့်အတန်းနိမ့်ကျတဲ့လူတွေလို့ သတ်မှတ်ထားတာပဲ'

လက်မ ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား'

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အားလုံးက သူ့အားကြည့်လိုက်ကြသည်။

လက်မ အဘယ်ကြောင့် ယခုလိုရယ်မောနေသည်ကို သေ ကြချေ။

လက်မက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး

'ကျုပ် ပြောချင်တဲ့ စကားတွေကို မင်းတို့ ပြောသွားကြ ပြီ'



သူ၏စကားကို ယခုတိုင် မည်သူမျှနားမလည်နိုင်ကြပါချေ။

လက်သန်းက

'အစ်ကိုကြီးလက်မ ရှင်းရှင်းပြောပါဗျာ ကျုပ်တို့ ဘာမှ နားမလည်တော့ဘူးဗျ'

လက်ညှိုးကလည်း ထောက်ခံလိုက်သည်။

'ဟုတ်တယ် အစ်ကိုကြီး ရှင်းရှင်းပြောရင် ကောင်းမယ်'

လက်မပြုံးလိုက်သည်။

'ကောင်းပြီ ကျုပ်ပြောမယ် မင်္ဂလာပွဲ ပျက်စီးအောင် လုပ်တဲ့လူဟာ ကျူးရယ်ဒုက္ခရောက်အောင်လုပ်တာ ဖြစ်ရမယ် ဒါကို မှတ်ထားနော် နောက်တစ်ချက်က ကျူးရယ်ကိုယ်တိုင် လုပ်တာလဲ ဖြစ်နိုင်တယ်'

'ဗျာ'

'ဘာ'

ကျန်လေးယောက် ပါးစပ်အဟောင်းသားဖြစ်သွားကြလေ သည်။

လက်မက ဆက်ပြောလိုက်သည်။

'ကျူးရယ်ဟာ အဆင့်အတန်း ခွဲခြားတတ်သူဖြစ်လို့ သူ့ရဲ့ တစ်ဦးတည်းသောသားနဲ့ ကချေသည်မလေးကို ဘယ်နည်းနဲ့မှ သဘောတူနိုင်မှာ မဟုတ်ဘူး ကျုပ်ပြောတာ ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလားဆိုတာ မင်းတို့စဉ်းစားကြည့်ကြပေါ့'

လက်ညှိုးက

'အင်း အစ်ကိုကြီးပြောတာဖြစ်နိုင်တာပဲ ကျူးရယ်က ဘယ်နည်းနဲ့မှ သဘောမတူမှာမဟုတ်ဘူး ဒီအချက်ဟာ သေချာတယ်'

'ဒါဆို မင်းတို့အားလုံးရှင်းသွားပြီ မဟုတ်လား'

ကျန်လူလေးယောက်ပြိုင်တူခေါင်းညိတ်လိုက်သည်။

လက်မက...

'ကောင်းပြီ ကျူးရယ်ဟာ ကျုပ်တို့ရဲ့အလုပ်ရှင် ဆိုပါတော့ ကျုပ်တို့ဘာဆက်လုပ်ကြမလဲ'

လက်ညိုး လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းတို့တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။

လက်သန်းက...

'အစ်ကိုကြီးဒီအချက်ကိုအစောကြီး စဉ်းစားမိခဲ့တယ် မဟုတ်လား'

'မှန်တယ် ကချေသည်မလေးကို ဖမ်းထားရမယ် သတ်ပစ်ရဘူးဆိုကတည်းက တစ်ခုခုတော့ မှားယွင်းနေပြီဆိုတာ ကျုပ်တွေးမိတယ် ဒါနဲ့ဖြစ်နိုင်ချေရှိသမျှအားလုံး တွေးကြည့်တော့ တို့ရဲ့အလုပ်ရှင်ဟာ ကျူးရယ်ဖြစ်ရမယ်လို့ တွေးမိလာတယ်'

'ဒါဖြင့် အစ်ကိုကြီးရှေ့ဆက်လုပ်ဖို့ စီစဉ်ထားပြီးပြီပေါ့'

လက်မ အားရပါးရပြုံးလိုက်သည်။

'မင်းက အတော်ကိုဉာဏ်ကောင်းတာပဲ ကျုပ်စဉ်းစားပြီးပါပြီကွာ'

'ဒါဖြင့် ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ပြောကြပါလား'



'ကျူးရယ်ဟာ တို့ရဲ့အလုပ်ရှင်ဖြစ်မယ်ဆိုရင် တို့ဘာတွေ ငွေတွင်းကြီးတစ်တွင်းကိုပိုင်ဆိုင်ရပြီပေါ့ကွာ ကျူးရယ်ကို ကြိုးကိုင်ပြီး သိုင်းလောကတစ်ခုလုံးပြောင်းဆန်သွားအောင် မွှေနှောက်ပစ်ရမယ် လူကတော့တို့ကိုငွေပေးပြီးကြိုက်သလို ခိုင်းနိုင်တယ်လို့ ထင်မှာပဲ ဒီလိုထင်နေတာအကောင်းဆုံးပဲ ဟား ဟား ဟား'

လက်သန်းတို့လည်း သဘောကျစွာ ရယ်မောလိုက်ကြသည်။

အတော်ကလေးကြာအောင် ရယ်မောပြီးမှ လက်မက...

'ကဲ တို့အခုတာဝန်ပြန်လှုပ်ရှားမှု စလိုက်ကြရအောင် ကျူးရယ်ထိတ်လန့်သွားအောင်လုပ်ရလိမ့်မယ် လက်သန်း'

'ဗျာ အစ်ကိုကြီး'

'မင်းလဲ ဉာဏ်ကောင်းတယ် မျက်ကန်း တို့ဘာတွေ ကျုပ်တို့ကို လိုက်ရှာနေကြတယ် မျက်ကန်းယာတို့ကို ဘယ်လောက် ဒုက္ခပေးချင်နေတယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

လက်သန်း ခေါင်းညိတ်လိုက်သည်။

'သိပါတယ်'

'အေး ကျူးရယ်အသူတို့နဲ့ထိပ်တိုက်ရင်မဆိုင်ဘဲထိုကို ရှောင်သွားစေချင်တယ် ဒါပေမယ့်တို့က မရှောင်ဘဲ ရင်ဆိုင်လိုက်ကြရအောင်'

'ဟာ သိပ်ကောင်းတာပေါ့ အစ်ကိုကြီးရာ'

'မင်းဘဲ လှုပ်လှုပ်ရှားရှားဖြစ်သွားအောင် လုပ်လိုက်ပါ'

လက်သန်း ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်လေသည်။

'စိတ်ချ မျက်ကန်းတို့လူစုကိုကောင်းကောင်းကြီး ဆုံးမလိုက်ပါမယ်'

ကျူးယို့ပင်ကိုတော့ မထိခိုက်စေနဲ့နော်'

'စိတ်ချပါ'

'သူဟာ နောက်ပိုင်းမှာ တို့အတွက်အသုံးဝင်လာနိုင်တယ်ကွ'

'ကျုပ်ဘယ်တော့ သွားရမလဲ'

'အခု'

လက်သန်းဘာမှ မပြောတော့ဘဲ ဆိုင်ရာမှထကာ ထွက်သွားလေတော့သည်။

လက်သန်းထွက်သွားလျှင် လက်မက...

'တို့အတွေ ဒီအတိုင်းအခြေအနေစောင့်ကြည့်နေကြတာပေါ့ လက်သန်းဆီက ထူးထူးခြားခြား သတင်းကြားတာနဲ့ တစ်ပြိုင်နက် လှုပ်ရှားကြတာပေါ့'

ဟု ပြောလိုက်သည်။

ကျန်လူများပြိုင်တူ ခေါင်းညိတ်လိုက်ကြတော့သည်။

## နွားရှစ်ဘက်

နွားရှစ်ဘက်အား ခပ်သွက်သွက်လှမ်းသွားသည်။

ကျူးယို့ပင်က နောက်မှလိုက်သွားသည်။

လမ်းမကျယ်မှတစ်ဆင့် လမ်းကျဉ်းကလေးထဲ ချိုးကွေ့ဝင်လိုက်ရာ ဘေးတစ်ဖက်တစ်ချက်၌ တဲအိမ်ကလေးများ အစီအရီရှိနေသည်ကို တွေ့မြင်ရသည်။

ဆင်းရဲနွမ်းပါးသူများ စုရုံးနေထိုင်ရာ ရပ်ကွက်တစ်ခုဖြစ်လေ၏။

ကျူးယို့ပင် မျက်မှောင် ကြုတ်သွားသည်။

ဤကဲ့သို့သော နေရာမျိုး သူမရောက်ဘူးချေ။ ထို့ကြောင့် ရှေ့ဆက်သွားရန် မဝံ့မရဲဖြစ်နေသည်။ နွားရှစ်ဖက်က နောက်လှည့်ကာ

'လာလေ တို့ရှေ့ဆက်သွားကြရဦးမယ်'

ဟု လှမ်းပြောလိုက်၏။

ကျူးယို့ပင် မျက်နှာ မသာမယာ ဖြစ်နေသည်ကိုတွေ့လျှင်

'ဘယ်လို ဖြစ်နေတာလဲ ခင်ဗျားပဲ ကျုပ်နဲ့အတူ လိုက်မယ်ဆို'

'ဟုတ်ပါတယ်ဗျာ'

ကျူးယို့ပင် လေသံ သဲ့သဲ့ ပြန်ပြောကာ နောက်မှ လိုက်သွား၏။ သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လျှောက်သွားကြရာ မကြာပါချေ။ အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်သွားရေသည်။

ကျူးယို့ပင်က...

'မရောက်သေးဘူးလားဗျ'

ဟု လှမ်းမေးလိုက်၏။ နားရှစ်ဖက်က ခြေလှမ်းရပ်ကာ...

'ရောက်ပြီလေ လာ... အထဲဝင်ကြမယ်'

ပြောပြီး အိမ်ထဲ လှမ်းဝင်သွား၏။ ကျူးယို့ပင်လည်း နောက်မှလိုက်သွား၏။

အိမ်ထဲရောက်လျှင် ဧည့်ခန်းအတွင်း၌ မှုန်နံ့သာခြယ်သကာ စိတ်နှိုးထိုင်နေကြသော မိန်းကလေးများကို တွေ့ရ၏။

ထိုမိန်းကလေးများမှာ ငယ်ရွယ်သူ ကလေးများသာ ဖြစ်သည်။ သူတို့သည် ဝင်လာသော နားရှစ်ဖက်နှင့် ကျူးယို့ပင်အား စိတ်ဝင်စားသောအကြည့်ဖြင့် ကြည့်နေကြ၏။

ကျူးယို့ပင် မနေတတ် မထိုင်တတ်ဖြစ်သွား၏။ နားရှစ်ဖက်အနီးသို့ကပ်ကာ...

'သည်နေရာဟာ ဘယ်လိုနေရာလဲဗျ'

ဟု မေးလိုက်သည်။

နားရှစ်ဖက်က ပြုံးလိုက်ပြီး

'အပျော်မယ်ဂေဟာလေ'

'ဗျာ'



ကျူးယို့ပင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ မျက်နှာ ချက်ချင်း နီရဲသွား၏။

နားရှစ်ဖက်ကို မကျေမနပ်ကြည့်ကာ

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဝိညာဉ်နတ်သက်ငါးချောင်းရှဲ့ သတင်းသွားပြီး စုံစမ်းမယ်ဆို၊ အခုတော့ အပျော်မယ်ဂေဟာ ရောက်လာပါလား။ သည်လိုမှန်းသိရင် ကျုပ်လိုက်မလာပါဘူးဗျာ'

နားရှစ်ဖက်က ပခုံးတွန့်လိုက်သည်။

'ကျုပ်ပြောသားပဲ ဘား သောက် ဆိုင် မှာ မျက်ကန်းတို့နဲ့အတူ အေးအေးဆေးဆေး ထိုင်စောင့်နေပါဆိုတာ ခင်ဗျားမှ လက်မခံတာတဲ့၊ ခင်ဗျားကိုယ်တိုင် သတင်းစုံစမ်းချင်တယ်ဆို'

'သည်လို နေရာမျိုးမှာ လာပြီး စုံစမ်းမယ်ဆိုတာမှ ကျုပ်မသိတဲ'

'ကျုပ်က နားရှစ်ဖက်ဆိုတာ မမေ့နဲ့လေ။ သည်နေရာဟာ ကျုပ်ရဲ့ နားတစ်ဖက်ပေါ့'

ကျူးယို့ပင် ပါးစပ် ပိတ်သွား ရိုက်သေသည်။ ထိုစဉ် မတွင်းဘက်မှ အမျိုးသမီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုအမျိုးသမီးကြီးသည် နားရှစ်ဖက်ကို မြင်လျှင် အားရပါးရပြုံးလိုက်ပြီး...

'မင်း ရောက်လာပြန်ပြီကိုး ကဲ... အထဲကိုလာ'

ပြောရင်း လမ်းပြခေါ်ဆောင်သွား၏။ နားရှစ်ဖက်နောက်မှလိုက်သွားသည်။

ကျူးယို့ပင်လည်း လိုက်သွားလေသည်။ အမျိုးသမီးကြီး
အ အတွင်းဘက်မှ အခန်းတစ်ခုသို့ခေါ်ဆောင်သွားပြီး နေရာ
ထိုင်ခင်းပေးလိုက်သည်။

ပြီးလျှင်...

'တစ်ခုခု စားကြဦးမလား'

ဟု မေးလေသည်။

နားရှစ်ဖက် ခေါင်းယမ်းလိုက်သည်။

'နောက်နေ့ခင်ကြုံကြိုက်မှပဲ စားတော့မယ်။ အခုတော့ စာ
ဖို့ထက် ပိုပြီးစကားပြောချင်တယ်ဗျ'

'ကဲ... ဘာတွေ ပြောချင်သလဲ ပြောသာပြော'

'ဝိညာဉ်နတ် လက်ငါးချောင်းရှိတဲ့ နေရာကို ညွှန်ပြနိုင်တဲ့ရ
မရှိဘူးလား ရှိရင်ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါဗျာ'

အမျိုးသမီးကြီး မျက်လုံးပြူးသွားသည်။

နားရှစ်ဘက်ကို စိုက်ကြည့်ရင်း....

'ဝိညာဉ်နတ် လက်ငါးချောင်း ဟုတ်လား'

'ဟုတ်တယ်'

'အင်း သူတို့ကိုတွေ့ဖို့မလွယ်ဘူးထင်တယ်'

နားရှစ်ဘက်က အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်၏။

လက်ပြန်ထုတ်လိုက်သောအခါ အထုပ်ကလေးတစ်ထုပ် ပါ
လာသည်။

နားရှစ်ဘက်က အထုပ်ကလေးကို အမျိုးသမီးကြီးရှေ့ချပေး
လိုက်သည်။

အမျိုးသမီးကြီးက တောက်ယူကာ ဖွင့်ကြည့်လိုက်သည်။



သူမ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်
ပလာသည်။

မျက်နှာအမူအရာလည်း ချက်ချင်း ပြောင်းလဲသွားစေ၏။

'မင်းက ကျုပ်ကို စကားမပြောဘဲ မနေနိုင်အောင် လုပ်နေ
တာကိုး'

ဟုလည်း ရယ်ရယ်မောမော ပြောသည်။

နားရှစ်ဘက်က...

'ညွှန်ပြနိုင်တဲ့ လူတစ်ယောက်ကို ခင်ဗျား သိမယ်လို့ ကျုပ်
ယုံကြည်ထားတယ်ဗျ'

'အင်း သိပ်တော့ မသေချာဘူး မြို့စွန်အခေါင်းဆိုင်က ခါး
ကုန်းစွန်းမျှား သိမလား မဆိုနိုင်ဘူး'

မသေချာ မရေရာသော စကားပြောသော်လည်း လူတစ်
ယောက်ထံသို့ ညွှန်ပြပြီးသား ဖြစ်နေ၏။

နားရှစ်ဘက်က ပြုံးလိုက်သည်၊

'ကိစ္စမရှိပါဘူးဗျာ မသေချာတော့လဲ ကျုပ်ကံပေါ့ ကျေး
ဇူးပဲ ကျုပ်တို့သွားလိုက်ဦးမယ်'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်သည်။

ကျူးယို့ပင်လည်း ထရပ်လိုက်သည်။

အမျိုးသမီးကြီးက....

'မင်းလို ဖောက်သည်ကောင်းတစ်ယောက် ဆုံးရှုံးသွားမှာ
တော့ ကျုပ်မလိုလားဘူး၊ သတိလဲထားဦးနော်'

စိတ်ချပါဗျာ ကျုပ်က ခင်ဗျား၏ ရာသက်ပန် ဖောက်သည်
ဖြစ်နေမှာပါ'

ပြောပြောဆိုဆို လှည့်ထွက်သွားရာ ကျူးယို့ပင်လည်း လိုက်သွားရ၏။

အမျိုးသမီးသည် သူတို့နှစ်ယောက် အပြင်ဘက်ရောက်သည့်တိုင်အောင် လိုက်လံပို့ဆောင်ပေး၏။

လမ်းကြားကလေးအတွင်း ပြန်လည်ရောက်ရှိလာသောအခါ နားရှုပ်ဘက်က....

'ကျုပ်တို့ ကျုပ်တန်းကိုသွားတော့မယ် ပြီးမှ ခါးကုန်းစွန်းရဲ့ အခေါင်းဆိုင်ကို သွားကြတာပေါ့ ကဲ မြန်မြန်လာ'

ပြောပြီး ရှေ့မှခပ်သွက်သွက် လျှောက်သွားသည်။

ကျူးယို့ပင်လည်း နောက်မှအပြေးတစ်ပိုင်း လိုက်သွားရ၏။

သူတို့နှစ်ယောက် လမ်းကြားကလေးအတွင်းမှ ပျောက်ကွယ်သွားသည်ကို အမျိုးသမီးကြီး အိမ်အပေါက်ဝမှ ငေးကြည့်နေပါ၏။

ကျူးယို့ပင်တို့ ပျောက်ကွယ်သွားလျှင် အိမ်ထဲလှည့်ဝင်မည် ဟန်ပြင်လိုက်သည်။

ထိုစဉ်၊ အတွင်းဘက်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။ ထိုလူမှာ ဃက်သန်း ဖြစ်သည်။

* * *



မြို့စွန်တွင် ခြံဝင်းတစ်ခုရှိသည်။

ခြံဝင်းအတွင်း၌ ပျက်စီးယိုယွင်းစပြုနေပြီဖြစ်သောအိမ်ကြီး တစ်လုံး ရှိလေသည်။

ခြံဝင်းတံခါးမကြီး ဟာလာဟင်းလင်း ဖွင့်ထား၏။

သို့မှသာလျှင် ပစ္စည်းဝယ်ကုန်သူ ရောက်လာပါက လွယ်လင့်တကူ ဝင်လာနိုင်မည် မဟုတ်လား။

ခြံဝင်းအဝင်၌...

'ခါးကုန်းစွန်း၏ အခေါင်းဆိုင်'

ဟု ရေးသားထားသည့် ဆိုင်းဘုတ်ချိတ်ဆွဲထားသည်။

ဈေးဆိုင်များအနက် အခေါင်းဆိုင်ကို မည်သူမျှသဘောကျကြမည် မဟုတ်ချေ။

သို့သော် ခေါင်းရောင်းသူသည် မည်သည့်အခါမျှ မပူရချေ၊ နေ့စဉ် သေဆုံးသူများရှိနေသည် မဟုတ်လား။

အခေါင်းမှာ ပုပ်သိုးတတ်သောပစ္စည်းလည်း မဟုတ်ပေရာ ပူစရာမရှိချေ။

ထို့ကြောင့်ပင်လည်း ခါးကုန်းစွန်းက လူအများမနှစ်ခြိုက်သည့် အခေါင်းဆိုင်ဖွင့်ကာ စီးပွားဖြစ်ထွန်းနေပေတော့၏။

ယနေ့....

ဖွင့်ထားသောတံခါးမှတစ်ဆင့် ကျောက်ခင်းလမ်းအတိုင်း လူလေးယောက် လှမ်းဝင်လာသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ထိုလူလေးယောက်မှာ နားရှုပ်ဘက်၊ မျက်ကန်း၊ မျက်နှာတစ်ရာနှင့် ကျူးယို့ပင်တို့ ဖြစ်ကြသည်။

သူတို့သည် အနုပျော်မယ်ဂေဟာမှရခဲ့သည့် သတင်းကြောင့် ခါးကုန်းစွန်းထံ လာခဲ့ကြခြင်းဖြစ်သည်။

သူတို့လေးယောက်သည် အခေါင်းဝယ်ရန်လာသူနှင့် မတူသလို အခြားသောကိစ္စ တစ်ခုခုကြောင့် ရောက်လာသူများနှင့်လည်း မတူပါ။

အေးအေးဆေးဆေး ယမ်းလျှောက် ထွက်လာသူများပမာ ရှိနေကြ၏။ နားရှစ်ဘက်က....

'တကယ်ကို အေးချမ်းတိတ်ဆိတ်တဲ့ နေရာတစ်ခုပဲ ကျုပ်တော့ သဘောကျသွားပြီ'

ဟု ပြောလိုက်လေသည်။

မျက်နှာတစ်ရာ မျက်လုံးပြူးသွားပြီး...

'ဘာလဲ မင်းက အရင်းအနှီး ရှာပြီး အခေါင်းဆောင်းစားတော့မလို့လားကွ'

'ဟာ ကြံကြီး စည်ရာ ဒီနေရာဟာ အခေါင်း ရောင်းတဲ့နေရာမဟုတ်ဘဲ အေးအေးဆေးဆေး အနားယူလို့ရတဲ့ နေရာဖြစ်ရင် ဘယ်လောက် ကောင်းမလဲလို့ ပြောတာကွ'

'မင်းက အခေါင်းဆိုင်မှာ လာပြီး စိတ်ကူး ယဉ်နေတာကိုး'

သူတို့ စကားတပြောပြောဖြင့်လျှောက်လာကြရာ အခဆောက်အအုံအနီးသို့ ရောက်ရှိလာကြသည်။

အဆောက်အဦးဟုသာ ခေါ်ရသော်လည်း ကုန်လှောင်ရုံ တစ်ခုသာသာရှိနေပါ၏။



အဆောက်အဦးတံခါး ဖွင့်ထားသည်။ အတွင်းဘက်၌ ပျဉ်ချပ်များ ရေဆေးထိုးထားသဖြင့် ရှုပ်ပွနေသော ရေဆေးဘော်စာများ အစီအရီ ထပ်ထားသောအခေါင်းများ နံရံကိုမှီထားသော အခေါင်းများ ရှိနေသည်ကိုတွေ့ရ၏။

အစီအစဉ်တကျထားရှိခြင်းမရှိဘဲ မွစာကြနေခြင်း ဖြစ်သေသည်။ သူတို့လေးယောက် တံခါးပေါက်ဝ၌ ခြေလှမ်းရပ်လိုက်ကြ၏။

နားရှစ်ဘက်က

'ဗျို့.. ဘယ်သူမှမရှိ....'

အော်ပြောသောသူ၏စကား တစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားလေသည်။

အကြောင်းကား အတွင်းဘက်မှ လူတစ်ယောက် ထွက်လာသည်ကို မမျှော်မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထွက်လာသူမှာ ခါးကုန်းကြီးတစ်ယောက်ဖြစ်၏။ သူ့အား မြင်ရုံဖြင့် ခါးကုန်းစွန်းဖြစ်ကြောင်း လူတိုင်းသိကြမည် ဖြစ်လေသည်။

မှန်ပေသည်။ ထိုလူမှာ အခေါင်းဆိုင်ပိုင်ရှင် ခါးကုန်းစွန်း ဖြစ်လေသည်။

ခါးကုန်းနေခြင်းကြောင့် ခါးကုန်းစွန်းဟု ခေါ်ကြသော်လည်း အဘယ်ကြောင့်ခါးကုန်းနေရသည်ဆိုခြင်းကိုမူ လူအများ မသိကြချေ။

အာမခံပစ္စည်းသယ်ဆောင်လာသော မြင်းလှည်းတစ်စီးအား လှယက်တိုက်ခိုက်ယင်း ခါး၌ ဒဏ်ရာရကာ ခါးကုန်းခဲ့ရသည့်

အဖြေကိုသာသိလျှင် အံ့ဩကုန်ကြမည် ဖြစ်လေသည်။ ခါးကုန်းစွန်း၏ အတွက်မှာ ခြေထောက်သာပြီး နားရှစ်ဘက်ကို မြင်လျှင် မြို့၌ နှုတ်ဆက်လိုက်လေသည်။

'နားရှစ်ဘက်ပါလား ကျုပ်ဆီကို အခေါင်းလယ်ဖို့လာတဲ့ တာတော့ မဟုတ်ပါဘူးနော်'

နားရှစ်ဘက် ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ ခင်ဗျားကိုတွေ့ချင်လို့ တမင်သက်သက် လာခဲ့တာပါ၊ ဘယ်လိုလဲ နေထိုင်ကောင်းတယ် ကျန်းမာတယ် မဟုတ်လား'

ခါးကုန်းစွန်း ရယ်မောလိုက်သည်။

'ဟား ဟား ဟား ကျုပ်ရဲ့ကျန်းမာရေးမေးဖို့ လာတယ် ဆိုလဲ ကျုပ်မထင်ပါဘူးဗျာ'

'ခင်ဗျား မဆိုးဘူး'

'ဘာမှ အားနာစရာ မလိုပါဘူးကွာ ပြောစရာရှိတာ ပြောပါ'

နားရှစ်ဘက်က မျက်ကန်းနှင့် မျက်နှာ တစ်ရာတို့ဘက်သို့ လှည့်ကြည့်လိုက်လေသည်။ မျက်ကန်းက မသိမသာခေါင်းညိတ် ပြလိုက်လေသည်။

နားရှစ်ဘက်က

'ဝိညာဉ်နုတ် လက်ငါးချောင်းအကြောင်းသိချင်လို့ ခင်ဗျားဆီ လာခဲ့တာ'

'ဟေ'



ခါးကုန်းစွန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ နားရှစ်ဘက်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

နားရှစ်ဘက်က

'ခင်ဗျားပြောဆိုလို့ ကျုပ်ပြောပြီးပြီလေ'

'မင်းက ဘာကယ် မီးခဲမှ ကိုင်ချင်တာကိုး'

'တစ်ခါတစ်လေတော့လဲ မီးခဲကိုင်ကြည့်ယင် ဘယ်လိုနေမလဲ ဆိုတာ သိချင်စိတ် ပေါ်လာတယ်လေဗျာ'

'မီးခဲကိုင်မှတော့ ပူမှာပေါ့ကွာ'

'ခင်ဗျားမှာ ဒီလိုစိတ်မျိုးရှိယင် အခုလို ခါးကုန်းနေမှာ မဟုတ်ဘူး'

ခါးကုန်းစွန်း ခကြာငြိမ်သက်သွားသည်။ သို့သော် ချက်ချင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား... ဟား... ဟား'

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသေသည်။

နားရှစ်ဘက်က သူ့အားပြုံးကြည့်နေသည်။

မျက်ကန်း မျက်နှာတစ်ရာနှင့် ကျူးယိုပေါ်ကျိုကမူ မလှမ်းမကမ်း၌ရပ်ကာ အခြေအနေကိုစောင့်ကြည့်နေကြသည်။

ခါးကုန်းစွန်းသည် တော်တော်ကြာ ရယ်မောပြီးမှ...

'မင်းမဆိုးဘူး မင်းဟာငါ့ထက်တောင် ခေါင်းမာမယ့် လူစားမျိုးဆိုတာ ငါရိပ်မိပါတယ်'

'ကျုပ်ခေါင်းမာတာ မဟုတ်ပါဘူးဗျာ ဝိညာဉ်နုတ် လက်ငါးချောင်းအကြောင်း သိချင်တာပါ'

'ကျုပ်က ပြောပြနိုင်မယ်လို့ မင်းထင်နေတယ်ပေါ့'

'အဘေါ်ကြီး ဝါးဆေဗီလိုပဲ ပြောလိုက်တယ်ဗျ'

'ဒီအဘွားကြီးကတော့ လုပ်ရေ့မယ်'

အဘေါ်ကြီး ဝါးဆိုသည်မှာ အပျော်မယ်ဂေဟာမှ အမျိုးသမီးကြီးဖြစ်ကြောင်း ကျူးယို့ပင် နားလည်မိသည်။

ဒေါ်ကုန်းစွန်းက ဆက်ပြောလိုက်သည်။

'သူပြောလိုက်ပြီဆိုတော့ ကျုပ်ဘာတတ်နိုင်မှာလဲ မင်းသိချင်ရာကို ပြောပြရမှာပေါ့'

'ကောင်းပြီ ခင်ဗျားအတွက်အကျိုးမယုတ်စေရဘူးလို့ ကျုပ်အာမခံပါတယ်ဗျာ'

'ဒါတွေ မလိုပါဘူးကွာ ကဲ လာ အထဲလိုက်ခဲ့ပါဦး'

ပြောပြီးအတွင်းဘက် ခေါ်ဆောင်သွားလေသည်။

ပြီးလျှင် အတွင်းဘက်လှမ်းဝင်လိုက်သည်။

မျက်ကန်း မျက်နှာတစ်ရာနှင့် ကျူးယို့ပင်တို့သည် နောက်မှလိုက်ဝင်သွားကြတော့သည်။



အဆောက်အဦးအတွင်းဘက်၌ပို၍ ရှုပ်ပွနေပေသည်။

အခေါင်းများ အစီအရီထပ်ထားသည်ဖြစ်ရာ အတွင်းဘက်ဝင်သည့်လမ်းကလေးမှာ ကျဉ်းမြောင်းလှပေသည်။

ဒေါ်ကုန်းစွန်းက ရှေ့မှလျှောက်သွား၏။ နားရှစ်ဘက်က နောက်မှလိုက်သွားသည်။ မျက်နှာတစ်ရာ၊ မျက်ကန်းနှင့်ကျူးယို့ပင်တို့က နောက်မှလိုက်သွားကြသည်။

အတွင်းဘက်၌ ပစ္စည်းများရှုပ်ပွနေခြင်းကြောင့် အထင်းရှောင်ကောင်းစွာမရချေ။

ဒေါ်ကုန်းစွန်းက ရှေ့သို့လျှောက်သွားယင်း အခေါင်းများကြားသို့ လှစ်ခနဲတိုးဝင်လိုက်၏။

အခေါင်းများစီပြီး ထပ်ထားရာ ဝင်ပေါက်သဖွယ် ဖြစ်နေ၏။

ဒေါ်ကုန်းစွန်း၏ ထူးခြားသောအပြုအမူကြောင့် နားရှစ်ဘက်ကြောင်အမ်းအမ်းဖြစ်သွား၏။ သို့သော်အတွေးအကြံ ရင့်ကျက်သူပီပီ…

'သတိထား'

ဟု အော်ပြောလိုက်သည်။

ထိုစဉ်မှာပင်…

'ဝုန်း ဝုန်း ဝုန်း'

အစီအရီထပ်ထားသော အခေါင်းများရုတ်ခြည်း ပြိုကျလာသည်။ နားရှစ်ဘက်နောက်သို့ ခုန်ဆုတ်လိုက်သည်။

မျက်နှာတစ်ရာ၊ မျက်ကန်းနှင့်ကျူးယို့ပင်တို့သည်၊ နောက်ဆုတ်လိုက်ကြသည်။

သူတို့ လျှင်မြန်စွာရှောင်တိမ်းနိုင်ခြင်းကြောင့် လွတ်မြောက်သွားကြသည်။ မြမ်းမြင်ပေါ်၌ အခေါင်းများ ဖရိုဖရဲဖြစ်ကာ စုပုံသွားသည်။

ခါးကုန်းစွန်း ခင်များဘယ်လိုလုပ်လိုက်တာလဲ'

ဟု မျက်လုံး အောင်မြောင်သွားကြသည်။ ထိုစဉ်

'ဟဲ ဟဲ ဟဲ ကံကောင်းလို့ ဒုက္ခမရောက်တာပေါ့'

စကားသံနှင့်အတူ အခေါင်းဖုံးနောက်ဘက်မှ ခါးကုန်းစွန်း ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

'ခင်များဘယ်လိုလုပ်လိုက်တာလဲ'

ဟု လှမ်းမေးလိုက်သည်။ ခါးကုန်းစွန်း ပခုံးတွန့်လိုက်၏။

'အလုပ်သမားတွေက လက်ကြောတင်းအောင် အလုပ်မလုပ်ကြဘူးကွ။ ဖြစ်သလိုစီစဉ်ထားတော့ ပြုတ်ကျကုန်တာပေါ့။ ကံကောင်းလို့ဒုက္ခမရောက်တယ်။ အခေါင်းတွေ ပြုတ်ကျလာတော့ မယ်ဆိုတာသိလျက် သတိမပေးလို့ အပြစ်မတင်ပါနဲ့ကွာ။ ရုတ်တရက်ဆိုတော့ ကျုပ်လဲ ကိုယ်လွတ်ရုန်းမိတာပေါ့'

နားရွက်ရှစ်ဖက် မျက်မှောင်ကုပ်သွား၏။ ခါးကုန်းစွန်းအား ပြစ်တင်စကားမပြောတော့ဘဲ

ဝိညာဉ်နတ် လက်ငါးချောင်းကိုဘယ်မှာ တွေ့နိုင်မလဲဆိုတာ ပြောပါ'

မေးလိုက်သည်။

ခါးကုန်းစွန်းက

'သူတို့ကိုတွေ့ချင်ရင် ဝေးဝေးလံလံလိုက်ရှာစရာမလိုပါဘူးကွာ'



'ဒါဖြင့် ဘယ်မှာရှာရမလဲ'

'သည်မှာပဲပေါ့'

'ဘာဗျ'

'သည်မှာ ရှိနေတယ်လေ'

'သူ့အစကားသံနှင့် မရွှေးမနှောင်းမှာပင်'

ရှူး...ရှူး

ရှူးရှူး မြည်သံများနှင့်အတူ အခေါင်းပုံများကြားမှ အဖြူရောင်အခိုးအငွေ့များ ပန်းထွက်လာသည်ကို မြင်လိုက်ရလေသည်။

နားရွက်ရှစ်ဖက်က မြူးလိုက်သည်။

'လက်စသပ်တော့ ခင်များလေ ကျုပ်တို့ကို ချောင်းစားလိုက်တာကိုး'

ခါးကုန်းစွန်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မဟုတ်ဘူး....ဟိုမိန်းမကြီးကွ'

'အဒေါ်ကြီး ဝါးပါလား'

'ဟုတ်တယ်၊ ကဲ...သွားမယ်။ မင်းအတွက် စိတ်မကောင်း ပါဘူးကွာ'

စကားဆုံးလျှင် အခေါင်းပုံကြီး အနောက်ဘက် ခုန်ဆင်း ကွယ်ပျောက်သွားလေသည်။

'မပြေးနဲ့'

နားရွှစ်ဖက်က အော်ငေါက်ကာ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။

'ရပ်လိုက်စမ်း....မင်းလိုက်သွားရင် မှားမယ်'

မျက်ကန်း၏ စကားသံ ထွက်ပေါ်လာ၏၊ နားရှစ်ဖက်တို့ ခနဲရပ်သွားလေသည်။

မျက်ကန်းက...

'အဆိပ်ငွေ့တွေထင်တယ်။ တို့နောက်ဆုတ်တာ ကောင်းမယ်။ မျက်နှာတစ်ရာ မင်းက ကျူးယို့ပင်ကို ဂရုစိုက်'

စကားဆုံးလျှင် တောင်ဝှေးကို ဝေ့ယမ်းကာ နောက်ဆုတ်သွားလေသည်။ ကျူးယို့ပင်၊ မျက်နှာ တစ်ရာနှင့် နားရှစ်ဖက်တို့လည်း နောက်ဆုတ်လိုက်ကြ၏။ သူတို့ဝင်လာခဲ့သည့် တံခါးပေါက်ဘက်သို့ ပြန်ဆုတ်သွားကြခြင်း ဖြစ်လေသည်။

လျင်မြန်စွာ နောက်ဆုတ်လာခဲ့ကြသော်လည်း တံခါးဝသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်ကြရလေသည်။

အကြောင်းကား တံခါးပိတ်ထားပြီ မဟုတ်လော။

အခုမှ သေတ္တာနှင့်တူသောအခန်းတွင်းသို့ ရောက်နေကြောင်း သတိပြုမိလိုက်ကြ၏။ အခန်းတစ်ခုလုံး အခေါင်းများ၊ ပျဉ်ချပ်များ ရှုပ်ပွနေပြီး ထွက်ပေါက်မတွေ့ရချေ။

မျက်ကန်းက လက်ဝါးနှစ်ဖက်ဖြင့် အတွင်းအား စုစည်းကာ တံခါးမကြီးကို ထုရိုက်လိုက်လေသည်။

'ဗုန်း'

ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်လာပြီး တံခါးမကြီး တုန်ခါသွား၏။ အပြင်ဘက်မှ မင်းတုန်းချကာ ပိတ်ထားခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။

မျက်ကန်း ဒေါပွသွား၏။



'တို့အတွေ နံရံကို ဖောက်ထွက်ကြမယ်'

ပြောယင်း တောင်ဝှေးဖြင့်တံခါးဘေးနံရံကိုစမ်းကြည့်လိုက်၏။ တံခါးဘေးနံရံကား အုတ်နံရံမဟုတ်ဘဲ သစ်သားနံရံဖြစ်နေသည်။ နံရံကို ဖောက်ထွက်ဖို့မဖြစ်နိုင်ကြောင်းအားလုံးတွေးမိကြ၏။ နံရံဆီသို့ပြေးသွားကြစဉ်....

'ရှူး'

နံရံအနီးမှ အစိမ်းရောင် အခိုးအငွေ့များ ပန်းထွက်လာသည်ကိုတွေ့မြင်လိုက်ရ၏။ မျက်ကန်း တို့နောက်ကျသွားချေပြီ။ နံရံအနီးသို့ ပြေးသွားခြင်းက အစိမ်းရောင်အခိုးအငွေ့များ ကြားထဲသို့ တိုးဝင်မိလိုက်သလိုဖြစ်သွားလေသည်။

'အဟွတ်....အဟွတ်'

'အဟွတ်...အဟွတ်'

အစိမ်းရောင် အခိုး အငွေ့များ ရှူရှိုက်မိကာ ချောင်းအဟွတ်ဟွတ်ဆိုးကုန်ကြ၏။ မျက်ရည်များ၊ နှာရည်များသည် ထွက်လာသည်။

မျက်ကန်း၊ မျက်နှာတစ်ရာနှင့် နားရှစ်ဘက်၊ ကျူးယို့ပင် တို့မှာ ရှေ့သို့ လက်များ ဝေ့ယမ်းရင်း အခိုးအငွေ့များကို ဖယ်ရှားကြ၏။

သို့သော် အမှတ်မထင် ရှူရှိုက်လိုက်ကြပြီဖြစ်ရာ တစ်ကိုယ်လုံး အင်အားများကုန်ခမ်းသလိုဖြစ်သွားကြ၏။

ဒူးများပျော့ခွေကာ ကြမ်းပြင်ပေါ် ထအိအိ ပြိုလဲကျကုန်လေသည်။

မျက်ကန်း၊ မျက်နှာတစ်ရာနှင့်နားရှစ်ဘက်တို့ကြမ်းပြင်ပေါ် ဒူးထောက်ကျသွားချိန်၌-

'ဟား...ဟား...ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

နားရှစ်ဘက်က ရယ်မောသံထွက်ပေါ်လာရာဆီသို့လှမ်းကြည့်လိုက်လေသည်။

ထိုအခါ အခေါင်းပုံများ ဘေး၌ လူတစ်ယောက်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ ခေါင်းကုန်းစွန်းမနေတော့ချေ။

နားရှစ်ဘက်က...

'ခင်း...မင်းဘယ်သူလဲ'

'လက်သန်း'

'ဘာ'

'မင်းတို့ ကျုပ်ကိုတွေ့ချင်နေတယ်မဟုတ်လား'

'မင်း...မင်း....ဝိညာဉ်နတ်ကောင်းချောင်းထဲက လက်သန်း မဟုတ်လား'

'ဟုတ်တယ်လေ'

'အာ ...ဒေပေတော့'

စကားဆုံးလျှင် အားအင်ပျော့သွားသွားခုန်ထချင်း လက်သန်း ထံပြေးဝင်တိုက်ခိုက်လေသည်။

သို့သော် ခြေတစ်လှမ်းစာမျှ ရှေ့ရောက်သွားသည်နှင့်ကြမ်း ပြင်ပေါ် ဝုန်းခနဲလဲကျသွား၏။



'ဟား...ဟား...ဟား'

လက်သန်းက သဘောကျစွာ ရယ်မောလိုက်သေသည်။

နားရှစ်ဘက်က ကြမ်းပြင်ပေါ်လူးလိမ့်ကာ ဆက်၍တိုက် ခိုက်ရန် ကြိုးစားနေသည်။

မည်သို့ပင်ကြိုးစားပါစေ မထနိုင်တော့ချေ။

လက်သန်းက ခါးထောက်ရယ်မောရင်း

'ကျူးယို့ ပင်ရှိသို့ မင်းတို့အာကျော်မါးလာရာရနေသေးတယ် ဆိုတာ မှတ်ထားပါ။ ဒါပေမယ့် မတွေ့ပါနဲ့၊ မကြာခင် သေရမှာ ပါ။ ကျုပ်ရဲ့ မဲ့ဆေးငွေ့ကိုမင်းတို့ရှူရှိုက်မိပြီပေ။ မေ့မြော နေတဲ့ မင်းတို့သုံးယောက်ကို အခေါင်းထဲထည့်ပြီးမြေမြှုပ်လိုက် မှာပေါ့။ ဟား...ဟား...ဟား'

နားရှစ်ဘက်၊ မျက်ကန်းနှင့် မျက်နှာတစ်ရာတို့ကား ကြမ်း ပြင်ပေါ် လဲကျသွားကြပြီဖြစ်လေသည်။

ရှူရှိုက်မိသော ဆေးငွေ့များကို အတွင်းအားဖြင့် ခုခံ မောင်းထုတ်ရန် ကြိုးစားနေကြလေ၏။

လက်သန်းက သူတို့အား တိုက်ခိုက်ခြင်းမပြုဘဲ အေးအေး ဆေးဆေးခါးထောက်ကြည့်နေသည်။

သူ၏လက်ချက်ဖြင့် မျက်ကန်းတို့ သေဆုံးသွားရမည်ဟု ယုံ ကြည်စိတ်ချထားပုံရလေသည်။

ထိုစဉ်မှာပင် မမျှော်လင့်သောပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ် လာလေသည်။

'ဗုန်း'

အခန်းတံခါးပွင့်သွားသည်။

လူတစ်ယောက်လှစ်ခနဲခုန်ဝင်လာ၏။

ထိုလူသည် အခန်းတွင်းသို့ရောက်လာသည်နှင့် ခါးထောက်ရယ်မောနေသည့်လက်သန်းထံမြေးဝင်တိုက်ခိုက်လိုက်လေသည်၊

လက်သန်း ခြောင်အမ်းအမ်းဖြစ်သွား၏။

ထိုသို့ဖြစ်လာမည်ဟု လုံးဝမထင်မိချေ။ လက်ဆန့်ထုတ်ကာ ခုခံရန်ကြိုးစားလိုက်၏။

ထိုစဉ် ခါးရောင်ဝင်းခနဲလင်းလက်သွားသည်ကို တွေ့လိုက်ရ၏။

'အား'

လက်သန်း စူးရှစွာအော်ဟစ်ကာ လဲကျသွားလေသည်။

ကြမ်းပြင်ပေါ်မှလူးလိမ့်ထရန်ကြိုးစားရင်း သူ့အား တိုက်ခိုက်လာသူကိုကြည့်ကာ မေးလိုက်သည်။

'မင်း…မင်းဘယ်သူလဲ'

သူ့အားတိုက်ခိုက်လိုက်သူမှာ အပြာရောင် ဝတ်ဆံထားသူတစ်ယောက်ဖြစ်ပေသည်။

ထိုလူက လက်ထဲ၌ကိုင်ထားသောဓားကိုဓားအိမ်ထဲပြန်သွင်းလိုက်ပြီး….

'လုံးဟွာ'

ဟု ပြောလိုက်သည်။

လုံးဟွာဟူသော အမည်ကြားလျှင် လက်သန်း၏ ခန္ဓာကိုယ်သတ်ခနဲတုန်ခါသွားသည်။



'မိုးပေါ်က လုံးဟွာဟုတ်လား'

'ဟုတ်တယ်'

'ကျုပ်မှားသွားတယ် မင်းကိုသည့်မဟုတ်ခဲ့မိဘူး'

'မှားပြီဆိုတာနဲ့ ရှုံးရတတ်တယ်ဆိုတာ ထင်ရှားပါတယ်ကွာ'

လက်ဆန့်း အားယူပြုံးလိုက်သည်။

သူ၏အပြုံးအား ပီပြင်ခြင်းမရှိတော့ချေ။ ကြမ်းပြင်ပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေရာမှ….

'ဝုန်း'

ခရှပ်ကြီးပြုတ်လဲကျသွားသည်။

လုံးဟွာ ထက်ပြင်းချလိုက်သည်။

မျက်နှာတစ်ရာ၊ မျက်ကန်း၊ နားရှစ်ဘက်နှင့် ကျူးယို့ပင်တို့မှာသတိလစ်မေ့မြောကာ လဲနေကြသည်ကိုတွေ့ရ၏။ လုံးဟွာက သူတို့အား စိတ်ရှည်လက်ရှည်တစ်ယောက်ချင်း၊ အပြင်ဘက်ထမ်းထုတ်လိုက်သည်။

အပြင်ဘက်၌မြေပေါ်၌ စီတန်းချထားလိုက်သည်။

ပြီးလျှင် သူလည်းစိတ်ပျက်လက်ပျက် မြေပေါ်ထိုင်ချလိုက်သည်။ သူ၏မျက်လုံးများက မျက်ကန်းတို့ထံမှ မခွာချေ။

မျက်ကန်းတို့လေးယောက် လှုပ်ရှားလာမည့်အချိန်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေ၏။

ကြာကြာမစောင့်လိုက်ရပါချေ။

'အင်း … အင်း'

ညည်းညူသံနှင့်အတူ မျက်တန်း စတင်လှုပ်ရှားလာသည်ကို တွေ့ရသည်။

မရှေးမနှောင်းမှာပင်၊ နားရှစ်ဘက်၊ မျက်နှာတစ်ရာနှင့်ကျူ ယို့ပင်တိုလည်း လှုပ်ရှားလာကြတော့သည်။

## သတင်းကောင်း

အခန်းတွင်းဝယ်ခြေသံများ စိုးမိုးမင်းမူနေသည်။

ကျူးရက်က လက်နှစ်ဘက်နောက်ပစ်ကာခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။

ရှမ်းပုယင်းက မလှုပ်မယှက်ငြိမ်၍ ရပ်နေသည်။ ကျူးရယ်စိတ်လှုပ်ရှားနေကြောင်း ရိပ်မိလာသည်။

စိတ်လှုပ်ရှားစရာအကြောင်း ကိစ္စတစ်ခုခုနှင့် ကြုံတွေ့ရတိုင်း၊ ကျူးရယ်မှာယခုလိုခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတတ်သည်မဟုတ်ပါလား။

အတော်ကလေးကြာမှ ကျူးရယ် ခြေလှမ်းရပ်လိုက်သည်။

ရှမ်းပုယင်းဘက်လှည့်ကာ ကြည့်ယင်း…

'မင်းပြောစရာသေချာတယ်နော်'

ဟု မေးလိုက်သည်။

ရှမ်းပုယင်း ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်သခင်ကြီး သခင်လေးရဲ့ သတင်းပို့ချက်အရ ဝိညာဉ်နုတ် လက်ငါးချောင်းထဲက လက်သန်း သေဆုံးသွားပါပြီ'

သူ၏စကားသံ၌ ပါကဲကွဲခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်း စသည့် အရိပ်အယောင်များပေါ်နေသည်ကို ရှမ်းပုယင်းကိုယ်တိုင်ရိပ်မိသွားလေ၏။

ဝိညာဉ်နုတ် လက်ငါးချောင်းသည် ရွှေရုပ်တုခြံဝင်းအချက် ထက်အကျိုးနည်းဖြစ်အောင် ဖန်တီးခဲ့သည်။

ထို့ကြောင့် သုတ်သင်ရှင်းလင်းပစ်ရန် လိုအပ်သည်ဟု ယုံကြည်ထားသည်။

လက်သန်းသေဆုံးသွားသည့်သတင်းကြားလျှင်မသာအပေါ် ၌ လူဆိုးကြီးတစ်ယောက်လျော့နည်းသွားပြီဟု တွေးကာ ဝမ်းသာပီတိဖြစ်နေခြင်းတည်း။

ကျူးရယ်က....

'ဒီအတိုင်းဆို မျက်ကန်းတို့လူစုဟာ ဝိညာဉ်နုတ် လက်ငါးချောင်းကို ခြေရာခံမိရုံတင်မကဘူး လက်သန်းနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးမိကြပြီပေါ့'

'မှန်ပါတယ် သူတို့ဟာဝိညာဉ်နုတ်လက်ငါးချောင်းကို အနိုင်တိုက်ခိုက်ပြီး ကျင်းကျင်းကိုကယ်တင်လာနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်'

ကျူးရယ် ခေါင်းယမ်းလိုက်သည်။

'ဒီကိစ္စဟာ ဝမ်းသာစရာမကောင်းတော့ဘူး ပေါ့ပေါ့တန်တန် သဘောထားရမယ့်ကိစ္စလည်းမဟုတ်ဘူး သူတို့က လက်သန်းကို ရှင်းပစ်လိုက်တော့၊ ကျန်တဲ့လက်သန်းရဲ့မိတ်ဆွေတွေမခံမရပ် ဖြစ်သွားကြမှာပဲ သူတို့ကျင်းကျင်းကို ဒုက္ခပေးမှာစိုးရိမ်ရတယ်'



ယခုမှ ဝိညာဉ်နုတ်လက်ငါးချောင်းလက်ထဲ ရောက်နေသည့် ကျင်းကျင်းအကြောင်း စဉ်းစားမိခြင်းဖြစ်လေသည်။

လက်သန်း၏မိတ်ဆွေများသည် လက်တုံ့ပြန်သည့် သဘောဖြင့် ကျင်းကျင်းကိုဒုက္ခပေးကြတော့မည်ဖြစ်ပေသည်။ ထိုအချက်ကို တွက်ဆမိခြင်းကြောင့် ကျူးရယ် စိတ်လှုပ်ရှားနေခြင်းဖြစ်ကြောင်းနားလည်သိရှိလာ၏။

ကျူးရယ်က ဆက်ပြောလိုက်သည်။

'ကျင်းကျင်းကို ဒုက္ခပေးမယ်ဆိုရင် ကျုပ်သားက နေမှာ မဟုတ်ဘူး။ အင်း....ပွဲကြီးပွဲကောင်းတစ်ခုတော့ ဖြစ်လာမှာပဲ။ အခုအချိန်ကစပြီး တို့တတွေ အစအနရှာ သတိထားရတော့မယ်၊ မျက်ကန်းတို့လူစုကိုကူညီဖို့ နည်းလမ်း ရှာရလိမ့်မယ်၊ ဒါမှ အခက်အခဲကြုံတွေ့ရတဲ့အခါ ကျုပ်သားကို ကယ်ထုတ်နိုင်မှာပဲ'

ရှမ်းပုယင်းက ဦးညွှတ်ကာ

'သခင်လေးဟာ အကြောင်းထူးတိုင်း အမြဲတမ်း သတင်းပို့နေပါတယ်၊ ဒါကြောင့် သခင်လေးအတွက် အကူအညီလိုလာရင် ချက်ချင်းကူညီနိုင်အောင် စီစဉ်ပြီးပါပြီ၊ ရွှေရုပ်တုခြံဝင်းအတွက် လက်ရွေးစင်တိုင်းသားများ တချို့ကိုလည်း သခင်လေးနောက် မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်ဖို့လွှတ်ထားပါတယ်။ သခင်လေးဟာ မျက်ကန်းတို့နဲ့ အတူရှိနေတယ်ဆိုပေမယ့် ရွှေရုပ်တုခြံဝင်းရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာရှိနေတာပါ'

'သူတို့ ဘာဆက်လုပ်ကြမယ်ထင်သလဲ'

'သူတို့ဟာ ဝိညာဉ်ဆက်နုတ် ငါးချောင်းကို ဆက်ပြီးဖော်ထုတ်ကြမှာပါပဲ'

'တကယ်လို့များ ကျင်းကျင်းကို ဝိညာဉ်နုတ် လက်ငါးချောင်းက ဖမ်းဆီးထားခဲ့တယ်ဆိုရင်ကော'

'သူတို့ကယ်တင်ပြီး ပြန်လာကြမှာပါ'

ကျူးရယ်က ပြုံးလိုက်သည်။ ရှမ်းပုယင်းအား စိုက်ကြည့်ရင်း...

'မင်းက သည်လို ထစ်ဆစ်ချယုံကြည်ထားတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာကြောင့်လဲ'

သိုင်းလောကမှာ လူတိုင်းကြောက်ရွံ့ကြတဲ့ ဝိညာဉ်နုတ်လက်ငါးချောင်းထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တဲ့ လက်သန်းကို ရှင်းပစ်နိုင်ခဲ့လို့ပါ။ ဝိညာဉ်နုတ် လက်ငါးချောင်းကို ရှင်းပစ်ချင်တဲ့လူ ထုထောင်ရှိပါတယ်။ ဒါပေမယ့် ဘယ်သူမှမတတ်နိုင်ခဲ့ကြပါဘူး'

ကျူးရယ်က ခေါင်းညိတ်လိုက်သည်။

'မင်းအတွေးမသိုးဘူး။ မင်းယူဆသလို ဖြစ်သွားနိုင်တယ်။ မင်းကိုယ်တိုင် သူတို့နောက်ကို ခြေရာခံလိုက်ရင် ကောင်းမယ်ထင်တယ်'

'သခင်ကြီး ဆန္ဒအတိုင်း ဖြစ်ရပါစေမယ်'



'အင်းအဲဒါကြောင့်လဲ မင်းကိုအားကိုးနေရတာ၊ ခရီးဝေး ထလာခဲ့ရလို့ ပင်ပန်းနေရောပေါ့၊ သွားပြီး အနားယူလိုက်ပါဦး။ မင်းခရီးထွက်ကာနီးမှာ ဘာတွေ ဆက်လုပ်ရမယ်ဆိုတာ ကျုပ်စီစဉ်ပေးလိုက်မယ်'

ရှမ်းပုယင်း ဦးညွှတ် ဂါရဝပြုလိုက်လေသည်။

## ပြိုင်ပွဲ

မေ့ဆေးဒဏ်ပြေပျောက်သွားသောအခါ မျက်ကန်း၊ မျက်နှာတစ်ရာ၊ နားရွှစ်ဖက်နှင့် ကျူးယို့ပင်တို့ လူကောင်းပကတိ ဖြစ်လာကြလေသည်။

မမျှော်လင့်ဘဲ လုံးဟွီးတို့ရောက်လာခြင်းကြောင့် အသက်ချမ်းသာရာရခဲ့ကြခြင်းဖြစ်ပေသည်။ ထိုအကြောင်းတွေးမိလျှင် ကျူးယို့ပင်မှာ လုံးဟွီးကို ကျေးဇူးတင် မဆုံးတော့ချေ။

လုံးဟွီးကာအရက်တစ်ခွက်ငှဲသောက်လိုက်သည်။ မျက်ကန်း၊ မျက်နှာတစ်ရာနှင့် နားရွှစ်ဖက်တို့လည်း ကြိုက်နှစ်သက်ဖွယ်အာဟာရပါးရ သောက်နေကြလေသည်။

သူတို့သည် အပျော်မယ် ဂေဟာမှ အဒေါ်ကြီးဝါးကို သွားရောက်ရှာဖွေပြီး ပြန်လာခဲ့ကြခြင်းဖြစ်သည်။ အပျော်မယ်ဂေဟာသား ပိတ်ထားလိုက်ပြီဖြစ်သည်။ အဒေါ်ကြီးဝါးကိုလည်း ရှာမတွေ့တော့ချေ။ အဒေါ်ကြီးဝါးအား ခါးကုန်းစွန်းကဲ့သို့ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။



အဒေါ်ကြီးဝါးနှင့်ခါးကုန်းစွန်းတို့အား လိုက်ရှာ၍ မတွေ့သည့်အဆုံး စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်စားသောက်နေကြခြင်းဖြစ်လေသည်။

ကျူးယို့ပင်မှာ အစားအသောက်များကို ကောင်းစွာ စားသောက်နိုင်ခြင်းမရှိချေ။ ကျင်းကျင်းအတွက် စိုးရိမ်သောကဖြစ်မှုကြောင့် ဖိစီးနှိပ်စက်နေသည်မဟုတ်ပါလား။

ကျင်းကျင်းအား ဘယ်တင်ဖို့မလွယ်ကြောင်း တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။ သူက ထိုသို့တွေးရင်း သက်ပြင်းချနေသည်ကို သတိပြုမိသွားသော နားရွှစ်ဖက်က....

'ဘာတွေများရင်မောပြီး သက်ပြင်းချနေရတာလဲ'

ဟု မေးလေသည်။ ကျူးယို့ပင် ခေါင်းယမ်းလိုက်လေသည်။

'ဘာမှ မဟုတ်ပါဘူးဗျာ'

'ဘာမှမဟုတ်ဘဲနဲ့တော့ ဒီလောက်တောင် သက်ပြင်းချနေပါ့မလား မလိမ်ချင်စမ်းပါနဲ့ဗျာ ခင်ဗျားရဲ့ဇနီးလောင်းအတွက် စိုးရိမ်ပူပန်နေတာ မဟုတ်လား'

'အင်း ဆိုပါတော့ဗျာ'

ကျူးယို့ပင် မတတ်သာပဲ ဝန်ခံလိုက်ရလေသည်။ နားရွှစ်ဖက် လက်ဝါးဖြန့်ပြလိုက်သည်။

ပြီးလျှင် ခွက်တစ်လုံး ဆုပ်ကိုင်လိုက်သည်။ သူ၏ လက်ကို ကျူးယို့ပင်ရှေ့သို့ရောက်အောင် ဆန့်တုတ်ယင်း

'ပစ္စည်းတစ်ခုကို ဆုပ်ကိုင်မယ်ဆိုယင် လက်ငါးချောင်းစလုံး ရှိမှဖြစ်မယ်မဟုတ်လား၊ လက်ငါးချောင်းမှာ အက်တစ်ချောင်း

လျော့သွားပြီဆိုယင် အယင်လို မြဲမြဲ ဆုပ်ကိုင်ထားနိုင် ပါဦးမလား'

'ဘယ်ဆုပ်ကိုင်နိုင်တော့မလဲ ဆုပ်ကိုင်နိုင်တယ် ထားပါဦး၊ အောက်ငါးချောင်းနဲ့ ဆုပ်တာလောက်တော့ ဘယ်မြဲမလဲ'

နားရှစ်ဘက်သဘောကျစွာ ပြုံးလိုက်လေသည်။

'ဟဲ ဟဲ ဟဲ ခင်ဗျားမဆိုးဘူး၊ လက်ချောင်းတွေကို တစ်ချောင်းစီ ဖြုပ်ပစ်လိုက်မယ်ဆိုယင် နောက်ဆုံး ဘာမှ ဆုပ်ကိုင်နိုင်မှာ မဟုတ်တော့ဘူး အခု လက်သန်းတစ်ချောင်း ပြုတ်သွားပြီလေ'

ယခုမှကျူးယို့ပင်နားလည်သွားလေသည်။ နားရှစ်ဘက်က ဥပမာပေးကာ ရှင်းပြနေခြင်းဖြစ်သည်။ ဝိညာဉ်နတ် လက်ငါးချောင်းအနက် လက်သန်းသေဆုံးကွားပြီဖြစ်သည်။ ကျန်လူများအား ချေမှုန်း၍ သုတ်သင်နိုင်ဖို့သာ ရှိမှသည်ဟူ၍ ဖြစ်လေသည်။

နားရှစ်ဘက်က

'ဘယ်လိုလဲ ခင်ဗျား နားလည်ပြီလား'

ကျုပ် နားလည်ပါပြီဗျာ'

'ဒါဆို ဘာမှပူစရာမလိုတော့ဘူးဆိုတာ သိဖြီပေါ့'

'ဟုတ်တယ်'

'ဒါဖြင့် ပျော်ပျော်နေပေတော့'

ကျူးယို့ပင်သဘောကျစွာ ပြုံးလိုက်လေသည်။

ထိုစဉ် မျက်ကန်းက ကြားဖြတ်ပြောလာလေသည်။



'လက်သန်းကို ရှင်းပစ်လိုက်တာတော့ ဟုတ်ပါပြီ၊ ကျန်တဲ့လူတွေ ဘယ်မှာလဲ၊ ကချေသည်ကို ဘယ်မှာ ချုပ်နှောင်ထားသလဲ ဒါတွေ သိရမှာဖြစ်မယ်'

နား'ရှစ်ဘက်နှင့် ကျူးယို့ပင်တို့ ငြိမ်ကျသွား၏။ မျက်နှာတစ်ရာကလည်း နားစွင့်နေလေသည်။ မျက်ကန်းက ဆက်ပြောလိုက်သည်။

'ကျုပ်တို့ ဒီအတိုင်းနေလို့ မဖြစ်ဘူး အဓေါကြီးဝါးနဲ့ ဓါးကုန်းစွန်းကို လိုက်ရှာကြရလိမ့်မယ် သူတို့ကိုတွေ့ယင် ဝိညာဉ်နတ် လက်ငါးချောင်းကို တွေ့မှာဘဲ'

မျက်နှာတစ်ရာက

'ဒါဖြင့် ဘာကြောင့်အချိန်ဖြုန်းနေကြမှာလဲ အခုချက်ချင်းလိုက်ရှာတာ မကောင်းဘူးလား။ ကျုပ်မှာလဲ အဆက်အသွယ်တွေ မိတ်ဆွေတွေရှိပါတယ် ကျင်းကျင်းကိုဘယ်နေရာမှာ ချုပ်နှောင်ထားတယ်ဆိုတာ သိရမှာပေါ့'

သူတို့လည်း ကျင်းကျင်းအား လိုက်ရှာဖို့နည်းလမ်း ရှာဖွေနေကြလေသည်။ လုံးဟွမ်းက ဘာမှမပြောချေ။ မျက်ကန်း နားရှစ်ဘက်နှင့် မျက်နှာတစ်ရာတို့ ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်သည်ကို တွေ့ရမှ

'ငြိမ်ငြိမ် ထိုင်နေဘာက လိုက်ရှာတာထက်သာ၍ ကောင်းသေးတယ်'

ဟု ပြောလိုက်သည်။

သူ၏စကားကြားလျှင် မျက်ကန်း မဲ့ပြုံးပြုံးကာ

'မင်းမှာ အကြံဉာဏ် ကောင်းကောင်း ရှိနေသေးတာပဲ တို့ထိုင်ပြီး စချိန်ဖြုန်းလို့ ကျွင်းကျွင်းပြန်ရောက်လာမှာ မဟုတ်ဘူး တို့တတွေ လှုပ်ရှားမှ ဖြစ်မှာမဟုတ်လား'

'ဒါက သေသေချာချာ မစဉ်းစားပဲတွေးယင် ဒီလိုဖြစ်လာမှာပေါ့'

'ငါက မစဉ်းစားဘူး ဟုတ်လား'

'ဟုတ်တာပေါ့'

'နေစမ်းပါဦး ငါ ဘာကိုစဉ်းစားရမှာလဲ'

ဒါးကုန်းစွန်းကို

'ရှင်းရှင်းလေးပါ တို့စသးယောက် တစ်ယောက်ယောက်ရှိနေ လက်ချက်မိသွားပြီဆိုယင် ကျန်တဲ့လူတွေ ဘယ်ခံစားကြရမလဲ'

မျက်ကန်းမြူးဆိုက်သည်။

'ငါ နားလည်ပြီ လက်သန်းသေသွားတဲ့အတွက် သူတို့ဖြစ်နေမယ် မဟုတ်ဘူးလို့ မင်းပြောချင်တာ မဟုတ်လား'

'ဒါပေါ့ လက်သန်းသေသွားတော့ သူတို့အတော်ကို ကျိုလှုပ်သွားကြလိမ့်မယ်၊ ခံပြင်းဒေါသထွက်လာကြမယ်၊ ငါတို့ကို ရှင်းပစ်ဖို့ စိုင်းပြင်းကြတော့မှာပဲ'

'ဒီအတိုင်းဆို သူတို့က တို့ကို လိုက်ရှာကြမှာပေါ့'

'ဟုတ်တယ်လေ ကာရှာမှာ မြေကြီးလက်ခတ် မလွဲဘူး'

ဒါဆို မှုရာမလိုတော့ဘူး

'လိုက်ရှာစရာ မလိုတော့ဘူး လုပ်စမ်းပါကွာ'



မျက်ကန်း၊ နားရွှစ်ဘက်နှင့် မျက်နှာတစ်ရာတို့ ပြုံးလိုက်ကြလေသည်။ ကျူးယို့ပင်လည်း ပြုံးမိသည်။

သူတို့အပင်ပန်းခံပြီး လိုက်ရှာစရာလိုမည် မဟုတ်ဘဲ ဝိညာဉ်နတ် လက်ငါးချောင်းက သူတို့အားလာရောက် ရှာဖွေကြတော့မည်သာ ဖြစ်အည်။

ဝိညာဉ်နတ်လက်ငါးချောင်း လွယ်လွယ်ကူကူ ရှာတွေ့နိုင်ပါစေလို့ သူတို့ပေါ်ပေါ်ထင်ထင် နေရန်သာလိုပေသည်။

ဝိညာဉ်နတ် လက်ငါးချောင်းမှ လက်သန်းကို ရှင်းပစ်နိုင်ခဲ့ခြင်းကြောင့် ကျန်လူများကိုလည်း ကျိန်းသေအနိုင်ရလိမ့်မည်ဟု ကျူးယို့ပင် ယုံကြည်ထားလေတော့သည်။

## ထိပ်တိုက်

လမိုက်ညဖြစ်သည်။

လရောင်မရှိသဖြင့် ညအည်ပို၍ မှောင်မည်းနေသည်ဟု ထ
မှတ်ရလေသည်။

ကြယ်ကလေးများ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသော်
လည်း အမှောင်ထုကို အံတုနိုင်ခြင်း မရှိပေ။

လေဝေ့ယမ်း တိုက်ခတ်လာသည်။

အေးမြမှုမှာ ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွား၏။

'ဂစ်'

ညဥ့်ငှက်တစ်ကောင် စူးစူးဝါးဝါးအော်မြည်ကာ ပျံသန်း
သွား၏။

လေတိုက်သိုက်သဖြင့် မြက်ပင်ရှည်များ လှုပ်ရှားသွား
တရှဲရှဲမြည်ကာ ထွက်ပေါ်လာသည်။

မြေကွက်လပ်ပေါ်၌ ပျက်စီး ယိုယွင်းနေပြီဖြစ်သော
ကျောင်းပျက်တစ်ခု ရှိပေသည်။

ယနေ့ည ဘုံကျောင်းပျက်မှ ထူးထူးဆန်းဆန်းမီးရောင်မျာ
ထွက်ပေါ်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။



ဘုံကျောင်းပျက်အတွင်း၌ မီးအိမ်တစ်လုံး ချိတ်ထားသည်။
ဝါကျင့်ကျင့်မီးရောင် ဖြာကျနေ၏။

မီးရောင်ကြောင့် လူတစ်ယောက်ရှိနေသည်ကို တွေ့မြင်နိုင်၏။
ထိုလူမှာ လက်မဖြစ်လေသည်။

လက်မက ဘုံကျောင်းပျက် အဝင်ဝသို့ မျက်နှာမူကာ ထိုင်
နေသည်။

မီးရောင်ကြောင့် သူ၏ မျက်နှာမှာ နီရဲ ခက်ထန်နေသည်ကို
တွေ့မြင်နိုင်လေသည်။

ညဥ့်ငှက်အော်သံ ထွက်ပေါ်လာသည်ကိုကြားလျှင် လက်မ
လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'သူလာနေပြီပဲ'

ဟုလည်း တိုးတိုးရေရွတ်လိုက်လေသည်။

သူ၏နှုတ်ဖျားမှ စကားသံထွက်ပေါ်လာပြီး မဝေးမနှောင်း
တွင် ဘုံကျောင်းအပေါက်ဝ၌ လူတစ်ယောက် ထွက်ပေါ်လာ
သည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ
ဝတ်ဆင်ထားပြီး မျက်နှာပေါ်၌အဖုံးစွပ်ထားသူ ဖြစ်လေသည်။

ထိုလူကိုတွေ့လျှင် လက်မ မဲ့ပြုံးပြုံးလိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူမှာ လက်မအနီးသို့ ရောက်ရှိလာသည်၊
ရောက်လျှင်ရောက်ချင်း....

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ ကျုပ်ခိုင်းတဲ့အတိုင်းမလုပ်
ပါလား၊ ဘာကြောင့် သူတို့နဲ့ထိပ်တိုက် ရင်ဆိုင်ရတာလဲ'

ဟု ပြစ်တင်ပြောဆိုလိုက်သည်။ လက်မ ဒေါပွသွားသည်။

'ဘာကြောင့် ထိပ်တိုက်ရင်ဆိုင်ရသလဲဟုဆိုလား၊ ဘာကြောင့် ခင်ဗျားက သူတို့ကို ငှားရမ်းလိုက်ရတယ်ဆိုတာကော ပြောစမ်းပါဦး'

'ဘာ....ကျုပ်ကငှားတယ်ဟုတ်လား'

'ဟုတ်တယ်လေ ကာချာသည်မလေးကို ဖမ်းဖို့ ကျုပ်တို့ကို ငှားတယ်။ ပြီးတော့ ပြန်ပြီး ကယ်တင်ဖို့ သူတို့ကို ငှားတယ်၊ အဲဒါဘာသဘောလဲ'

မျက်နှာဖုံးစွပ်က ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား'

သူ၏ရယ်မောသံမှာ တိတ်ဆိတ်နေသော ညဥ့်ယံတွင် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လက်မက သူ့အားမျက်တောင်မခတ်ကြည့်နေသည်။ သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပနေပါ၏။

လူသတ်လိုသော အရိပ်အငွေ့များဖြာထွက်နေသည်မဟုတ်ပါလား၊ မျက်နှာဖုံးစွပ်ထားသူ အတန်ကြာအောင် ရယ်မောလိုက်ပြီးလျှင်—

'လက်စသတ်တော့ မင်းက ကျုပ်ဘယ်သူ ဘယ်ဝါ ဆိုတာ သိနေပြီကိုး'

'ဟုတ်တယ်...ခင်ဗျားဟာ ရွှေရုပ်တုခြံဝင်းပိုင်ရှင် ကျူးရယ် ဆိုတာ ကျုပ်သိတယ်'

'မင်းဘယ်လိုလုပ်သိတာလဲ'

'အတွေ့အကြုံနဲ့စဥ်းစားဉာဏ်ကြောင့်ပေါ့ဗျာ'

'မင်းမဆိုးဘူး'



မျက်နှာဖုံးစွပ်ထားသူက မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်ကို ခွာချလိုက်လေသည်။

မီးရောင်အောက်၌ တည်ကြည်ခန့်ညားသော လူတစ်ယောက်၏ရုပ်သွင်ထွက်ပေါ်လာလေသည်။

ထိုလူမှာ ရွှေရုပ်တုခြံဝင်းပိုင်ရှင်ကျူးရယ်ပင်မဟုတ်ပါလား။

ကျူးရယ်၏မျက်လုံးအကြည့်မှာ အေးစက် မာကျောနေပေတော့သည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အတန်ကြာအောင်စိုက်ကြည့်လိုက်ကြလေသည်။

အတော်ကလေးကြာမှ ကျူးရယ်ထက်ပြင်းချကာ....

'ကျုပ် ဘယ်သူ ဘယ်ဝါဆိုတာ ခင်ဗျားသိသွားရုံနဲ့ ကျုပ်တို့ အလုပ်ကိစ္စမထိခိုက်နိုင်ဘူးထင်တယ်'

ဟု ပြောလိုက်သည်။

လက်မခေါင်းညိတ်လိုက်လေသည်။

'သိပ်မှန်တာပေါ့ဗျာ'

'ဒါဖြင့် အလုပ်ကိစ္စဆက်ပြောကြရအောင်'

'ကျုပ်ညီအငယ်ဆုံးသေသွားပြီဗျ'

လက်သန်းသေဆုံးသွားသည်ကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်လေသည်။

ကျူးရယ်ခေါင်းညိတ်လိုက်သည်။

'ကျုပ်သတင်းကြားပြီးပါပြီ။ သူ့အတွက် နစ်နာကြေးပေးမယ်လို့ စိတ်ကူးထားသေးတယ်'

'နစ်နာကြေး ဟုတ်လား'

'ဟုတ်တယ်လေ'

'သူ့ကို ဘာနဲ့တန်ဖိုးဖြတ်မှာလဲ။ ငွေလား….ရွှေလား။ကျုပ်ကတော့ အသက်ကို အသက်နဲ့ပဲတန်ဖိုးဖြတ်နိုင်မယ်ဗျ'

ကျူးရယ်၏မျက်နှာတွင်အလိုမကျသည့် အရိပ်အယောင်များ ပေါ်လွင်လေသည်။

လက်မကိုစိုက်ကြည့်ရင်း

'သူတို့နဲ့ထိပ်တိုက်ရင်ဆိုင်မယ်ပေါ့'

'ဟုတ်တယ်…လုံးဟွာ ကိုရှင်းပစ်ရမှ ကျုပ်ကျေနပ်မယ်'

'မင်းဒီကို ထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင် မမျှော်သင့်တဲ့အကျိုးဆက်တွေဖြစ်ပေါ်လာပြီး ကျုပ်ရဲ့အလုပ်ကို ထိခိုက်နိုင်တယ်ဆိုတာ မတွေးမိဘူးလား'

'ကျုပ်သိတယ်'

'ဒါဖြင့်…'

'ကျုပ်လုပ်ရမှာပဲ'

'မင်းဆုံးဖြတ်ပြီးပြီဆိုရင် ကျုပ်အစီအစဉ်တစ်မျိုးပြောင်းရဖြစ်လိမ့်မယ်။ နို့မဟုတ်ရင် ကျုပ်ရဲ့အကြံအစည်တွေ အားလုံးပေါ်လွင်သွားလိမ့်မယ်'

လက်မခေါင်းညိတ်လိုက်သည်။

'မှန်တယ်…ကျုပ်ကတော့ ထိပ်တိုက်ရင်ဖို့ဆုံးဖြတ်ပြီးပြီ'

'ဒီအတိုင်းဆိုရင် ကချေသည် မလေးကို ရှင်းပစ် လိုက်ဖို့ပဲရှိတော့တာပေါ့'



'အစကတည်းက ရှင်းပစ်ခဲ့မယ်ဆိုရင် ခုလိုပြဿနာ ကြုံတွေ့ရနိုင်စရာမရှိပါဘူးဗျာ။ ခင်ဗျားကိုယ်တိုင်မပြတ်မသားဖြစ်ခဲ့တာပဲ'

ကျူးရယ် မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်ကအလုပ်တစ်ခုကိုဘယ်တော့မှဖြစ်သလိုမလုပ်တတ်ဘူး ဆေးသေချာချာအကွက်ချ စီစဉ်တက်တယ်ဆိုတာ မှတ်ထားပါ။ ကျင်းကျစ်းကိုရှင်းပစ်လိုက်ရင် အေးသွားမယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် သူ့အတွက်အေးသွားတာဗျ ကျုပ်သားအတွက်တော့အင်မတန်ပူလောင်နေလိမ့်မယ်'

လက်မ မျက်မှောင်ကျုပ်သွားသည်။ ကျူးရယ်၏ စကားကို ဆင်ခြင်ဆုံးသပ်ကြည့်သည်။

ကျူးရယ်မှာအလွန်ကောက်ကျစ်သူ တစ်ယောက်ဖြစ်ကြောင်း တဖြည်းဖြည်းရိပ်စားမိလာတော့သည်။

ကျူးရယ်က ဆက်ပြောလိုက်သည်။

'ကချေသည်မလေးကို ရှင်းပစ်လိုက်ယင် သူ့အတွက် အေးသွားမယ် ကျုပ်သားကတော့ တစ်သက်လုံး လွမ်းလွမ်းဆွေးဆွေးဖြစ်နေလိမ့်မယ် တစ်သက်တာ အိမ်ထောင်ပြုဖို့ စိတ်ကူးတော့မှာမဟုတ်ဘူး သူဟာ ကျုပ်ရဲ့တစ်ဦးတည်းသော သားပဲ သူ့ကိုဂုဏ်သရေရှိတဲ့ မိန်းကလေးတစ်ယောက်ယောက်နဲ့ အိမ်ထောင်ချပေးချင်တယ် ကျုပ်ရဲ့မျိုးဆက် ထူထောင်စေချင်တယ် အဲဒီလို ဖြစ်လာဖို့လာလောဆယ် ကျင်းကျင်းသေသွားလို့မဖြစ်ဘူး'

'တာဆိုင်လို့လဲဗျ'

လက်မက ခေါင်းယမ်းကာ ပြော၏။

'မင်းက မဆိုင်ဘူးလို့ ယူဆတယ်ဟုတ်လား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားသားက ကျောင်းကျောင်းအပေါ် မေတ္တာစစ် မေတ္တာမှန်နဲ့ချစ်နေတယ်ဆိုယင် ဘယ်လိုအစမျိုးရောက်ရောက် မေ့နိုင်မှာမဟုတ်ဘူးဗျ သူ့ရဲ့ချစ်သူကိုပဲ တမ်းတ မျှော်လင့်နေလိမ့်မယ်'

ကျူးရယ် ပြုံးလိုက်သည်။

'သူ့ရဲ့ချစ်သူဟာ လူ့ဘဝကိုကြည်ဖြူတဲ့ အပျော်မယ်ဖြစ်နေပြီဆိုယင်ကော'

'မေတ္တာစစ် မေတ္တာမှန်ကို ဘယ်အရာကမှ ကာဆီး ပိုင်းခြားလို့မရဘူးဗျ'

'ကျုပ်သားမှာ ကျုပ်ရဲ့ဘွဲ့ပါတယ်ဆိုတာ မင်းဂရုမပြုမိဘူးထင်တယ်'

'ဘာလဲ သူကသူ့ရဲ့အဆင့်အတန်းကိုတော့ ကောင်းကောင်းကြီးနားလည်သဘောပေါက်ထားမှာပေါ့'

လက်မ ခေါင်းယမ်းလိုက်သည်။

'ဒီကိစ္စတော့ ကျုပ်နဲ့မဆိုင်ပါဘူးဗျာ မျက်ကန်းတို့ လူစုကိုရှင်းပစ်ဖို့ကျုပ်ဆုံးဖြတ်ပြီးပြီ ဒါကြောင့်ကျောင်းကျောင်းကို ဆက်ပြီးမထိန်းသိမ်းထားနိုင်တော့ဘူး ခင်ဗျားသားကိုလဲ ပြန်ခေါ်ထားလိုက်ယင်ကောင်းမယ် နို့မဟုတ်ယင် ကြားထဲမှာ ဒုက္ခရောက်သွားလိမ့်မယ်'

'မင်းက ဆက်မလုပ်နိုင်တော့ဘူးပေါ့'



'ဟုတ်တယ်'

'ကောင်းပြီ မင်းဆက်မလုပ်ချင်တော့ဘူးဆိုလောင် ကျုပ်ကိုသုံးရက်တော့အချိန်ပေးရလိမ့်မယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ်သားကို ပြန်ခေါ်ရဦးမယ်မဟုတ်လား ကျောင်းကျောင်းအတွက်လဲစီစဉ်ရဦးမယ်လေ'

လက်မ သဘောတူလိုက်သည်။

'ကျုပ်သဘောတူတယ် သုံးရက်အတွင်းဘာမှ မလှုပ်ရှားပါနဲ့'

'ကျုပ် ကတိပေးတယ်'

ကျူးရယ်က မျက်နှာဖုံးစွပ်ကို ပြန်စွပ်လိုက်သည်။

ထို့နောက် တံခါးပျက်အတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ယှမ်းထွက်သွားသည်။

လက်မက သူ၏နောက်ကျောကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့တော့သည်။

လက်ညှိုး၊ လက်ခလယ်နှင့်လက်သူကြွယ်တို့ငြိမ်သက်စွာ ထိုင်နေကြသည်။

သူတို့၏ရှေ့၌ထိုင်ခုံနှစ်လုံးလွတ်နေသည်။ တစ်လုံးမှာ လက်မ ထိုင်နေကျထိုင်ခုံပင်ဖြစ်သည်။ နောက်တစ်လုံးမှာ လက်သန်း ထိုင်နေကျခုံဖြစ်သည်။

လက်မကား မကြာခင်ရောက်လာမည်ဖြစ်သည်။

လက်သန်းကား...

လက်သန်းအကြောင်းတွေးမိလျှင် သူတို့ ဒေါသထွက်လာကြလေတော့သည်။ သိုင်းလောက၌နှစ်ပေါင်းများစွာကျင်လည်ကျက်စားခဲ့ပြီး အောင်ပွဲအလီလီ ရခဲ့သူများ ဖြစ်ပေသည်။ သိုင်းလောကသားများမှာ ဝိညာဉ်နတ် လက်ငါးချောင်းဟုသော အမည်ကို ကြားလျှင် ကြောက်ဒူးတုန်သည်အထိကျော်ကြားခဲ့သည်။

ယခုတော့လက်သန်းသေဆုံးသွားချေပြီ၊ လက်သန်းအတွက် တစ်ခုခုလုပ်ရမှ သူတို့ ကျေနပ်နိုင်မည် ဖြစ်သည်။ လက်သန်း၏ အကြောင်းစဉ်းစားမိလျှင် ငြိမ်မနေနိုင်ကြတော့ချေ။ လက်ညှိုးက စကားစလိုက်လေသည်။

'တောက် သူတို့ကို ဂရုစိုက်ရမယ်ဆိုတာသိတယ် ဒါပေမယ့် ဒီလောက်အထိ ဖြစ်မယ်မထင်ဘူး ဒီအတိုင်းဆိုကျုပ်သွားလိုက်တာ ကောင်းသေးတယ် အခုတော့ ညီလေး လက်သန်း သေသွားရပြီ'

သူ၏စကားကို လက်ခလယ်က ခေါင်းညိတ် ထောက်ခံလိုက်လေသည်။



'ဟုတ်တယ် ညီလေးလက်သန်းဟာ ရန်သူကို အထင်သေးတဲ့ စိတ်ရှိတယ် မျက်ကန်းတို့ အုပ်စုနဲ့ သွားတိုးတော့ ခံလိုက်ရတာပေါ့၊ တကယ်ဆိုမျက်ကန်းတို့အုပ်စုကိုတွေ့ယင် ရှည်ရှည်ဝေးဝေး ဘာမှ စဉ်းစားမနေဘဲ တိုက်ခိုက်လိုက်တာ ကောင်းတယ်၊ လက်ဦးမှု ယူလိုက်ယင် သူတို့ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး'

လက်သူကြွယ်က

'အစ်ကိုကြီး လက်မပြန်လာယင်တော့ ကျုပ် သွားမယ်လို့ ပြောရလိမ့်မယ် သူတို့ကို ကျုပ် သွားပြီး ရှင်းပစ်မယ်'

'အို... ကျုပ်သွားမှာပေါ့'

'ကျုပ် သွားမယ်၊

တစ်ယောက်တစ်ပေါက် ငြင်းခုန်လိုက်ကြလေသည်။ သူတို့၏ အသံများ ဆူဆူညံညံ ထွက်ပေါ်လာသည်။

အားလုံး၏အသံကိုကျော်၍ ဒေါ်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'အားလုံး တိတ်ဆိတ်နေကြစမ်း'

လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ်တို့ လှည့်ကြည့်လိုက်ကြ၏။

ထိုအခါ အခန်းတွင်းသို့ လက်မ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ အားလုံး ငြိမ်ကျသွား၏။

လက်မကလှမ်းဝင်လာပြီး ထိုင်ခုံဆွဲကာ ထိုင်ချလိုက်သည်။ ပြီးလျှင် စားပွဲပေါ်၌ အသင့်ရှိနေသော အရက်အိုးကိုယူကာ မော့ချလိုက်၏။

လက်ညှိုး လက်ခလယ်နှင့် လက်သူကြွယ်တို့ သူ့အားကြည့်နေကြသည်။ လက်မက အရက်တစ ခေါက်ချလိုက်ပြီးမှ

'အားလုံး ပြီးသွားပြီကွ'

ဟု ပြောလိုက်လေသည်။

သူဆက်ပြောလာမည့်စကားကို အားလုံး နားစွင့်နေကြဆဲ၊ လက်မကဆက်ပြောလေသည်။

'တို့လုပ်ငန်း အဆုံးသတ်သွားပြီ ကချေသည် မလေးကို ပြန်လွှတ်လိုက်တော့မယ်'

'ဒါ သူ့ကို လွှတ်လိုက်တော့မယ် ဟုတ်လား'

လက်ညှိုးက အထိတ်တလန့် အော်ပြော၏။

လက်မခေါင်းညိတ်ကာ

'ဟုတ်တယ် လွှတ်ပေးမယ်ဆိုတာထက်ကျူးရယ်ရဲ့လက်ထည်း လွှဲပြောင်း ပေးလိုက်ရမယ်ဆိုတာ မှန်လိမ့်မယ်၊ တို့က သူ့ကို ထာဝရ်မယူနိုင်တော့ဘူး'

'ဒါဖြင့်'

'တို့မှာ လုပ်စရာတွေအများကြီးရှိနေပြီလေ ဆက်ပိုက်ကြည့်နေကြမှာလား'

လက်ညှိုး လက်ခလယ်နှင့် လက်သူကြွယ်တို့ဝမ်းသာသွားကြလေသည်။

မျက်ကန်းတို့လူစုနှင့် ထိပ်တိုက်ရင်ဆိုင်ရန် လက်မအဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း အားလုံး နားလည် သဘောပေါက်မိကြလေသည်။

အမှတ် ၁၅ / ၁၁၀



အားလုံး တက်တက်ကြွကြွဖြစ်လာကြသည်။

လက်ညှိုးက

'ကျုပ်တို့ ဘယ်တော့သွားကြမလဲ'

လက်မက လက်သုံးချောင်း ထောင်ပြလိုက်သည်။

လက်ညှိုးက

'သုံးရက် ဟုတ်လား'

'ဟုတ်တယ် သုံးရက်အတွင်း ကချေသည်မလေးကို အလာ ခေါ်လိမ့်မယ် ပြီးတော့ မျက်ကန်းတို့နဲ့အတူ ရှိနေတဲ့ ကျူးယို့ပင်ကိုလဲ ပြန်ခေါ်လိမ့်မယ် သုံးရက် ပြည့်ပြီဆိုယင် တို့လုပ်ချင်ရာ လုပ်လို့ရပါပြီ သူ့ရဲ့ ဒီလောက်တော့အခွင့်အရေးပေးရဦးမယ် မဟုတ်လား၊ မျက်ကန်းတို့လူစုကိုရှင်းပြီးယင် ဆက်လုပ်စရာတွေ အများကြီး ရှိသေးတယ်'

လက်ညှိုးက မကျေမနပ်ဖြင့်

'ညီလေးလက်သန်း သေသွားရတာဟာ ကျူးယို့ပင် လက်ချက်လဲ မပါဘူး ဘယ်သူပြောနိုင်မှာလဲ သူ့ကို လွှတ်လိုက်လို့ မကောင်းဘူး ထင်တယ်'

လက်မ ခေါင်းယမ်းလိုက်သည်။

'မဖြစ်ဘူး သူ့ကိုလွှတ်ပေးလိုက်ရမှာပဲ၊ မင်း မကျေနပ်ရင် နောက်မှရှင်း၊ အခုတော့ ကျုပ်စီစဉ်တဲ့အတိုင်း နားထောင် ဟုတ်ပြီလား'

လက်ညှိုး ပါးစပ်ပိတ်ထားလိုက်လေသည်။

လက်မက....

'အားလုံး အဆင်သင့်ဖြစ်ထားကြပေါ့ ကခချေသည်မလေးကို ကျုပ်သွားတွေ့လိုက်ဦးမယ်'

စကားဆုံးလျှင် ထိုင်ရာမှထကာ အခန်းတစ်ဘက်သို့ လျှောက်သွား၏။

ပိတ်ထားသော တံခါးတစ်ချပ်ကိုဆွဲဖွင့်ကာ တစ်ဘက်အခန်းတွင်းသို့ ဝင်သွားလေတော့သည်။

တံခါးဖွင့်သံ ပိတ်သံများကြောင့် ကျောင်းကျောင်းခေါင်းထောင်ကြည့်မိလေသည်။

ထိုအခါ လက်မဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းကျောင်း လဲလျောင်းနေရာမှ လူးလိမ့်ထလိုက်သည်။

သူမအဖမ်းခံထားရသည်မှာ ဆယ့်ငါးရက်ခန့်ရှိပြီ ဖြစ်သည်၊ ဆယ့်ငါးရက်အတွင်း၊ စားရမဝင် အိပ်ရမပျော် စိတ်နှလုံးမချမ်းမသာဖြစ်ခဲ့လေရာ ပိန်ချုံးသွားသည် ထင်မှတ်ရပေသည်၊



အခန်းတွင်းဝင်လာသည့် လက်မကို ငေးကြည့်နေမိသည်။ လက်မက ကျောင်းကျောင်းအနီးသို့ လျှောက်လာပြီး...

'မကြာခင် မင်းဒီက ထွက်သွားရတော့မယ် ကျုပ်တို့မင်းကို ဆက်ပြီး တာဝန်မယူတော့ဘူး'

ထိုစကားကြားလျှင် လွှတ်ပေးတော့မည်ထင်မှတ်ကာ ကျောင်းကျောင်း ဝမ်းသာသွားသည်၊

'ကျွန် ကျွန်မကို လွှတ်ပေးတော့မလို့လားဟင်'

လက်မ ခေါင်းယမ်းလိုက်သည်။

'ကျုပ်တို့ တာဝန်မယူတော့ဘူးလို့ ပြောတာပါ'

'ဒါ ဒါဖြင့်'

'မင်းကို တာဝန်ယူမယ့် လူရှိတယ် မင်းလိုက်သွားရလိမ့်မယ်'

'ကျွန် ကျွန်မ ဘယ်ကို လိုက်သွားရမှာလဲဟင်'

'နောက်တော့ သိရမှာပေါ့ ကျုပ် မင်းကိုလာတွေ့တာအရေးကြီးတဲ့ စကားပြောစရာရှိလို့ပဲ'

ကျောင်းကျောင်းငေးကြည့်ကာ နားထောင်နေမိသည်၊

သူမ၏ဘဝသည် သူတစ်ပါး လက်ခုပ်ထဲမှရေကဲ့သို့သွန်လိုသွန် မှောက်လိုမှောက် နိုင်စက်ကလူပြုသမျှ ခံနေရမည့် ဖြစ်ပေ၏။

လက်မက ဆက်ပြောလိုက်သည်။

'တစ်နေ့ ကျုပ်တို့ပင်ကို မင်းပြန်တွေ့ရမယ်ဆိုရင် မင်းကို ဖမ်းခိုင်းတဲ့လူဟာပဲ မင်းကိုလွှတ်မြောက်အောင် လုပ်ခိုင်းခဲ့တယ်ဆိုတာ ပြောပြလိုက်ပါ'

'ရှင်'

ကျင်းကျင်းမှာ လက်မပြောသည့်စကားကို နားမလည်နိုင်ပါချေ။ လက်မကို ငေးကြည့်နေဆဲ။

လက်မက ဆက်ပြောလိုက်သည်။

'ကျုပ်ပြောတာကို မခမ်းနဲ့၊ ဒီစကားကို ပြောဖြစ်အောင် ပြောလိုက်ပါ'

'ကောင်း ကောင်းပါပြီရှင်'

'သုံးရက်အတွင်း မင်းကို လာခေါ်လိမ့်မယ် ကျုပ်တို့ဟာ လူဆိုးတွေဆိုပေမယ့် မင်းကို လက်ဖြားနဲ့တောင် မတို့ခဲ့ဘူး၊ ကျုပ်တို့ထက်ဆိုးတဲ့လူရှိသေးတယ်ဆိုတာ မင်းနားလည်သဘော ပေါက်လာလိမ့်မယ် ဘာပဲဖြစ်ဖြစ် ကျုပ်ပြောတာကိုသာ မမေ့မလျော့ မှတ်ထားပါ တစ်နေ့နေ့ မင်းအတွက် အသုံးဝင်လာနိုင်လိမ့်မယ်'

'စိတ်ချပါရှင် ကျွန်မ မှတ်ထားပါ့မယ်'

လက်မက သူ့အား စိုက်ကြည့်လိုက်သည်။ ပြီးလျှင် ချာခနဲ လှည့်ကာ ထွက်သွားသည်။ ကျင်းကျင်းငိုင်လျက်ကျန်ရစ်ခဲ့သည်။

* * *



မျက်ကန်းက စားပွဲခုံပေါ် လက်ချောင်း ကလေးများဖြင့် တဒေါက်ဒေါက်ခေါက်နေ၏။ နားရှစ်ဖက်အား ခုတင်ပေါ်၌ အိပ်နေသည်။

မျက်နှာတစ်ရာသည် မှန်ရှေ့၌တစ်ယောက်တည်း အမူအရာ အမျိုးမျိုးပြု လုပ်နေ၏။ လုံးဟွမ်းသား ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ငေးမျှော်ကြည့်နေလေသည်။ သူတို့ကို ကြည့်ရင်း ကျူးယို့ပင် ပျင်းရိလာသည်။

သူတို့ ဤနေရာ၌နေခဲ့သည်မှာ နှစ်ရက်ရှိခဲ့ပြီ။ ဘာမှမလုပ်ဘဲ အိပ်လိုက်စားလိုက်နေခဲ့ခြင်းဖြစ်သည်။ ပျောက် ဆုံး သွားသောကျင်းကျင်းကို လိုက်ရှာမည့်သူများက ယခုလို အိပ်လိုက်စားလိုက်လုပ်နေသည်မှာ သဘာဝမကျဟု ထင်ရပေသည်။

သို့သော် မျက်ကန်းတို့လူစုသည် အဓိပ္ပာယ်မရှိသည့် အလုပ်ကို မည်သည့်အခါမှမလုပ်ကြောင်း ကျူးယို့ပင် သိထားလေသည်။

အခုလည်း ဝိညာဉ်နှုတ် လက်ငါးချောင်း ရောက်လာမည့် အချိန်ကို မစောင့်မျှော်နေကြခြင်းဖြစ်သည်။

သူတို့ထံ ရောက်လာမည်ဟုလည်း တပ်အပ်ချယုံကြည်ထားကြလေသည်။ ကျူးယို့ပင် ထိုင်ရာမှထလိုက်သည်။ ပြတင်းပေါက်အနီးထိုင်နေသော လုံးဟွမ်းအနီးသို့ လျှောက်သွား၏။ လုံးဟွမ်းက သူ့အား လှည့်ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။

'ဘယ်ယို့လဲ ပျင်းနေပြီလား'

ဟုလည်း မေးလိုက်လေသည်။ ကျူးယို ပင် ပခုံး တွန့်ပြလိုက်သည်။ လုံးဟွိမှာ ခပ်တည်တည် နေထက်သော်လည်း ချစ်ခင်လေးစားဖွယ် ကောင်းသူဖြစ်ကြောင်း သိရှိရ၏။

လုံးဟွိအား ခင်မင်ရင်းနှီးလိုစိတ်များ ကျူးယို ပင် ရင်ထဲ ရှိနေပေသည်။

'ပျင်းတယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ သည်အတိုင်း ထိုင်စောင့်နေရတာထက် လာမယ့်ဘေး ပြေးတွေ့လိုက်ချင်တာပါပဲ'

လုံးဟွိ ရယ်မောလိုက်သည်။

'လူ့ဘဝကတော့ သည်လိုပါပဲဗျာ၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်တတ်တာမှမဟုတ်တဲ့။ တစ်ခါတလေ ကိုယ်ကသွားလာလှုပ်ရှားချင်တယ်။ ဒါပေမယ့် ထိုင်နေရတာတော့တယ်။ ထိုင်နေချင်တော့ သွားလာလှုပ်ရှားရပြန်တယ်။ ချမ်းသာချင်ပေမယ့် ဆင်းရဲတဲ့လူတွေ၊ စားချင်ပေမယ့် မစားရသူတွေ။ ပြောရရင်တော့ မကုန်နိုင်တော့ဘူး။ သည်တော့ ဖြစ်ပေါ်လာတဲ့ အခြေအနေအတိုင်း လိုက်လျောညီထွေနေထိုင်ဖို့အရေးကြီးဆုံးပဲ မဟုတ်လားဗျာ။ ခုလဲ ပျင်းရိနေပေမယ့် ထိုင်နေသင့်လို့ထိုင်နေရတယ်လို့သဘောထားရမှာပေါ့'

ကျူးယို ပင် ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာမှန်ပါတယ်ဗျာ၊ ကျုပ်ရဲ့အဘက်ကို ထယ်တင်ခဲ့တဲ့ အတွက် ခင်ဗျားကိုကျေးဇူးတင်ပါတယ်'

ခင်ဗျားက ဒါကိုပဲ ထပ်တလဲလဲ ပြောနေတာကိုး

'ပြောရမယ်လေ၊ ခင်ဗျားသာ အချိန်မီ ရောက်မလာရင် ကျုပ်တို့အရှင်လတ်လတ် မြေမြှုပ်ခံရမှာ သေချာတယ်'



'ကျုပ်က မလာဘူးလို့ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ကျုပ်ဇနီးက လွှတ်လိုက်တာဗျ'

'ဗျာ'

ကျူးယို ပင် အံ့ဩသွားလေသည်။ လုံးဟွိကို နားမလည်နိုင်စွာကြည့်ရင်း...

'ခင်ဗျားဇနီးက လွှတ်လိုက်တာ ဟုတ်လား'

'ဟုတ်တယ်...ခင်ဗျားတို့ ဘာကိစ္စ လာကြတယ် ဆိုတာကို သူက မေးတယ်လေ။ ကျုပ်ကလဲ အမှန်အတိုင်း ပြောပြလိုက်တယ်။ သည်တော့ ခင်ဗျားနေရာမှာ ကျုပ်ရှိရင် ဘယ်လိုဆုံးဖြတ်မလဲလို့မေးတယ်။ ဒါနဲ့ပဲ ကျုပ်ချက်ချင်း အိမ်ကထွက်လာခဲ့တာ'

လုံးဟွိသည် ပူပူနွေးနွေး မင်္ဂလာဆောင်ခဲ့သူ ဖြစ်သည်။ အသစ်စက်စက်ဇနီးသည်နှင့်အတူမနေရဘဲ ထွက်လာခဲ့သူ ဖြစ်၏။ သူကိုယ်တိုင်သာတို့သား ကျူးယို ပင်အား ကိုယ်ချင်းစာမိခြင်းဖြစ်လေသည်။

ကျူးယို ပင် သက်ပြင်းချကာ...

'ခင်ဗျားရဲ့ဇနီးသည်ကို ကျုပ်က လိုက်လိုက်လှဲလှဲ ကျေးဇူးတင်တဲ့အကြောင်းပြောပေးပါဗျာ။ ကျုပ်တို့ ရွှေရုပ်တုခြံဝင်းထဲကိုလာပြီးလည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဧည့်ခံပြုစုပါရစေဗျာ'

ကျူးယို ပင် ခေါင်းယမ်းလိုက်လေသည်။

'ကျုပ်တို့ကိုမမျှော်လင့်နဲ့ဗျ၊ လာနိုင်မှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲဟင်'

'သိုင်းလောကမှာ ကျုပ်မျက်နှာ တွေ့ရတာ သည့်တစ်ကြိမ် နောက်ဆုံးအကြိမ်လို့ မှတ်ထားပါဗျာ'

'ခင်ဗျားက သိုင်းလောကကို ကျောခိုင်း စွန့်ခွာတော့မယ် ပေါ့လား'

'ဟုတ်တယ်....ရှုပ်ထွေးပွေလီတဲ့ သိုင်းလောကထဲ ကျုပ်ဇနီးသည်ကို ဆွဲသွင်းချင်ဘူးလေ။ ကျုပ်တို့ဇနီးမောင်နှံ အေးအေးချမ်းချမ်းနေနိုင်ရတဲ့ဘဝကိုပဲဖန်တီးတည်ဆောက်ကြမယ်.... ခင်ဗျားကော ဒီလိုစိတ်မကူးမိဘူးလား'

ကျင်းကျောင်းက သိုင်းလောကသားဘဝကို စွန့်လွှတ်ရန် သူ့အား တောင်းဆိုခဲ့လေသည်။

ကျင်းကျောင်းအား မြတ်နိုးလွန်း၍သာ သဘောတူလိုက်ရလျှော့ ခဲ့ရသော်လည်း ဘဝင်မကျဖြစ်ခဲ့ရ၏။

ယခု လုံးဟွမ်း၏စကားကြားမှ လူ့ဘဝ အဓိပ္ပာယ်ကို နားလည်သဘောပေါက်သလိုရှိလာသည်။

ကျင်းကျောင်းအားကယ်တင်ပြီးလျှင် သိုင်းလောကမှနုတ်ထွက် ရန် ခိုင်ခိုင်မာမာကြီးဆုံးဖြတ်လိုက်လေတော့သည်။

သူတို့ နှစ်ယောက် စကား ပြောနေကြစဉ် မှာပင် လူတစ်ယောက် ခပ်သွက်သွက်လေး လှမ်းလာနေသည်ကို တွေ့မြင် လိုက်ရ၏။

ထိုလူကိုမြင်လျှင် ကျူးယို့ပင်ဝမ်းသာသွား၏။

'ဟင်.. ဦးလေးရှမ်းပုယင်း'

ဟု လွှတ်ခနဲခေါ်လိုက်၏။

လုံးဟွမ်းက....



'ဒီလူ ကျုပ်တို့ကို နောက်ယောင်ခံ လိုက်နေတာ ကြာပြီ။ ကျုပ်က ရှင်းပစ်ဦးမလို့....မျက်ကန်း တားထားလို့ပေါ့'

ဟု ပြောလိုက်၏။

ကျူးယို့ပင် ရင်ထိတ်သွားလေသည်။

'သူ နောက်ယောင်ခံ လိုက်နေတာကို ခင်ဗျားတို့ သိတယ် ဟုတ်လား'

'ဟုတ်တယ်... ခင်ဗျားက သူနဲ့ တိတ်တဆိတ် ဆက်သွယ်ပြီး သတင်းပို့နေတယ်ဆိုတာကိုလဲသိတယ်'

'ဟာ....'

ကျူးယို့ပင် အားတုံ့အားနာဖြစ်သွားလေသည်။

သူ့အား အထင်လွဲသွားမည်ကို စိုးရိမ်တာ...

'ကျုပ်အဖေဆီကို ကျူးအကြောင်းသတင်းပို့တာပါဗျာ။ သူက ကျုပ်ကိုသိပ်ချစ်တာဗျ။ ကျုပ်အတွက် စိတ်ပူနေမှာစိုးလို့ ပါဗျာ'

'ဒါကြောင့်လဲ မျက်ကန်းက လက်ပိုက် ကြည့်နေတာပေါ့။ သူကမကြိုက်ပေမယ့် မတားဘူးလေ'

'ခင်ဗျားတို့ ကျုပ်အပေါ်မှာနားလည်လွန်းကြပါတယ်ဗျာ'

ထိုစဉ် ရှမ်းပုယင်းမှာ အိမ်ကလေး ရှေ့သို့ ရောက်လာပြီ ဖြစ်သည်။

လုံးဟွမ်းက

'သူ့ကိုထွက်ပြီးကြိုဆိုလိုက်ရင်ကောင်းမယ်။ အခုလိုအရဲစွန့် လာပုံထောက်ရင် အရေးကြီးတဲ့ကိစ္စတစ်ခုခု ရှိနေပြီထင်တယ်'

ဟု ပြောလိုက်၏။

ကျူးယို့ပင်လည်း ချက်ချင်းအိမ်ရှေ့ထွက်လာ ရှမ်းပုယင်းအား ကြိုဆိုလိုက်လေတော့သည်။

ရှမ်းပုယင်းမျက်နှာ ညှိုးလျော်နေပါသည်။

ကျူးယို့ပင်က သူ့အားအကဲခတ်ကြည့်နေ၏။

လုံးဟွ ၊ မျက်ထောင့်၊ မျက်နှာတစ်ရာနှင့် နားရှစ်ဘက်တို့ကား ပိုနေမြဲကျားနေမြဲရှိနေကြ၏။

ရှမ်းပုယင်းရောက်လာသည်ကို စိတ်ဝင်စားပုံမပြကြချေ။

သို့သော် တိတ်တဆိတ်အကဲခတ်ကြည့်နေမည်ကိုအား၊ ကျူးယို့ပင်သိထား၏။

ရှမ်းပုယင်းကိုကြည့်ရင်း....

'ဦးလေးရှမ်း....မျက်နှာမသာမယာနဲ့ ဘယ်လိုဖြစ်လာတာလဲ ပြောပါဦး'

ဟု မေးလိုက်လေသည်။

ရှမ်းပုယင်းက စိုးရိမ်ပူပန်သောလေသံဖြင့်—

'ဒီတခါတော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့သခင်လေးရယ်'

'ဘာများဖြစ်လို့လဲ'



'သခင်ကြီး အသည်းအသန် နာမကျန်းဖြစ်နေတယ်၊ သခင်လေးရဲ့အမည်ကို တဖွဖွခေါ်နေတယ်လို့ သတင်း ရောက်လာပါတယ်'

'ဗျာ'

မမျှော်လင့်ဘဲကြားလိုက်ရသည့်စကားကြောင့် ကျူးယို့ပင်မှာ ထခုန်မိမှတတ်ထိတ်လန့်သွားလေသည်။

ရှမ်းပုယင်းအားစိုက်ကြည့်ကာ...

'ဖေဖေ....ဖေဖေ....အသည်းအသန်ဖြစ်နေတယ် ဟုတ်လား'

'ဟုတ်ပါတယ် သခင်လေး'

'ဖေဖေဟာ ကျန်းမာရေးလိုက်စားတဲ့လူတစ်ယောက်ပဲ ကိုယ့်ကိုယ်ကိုအမြဲဂရုစိုက်တယ် ကျနော်သိရသလောက် တစ်ကြိမ်တစ်ခါမှ နေထိုင်မကောင်းဖြစ်ဖူးယယ်လို့မကြားမိ ဖူး အခုဘယ်လိုဖြစ်ရတာလဲ'

'သခင်လေး သတိမထားမိလို့ပါ သခင်မလေးရဲ့ မင်္ဂလာကိစ္စစီစဉ်နေချိန်ကစပြီး သခင်ကြီးဟာ နေ့မအား ညမအား ဆောင်ရွက်ခဲ့တယ် စိတ်ရောကိုယ်ပါ အနားမနေဘဲ လှုပ်ရှားခဲ့တာမို့ ပင်ပန်းနေပြီလေ အခုတစ်ခါ ပြဿနာပေါ်လာတော့ မအိပ်နိုင်မစားနိုင်ဖြစ်လာရပြန်သည်။ ဒီတော့ ရောဂါဝင်လာတာ မဆန်းပါဘူး'

ကျူးယို့ပင်၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းလာ၏။ ဖခင်ဖြစ်သူ အသည်းအသန်ဖြစ်နေသည်ဆိုသော သတင်းက သူ့အားစိတ်ထိခိုက်သွားသည်။

'ဒါတွေအားလုံး ကျွန်တော့်ကြောင့်ဖြစ်ရတာပါ။ ကျောင်းကို လက်ထပ်မယ်ဆိုတာဖေဖေလုံးဝ သဘောမတူခဲ့ပါဘူး၊ ကချေသည်မလေးတစ်ယောက်ကို လက်ထပ်လိုက်ယင် ဂုဏ်သိက္ခာအကြီးအကျယ်ဆင်းသွားမယ့် သူ့ရဲ့တစ်သက်လုံး စောင့်ထိန်းလာတဲ့ ဂုဏ်သရေပျက်စီးညှိုးနွမ်းသွားမယ်လို့ ယူဆထားတယ်၊ ကျွန်တော်က ဇွတ်အတင်းလက်ထပ်မယ်ဆိုမှ သူလက်လျှော့လိုက်တာ အဲဒီကတည်းက စိတ်ဆင်းရဲမှုက ဖိစီးနှိပ်စက်နေတာပဲ ဖြစ်ရမယ် ကျွန်တော့်အပြစ်ပါပဲ'

ဟုသည်း တတွတ်တွတ်ရေရွတ်လိုက်ကြသည်။

ရှမ်းပုယင်း ခေါင်းယမ်းလိုက်သည်။

'ဒီလိုဘက်ဖက်သတ် မတွေးပါနဲ့လေ။ သခင်ကြီးဟာ သခင်လေးကို မျှော်ထားမတတ် ချစ်မြတ်နိုးတယ်မဟုတ်လား၊ သခင်လေးသဘောကျလိုက်လျောတာမဆန်းပါဘူး၊ ဒါတွေ မေ့ထားလိုက်ပါတော့ အခုလောလောဆယ် သခင်လေးကိုသိပ်ပြီးတမ်းတနေတယ် သခင်လေးပြန်လိုက်ခဲ့ပါ'

ကျူးယို့ပင် တွေဝေသွားသည်။

မကြာမီ ဝိညာဉ်နုတ် လက်ငါးချောင်းနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ရင်ဆိုင်အနိုင်ယူပြီးလျှင် ကျောင်းကျောင်းအား ကယ်တင်နိုင်ပေလိမ့်မည်။

တစ်ဖက်မှ ပြန်ကြည့်လျှင်လည်း ဖခင်ကြီးမှာ အသည်းအသန်ဖြစ်နေသည်။



ဖခင်ထံ သွားမည်လော၊ သို့မဟုတ် ချစ်သူကို ကယ်တင်မည်နည်း။

ရှမ်းပုယင်းက...

'သခင်လေး ပြန်လိုက်ခဲ့မှဖြစ်မယ် သခင်လေးကိုသိပ်ပြီးမျှော်ချင်နေပါတယ်'

ဟု ပြောလေသည်။

ကျူးယို့ပင်က မျက်ကန်းတို့လူစုကို လှမ်းကြည့်လိုက်သည်။

မျက်ကန်းတို့လူစုမှာ ကိုယ်နှင့်မဆိုင်သလိုမျက်နှာ လွှဲထားကြသည်။

ကျူးယို့ပင်သက်ပြင်းချလိုက်သည်။

'ကောင်းပြီ ကျွန်တော်ပြန်လာခဲ့မယ်'

ထိုစကားကြားလျှင် ရှမ်းပုယင်း ဝမ်းသာသွားသည်။

ထိုင်ရာမှ ဆတ်ခနဲထကာ...

'သခင်လေးအတွက် မြင်းလှည်းတောင်စီစဉ်ပြီးပါပြီ။ သွားကြပါစို့'

ပြောပြီး ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

ကျူးယို့ပင်က မျက်ကန်းအနီးသို့လျှောက်သွားသည်။ မျက်ကန်းက စားပွဲပေါ် လက်ချောင်းကလေးများဖြင့် ခေါက်နေရာမှ ရပ်လိုက်သည်။

ကျူးယို့ပင်က သူ့အားလက်နှစ်ဖက်ဆုတ်ကာဦးညွှတ်ယင်း

'ကျုပ် သွားတော့မယ်ဗျ'

ဟု ပြောလိုက်သည်။

မျက်ကန်း ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား သွားသင့်ပါတယ်'

'ကျုပ်ရှဲဇနီး'

'ဒီအတွက် မပူနဲ့ ခင်ဗျားရှဲဇနီးသည့်ကို ရွှေရုပ်တု ခြံဝင်း ဆောက်အောင်ကျုပ်ဝိုင်းပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ်ဗျာ'

ကျူးယို့ပင်က နားရှစ်ဖက် မျက်နှာတစ်ရုနှင့် လုံးဟွ ိုတို့ အား လှမ်းကြည့်လိုက်သည်။

သူတို့က ပြန်လည်ပြုံးပြလိုက်ကြ၏။ ကျူးယို့ပင်၏ ရင်ထဲ နွေးနွေးထွေးထွေးဖြစ်သွားသည်။

သူတို့သည် ပြောသည့်အတိုင်း လုပ်မည့်သူများ ဖြစ်ကြသည် မဟုတ်လော။

မျက်ကန်းက....

'ခင်ဗျားအဖေအတွက် အဖိုးတန်တဲ့ အချိန်တွေ ဖြုန်းမပစ် ပါနဲ့ဗျာ'

ဟု ပြောလာသည်။

ကျူးယို့ပင် သက်ပြင်းချလိုက်သည်။

အားလုံးကို ဦးညွှတ်၍ ရဝပ္ပလိုက်ပြီး။

'ကျုပ်သွားတော့မယ် ခင်ဗျားတို့နဲ့အတူတူ ကျုပ်ရှိနေချင် တယ်ဆိုတာ မမေ့ပါနဲ့ဗျာ ရွှေရုပ်တုခြံဝင်းမှာ ပြန်ဆုံကြတာ ပေါ့'

စကားဆုံးလျှင် ရှမ်းပုယင်းအနီးသို့ လျှောက်သွားပြီး။



'ကျွန်တော်တို့သွားကြစို့'

ဟု ပြောလိုက်သည်။

ရှမ်းပုယင်းမှာ ထွက်သွားရန်အဆင်သင့်ဖြစ်နေချေပြီ။ သူတို့ နှစ်ယောက် ပခုံးချင်းယှဉ်ကာ အိမ်ထဲမှ ထွက်သွားကြလေ သည်။

ကျူးယို့ပင် ထွက်သွားသော်လည်း သူ၏ အငွေ့အသက် များ အိမ်ကလေးထဲ၌ ကျန်ရစ်ခဲ့လေတော့သည်။

* * *

ကျူးယို့ပင်ထွက်သွားပြီဖြစ်လေသည်။ အိမ်တံခါးဟာလာ ဟင်းလင်းဖွင့်ထားသည်။

လုံးဟွ ိုး တံခါးပေါက်ဆီသို့ လှမ်းမျှော် ကြည့်နေသည်။ ဤတံခါးမှတစ်ဆင့် ကျူးယို့ပင် ပြန်ဝင်လာတော့မည် မဟုတ် ကြောင်း နားလည်ထားလေသည်။

ကျူးယို့ပင်ကို တော်တော်နှင့် ပြန်တွေ့ရတော့မည် မဟုတ် ဟုလည်း နားလည်ယုံကြည်ထားလေသည်။ လုံးဟွ ိုးငေးကြည့်

နေစဉ် မျက်ကန်း၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'သူ ထွက်သွားတာ ကျုပ်တို့အတွက် ကောင်းသလား ဆိုးသလား'

လုံးဟွာ၊ လှည့်ကြည့်လိုက်သည်။

မျက်ကန်း မျက်နှာတစ်ရေနှင့် နားရွှစ်ဘက်တို့ဝိုင်းဖွဲ့ဆိုင်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ လုံးဟွာ၊က သူတို့အနီးသို့ လျှောက်သွားပြီးတိုင်ချလိုက်၏။ မျက်ကန်း၏စကားကိုမည်သူမျှ အဖြေမပေးကြချေ။

အဖြေပေးရန် လိုမည်မဟုတ်ပေ။ မကောင်းသည် ဆိုးသည် မကြာမီအဖြေပေါ်လာမည် ဖြစ်လေသည်။

မျက်ကန်းက

'ကျူးယို့ပင် ပြောသွားတာကို ကြားတယ် မဟုတ်လား အဖော် စိတ်ဝင်စားစရာ ကောင်းတာပဲ ဒီအချက်ကို တို့အခုမှ သိရတာပဲ'

မျက်နှာတစ်ရေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ကွ သူ့အဖေဟာ သူ့ရှဲမင်္ဂလာကိစ္စကိုသဘောမတူဘူး ဆိုပါလား။

'ဟုတ်တာပေါ့ကွာ ဂုဏ်နေမက်မောတဲ့ လူတစ်ယောက်ဟာ သူ့သားကို ကချေသည်မလေး တစ်ယောက်နဲ့ ဘယ်လိုလုပ် သဘောတူနိုင်မှာလဲ၊ ဒီအတိုင်း ဆိုယင် ကချေသည်မလေး ကျင်းကျင်းကို သနားစရာတောင် ကောင်းနေပြီ'

နားရွှစ်ဘက်အအ ထောက်ခံလိုက်သည်။



မျက်ကန်းက

'ရွှေရုပ်တုခြံဝင်းနဲ့ ရန်ငြိုးရန်စရှိတဲ့လူရဲ့ သက်ချက်ကြောင့် ဒုက္ခရောက်ရတယ် ဆိုကတယ်ဆိုယင် ကျူးရယ်နဲ့ ကျူးယို့ပင် တို့ကိုသာ ဒုက္ခပေးသင့်တယ်မဟုတ်လား၊ မဆိုမဆိုင်တာကြောင့် ကျင်းကျင်းကို ဒုက္ခပေးရတာလဲ'

'အိုကွာ ကျင်းကျင်းဟာ ရွှေရုပ်တုခြံဝင်းရဲ့ သခင်မလေး ဖြစ်တော့မှာဘဲ သူ့ကို ဒုက္ခပေးတာ ရွှေရုပ်တုခြံဝင်းကို ဒုက္ခ ပေးတာနဲ့ အတူတူပဲပေါ့'

'ကောင်းပြီ ဝိညာဉ်နှုတ်လက်ငါးချောင်းကို စေခိုင်းနိုင်တဲ့ လူဟာ ဘယ်သူ ဘယ်ဝါ ဖြစ်တယ် ဆိုတာ စဉ်းစားကြရ အောင်'

'လွယ်ပါတယ်ကွာ သိုင်းပညာတော်ရမယ် ငွေအများကြီး ရှိရမယ် ဒီလိုလူမျိုးပဲ ဖြစ်ရမှာပေါ့'

မျက်နှာတစ်ရေ မျက်မှောင်ကုပ်ကာ

'သူတို့ဟာ ကြေးစားတွေပဲ ငွေရှိယင် ပြီးတာပဲ မဟုတ်လား'

'ငွေရှိတဲ့လူတိုင်း၊ သူတို့ကို ငှားရမ်းနိုင်တာ မှန်တယ်။ ဒါပေမယ့် သူတို့နဲ့ ဆက်ဆံဖို့တော့ လူတိုင်း လုပ်ရမှာ မဟုတ်ဘူး'

မျက်ကန်း၏ စကားကို နားရွှစ်ဘက် ထောက်ခံလိုက်သေသည်။

'ဟုတ်တယ် ဝိညာဉ်နှုတ် လက်ငါးချောင်းဟာ ကြောက်စရာ ကောင်းတဲ့ လူသတ်သမားတွေဆိုတာ လူတိုင်းသိကြတယ်။

ဘယ်သူမှ သူတို့နဲ့ မပတ်သက်ချင်ကြဘူး၊ သူတို့နဲ့ ပတ်သက်မိယင် ပြန်ပြီး ဒုက္ခပေးမှာ ကြောက်ကြတယ်။ ထိပ်တန်း သိုင်းပညာ တတ်တဲ့ လူမှသာလျှင် သူတို့နဲ့ မကြောက်မရွံ့ ဆက်ဆံရဲမှာပဲ'

လုံးဟွာ့ကား ဘာမှမပြောဘဲ အရက်တစ်ခွက်ငှဲ့ခံသောက်နေလေသည်။

မျက်ကန်းက ဆက်ပြောလိုက်သည်။

'ငါတို့တာဝန်သာ ကျောင်းကျောင်းကို ကယ်တင်ပေးရုံပဲ၊ ဒါပေမယ့် ဒီကိစ္စဟာ စိတ်ပင်ပန်းစရာကောင်းနေတော့ ဖန်တီးတဲ့ တရားခံအစစ်ကို ထုတ်ဖော်မယ်လို့ စိတ်ကူးထားတယ် မင်းတို့ ခဲဗျာ ဘယ်လိုသဘောရသလဲ'

မျက်နှာတစ်ရာနှင့် နားရှစ်ဘက်တို့ သဘောတူလိုက်ကြလေသည်။

'ကောင်းတယ် ငါတို့သဘောတူတယ်'

မျက်ကန်းက....

'လုံးဟွာ့ မင်းကော'

လုံးဟွာ့ သက်ပြင်းချလိုက်သည်။

'အစ်ကိုတရားခံအစစ်ကို လျစ်လျူရှုထားမယ်ဆိုရင် နောက်ထပ် ဒီလိုအဖြစ်မျိုးတွေထပ်ပြီး ကြုံတွေ့ရမှာပေါ့၊ ငါတို့က ကျောင်းကျောင်းကို ကယ်ဆယ်လိုက်မယ်၊ ကျောင်းကျောင်းလွတ်သွားပြီး မကြာခင် နောက်ထပ်လူဆိုးတွေ ပေါ်လာဦးမယ် သူမကိုဖမ်းသွားဦးမှာပဲ'



မျက်နှာတစ်ရာက—

'တရားခံအစစ်က ကျောင်းကျောင်းကိုပဲ တစ်ချိန်လုံး ဒုက္ခပေးနေမှာလား၊ ကျူးရယ်နဲ့ ကျူးယို့ပင်တို့ကိုကော ဒုက္ခမပေးတော့ဘူးလား'

'ကျူးရယ်ကို ဒုက္ခပေးချင်တယ်ဆိုရင် အစကတည်းက ဒုက္ခပေးမှာပေါ့၊ ကျောင်းကျောင်းကိုဖမ်းသွားစရာ ဘယ်လိုမလဲ'

မျက်ကန်း ပါးစပ်ပိတ်ထားလိုက်လေသည်။

မျက်နှာတစ်ရာနှင့် နားရှစ်ဘက်တို့က လုံးဟွာ့အား လှမ်းကြည့်လိုက်ကြလေသည်။

လုံးဟွာ့၏အတွေးမှာ သူတို့နှင့်မတူချေ။

သို့သော် လုံးဟွာ့၏အတွေးက ပိုပြီး သင့်မြတ် လျော်ကန်ကြောင်း နားလည်ထားကြသည်။

မျက်နှာတစ်ရာက...

'တရားခံဟာ ကျူးရယ်နဲ့ ထိပ်တိုက် ရင်မဆိုင်ရဲဘူးလို့ မင်းဆိုလိုချင်တာပေါ့ ဟုတ်လား'

ဟု မေးလိုက်လေသည်။

လုံးဟွာ့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဘာသာ ရင်ဆိုင်ရဲမယ်ဆိုရင် အပြစ်မရှိတဲ့လူတွေကို ဒုက္ခပေးစရာမလိုဘူး'

'ဒါဆို ကွဲပြားချက်တွေ ရှိနေပြီကွ'

'ဘာလဲ ဝိညာဉ်နှုတ် လက်ငါးချောင်းကို ငှားရမ်းတဲ့လူဟာ ချမ်းသာကြွယ်ဝရမယ် ထိပ်တန်းသိုင်းပညာတတ်ရမယ် ဆိုတာနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်လို့ မင်းပြောချင်တာ မဟုတ်လား'

'မှန်တယ်'

'ဒီအချက်ဟာ အခုဖြစ်ပေါ်လာတဲ့ ကိစ္စမှာ အရေးပါဆုံး အချက်ပဲ ဒီအချက်ကို ဖြေရှင်းနိုင်မယ်ဆိုရင် တရားခံအစစ်ကို ဖော်ထုတ်နိုင်ပြီပေါ့'

မျက်ကန်း ကြားဖြတ်ပြောလိုက်လေသည်။

'ဟုတ်တယ် အဲဒီအချက်ကိုဖြေရှင်းဖို့ ကြိုးစားရမယ်'

'ဖြေရှင်းချင်တယ်ဆိုရင် အိမ်ထဲမှာထိုင်နေလို့ မဖြစ်ဘူး'

'မင်း သဘောသာ'

'သိုင်းလောကမှာ ရွှေရုပ်တုခြင်္သေ့ကို ဒုက္ခပေးချင်သူ ဘယ်နှစ်ယောက်ရှိတယ်ဆိုတာ စုံစမ်းရမယ် အရှေ့ပိုင်းအတွင်း ဝိဉာဉ်နတ် လက်ဝါးချောင်းနဲ့ ဆက်သွယ်ခဲ့သူ ဘယ်သူဘယ်ဝါဆိုတာ စုံစမ်းရမယ်'

လုံးဟွာ ပြောသည့်စကားကို အားလုံး လက်ခံလိုက်ကြသည်၊

မျက်ကန်းက...

'နားရှစ်ဘက် မင်းဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

နားရှစ်ဘက် ပခုံးတွန့်ကာ...

'ဒီကိစ္စ ကျုပ်စုံစမ်းပြီးပြီ၊ ဘာသတင်းမှ မရခဲ့ဘူးလို့မင်းကို ပြောခဲ့ပြီး မဟုတ်လား'

မျက်ကန်း ခေါင်းညိတ်လိုက်လေသည်။

'လုံးဟွာ မင်းပြောတဲ့ကိစ္စကို တို့စုံစမ်းခဲ့သေးတယ်ကွ၊ ရွှေရုပ်တုခြင်္သေ့ပိုင်ရှင် ကျူးရယ်ဟာ သိုင်းလောကမှာ ဘယ်သူနဲ့မှ ကြီးကြီးကျယ်ကျယ် ရန်ငြိုးမရှိခဲ့ဘူး၊ သူ့ကိုဒုက္ခပေးချင်သူမှ



မလောက်ပဲ၊ လူကောင်းတွေ မဆိုထားနဲ့ လူဆိုးတွေတောင် သူ့ကိုလေးစားကြတယ်'

'ဒါဖြင့် ဝိဉာဉ်နတ် လက်ဝါးချောင်းကို ဆက်သွယ်ငှားရမ်းတဲ့လူကရော'

'မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက်လို့ပဲ ကြားရတယ်၊ ဘယ်သူဘယ်ဝါဆိုတာမှ မသိရဘူး'

နားရှစ်ဖက်တွင် မိတ်ဆွေများစွာရှိပေသည်။ သိုင်းလောက၌ ဖြစ်ပေါ်နေသော သတင်းများကို သူ့ထက်ပိုပြီး သိနိုင်သူမရှိဟု ဆိုစကားရှိခဲ့ပေသည်။

ယခု သူကိုယ်တိုင်ပင် ဇဝေဇဝါ မသေချာဘဲ ဖြစ်နေ၏။ ထို့ကြောင့် ဝိဉာဉ်နတ်လက်ဝါးချောင်းနှင့် ဆက်သွယ်ငှားရမ်းခဲ့သူမှာ အလွန်လျှို့ဝှက်သူဖြစ်ရမည်ဟု သဘောပေါက်ကြလေတော့သည်။

မျက်ကန်းက...

'တို့လိုက်ပြီး စုံစမ်းနေတာထက် ဝိဉာဉ်နတ် လက်ဝါးချောင်းနဲ့တွေ့ပြီး မေးမြန်းလိုက်တာက ပိုမကောင်းဘူးလား၊ သူတို့ဆီကပဲ အဖြေမှန်သိနိုင်မယ်လေ။ ဒါကြောင့် ထိုင်စောင့်နေဖို့ ဆုံးဖြတ်ကြတာပေါ့'

လုံးဟွာ ပါးစပ် ပိတ်ထားလိုက်လေသည်။

ထိုစဉ် မျက်နှာတစ်ရာ ဆတ်ခနဲခုန်ထကာ...

'တကယ်လို့များ ဒုက္ခပေးသူဟာ အတွင်းလူ ဖြစ်နေခဲ့ရင်ကော—

မျက်ကန်းနားရှစ်ဖက်နှင့်၊ လုံးဟွီးတို့ ခေါင်းထောင်ထလာသည်။

မျက်နှာတစ်ရာက-

'ကျုပ်တော့ ရှမ်းပုယင်းကို သိပြီး မယက်ဘူးကွ'

စကားဆုံးလျှင် အိမ်ထဲမှ လှစ်ခနဲ ပြေးထွက်သွားလေသည်၊ မျက်ကန်းနှင့် လုံးဟွီးတို့ ထကြွသွားရန် ဟန်ပြင်လိုက်၏။

နားရှစ်ဖက်က-

'ဝိညာဉ်နှုတ် လက်ငါးချောင်း ရောက်လာရင် ကျုပ်တစ်ယောက်တည်း ရင်ဆိုင်နိုင်မယ်လို့ မင်းတို့ထင်နေသလား'

ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် မျက်ကန်းနှင့် လုံးဟွီးတို့၏ ခြေလှမ်းများ တုံ့ခနဲရပ်သွားလေသည်။

မျက်ကန်းက-

'အင်း....ရှမ်းပုယင်းကို ခြေရာခံလိုက်ဖို့ဆိုတော့ မျက်နှာတစ်ရာ တစ်ယောက်တည်းနဲ့ လုံလောက်ပါတယ်ကွာ'

ဟု ပြောလိုက်လေသည်။

လုံးဟွီးက သက်ပြင်းသဲ့သဲ့ ချလိုက်လေတော့သည်။



လမ်းပေါ်သို့ မျက်နှာတစ်ရာ ရောက်ရှိလာသောအခါ လူရှင်းနေသည်ကို တွေ့မြင်ရလေ၏။ ကျူးယို့ပင်နှင့် ရှမ်းပုယင်းတို့အား မတွေ့ရတော့ချေ။ မျက်နှာတစ်ရာက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးလျှင် ရှေ့ဘက်သို့ ခပ်သွက်သွက်ကလေး ပြေးသွားလေသည်။

ရှမ်းပုယင်းနှင့် ကျူးယို့ပင်တို့ထွက်သွားသည်မှာ မကြာသေးသဖြင့် အမီလိုက်နိုင်မည်ဟု ယုံကြည်ထားလေသည်။

လမ်းမကျယ်အတိုင်း ပြေးသွားရင်း အတော် ဝေးဝေးသို့ ရောက်လျှင် မြို့ပြင်သို့ထွက်သောဖြတ်လမ်းတစ်ခုအကွေ့၌ မြင်းလှည်းတစ်စီး၊ ဒုန်းစိုင်းမောင်းနှင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

'ကျူးယို့ပင်ကို မြင်းလှည်းနဲ့ ခေါ်သွားတာပဲဖြစ်မယ်'

တွေးရင်း လမ်းကြားထဲ ပြေးဝင်လိုက်၏။

မြင်းလှည်း ဒုန်းစိုင်းမောင်းနှင်သွားရာ မြို့ပြင်သို့ပင် ရောက်ရှိသွားပြီဖြစ်လေသည်။ မျက်နှာတစ်ရာက တအားပြေးလိုက်သွား၏။

ထိုစဉ် လမ်းကြားတစ်ဖက်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကိုတွေ့မြင်လိုက်ရ၏။

ထိုလူကို မြင်လျှင်မြင်ချင်း မျက်နှာတစ်ရာ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်လေသည်။ အကြောင်းအား ထိုလူမှာ ထူးခြားသူတစ်ယောက်ဖြစ်ကြောင်း ချက်ချင်း ရိပ်မိလိုက်သည်မဟုတ်ပါလား။

ထိုလူသည် တင်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။ မျက်နှာမှာ လူသေအလောင်းပမာ ဖြူဖပ်

ဖြူရော်ဖြစ်နေ၏။ မျက်လုံးများက စိမ်းဖန့်ဖန့်အရောင်သန်းနေ၏။ မျက်နှာတစ်ဆုကို တစ်ချက်ကြည့်ပြီး မြို့ပြင်ဘက်သို့ ထွက်သွားလေ၏။

မျက်နှာတစ်ဆုအား မသိဟန်ဆောင်ကာ မျက်နှာလွှဲလိုက်၏၊

ထိုလူနှင့်ဆန့်ကျင်ဘက် အရပ်သို့ လျှောက်သွားရင်း မသိမသာ အကဲခတ်ကြည့်နေသည်။

ထိုလူထွက်သွားပြီး အတော်ဝေးဝေးသို့ရောက်လျှင် ချာခနဲလှည့်ကာ ထိုလူ့နောက်သို့ခြေရာခံလိုက်သွားလေတော့သည်။



ဝှက်မက လက်ညှိုးကိုစိုက်ကြည့်လိုက်သည်။

ပြီးလျှင်—

'မင်းကိုတာဝန်ပေးစရာရှိတယ်'

ဟု ပြောလိုက်လေသည်။

လက်ညှိုး ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်... ဘာမှမလုပ်ဘဲထိုင်နေရတာထက် တစ်ခုခုလုပ်နေတာကို ကျုပ်ပိုပြီးသဘောကျတယ်။ ကဲ... ဘာလုပ်ရမလဲ ဆိုတာပြောပါ'

'ကျင်းကျင်းကို ခေါ်သွားရလိမ့်မယ်'

လက်ညှိုး ပြုံးလိုက်သည်။

'ကျုပ်တို့ တာဝန်ပြီးဆုံးသွားပြီပေါ့'

'ဟုတ်တယ်... သူ့ကို တို့ဆက်ပြီး တာဝန်ယူစရာ မလိုတော့ဘူး။ ကျူးရယ်လက်ထဲပြန်ပြီးလွှဲပေးလိုက်ရုံပဲ'

'အခု လွှဲပေးတော့မယ်ဟုတ်လား'

'ဟုတ်တယ်... ဒီနေ့ဟာ ကျူးရယ်တောင်းဆိုထားတဲ့နောက်ဆုံးရက်ရောက်ပြီလေ'

'သူ့ကို ဘယ်မှာသွားတွေ့ရမလဲ'

'ကျွန်းမြိုင်တောအုပ်မှာ'

'ဘုံကျောင်းပျက်မှာလား'

'ဟုတ်တယ်... ကျင်းကျင်းကို ခေါ်ပြီး အဲဒီမှာ သွားစောင့်နေပါ။ သူရောက်လာလိမ့်မယ်'

'လက်ခလယ်ဆီကသတင်း မစောင့်တော့ဘူးလား'

လက်မခေါင်းယမ်းလိုက်သည်။

'စောင့်စရာမလိုဘူး။ ကျူးရယ်က ကျူးယို့ပင်ကို ဖြစ်တဲ့နည်းနဲ့ ခေါ်ထုတ်သွားမှာပဲ။ ခေါ်မသွားနိုင်ရင်လဲ ကျုပ်တို့တာဝန်မရှိဘူး'

လက်ညှိုးပြုံးလိုက်သည်။

'ကျုပ်အတွက် ပွဲကြီးပွဲကောင်းလွတ်သွားတာပေါ့။ ဒီမှာနေရရင် မျက်ကန်းတို့အုပ်စုနဲ့ထိပ်တိုက်တွေ့ရမှာပဲ'

လက်မရယ်မောလိုက်သည်။

'စိတ်ချပါကွာ။ မင်းအတွက် ပွဲကြီးပွဲကောင်း မလွတ်စေရဘူးလို့ ကျုပ်အာမခံပါတယ်'

'ဘာလဲ...ကျုပ်ပြန်လာတဲ့အထိစောင့်မှာလား'

'မစောင့်ဘူး...တို့လုပ်စရာရှိတာလုပ်မှာပဲ'

လက်ညှိုး မကျေမနပ်ဖြင့်

'ဒါဆို ကျုပ်အတွက် ဘယ်လိုလုပ်ပြီး ပွဲကြီးပွဲကောင်းမီနိုင်တော့မှာလဲ'

'မင်းအတွက် တစ်ပွဲသပ်သပ်ရှိတယ်လေ'

'ပြောစမ်းပါဦး'

'ကျူးရယ်က ကျင်းကျင်းကို လွဲပြောင်းယူလိမ့်မယ်။ အဲဒီအခါ မင်းနောက်ယောင်ခံလိုက်သွားရလိမ့်မယ်။ ကျူးရယ်တာလုပ်တယ်။ ကျင်းကျင်းကို ဘယ်မှာချုပ်နှောင်ထားတယ်ဆိုတာသိအောင်စုံစမ်းရမှာ'



လက်ညှိုးသဘောကျသွားလေသည်။

သူ့အတွက်စိတ်လှုပ်ရှားစရာကောင်းသော ကိစ္စတစ်ခုဆောင်ရွက်ရမည်မဟုတ်ပါလား။

'ဟဲ...ဟဲ...ဟဲ...ဒီလိုဆိုတော့လဲ မဆိုးပါဘူး။ ကျုပ် အခုသွားရတော့မလား'

'ဟုတ်တယ်...ကျင်းကျင်းကို မှဲ့တစ်ပေါက်မှ မစွန်းရအောင်မင်းစောင့်ရှောက်ရမယ်။ ကျူးရယ်လက်ထဲ ရောက်သွားပြီးရင်ဘာပဲဖြစ်ဖြစ် တို့နဲ့မဆိုင်ဘူး။ ကဲ...သွားတော့'

လက်ညှိုး ချာခနဲလှည့်ကာ ထွက်သွားသည်။

လက်ညှိုးထွက်သွားပြီး မရှေးမနှောင်းတွင် လက်ခလယ်အခန်းတွင်းသို့ ဝင်လာလေတော့သည်။

လက်ညှိုးသည် ကျင်းကျင်းအား ခေါ်ဆောင်ကာထွက်သွား ပြီ ဖြစ်လေသည်။

သူက ကျွန်းမြို့င်တောအုပ်အတွင်းရှိ ဘိုကျောင်းပျက်သို့သွား ကာ ကျူးရှယ်နှင့်တွေ့ဆုံမည် ဖြစ်သည်။

လက်ညှိုးထွက်သွားပြီး တစ်ခဏအကြာတွင် လက်ခလယ် ရောက်ရှိလာလေသည်။

လက်ခလယ်ကိုမြင်လျှင် လက်မက လှမ်းမေးလိုက်သည်။

'ဘယ်လိုလဲ သူထွက်သွားပြီလား'

လက်ခလယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ရှမ်းပုယင်းက သူ့ကိုခေါ်သွားပြီ'

'ဘယ်တုန်းက သွားတာလဲ'

'မကြာသေးဘူး'

'မျက်ကန်းတို့ အုပ်စုကိုကော တွေ့ခဲ့သေးသလား'

လက်ခလယ် ပြုံးလိုက်လေသည်။

'သူဘိုဆိုင်စောင့်နေကြတယ်လေ လက်သန်းအတွက် ကျုပ် တို့ရောက်လာကြမယ်ဆိုတာ သိထားကြပုံရတယ်'

'ဒီလိုပဲဖြစ်ရမှာပေါ့ သူဘိုကို အထင်သေးလို့မရဘူး၊ မင်းရဲ့ နောက်ကို ခြေရာခံလိုက်လာတဲ့လူတောင် ရှိချင်ရှိနေမှာ'

'ဘာ'

လက်ခလယ်က ခန္ဓာကိုယ်ကို ဆတ်ခနဲတုန်ခါသွားလေသည်။

လက်မကို မော့ကြည့်လိုက်သည်။

လက်မက ပြုံးနေသည်။



တောက်ကျစ်စဉ်းလဲသောအပြုံး၊ ရက်စက်သောအပြုံး ဖြစ် ကြောင်း လက်ခလယ် ရိပ်မိထားလေသည်။

လက်ခလယ်၏ရင်ထဲ ထိတ်လန့်တုန်လှုပ်သွားသည်။

လက်မက သူ့အား အပြစ်တင်မည်ဟု ထင်မှတ်မိသည်။

လက်မက....

'နောက်ယောင်ခံလိုက်တဲ့လူရှိရင်လဲ မျက်ကန်းတို့ လူစုထဲ ကပဲ ဖြစ်လိမ့်မယ် တခြားလူ ဒီလိုလုပ်ရဲမှာ မဟုတ်ဘူး'

ထိုစကားကြားလျှင် လက်ခလယ် ခေါင်းထောင်လာသည်။

အံတင်းတင်းကြိတ်ရင်း....

'တောက် မျက်ကန်းတို့ လူစုထဲကလူဆိုရင် သိပ်တောင်းတာ မပါဘူး မှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမပေးရမှာ ပေါ့'

ဒါဖြင့် မင်း ဘာလုပ်နေတာလဲ'

'ကျုပ်'

လက်ခလယ်က လက်မကို ကြည့်လိုက်သည်။

လက်မက ပြုံးနေသည်။

လက်ခလယ် ဘာမှမပြောဘဲ ချာခနဲလှည့်ကာ အပြင်ဘက် ပြေးထွက်သွားတော့သည်။

မျက်နှာတစ်ရာ ခြေလှမ်းရပ်လိုက်သည်။

သစ်ပင်တစ်ပင်နောက်ကွယ်သို့ တိုးဝင်ကာ ခပ်လှမ်းလှမ်းရှိ အိမ်ကလေးဆီသို့ လှမ်းကြည့်လိုက်သည်။

အိမ်ကလေးအတွင်းမှ အသံပလံများ ထွက်ပေါ်လာခြင်း မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ရ၏။

မျက်နှာတစ်ရာ မျက်တောင်မခတ်ကြည့်နေဆဲ။

သူခြေရာခံလိုက်လာခဲ့သော လူးဆန်းသူမှာ ထိုအိမ်ကလေးထဲ ဝင်ရောက်ပျောက်ကွယ်သွားခြင်း ဖြစ်ပေသည်။ အိမ်ထဲ ဝင်သွားပြီး ပြန်ထွက်မလာသေးချေ။

မျက်နှာတစ်ရာ အကဲခတ်ကြည့်နေစဉ် သူ၏နောက်ကျောတွင် အေးစိမ့်သောအငွေ့အသက်များ ခံစားလိုက်ရသည်။

ကြက်သီးဖျန်းခနဲ ထသွားသည်။ ရင်ထိတ်ကာ ချက်ချင်း နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ အနောက်ဘက် မလှမ်းမကမ်း၌ လူတစ်ယောက် ရပ်လျက် သူ့အား စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မျက်နှာတစ်ရာက အိမ်ကလေးဘက် လှည့်ကြည့်လိုက်သည်။ အိမ်ကလေးအတွင်းမှ လူတစ်ယောက် ပြေးထွက်လာ၏။

ထစ်ဖန် နောက်ဘက်ပြန်လှည့်ကြည့်လိုက်သည်။ အခု တစ်ကြိမ် အနောက်ဘက်တွင် လူနှစ်ယောက်ဖြစ်နေသည်ကို တွေ့ရသည်။



အရှေ့အနောက် နှစ်ဘက်ညှပ်ကာ ဝိုင်းရံထားခြင်းခံလိုက်ရပြီ ဖြစ်လေသည်။

မျက်နှာတစ်ရာ သက်ပြင်း ချလိုက်သည်။

ထိုစဉ် အနောက်ဘက်မှ လူနှစ်ယောက်အနက် တစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေတော့သည်။

'မင်းက မျက်နှာတစ်ရာ မဟုတ်လား'

မျက်နှာတစ်ရာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ခင်ဗျားတော'

'လက်မ'

'ဟား ဟား ဟား'

မျက်နှာတစ်ရာရှယ်မောလိုက်၏။ လက်မနှင့် ဖက်သူကြွယ်ရှေ့သို့တိုးလာကြသည်။

တစ်ဘက်မှဖက်လေယ်လည်း ပြေးလာသည်။ မျက်နှာတစ်ရာ မလှုပ်မယှက်ရပ်နေလိုက်၏။

မမျှော်လင့်ဘဲ ဝိညာဉ်နိုတ်သက်ငါးချောင်းဟု အမည်ရှိသူများနှင့်တွေ့ဆုံလိုက်ရပြီဖြစ်သည်။

မျက်ကန်း နားရှစ်ဘက်နှင့် လုံးအွမ်းတို့ကို ပြေးခေါ်လိုက်ချင်သည်။

သို့သော် နောက်ကျနေပြီဖြစ်ကြောင်း နားလည်လိုက်မိလေသည်။

မှန်သည်။

အရာရာနောက်ကျသွားပြီဖြစ်လေသည်။

လက်မက

'သက်နှီး ပြန်ရောက်မလာတဲ့အခါ ကျုပ်တို့ဘယ်သို့ဗိုလ်ခံစားကြတယ်ဆိုတာ မျက်ကန်းဘဘောသေပေါက်သွားမှာ'

ဟု ပြောလိုက်သည်။

မျက်နှာတစ်ရာ ကြိုးစားဖျစ်ညစ် ပြုံးလိုက်လေသည်။



မျက်ကန်း မလှုပ်မယှက် ထိုင်နေသည်။ နွားရှစ်ဘက်အား အခန်းထောင့်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေသည်။ လုံးဟွာ့ကမူ ပြတင်းပေါက်အနီးတွင်ထိုင်ကာ အပြင်ဘက်ငေး ကြည့်နေ၏။

ကျန်ရစ်ခဲ့သော သူ၏ဇနီးသည်အား ထမ်းတ လွမ်းမောနေခြင်း မဟုတ်သည်ကား သေချာလှပေသည်။

ထိုစဉ်

'ကျွိ ... ကျွိ'

တကျွိကျွိ မြည်သံနှင့်အတူ နွားလှည်းတစ်စီး မောင်းလာနေသည်ကို တွေ့လိုက်၏။

လုံးဟွာ့ သက်ပြင်းချလိုက်သည်။

'မျက်နှာတစ်ရာ ပြန်လာပြီ'

ဟု ပြောလိုက်လေသည်။

သူ၏စကားကြားလျှင် နွားရှစ်ဘက်နှင့် မျက်ကန်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

မျက်ကန်း ထိုင်ရာမှထလာသည်။

နွားရှစ်ဘက်က

'ဘယ်မှာလဲ'

'ဟိုမှာ'

လုံးဟွာ့ကအ နွားလှည်းကိုညွှန်ပြလိုက်လေသည်။ နွားရှစ်ဘက်မျက်မှောင်ကုပ်ကာ

'ဘယ်မှာလဲ နွားလှည်းမောင်းတဲ့ အဘိုးကြီးလား'

'မဟုတ်ဘူး'

'မင်းက'

'နောက်မှာ ကြည့်ဦးလေ'

'ဟင်'

နွားရှစ်ဘက်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။ ပြတင်းပေါက်မှတဆင့် အပြင်ဘက်ခုန်ထွက်သွားလေသည်။ လုံးဟွာ့းလည်း လိုက်သွားသည်။

သူတို့ထွက်သွားလျှင် မျက်ကန်းလည်း မနေနိုင်တော့ဘဲခုန်ထွက်လိုက်လေသည်။

သူတို့အပြင်ရောက်သွားချိန်၌ နွားလှည်းရပ်သွားပြီးဖြစ်လေသည်။ နွားလှည်းပေါ်၌ ရှည်မျော့မျော့ သေတ္တာတစ်လုံးရှိနေသည်။

ထိုသေတ္တာမှာ လူသေအလောင်းထည့်သော ခေါင်းတစ်လုံးဖြစ်နေတော့သည်။

နွားရှစ်ဘက်က ဘာမျှပြောညာမပြော နွားလှည်းပေါ် ခုန်တက်ကာ အခေါင်းအဖုံး ဆွဲဖွင့်လိုက်သည်။

ထိုအခါ အခေါင်းအတွင်း၌ လှဲလျောင်းနေသော မျက်နှာတစ်ရာအား တွေ့မြင်လိုက်ရလေသည်။

မျက်နှာတစ်ရာ၏ရင်ဝ၌ နီစွေးသောသွေးများစွန်းထင်းပေကျံနေလေသည်။



'တောက်'

နွားရှစ်ဖက်၏ ဘက်ခေါက်သံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လုံးဟွာ့းက မျက်နှာလွှဲထားသည်။ မျက်ကန်းကား တောင်ဝှေးကိုဆုပ်ကိုင်လျက်၊ တောင့်တောင့်ကြီးရပ်နေပါသည်။

နွားရှစ်ဘက်ကနွားလှည်းမောင်းသောအဘိုးအိုကို ကြည့်ကာ

'ဘယ်သူ့ ပို့ခိုင်းတာလဲ'

ဟု မေးလိုက်သည်။

သူ၏အသံကျယ်လောင်စွာထွက်ပေါ်လာလေရာ နွားလှည်းမောင်းသည့် အဘိုးအိုထိတ်လန့်သွားသည်။

'လူ လူတစ်ယောက်ကလာပို့ခိုင်းတာပါ'

'ဘယ်သူလဲ'

'ကျုပ် ကျုပ်မသိပါဘူးဗျာ ကျုပ်ကိုငွေပါးရာ ပေးမယ် သွားပို့ပေးပါ ပြောလို့ငွေလိုချင်တာနဲ့ လိုက်ပို့တာပါ'

'အဲဒီလူကိုမြင်ယင် ခင်ဗျားမှတ်မိ'

သူ၏စကားမဆုံးမီ လုံးဟွာ့းက ကြားဖြတ်ပြောလိုက်သည်။

'မင်း မေးနေလို့အပိုပဲ သူဘာသိမှာလဲ'

နွားရှစ်ဘက် မခံချမနုပ် ဖြစ်နေပါသည်။

မသေဆုံးသွားသော မျက်နှာတစ်ရာကိုတွေ့ရပြီး နောက်ပိုင်း အရူးတစ်ယောက်အသွင်ဖြစ်နေသည်။

လုံးဟွာ့းက—

'ကဲ ခင်ဗျားသွားတော့ နောက်နောင်ငွေရတိုင်းလုပ်မယ်လို့ စိတ်မကူးနဲ့ ဒုက္ခတွေရတတ်တယ်ဗျ'

ဟု လှမ်းပြောလိုက်၏။

အတိုးကြီး ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ....

'ကျုပ် ကျုပ်မှတ်ထားပါ့မယ်ဗျာ'

သူက နွားလှည်းပေါ်မှခုန်ဆင်းကာ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် မျက်ကန်းက

'နွားရှစ်ဘက် သတိထား'

ဟု အော်ပြောလိုက်သည်။

တဆက်တည်းပင် တောင်ဝှေးဖြင့်အခေါင်းကို ရိုက်ချလိုက်သည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် နွားရှစ်ဘက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အကြောင်းမှာ အခေါင်းအတွင်း၌ လဲလျောင်းနေသော မျက်နှာတစ်ရာမှာ ရုတ်တရက်ခုန်ထလာသည်မဟုတ်လား။

မျက်နှာတစ်ရာ ခုန်ထလာခြင်းကြောင့် နွားရှစ်ဘက်ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် အခေါင်းအတွင်းမှ နောက်ထပ်လူတစ်ယောက်ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ လက်ခလယ်ဖြစ်နေသည်။



လက်ခလယ်သည် မျက်နှာတစ်ရာ၏ အလောင်းအောက်၌လဲလျောင်းယင်း ပုန်းနေခဲ့ခြင်းဖြစ်သည်။

မျက်နှာတစ်ရာ၏ အလောင်းကို တွန်းထုတ်လိုက်ပြီးနောက် တဆက်တည်းပင် နွားရှစ်ဘက်ကို တိုက်ခိုက်လိုက်သည်။

ဓားရှောင်ဝပ်းလက်သွားသည်။

'အား'

နွားရှစ်ဘက်စူးစူးရှရှအော်ဟစ်လိုက်သည်။

ရှောင်တိမ်းရန် ကြိုးစားသော်လည်း နောက်ကျသွားချေပြီ။

လက်ခလယ်တိုးသွင်းလိုက်သောဓားမှာ သူ၏ရင်ဝသို့ တန်းတန်းမတ်မတ်စိုက်ဝင်သွားသည်မဟုတ်ပါလား။

နွားရှစ်ဘက် သတိမေ့ကာင်းသွပ်ပီပီလဲကျသွားသည်နှင့် တစ်ဆက်တည်းပင် မြေယောက်နှစ်ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက်လိုက်သည်။

သူပြန်လည်တိုက်ခိုက်လာမည်ဟု လက်ခလယ်မထင်မိချေ။

ထို့ကြောင့် ဝမ်းဗိုက်၌ခြေထောက်ကန်ချက် ထိသွားပြီး....

'အွန်'

မသဲမကွဲညည်းညူကာ နောက်လန်လဲကျသွားသည်။

ထိုစဉ် မျက်ကန်း၏ တောင်ဝှေးက သူ၏ခေါင်းပေါ်သို့ကျရောက်လာတော့သည်။

'အား'

လက်ခလယ် စူးစူးရှရှ အော်ဟစ်လိုက်သည်။

လက်ထဲမှ ဓားလွတ်ကျသွားသလို ပါးစပ်မှသွေးများပွက်ခနဲ အန်ထုတ်လိုက်သည်။

မျက်ကန်း၏ ပြင်းထန်သော တောင်ဝှေးရိုက်ချက်ကြောင့် အရိုးများကျိုးကြေသွားပြီဖြစ်သည်။

မျက်ကန်းက နောက်ထပ်တစ်ချက် ထပ်ရိုက်ချလိုက်သည်၊

ယခုတစ်ကြိမ် တောင်ဝှေးရိုက်ချက်မှာ လက်ခလယ်၏ ဦးခေါင်းကိုထိမှန်သွားလေသည်။

'ခွပ်'

'အား'

စူးရှကျယ်လောင်သောအသံများ ဆက်တိုက်ထွက်ပေါ်လာသည်။ လက်ခလယ် မလှုပ်မယှက်ငြိမ်သက် သွားလေသည်၊

မျက်ကန်းက

'နားရှစ်ဖက်'

အော်ခေါ်လိုက်သည်။

နားရှစ်ဘက်၏ ညည်းညူသံထွက်ပေါ်လာသည်။

နားရှစ်ဘက်မှာ မြေပေါ်လဲကျနေပြီး တအင်းအင်း ညည်းညူနေ၏။

မျက်ကန်းသူ့ထံပြေးသွားပြီး မြေပေါ် ဒူးထောက်ချကာ စမ်းသပ်ကြည့်လိုက်သည်။

နားရှစ်ဘက်၏ မျက်နှာတွင် ခံပြင်းနာကြည်းသော အရိပ်အယောင်များထွက်ပေါ်နေ၏။



'မျက်ကန်း သူတို့ကို မလွတ်စေနဲ့နော်'

ဟုလည်း ပြောလေသည်။

အားယူပြောသော်လည်း သူ၏စကားသံ တိမ်ဝင်နေပေတော့သည်။

မျက်ကန်း အံကြိတ်လိုက်သည်၊

'စိတ်ချ သူတို့ကိုတစ်ယောက်မှ အလွတ်မပေးဘူး'

နားရှစ်ဘက် အားယူပြုံးလိုက်သည်။

'မင်းကို ငါယုံပါတယ်ကွာ'

စကားဆုံးလျှင် ခေါင်းငိုက်စိုက်ကျသွားသည်။

မျက်ကန်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားသည်၊

နားရှစ်ဘက်ကို ပွေ့ဖက်ယင်း

'သူငယ်ချင်း'

ဟု ကျယ်လောင်စွာခေါ်လိုက်သည်။

သူ၏ခေါ်သံကို နားရှစ်ဘက်ကြားနိုင်တော့မည်မဟုတ်ချေ။

နားရှစ်ဘက်မှာ လက်ခလယ်၏ဓားချက်ကြောင့် သေဆုံးသွားပြီ မဟုတ်လား။

လက်ခလယ်သည်လည်း မျက်ကန်း၏ဆက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီဖြစ်သည်။

မျက်ကန်း ခုန်ထလိုက်သည်။

ထိုစဉ် လုံးဟွန်း၏စကားသံ ထွက်ပေါ်တာသည်ကို ကြားလိုက်ရသည်။

'မင်းဘာယ်ပြေးမလို့လဲ'

မျက်ကန်း နားစွင့်လိုက်၏။ ပြေးလွှားသွားသော ခြေသံများ ကြားလိုက်ရသည်။

နွားလှည်းမောင်းသည့် အဘိုးအိုထွက်ပြေးသွားခြင်းကြောင့် လုံးဟွာ့ ပြေးလိုက်သွားခြင်းဖြစ်ကြောင်း နားလည်မိသည်။

ထိုအခါ တုံ့ဆိုင်းမနေတော့ဘဲ နောက်မှ ပြေးလိုက်သွားတော့သည်။



အဘိုးအို လျင်မြန်စွာပြေးသွားလေ၏။

ထိုအခါ ခေါင်းပေါင်းဆောင်းထားသောခမောက် လွင့်စဉ်ကျသွားသည်။

ဆံပင်များပြသွားရာ နက်မှောင်နေသော ဆံပင်များထွက်ပေါ်လာသည်။ အဘိုးအိုအဖြစ်ဟန်ဆောင်ထားသူဖြစ်ကြောင်း သိသာနိုင်ပေသည်။

မှန်ပေသည်။ ထိုလူမှာ လက်သူကြွယ်က အဘိုးအို အဖြစ်ရုပ်ဖျက်ထားသည် မဟုတ်ပါလား။

လက်သူကြွယ် လျင်မြန်စွာပြေးသွားလေသည်။

လုံးဟွာ့နှင့်မျက်ကန်းက နောက်မှထက်ကြပ်မကွာ လိုက်လာသည်။

လက်သူကြွယ်က လုံးဝလှည့်မကြည့်ဘဲ ရှေ့ဆက်ပြေးသွား၏။

အိမ်ကျိုအိမ်ကြား လမ်းကျိုလမ်းကြား ဖြတ်ပြေးသွားခြင်းဖြစ်သည်။

လုံးဟွာ့နှင့် မျက်ကန်းတို့သည်း အလွတ်မပေးဘဲ နောက်မှလိုက်သွားကြသည်။

မကြာပါချေ။ မြို့ပြင်သို့ရောက်မှန်းမသိ ရောက်ရှိသွားကြလေသည်။

သို့တိုင်အောင် လက်သူကြွယ် ဆက်ပြေးသွားဆဲ၊

လုံးဟွာ့၊ အံ့ကြိတ်ကာ....

'မင်းဘယ်လောက် ပြေးနိုင်မလဲ ပြေးစမ်း'

ဟု ခေအာ်ငေါက်လိုက်သည်။

မြို့ပြင်သို့ရောက်လျှင် သူတို့အား တမင်သက်သက်မျှားခေါ်လာခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။

သို့သော် နောက်ဆုတ်ရန် မစဉ်းစားဘဲ ဆက်၍ပြေးလိုက်သွားသည်။

တောအုပ်ထဲမှ ဖြတ်ပြေးသွားပြီး အတော်ကလေးကြာလျှင် မြေထွက်လပ်တစ်ခုပေါ်ရှိ အိမ်ကလေးတစ်လုံးအနီးသို့ ရောက်သွားကြသည်။

လက်သူကြွယ်မှာ ထိုအိမ်ကလေးထဲသို့ ပြေးဝင်ကွယ်ပျောက်သွားသည်။

လုံးဟွိုးနှင့် မျက်ကန်းတို့ ခြေလှမ်းရပ်လိုက်ကြသည်။

လုံးဟွိုးက...

'တို့ကိုတမင်သက်သက် မျှားခေါ်လာတာပဲ'

ဟု ပြောလိုက်သေးသည်။

မျက်ကန်း မဲ့ပြုံးပြုံးကာ

'ဘူမခေါ်လဲ တို့လာမှာပဲ၊ မျှားခေါ်လာတော့ ပိုကောင်းတာပေါ့'

'ဒီတစ်ခါတော့ ဝိညာဉ်နှုတ်လက်ငါးချောင်းဆိုတဲ့ နာမည်ပျောက်ကွယ်သွားရလိမ့်မယ်၊ ဒါမှမဟုတ်ရင် တို့ သေဖို့ပဲရှိတယ်'



လုံးဟွိုးကလည်း ခပ်ပြတ်ပြတ် ပြောလိုက်သည်။

နှားရှော်တက်နှင့် မျက်နှာတစ်ရာ သေဆုံးသွားပြီ၊ နောက်ပိုင်းသူတို့ဘာကိုမှ မကြောက်ကြတော့ပါချေ။

သူတို့နှစ်ယောက် အိမ်ကလေးဆီသို့လှမ်းကြည့်လိုက်ကြသည်။

လုံးဟွိုးက ရှေ့သို့လှမ်းထွက်လာရင်း...

'ကျုပ်တို့ရောက်လာပြီဆိုတာသိလျက်နဲ့ ဘာကြောင့် ပုန်းနေကြရတာလဲ'

ဟု အော်ပြောလိုက်သည်။

သူ၏စကားသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်...

'ဟား ဟား ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက် အိမ်ထဲမှ လှမ်းထွက်လာသည်။

ထိုလူမှာ လက်မ ဖြစ်သောသည်။

လက်မက...

'ပုန်းနေတာ မဟုတ်ပါဘူး ခင်ဗျားတို့ကိုဧည့်ခံဖို့ ပြင်ဆင်နေတာပါ အိမ်ထဲကို ကြွပါဦးဗျာ'

ဟု ပြောလိုက်သည်။

ပြီးလျှင် အိမ်ထဲ ပြန်ဝင်သွားသည်။

လုံးဟွိုးက မျက်ကန်းကို လှည့်ကြည့်လိုက်သည်။

မျက်ကန်းက အိမ်ကလေးဆီသို့ မျက်နှာမူရင်း....

'သူတို့ထွက်မလာတော့လဲ တို့ဝင်သွားကြတာပေါ့'

ပြောပြီး တောင်ဝှေးကိုဝှေ့ယမ်းကာ ရှေ့မှ လျှောက်သွားလေသည်။

လုံးဟွ ီးလည်း ဘာမှမပြောဘဲ နောက်မှလိုက်သွားလေသည်။

မကြာပါချေ။ သူတို့နှစ်ယောက် အိမ်ရှေ့တံခါးဝ အနီးသို့ ရောက်ရှိသွားကြသည်။ အိမ်ထဲ၌ မှောင်မည်းနေပြီး လူရိပ်လူယောင် မတွေ့ရချေ။

မျက်ကန်း ပြုံးလိုက်သည်။

'ကျုပ်အယင် ဝင်မယ်'

စကားဆုံးလျှင် အိမ်ထဲလှမ်းဝင်သွားသည်။

လုံးဟွ ီးလည်း နောက်မှလှမ်းဝင်သွားသည်။

သူတို့နှစ်ယောက် အိမ်ထဲလှမ်းဝင်မိသည်နှင့်....

'ဝှစ်....ဝှစ်...ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းကလေးများသည်သူတို့နှစ်ယောက်ထံသို့ တရစပ်လွင့်လာသည်။

မျက်ကန်းက....

'သတိထား'

အော်ပြောရင်း တောင်ဝှေးကို ဝှေ့ယမ်းလိုက်သည်။

'တောက် တောက် တောက်'



တောင်ဝှေးနှင့်ထိမှန်ကာ လက်နက်ပုန်းကလေးများပြန်လည်လွင့်စဉ်သွားရသည်။

'ဟား ဟား ဟား မဆိုးဘူးဟေ့'

ရယ်မောသံ ထွက်ပေါ်လာသည်။

မျက်ကန်းက ရုတ်ခြည်း ကြမ်းပြင်ပေါ် ခြေဆောင့်ခုန်ကာ စကားသံထွက်ပေါ်လာရာဆီသို့ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

လက်ခမှာ ခေါင်မိုးထုတ်တန်းပေါ်၌ ရှိနေပါ၏။

မျက်ကန်းခုန်ပင်တိုက်ခိုက်လာသည်နှင့် ဓားတစ်လက်ဆွဲကိုင်ကာ အသင့်ဆီးကြို တိုက်ခိုက်လိုက်သည်။

'ချွင်'

'ဝှန်း'

သူတို့နှစ်ယောက် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျလာ၏။

ကြမ်းပြင်ပေါ် ခြေချမိသည်နှင့်...

'ယား'

ဩသံပြိုင်တူပေးကာ ထပ်မံတိုက်ခိုက်လိုက်သည်။

လုံးဟွ ီးက မျက်ကန်းအား ကူညီရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် နောက်ကျောဘက်မှ လေတိုးသံသဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထို့ကြောင့် ချက်ချင်း ချာခနဲလှည့်ကာ ဓားဖြင့်ခုတ်ချလိုက်သည်။

'ချွင်'

မီးပွင့်ကလေးများ ထွက်ပေါ်လာသည်။

လက်သူကြွယ်က အလစ်ချောင်းမြောင်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် ပြိုင်တူနောက်ဆုတ်လိုက်ကြမှ၏။

လုံးဟူ၏ မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက အလစ်ချောင်း တိုက်ခိုက်ချင်တာကိုး သိကြသေးတာပေါ့'

ပြောရင်း တချကြမ်း တိုက်ခိုက်လိုက်သည်။

လက်သူကြွယ်ကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။



'ချမ်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြန်သည်။

နှစ်ယောက်စလုံး ပြိုင်တူ နောက်ဆုတ်လိုက်ကြရ၏။

ယခုအစ်ကြိမ် လက်သူကြွယ်က—

'သတ္တိရှိရင် ကျုပ်နောက်လိုက်ခဲ့'

ပြောပြီး အပြင်ဘက် ခုန်ထွက်သွားသည်။

'စိတ်ချ မင်းပြေးလို့ မလွတ်ပါဘူးကွာ'

လုံးဟူ၏ နောက်ကနေ ပြေးလိုက်သွားလေသည်။

သူတို့နှစ်ယောက် အပြင်ဘက် ရောက်ရှိသွားချိန်၌မျက်အန်းနှင့် လက်မမှာ အိမ်ထဲ၌ သဲကြီးမဲကြီး တိုက်ခိုက်လျက် ကျန်ရစ်ခဲ့ကြလေသည်။

လက်မ၏လက်ထဲ၌ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပြောင်နေသော ဓားတစ်လက် ရှိနေပေသည်။

ဓားဝှေ့ယမ်းလိုက်တိုင်း အေးစိမ့်သော အငွေ့အသက်များ ဖြစ်ပေါ်လာသည်။

သူက ဓားကိုဝှေ့ယမ်းရင်း မျက်ကန်းအား တချက်မျှ တိုက်ခိုက်လိုက်လေသည်။ မျက်ကန်းကလည်း တောင်ဝှေးကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်နေသည်။ တောင်ဝှေး ဝှေ့ယမ်းလိုက်တိုင်း လေတိုးသံ တဟူးဟူး ထွက်ပေါ် လာ လေတော့၏။

'ဝုန်း'

'ခွမ်း'

သူတို့နှစ်ယောက်ကြမ်းတမ်းစွာ တိုက်ခိုက်နေကြရာ အခန်းတွင်းရှိစားပွဲကုလားထိုင်များ ကျိုးပဲ့ပျက်စီးကုန်လေသည်။

ပစ္စည်းများဖရိုဖရဲပျက်စီး ကျိုးပဲ့ ကုန်သော်လည်း သူတို့နှစ်ယောက်ကား တိုက်ခိုက်မှုကိုမရပ်ကြချေ။

ပထမဦးဆုံးတိုက်ခိုက်မှုရပ်တန့်သူမှာ သေဆုံး သွားရမည်ဖြစ်ကြောင်းနှစ်ယောက်စလုံး နားလည်သဘောပေါက်ထားကြပေမတော့သည်။

လက်မ၏ဓားသည် မျက်ကန်း၏ခန္ဓာကိုယ်မှ ပွတ်ကာသီကာဖြတ်သန်းသွားသလို မျက်ကန်း၏တောင်ဝှေးသည်လည်း လက်မအား ထိလုထိခင်ဖြစ်သွား၏။ အကယ်၍သာထိသွားလျှင် မည်သူမျှ သက်သာကြမည်မဟုတ်ပါချေ။



မျက်ကန်းက အံတင်းဘင်းကြိတ်ကာတိုက်နေ၏။ နားရှစ်ဖက်၊ မျက်နှာတစ်ရာတို့၏မျက်နှာများ မြင်ယောင်နေသည်။

ဝိညာဉ်နတ်လက်ငါးချောင်း၏လက်ချက်ကြောင့် သေ ဆုံးသွားရသူမနည်းမတော့ချေ။ ဝိညာဉ်နတ် လက်ငါးချောင်းကို သုတ်သင်ပစ်မှသာလျှင် လူအများ စိတ်ချမ်းသာရမည်ဟု နားလည်ထားသည်။

ထို့ကြောင့်လည်း နောက်မဆုတ်တမ်း သဲကြီးမဲကြီး တိုက်ခိုက်နေခြင်းဖြစ်ပေတော့သည်။ လက်မ ကိုယ်တိုင်လည်း မျက်ကန်းကိုမုန်းတီးနေ၏။ မျက်ကန်းကို သုတ်သင် ပစ်ရန်အတွက် အစွမ်းကုန် ကြိုးစားအားထုတ်တိုက်ခိုက်နေလေသည်။

သူတို့နှစ်ယောက်အကြိမ်ပေါင်းများစွာ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြပြီးဖြစ်၏။ သို့သော် မည်သူမျှ အသာမရဘဲ နှစ်ယောက်စလုံး နောက်ပြန်ဆုတ်လာခဲ့ကြရပေသည်။

ယခုလည်း ထိပ်တိုက်ရင်ဆိုင် မိလိုက်ကြပြန်ပြီဖြစ်လေသည်။

'ချွမ်း'

သံသံချင်း ထိမိသောအသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ မျက်ကန်း၏လက်ထဲမှ တောင်ဝှေး လွတ်ကျ သွား၏။ လက်မ၏ဓားလည်း လွတ်ကျသွားလေသည်။

နှစ်ယောက်စလုံး လက်နက်မဲ့ ဖြစ်သွားကြပြီဖြစ်လေသည်။ မျက်ကန်းက လက်နှစ်ဘက် ဝှေ့ယမ်းဆန့်ကာ တောင်ဝှေးကို စမ်းသစ်နေ၏။

လက်မသည် သူ၏အမူအရာကိုတွေ့လျှင် သဘောကျစွာ ပြုံးလိုက်လေသည်။ မျက်ကန်းမှာ မျက်စိမမြင်သဖြင့် တောင်ဝှေးကို လိုက်စမ်းနေခြင်းဖြစ်သည်ဟု နားလည်မိ၏။

ထို့ကြောင့် အနီးရှိ ခုံဘစ်လုံးဆွဲယူကာ တစ်ဖက်သို့ ပစ်ပေါက်လိုက်၏။

'ဝုန်း'

ကြမ်းပြင်ပေါ်သို့ ခုံကျသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မျက်ကန်းက အသံထွက်ပေါ်လာရာဘက်သို့ ချာခနဲလှည့်လိုက်သည်။

ဤတွင် အခွင့်အရေး စောင့်မျှော်နေသောလက်မက မျက်ကန်း၏နောက်ကျောဘက်သို့ တိတ်တဆိတ် ချဉ်းကပ်သွားလေသည်။ သူက မျက်ကန်း၏ခေါင်းရှေ့ဘက်တွင် အသံမြည်အောင် အမျိုးမျိုးဖန်တီးလိုက်၏။

'ဝုန်း'

'ဒိုင်း'

'ခွမ်း'

မျက်ကန်းမှာ အသံထွက်ပေါ်လာရာဘက်သို့ မျက်နှာမူကာ ရန်သူကိုရှာဖွေနေသည်။ နောက်ကျောဘက်မှချဉ်းကပ်လာသည့် လက်မကို သတိမပြုမိပါချေ။

လက်မသည် မျက်ကန်းအနီးသို့ ချဉ်းကပ်မိသည်နှင့် ဓားမြှောင်တစ်လက်ထုတ်ယူကာ ထိုးစိုက်ချရန် ဟန်ပြင်လိုက်၏။



ဤတွင် မျက်ကန်းက ချာခနဲလှည့်ကာ ခြေထောက်ဖြင့် အကျော့ကန်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

လက်မမှာ မသဲမကွဲ ညည်းညူရင်း အနေအထားက လွင့်စဉ်သွားလေသည်။ မျက်ကန်း တုံ့ဆိုင်းမနေပါချေ။

ကြမ်းပြင်ပေါ်ကျနေသောတောင်ဝှေးကို ပြေး၍ကောက်ယူလိုက်သည်။ ထို့နောက် လက်မထံပြေးဝင် တိုက်ခိုက်လေသည်။

မျက်ကန်း၏လှုပ်ရှားမှုမှာ မျက်စိမြင်သည့် လူကောင်းတစ်ယောက်ပမာရှိနေပါ၏။ လက်မ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ မျက်ကန်းကို ယုံကြည်နိုင်စွာ ငေးကြည့်နေမိသဖြင့် ရှောင်တိမ်းရာ၌နောက်ကျသွားလေသည်။

ကြမ်းပြင်ပေါ် ထိုးလိမ့်ရှောင်တိမ်းလိုက်စဉ်မှာပင်မျက်ကန်း၏တောင်ဝှေးရိုက်ချက်မှာ သူ၏ကျောပြင်ပေါ်သို့ ကျရောက်လာလေတော့သည်။

'အား'

လက်မအသံကုန်အော်ဟစ်လိုက်သည်။ ကျောကော့သွားပြီး ခုန်ထရန် ကြိုးစားလိုက်၏။

မျက်ကန်း၏တောင်ဝှေးရိုက်ချက်များက တစ်ချက်ပြီး တစ်ချက် တရစပ်ကျရောက်လာပါသည်။

လက်မဆင့်တာဆင့်ကာ အော်ဟစ်လိုက်သည်။ နောက်ဆုံး ရှောင်တိမ်းခြင်း၊ လှုပ်ရှားခြင်းပင် မပြုနိုင်တော့ဘဲ ကြမ်းပြင်ပေါ် မှောက်လျက်လဲကျနေတော့၏။

ထိုအခါမှ မျက်ကန်းနောက်ဆုတ်လိုက်သည်။ လက်မ တစ်ချက် နှစ်ချက် လူးလွန့်လာသည်။

'ဝေါ့...'

ဝါးစပ်မှသွေးများ ပွက်ကနဲ အန်ထုတ်လိုက်၏။ အားယူကြိုးစားယင်း မျက်ကန်းအက်ကို လှည့်လာ၏။ မျက်ကန်းအား မလှုပ်မယှက် ရပ်လျက်။

လက်မက

'မင်း မင်း လူလိမ်လူညာ'

ဟု ပြောလိုက်၏။

မျက်ကန်း ပြုံးလိုက်သည်။

'ကျုပ် ဒီလိုအပြောခံရတာ များပါပြီဗျာ'

'မင်း....မင်း မျက်စိမြင်လျက်နဲ့ ဘာကြောင့်မျက်ကန်းအဖြစ် ဟန်ဆောင်နေရတာလဲ'

မျက်ကန်း ရယ်မောလိုက်သည်။

ဟား ဟား ဟား မျက်စိ မြင်နေယင် မတရားမှုတွေကို မြင်နေရမယ်လေ။ ကျုပ်ဟာ မတရားမှုဆိုတာ လုံးဝ မတွေ့ချင်



မမြင်ချင်ဘူး၊ သိုင်းလောကမှာ မကောင်းမှုတွေ ပေါများလို့ မျက်စိကန်းနေတာပဲ ကောင်းမယ်လို့ ယူဆခဲ့တယ် ဒါကြောင့် ကြိုးစားပြီး မျက်စိကန်းတစ်ယောက်အဖြစ် ဟန်ဆောင်နေတာ ပေါ့ဗျာ၊

လက်မအံကြိတ်လိုက်သည်။ ကြမ်းပြင်ပေါ်မှ လူးလိမ့်ထရန် ကြိုးစားလိုက်သည်။ သို့သော် မျက်ကန်းမဟုတ်သောမျက်ကန်း၏ တောင်ဝှေးရိုက်ချက်က အရိုးများကြေမွသွားစေခဲ့၏။

မျက်ကန်းက သူ့အားပြုံးကြည့်နေ၏။ လက်မကြမ်းပြင်ပေါ် ပြန်လဲကျသွားသည်။

'မင်း... မင်း'

စကားဆုံးအောင်မပြောနိုင်တော့ချေ။ ချောင်းတဟွတ်ဟွတ် ဆိုးလာပြီး သွေးများအန်ထုတ်လိုက်သည်။ ထို့နောက် ငြိမ်ကျသွား၏။

လက်မမှာ အသက်နှင့်ခန္ဓာ ကင်းကွာသွားခဲ့ပြီ ဖြစ်သည်။

ယခုလို သေဆုံးသွားရမည်ဟု သူ့ကိုယ်သူ လုံးဝယုံကြည်နိုင်မည် မဟုတ်ချေ။ ယခုတော့မျက်ကန်း၏သက်ရျက်ဖြင့်သေဆုံးသွားရပြီ မဟုတ်လား။

မျက်ကန်း သက်ပြင်းချလိုက်သည်။

တောင်ဝှေးကို ဆုပ်ကိုင်ကာ အခန်းတွင်းဝဲ့ကြည့်လိုက်၏။

ထိုစဉ်

'အား'

အပြင်ဘက်မှစူးရှသော ဖောင်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ မျက်ကန်းအိုခန္ဓာကိုယ် ဆတ်ကနဲ တုန်ခါသွားသည်။

'ဟင်... လုံးဟွိမ်း'

လှုပ်ကနဲ့ရှေ့ရွှတ်လိုက်၏။

တဆက်တည်းပင် ကြမ်းပြင်ပေါ်ခြေဆောင့်ကာ အပြင်ဘက် ခုန်ထွက်သွားလေတော့သည်။



သက်သူကြွယ်က အိမ်ရှေ့ မြေကွက်လပ်သို့ ရောက်လျှင် ရပ်တန့်လိုက်သည်။ လုံးဟွိမ်းသည်း ရပ်လိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်လိုက်ကြသည်။

လုံးဟွိမ်းက

'မင်းက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

သက်သူကြွယ် ပြုံးလိုက်သည်။

'သက်သူကြွယ်'

'ဩော် လူသတ်သန်း ကျုပ်လက်ချက်နဲ့ သေသွားတယ်ဆိုတာ မင်းသိသလား'

'ဘာ'

သက်သူကြွယ် ဒေါသချောင်းချောင်း ထွက်သွားလေသည်။ လုံးဟွိမ်းကို မျက်တောင့်နီကြီးဖြင့် ကြည့်ကာ

'သက်သန်းသေရတာ မင်းကြောင့်ဟုတ်လား'

'ဟုတ်တယ်လေ သူကကျုပ်မိတ်ဆွေတွေကို ဒုက္ခပေးဖို့ ကြိုးစားနေလို့ ကျုပ်သူ့ကိုရှင်းပစ်လိုက်တာပဲ'

'တောက် သိကြသေးတာပေါ့ကွာ'

စကားဆုံးလျှင် လက်သူကြွယ်က စတင်တိုက်ခိုက်လိုက်၏၊ လုံးဟွဲ့က လုံးဝမလှုပ်ရှားဘဲ သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

လက်သူကြွယ် တိုက်ခိုက်လာမှုများကို နှုပ်ဖူးရှောင်၍ တည့်တည့် မတ်မတ်ထောင်ထား တအားခုတ်ချလိုက်သည်။

'ခြမ်း'

အသံတစ်ချက်ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊

လက်သူကြွယ်၏ လက်ထဲမှဓားထက်ပိုင်းကျိုးသွားတော့၏၊

လက်သူကြွယ် မျက်လုံးပြူးသွားသည်။

ချက်ချင်း နောက်ဆုတ်သွားသည်။

လုံးဟွဲ့က…

'သတိထား'

'အောင်ဝေါယင်း ရှေ့တိုးတိုက်ခိုက်လိုက်သည်။

လက်သူကြွယ်နောက်သို့ ဆက်တိုက်ဆုတ်သွား၏။ လုံးဟွဲ့က အလွတ်မပေးဘဲ တရစပ်ဖိ၍ တိုက်ခိုက်လိုက်သည်။

လက်သူကြွယ်နောက်ဆုတ်သွားယင်း အင်္ကျီလက်အိုးကြားမှ ဓားနှစ်လက် ထုတ်ယူလိုက်သည်။

လက်ထဲဓားရောက်လာလျှင် ခြေလှမ်းရပ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။



ယခုတစ်ကြိမ် သူကထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ ပွတ်ကာ သီကာ ရှောင်တိမ်းယင်း ပြန်လည်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လုံးဟွဲ့လည်း သတိကြီးစွာထားကာ တိုက်ခိုက်လိုက်ရခြင်း ဖြစ်သည်။ နှားရှစ်ဘက်ဓားသဆုံးသွားပုံမှာသူ၏မျက်စိထဲမှ မထွက် သေးချေ။

ထို့ကြောင့် သူတိုက်ခိုက်လာသောအခါလွန်စွာ ပြင်းထန်နေပေတော့သည်။

တစ်ကြိမ်တွင် လက်သူကြွယ်က နောက်ဆုတ်ရန် ဟန်ပြပြီး၊ လုံးဟွဲ့ရှေ့တိုးလာလျှင် ဓားဖြင့်ပစ်ပေါက်လိုက်သည်။

ပစ်ပေါက်လိုက်သောဓားမှာ ဟန်ပြသာဖြစ်နေသည်။

လုံးဟွဲ့က ဓားခဝ့ယမ်းကာ ရိုက်ထုတ်လိုက်၏၊

'ခြမ်း'

ဓားပါးငယ်မှာ တစ်ဖက်သို့လည်ထွက်သွားသည်။

ထိုစဉ် လက်သူကြွယ်က နောက်ထပ်ဓားပါးတစ်လက်ဖြင့် ပစ်ပေါက်လိုက်သည်။

လုံးဟွဲ့ ရင်ထိတ်သွားသည်။ ချက်ချင်းခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်ပေးလိုက်သည်။

သို့သော် လူချင်းနီးကပ်နေသည်ဖြစ်မှု၊ ဓားပါးကလေးမှာ သူ၏ ဝဲဘက်လက်မောင်းတွင် စိုက်ဝင်သွားသည်။

'အား'

လုံးဟွ ိ ၊ လွတ်ခနဲ အော်လိုက်မိသည်။ လက်သူကြွယ် သဘောကျစွာ ပြုံးလိုက်သည်။

ချက်ချင်းမြောက်လာ လုံးဟွ ိ ကို တိုက်ခိုက်လိုက်၏။

လုံးဟွ ိ မှာ သတိကောင်းသူဖြစ်ရာ နောက်မဆုတ်ဘဲ ပြန်လည်တိုက်ခိုက်၏။

ခဏတစ်ကြိမ် နှစ်ယောက်စလုံး ဒဏ်ရာရရှိသွားကြသည်။

'အွန်း'

'အား'

လုံးဟွ ိ နှင့် လက်သူကြွယ်တို့ပြိုင်တူနောက်ဆုတ်လိုက်ကြ၏။

လက်သူကြွယ်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကာ မြေပေါ်လဲကျသွားသည်။

လုံးဟွ ိ မှာ လက်တစ်ဖက်၌သာမက ရင်ဝ၌လည်း ဒဏ်ရာ တစ်ချက်ရရှိသွားပြီဖြစ်သည်။

သူက အံကြိတ်ယင်း လက်သူကြွယ်အနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားပြီး ဓားဖြင့်ခုတ်ချလိုက်သည်။

လက်သူကြွယ်မြေပေါ်လိမ့်ကာ ရှောင်လိုက်သည်။

တစ်ဆက်တည်းမှာပင် ခြေကောက်ဆန့်ကာ ကန်ကျောက် ...ိုက်သည်။

သူ၏ခြေထောက် ဖိနပ်ဦးမှ ဓားနှစ်လက်ချက်ခနဲ ထိုးထွက်လာသည်။



သူ၏ခြေထောက် လုံးဟွ ိ ၏ ဝမ်းဗိုက်သို့ကန်ချမိချိန်၌ လုံးဟွ ိ ၏ ဓားချက်ကလည်း သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာသည်။

လုံးဟွ ိ ၊ စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားခဲ့၏။ ထိုအချိန်၌ အိမ်ကလေးအတွင်းမှ မျက်ကန်း ပြေးထွက်လာတော့သည်။

လုံးဟွ်ိး မြေပေါ်လဲကျနေသည်။

သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသည်။

သူကိုင်ဆောင်ခဲ့သော ဓားမှာသည်း မြေပေါ်လွတ်ကျနေပြီဖြစ်သည်။

'လုံးဟွ်ိး'

မျက်ကန်း အသံကုန်အော်ဟစ်ရင်း ပြေးလာသည်။

လုံးဟွ်ိးကို ပွေ့ထူကာ…

'လုံးဟွ်ိး….လုံးဟွ်ိး'

ဟု တကြော်ကြော် ခေါ်လိုက်သည်။

လုံးဟွ်ိး မျက်လုံးဖွင့်လာသည်။

မျက်ကန်းကိုတွေ့လျှင် အားရပါးရ ပြုံးလိုက်ပြီး

'လာတ်မတော'

ဟု မေးသည်။

မျက်ကန်း ခေါင်းညိတ်လိုက်သည်။

'သေပြီ'

'ဒါဆို ဝိညာဉ်နတ် လက်ငါးချောင်းကိုစွပြတ်ပြီပေါ့'

'လက်ညှိုး ကျန်သေးတယ်'

'ဟုတ်သားပဲ သူ့ကိုမလွတ်စေနဲ့နော်'

'စိတ်ချပါကွာ'

'ငါ့ရှဲဇနီးကိုလဲ စောင့်ရှောက်လိုက်ပါ'

မျက်ကန်းရင်ထဲ ဆို့နင့်သွားသည်။

မည်သို့ဖျောင်းဖျနှစ်သိမ့်ရမှန်း မသိတော့ချေ။

လုံးဟွ်ိးက…



'ဝိညာဉ်နတ် လက်ငါးချောင်းနဲ့ ရင်ဆိုင်ရမယ်ဆိုကတည်းက အသက်ရှင်ဖို့လမ်းမရှိဘူးဆိုတာ ငါသိပါတယ် ဒါပေမယ့် သူ စိတ်ချမ်းသာအောင် ငါလုပ်ခဲ့တာပဲ'

'သူ စိတ်ချမ်းသာမှာပါကွာ'

'သူက ငါ့ကိုမျှော်နေမှာ'

မျက်ကန်း ပါးစပ်ပိတ်ထားလိုက်သည်။

လုံးဟွ်ိး ကြိုးစားပြုံးလိုက်သည်။

'ငါ ငါ သူ့ဆီကို ပြန်သွားချင်ပါတယ်ကွာ ဒါ ဒါပေမယ့်'

စကားသံ တိမ်ဝင်ပျောက်ကွယ်သွားသည်။

မျက်ကန်း၏ မျက်ဝန်းအစုံမှ မျက်ရည်များ တလိမ့်လိမ့် ကျဆင်းလာသည်။

သူ၏အချစ်ဆုံးမိတ်ဆွေများသူ့အားစွန့်ခွာသွားကြပြီမဟုတ်ပါလား။

မျက်ကန်း အံကြိတ်လိုက်သည်။

လုံးဟွ်ိးအား မြေပေါ်ချကာ လူးလိမ့် ထလာနေသော လက်သူကြွယ်ဘက်သို့ လှည့်လိုက်တော့သည်။

နေရောင် ပြာကျနေသည်။

စိမ်းလန်းသော သစ်ပင်များသည် မျက်စိပသာဒအားဖြစ်ဖွယ် ရာ အုံ့အုံ့ ဆိုင်းဆိုင်း ရှိနေ၏။

ကျေးငှက်သာလေးများ အေးဆိုနေကြ၏။

ရောင်စုံလိပ်ပြာ ကလေးများသည်၊ လူးလား ပျံသန်းရင်း ပန်းဝတ်ရည် စုပ်နေကြသည်။

စန်းကျော်၏ အလှအပကို ဖျက်ဆီးနေသည်မှာ မြေကွက်လပ် ပေါ်ရှိ ဘုံကျောင်းပျက်ကြီး ဖြစ်၏။

ဘုံကျောင်းပျက်ကြီးက သာယာလှပသော ပတ်ဝန်းကျင် နှင့် လိုက်ဖက်ညီခြင်းမရှိစေအောင်ပင် အရုပ်ဆိုး အကြည်းတန်စွာ တည်ရှိနေ၏။

ဘုံကျောင်းပျက် အတက်အဆင်း လှေကားအနီး၌ လူတစ် ယောက် ထိုင်နေ၏။

ထိုလူသည် မြက်ပင်များကြားမှ လူသွားလမ်းကလေးအတိုင်း အဝေးသို့ မျှော်ကြည့်နေသည်။

ထိုလူမှာ လက်ညှိုး ဖြစ်၏။

လက်ညှိုးနှင့် မလှမ်းမကမ်း၌ ကျင်းကျင်းရှိနေ၏။

ကျင်းကျင်းအား ကြိုးများဖြင့်တုပ်နှောင်ခြင်း၊ သွေးကြော ပိတ်ထားခြင်းမပြုဘဲ သည်အတိုင်း လွှတ်ထား၏။

သို့တိုင် ကျင်းကျင်းမှာ ထွက်ပြေးရန် မစဉ်းစားပဲ ခပ်ကုပ် ကုပ်ကလေး ထိုင်နေ၏။



သူတို့ ချိန်းရာသို့ ရောက်လာခဲ့သည်မှာ အတော်ကြာသွားပြီ ဖြစ်သည်။

လက်ညှိုး ဝါးခနဲသမ်းဝေလိုက်၏။

စောင့်ဆိုင်းနေရသည့်အလုပ်ကို သူလွန်စွာ ပျင်းရိမိပေသည်။

လက်မတို့နှင့်အတူတူနေခဲ့လျှင် မျက်ကန်းတို့လူစုနှင့် ရင်ဆိုင် တိုက်ပွဲဆင်နွှဲနေရလောက်ပြီဟု ယုံကြည်မိ၏။

လက်ညှိုးက ကျင်းကျင်းဘက်လှည့်ကာ မြုံးမြုံလိုက်၏။

ကျင်းကျင်း ခေါင်းကလေး ငုံ့သွားသည်။

လက်ညှိုးက…

‘ဘာမှမပူပါနဲ့ကွာ မကြာခင် မင်းကိုခေါ်မယ့်လူရောက်လာ တော့မှာပါ’

ဟု ပြောလိုက်သည်။

ကျင်းကျင်း ခေါင်းငုံ့ထားဆဲ။

‘ဟော ပြောရင်းဆိုရင်း လာနေတာပြီ’

လက်ညှိုး၏စကားကြောင့် ကျင်းကျင်း ခေါင်းမော့ ကြည့် လိုက်သည်။

ထိုအခါ မြက်ပင်များအကြားမှ လူတစ်ယောက် ထွက်ပေါ် လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသူဖြစ်သည်။

ကျင်းကျင်း ရင်ထိတ်သွား၏။

'သူ့ကို ကျွန်မ မသိဘူးရှင့်'

လက်ညှိုး ရယ်မောလိုက်သည်။

'မင်း မသိတာဘဲ ကောင်းပါတယ်'

စကားဆုံးလျှင် ထိုင်ရာမှထရပ်လိုက်လေသည်။ ထိုအချိန်တွင် မျက်နှာဖုံးစွပ်ထားသူမှာ ဘုံကျောင်းရှေ့သို့ ရောက်ရှိလာပြီဖြစ်လေသည်။ ထိုသူအား ကျူးယို့ပင်၏ဖခင် ကျူးရယ်ဖြစ်လေသည်။

ကျူးရယ်က လက်ညှိုးနှင့် ကျင်းကျင်းကို ထစ်ချက်ဝေ့ကြည့်လိုက်ပြီး...

'သက်မကော'

ဟု မေးလိုက်လေသည်။

လက်ညှိုး ခေါင်းယမ်းလိုက်သည်။

'သူမလာနိုင်ဘူး'

ဘာလဲ သူက မျက်ကန်းတို့လူစုကို ရှင်းပစ်တော့မယ် ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းတယ် မျက်ကန်းတို့လူစုကို ရှင်းပစ် လိုက်တာလဲ ထစ်မျိုးကောင်းတယ်'



လက်ညှိုးက

'ခင်ဗျား သူ့ကိုခေါ်သွားတော့မယ်မဟုတ်လား။ ဒါဆိုရင် ကျုပ်တို့အတွက် ငွေရှင်းပေးရလိမ့်မယ်'

ဟု ပြောလိုက်သည်။

ကျူးရယ် ခေါင်းညိတ်လိုက်သည်။

'စိတ်ချစမ်းပါကွာ၊ ကျုပ်ဘက်က ဘယ်တုန်းက ကတိပျက်ခဲ့ဘူးလို့လဲ'

'ဒါဖြင့် ပေးပါ'

ကျူးရယ်က အထုပ်ကလေးတစ်ထုပ် ပစ်ပေး လိုက်သည်။ လက်မက ဖမ်းယူကာ ဖွင့်ကြည့်လိုက်၏။ ထိုအခါအထုပ်ကလေးအတွင်း၌ ရွှေတုံးကလေးများရှိနေသည်ကို တွေ့ မြင် လိုက်ရ၏။ လက်ညှိုး သဘောကျသွားလေသည်။

'ကောင်းတယ်... ခင်ဗျား သူ့ကို ခေါ်သွားနိုင်ပြီ'

ကျူးရယ်က ကျင်းကျင်းကို လှမ်းကြည့် လိုက်လေသည်။ ကျင်းကျင်းကလည်း သူ့အား စိုက်ကြည့်နေ၏။

လက်ညှိုးက ကျင်းကျင်းဘက်လှည့်ကာ ပြောလိုက်သည်။

'မိန်းကလေး သူနဲ့လိုက်သွားပေတော့'

ထိုစကားကြားလျှင် ကျင်းကျင်း ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်မ မလိုက်နိုင်ဘူးရှင့်'

'ဘာ'

ကျူးရယ်၏စကားသံ ဟိန်းထွက်လာလေသည်။ ကျင်းကျင်း နောက်ဆုတ်လိုက်သည်။

'ကျွန်...ကျွန်မကို ပြန်လွှတ်ပေးပါရှင်။ ကျွန်မ တောင်းပန်ပါတယ်'

ဟူ၍သည်း သနားစဖွယ် တောင်းပန်လိုက်လေသည်။ ကျူးရယ် ဒေါပွသွား၏။

'မင်း သေသွားချင်ပြီထင်တယ်'

ပြောပြီး လက်ညိုးဘက်လှည့်ကာ...

'ဘယ်လိုလဲ သူ့ ကျုပ်လက်ထဲရောက်မှ မင်းကို အဝတ်နဲ့ကျေမှာနော်'

ဟု ပြောလိုက်လေသည်။

လက်ညိုးက သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီဗျာ'

သူက ကျင်းကျင်းအနီးသို့ လျှပ်တပြက် တိုးသွားပြီး...

'မိန်းကလေး မင်းခေါင်းမာနေရင် အသားနာဖို့ပဲအဖတ်တင်မယ် လာလိုက်ခဲ့စမ်း'

ဆွဲခေါ်ကာ ကျူးရယ်ရှေ့သို့ပို့လိုက်လေသည်။ ကျူးရယ်က ထွက်ပြေးရန်ကြိုးစားနေသည့် ကျင်းကျင်း၏ ဆံပင်ကို ဖမ်းဆွဲထားလိုက်သည်။

ကျင်းကျင်းမှာ နာကျင်သွားသော်လည်း မအော်ဝံ့ပါချေ။ သူမ၏မျက်ဝန်းအစုံမှမျက်ရည်များ စီးကျလာလေသည်။



'ကျွန်မ ကျွန်မကို လွှတ်ပေးပါရှင်။ ကျွန်မ တောင်းပန်ပါတယ်'

ကျူးရယ်က သူမ၏ တောင်းပန်စကားကို လုံးဝအရေးမစိုက်နိုင်ပါချေ။ သူမအား မြေပေါ် တွန်းလှဲလိုက်၏။

'အမယ်လေး'

ကျင်းကျင်းမြေပေါ် ပုံလျက်သားကျသွားလေသည်။ လက်ညိုးသက်ပြင်းချလိုက်သည်။

သူက ဤနေရာမှထွက်သွားပြီးမှ တစ်ဖန် ကျူးရယ်အား ခြေရာခံလိုက်ရမည် မဟုတ်ပါလား။

ထို့ကြောင့်

'ကျုပ်သွားတော့မယ် ကျုပ်တာဝန် ကျေပါပြီဗျာ'

ပြောပြီး လှည့်ထွက်သွားရန် ခြေလှမ်း ပြင်လိုက်လေသည်။ ကျူးရယ်ကသူ့အား စိုက်ကြည့်ယင်း

'ခဏနေပါဦး'

ဟု ဟန့်တားလိုက်သည်။ လက်ညိုးခြေလှမ်း တုန့်ကနဲ ရပ်သွားလေသည်။

ကျူးရယ်ကို လှည့်ကြည့်ယင်း

'ဘာပြောစရာရှိသေးလို့လဲဗျာ'

'မင်းကို နောက်ထပ် အလုပ်တစ်ခု အပ်ချင်လို့ပါ'

'ဗျာ'

နောက်ထပ် အလုပ်တစ်ခုအပ်ချင်လို့ မင်း လုပ်မယ် မလုပ်ဘူး သိချင်တယ်'

လက်ညှိုး မျက်မှောင်ကုပ်သွားပြီး

'အလုပ်ဟုတ်လား ဘယ်လိုအလုပ်မျိုးလဲ'

'လူတစ်ယောက်ကို ရှင်းပစ်ဖို့ပဲ'

'ဘယ်သူလဲ'

'မင်းကိုယ်မင်း'

'ဗာ'

လက်ညှိုး၏ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွားလေသည်။ ကျူးရယ်ကို မယုံကြည်နိုင်စွာကြည့်လိုက်သည်။ ကျူးရယ်က တဟားဟား ရယ်မောယင်း

'ဘယ်လိုလဲ လက်ခံမယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

လက်ညှိုး မဲ့ပြုံး ပြုံးလိုက်သည်။

'လက်စသတ်တော့ ခင်ဗျားက ကျုပ်ကို ရှင်းပစ်ချင်တာကိုး'

'ဟုတ်တယ် ကျုပ်စခဲ့တဲ့ကိစ္စ ကျုပ်ပဲ ဆုံးခန်းတိုင်အောင် လုပ်ရတော့မှာပေါ့ကွာ မင်းတို့လူစုကိုကော မျက်ကန်းတို့ လူစုကိုပါ ရှင်းပစ်ရမှာဘဲ'



'ခင်… ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

'မင်းတို့ဟာ ငါ့ရဲ့အလုပ်မှာ အနှောင့် အယှက် ဖြစ်လာလို့ပေါ့ကွာ'

လက်ညှိုး အံကြိတ်လိုက်သည်။ ခါးမှဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ကျူးရယ်ထံ ပြေးဝင် တိုက်ခိုက်လိုက်လေတော့သည်။

ကျူးရယ်က တဟားဟား ရယ်မောနေသည်။ လက်ညှိုး အနီးသို့ ရောက်လာသည်နှင့် လက်ဆန့်ထုတ်ကာဓား လှမ်းယူလိုက်လေသည်။

လက်ညှိုး ရှောင်တိမ်းလိုက်၏။

သို့သော် ကျူးရယ်က သူ၏လက်ထဲမှဓားကို ရအောင်လုယူသွားနိုင်ခဲ့၏။ လက်ညှိုး ထိတ်လန့်ကာ နောက်ဆုတ်လိုက်သည်။

ကျူးရယ်က

'မင်း သေရမှာပါကွာ'

ပြောယင်း လျှပ်တပြက် ခုန်ဝင် တိုက်ခိုက်လာလေသည်။ လက်ညှိုးမှာ သိုင်းကွက် တစ်ကွက် နှစ်ကွက် ရင်ဆိုင်မိသည်နှင့် ကျူးရယ်မှာ သူ့ထက်ပညာသာကြောင်း ရိပ်မိသွား၏၊ ထို့ကြောင့် ထိပ်တိုက်ရင်မဆိုင်ဘဲ နောက်ဆုတ်သွား၏။

'ကျူးရယ် ခင်ဗျားရဲ့ ယုတ်မာပုံ တွေကို သိုင်းလောကတစ်ခုလုံးသိအောင် ဖွင့်ချပစ်လိုက်မယ်ဗျ'

ဟုလည်း အော်ပြောလိုက်လေသည်။

ကျူးရယ်ဟူသောအမည်ကြားလျှင် ကျောင်းကျောင်း မျက်လုံးပြူးသွားလေသည်။

'ရှင်… ရှင်က ကျူး…ကျူးရယ်ဟုတ်လား၊ ဒါဖြင့်ကျွန်မတို့ရဲ့ ချစ်ခြင်းကိုခွဲဖို့ ကြိုးစားခဲ့တာ ရှင်ပေါ့'

သူမ၏စကားကြားလျှင် ကျူးရယ်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

လက်ညှိုးကို မခေကျမနပ်ကြည့်ယင်း

'တောက် မင်းကြောင့် ငါ့ရဲ့လျှို့ဝှက်ချက်တွေ ပေါ်ပေါက်ကုန်ပြီ သေပေတော့'

အော်ငေါက်ယင်း ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

လက်ညှိုးကနောက်ဆုတ်ရှောင်တိမ်းလိုက်၏။ ယခု တစ်ကြိမ်ကျူးရယ်က အလွတ်မပေးဘဲ ထရကြိမ်းဖိုကာ တိုက်လိုက်လေသည်။

လက်ညှိုး ချင်ထိတ်သွား၏။

ရှောင်မလွတ်မှန်းသိရာ ပြန်လည် ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူနောက်ကျနေချေပြီ။

သူက ခုခံရန် ဟန်ပြင်နေစဉ်မှာပင် ကျူးရယ်၏ ပြင်းထန်သော တိုက်ခိုက်မှုကို ခံလိုက်ရလေသည်။

'အား'

စူးရှသောအော်ဟစ်သံထွက်ပေါ်လာသည်။ လက်ညှိုးနောက်ဆုတ်သွား၏။



ကျူးရယ်ကထပ်မံတိုက်ခိုက်ခြင်းမပြုတော့ချေ။ အကြောင်းမှာ လက်ညှိုး၏ရင်ဝ၌ ဓားထစ်လက် စိုက်ဝင်နေပြီ မဟုတ်ပါလား

'ခင်… ခင်ဗျား'

လက်ညှိုးစကားဆုံးအောင် မပြောနိုင်ချေ။ ဒူးများကွေးညွတ်ကာ မြေပေါ်လဲကျသွားလေသည်။

ကျူးရယ်ပြုံးလိုက်သည်။

လက်ညှိုးမှာ ရှင်းပစ်နိုင်ခဲ့ပြီ ဖြစ်သည်။ လက်ညှိုးပြီးလျှင် သူက ကျောင်းကျောင်းဘက် လှည့်လိုက် လေသည်။ ထိုအခါ ကျောင်းကျောင်းမှာ ကြောက်လန့်တကြား ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျူးရယ် နှာခေါင်းရှုံ့လိုက်သည်။

'မင်းထွက်ပြေးလို့ ရမလား'

ပြောယင်း လက်ဝှေ့ယမ်းလိုက်ရာ ဝင်းလက်သော အလင်းရောင်များ ထွက်ပေါ်လာ၏။

လက်နက်ပုန်းအလေးများ ပစ်လွှင့်သွားပြီး ကျောင်းကျောင်း၏နောက်ကျော၌ စိုက်ဝင်သွားသည်။

'အား'

ကျောင်းကျောင်းစူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျသွားလေသည်။ ကျူးရယ် သက်ပြင်းချလိုက်သည်။

'ကျုပ်ကအမင်းကို ရှင်းပစ်ဖို့ စိတ်မကူးပါဘူးဗျာ၊ ဒါပေမယ့် မင်းဟာ ကျုပ်ရဲ့ အကြံအစည်တွေကို သိသွားပြီမို့ မတတ်သာလို့ပါ'

တီးတိုးရေရွတ်လိုက်သည်။

ထို့နောက် ချာကနဲလှည့်ထွက်သွား၏။ မြက်ပင်များကြားတိုးဝှေ့ ဝင်ရောက် ကွယ်ပျောက်သွားလေသည်။



ရွှေရုပ်တုခြံဝင်း....

ရွှေရုပ်တုခြံဝင်းမှာ ကြီးကျယ်ခန်းနားမှု မည်သည့်အခါမှ ပျောက်ကွယ်သွားမည်မထင်ရချေ။

ဘယ်အချိန်ကြည့်ကြည့် ခမ်းနားထည်ဝါလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ရွှေရုပ်တုခြံဝင်းသို့ ကျူးယို့ပင် ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။ သူရောက်လာသောအခါ အိပ်ရာထက်၌လဲလျောင်းနေသော ဖခင်ကြီးအား တွေ့မြင်ရမည်ဟု ထင်မှတ် ထားခဲ့လေသည်။

ဖခင်အတွက် စိုးရိမ်ပူပန်မှုဖြင့် ခရီးပြင်း နှင်လာခဲ့သော်လည်း ရွှေရုပ်တုခြံဝင်းသို့ရောက်သောအခါမှာ၊ယွင်းနေပြီဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

အကြောင်းကား သူ၏ဖခင်ကို မတွေ့ရခြင်းကြောင့် ဖြစ်ပေသည်။

ကျူးယို့ပင်မကျေမနပ် ဖြစ်သွား၏၊ သူ့အား လာခေါ်သည့် ရှမ်းပုယင်းကိုကြည့်ကာ

'ဦးလေးရှမ်း ဖေဖေဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ရှမ်းပုယင်းသက်ပြင်းချလိုက်သည်။

'သခင်ကြီး ခရီးထွက်သွားပါတယ်'

'ဘယ်လို ခရီးထွက်သွားတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် အသည်းအသန် ဖြစ်နေတယ်ဆိုတာကကော ကျွန်တော့်ကို တမင်သက်သက်လိမ်ညာတာပေါ့'

ရှမ်းပုယင်း မျက်နှာပျက်သွားသည်။

'သခင်လေး စိတ်ဆိုးမယ်ဆိုတာ ကျုပ်သိပါတယ် ဒါပေမယ့် သခင်ကြီးရဲ့အမိန့်ကို မလွန်ဆန်ဝံ့လို့ပါ'

'ဒါဖြင့် ဖေဖေ ခိုင်းတာပေါ့'

'ဟုတ်ပါတယ်'

'ဖေဖေက ဘာကြောင့် ကျွန်တော့်ကို လိမ်ပြီး ခေါ်ခိုင်းရတာလဲ'

'ဒါတော့ ကျုပ်လဲ မပြောတတ်ပါဘူး သခင်ကြီး တစ်ယောက်ပဲ ပြောနိုင်မှာပါ'

ကျူးယို့ပင်က ခုံတစ်လုံးပေါ်သို့ ခြေပစ်လက် ပစ်ထိုင်ချလိုက်လေသည်၊ ရှမ်းပုယင်းကို အပြစ်တင်၍မရမှန်း သူနားလည်ထား၏။

ရှမ်းပုယင်းသည်း ငိုင်နေသည်။

ထိုစဉ်

'ဘာ ဘာတွေ စိတ်ဆိုးနေတာလဲ'

စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျူးယို့ပင် ခုန်ထလိုက်သည်။

'ဖေဖေ'

ဟု ခေါ်ယင်းအခန်းတွင်း ဝင်လာသူထံပြေးသွားလေသည်။



မှန်ပေသည်။ ကျူးရယ်ရောက်ရှိလာသည် မဟုတ်ပါလား။ ကျူးရယ်က ရှမ်းပုယင်းအားထွက်သွားရန် မျက်ရိပ်ပြလိုက်၏။

ရှမ်းပုယင်းလည်း အလိုက်သိစွာဖြင့် အခန်းတွင်းမှထွက်သွားသည်။ ရှမ်းပုယင်း ထွက်သွားမှ ကျူးရယ်က ကျူးယို့ပင်၏ ပခုံးကို သိုင်းဖက်ကာ...

'ကဲ လာ သားကို ဖေဖေရှင်းပြမယ်'

ပြောယင်း ဆွဲခေါ်သွား၏။

စားပွဲခုံ အနီးသို့ရောက်လျှင် နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်ချလိုက်ကြသည်။

ကျူးယို့ပင်က ဖခင်၏မျက်နှာကို ငေးကြည့်နေ၏။

ကျူးရယ် အရက်တစ်ခွက်သောက်ချလိုက်ပြီးမှ—

'သား သားကိုဘာကြောင့်လိမ်ညာပြီး ခေါ်လိုက်ရတယ်ဆိုတာ သားသိချင်နေတယ်မဟုတ်လား'

'ဟုတ် ဟုတ်ပါတယ် ဖေဖေ'

'အေး ဝိညာဉ်လက်ငါးချောင်းကကျင်းကျင်းကို ဖမ်းသွားကြတယ် ကျင်းကျင်းကို ကယ်တင်ဖို့ မျက်ကန်းကိုဖေဖေတငွားရမ်းလိုက်တယ် အခု သူ့ကိုထိပ်တိုက်ရင်ဆိုင် တွေ့ကြတော့မယ်လေ၊ သားရှိနေယင်ဒုက္ခရောက်သွားနိုင်တာမို့ တမင်ခေါ်ထုတ်လိုက်ရတာပဲ'

ထိုစကားကြားလျှင် ကျူးယို့ပင် မကျေမနပ် ဖြစ်သွားလေ၏။

'ဖေဖေ ဒီလိုလုပ်တာ မကောင်းဘူးထင်တယ် ဒီကိစ္စမှာ သားကိုယ်တိုင်'

သူ၏စကားမဆုံးမီ ကျူးရယ်က ကြားဖြတ်ပြောလိုက်၏။

'သား လက်သန်းနဲ့ ရင်ဆိုင်ရတော့ကံဆောင်းလို့ ဒုက္ခရောက်တော့မလို့မဟုတ်လား လက်မ၊ လက်ညှိုးနဲ့လက်ခလယ်နဲ့ဖက်သူကြယ်ဟာ လက်သန်းထက်တော်ဝင် ပိုပြီးကြောက်စရာ ကောင်းသေးတယ် သူတို့နဲ့ထိပ်တိုက်တွေ့လို့ သား ဒုက္ခရောက်သွားယင် ဖေဖေဘယ်လိုဖြေသိမ့်ရမလဲ ဖေဖေ့အတွက်စဉ်းစားကြည့်ပါဦး'

ကျူးယို့ပင် ငိုင်ကျသွားသည်၊

ဖခင်ကြီးမှာ သူ့အားအလွန်ချစ်ခင်မြတ်နိုးသူ ဖြစ်ကြောင်း ကောင်းစွာနားလည်ထားပေ၏။

ကျူးယို့ပင် ခေါင်းစိုက်ကျသွားသည်ကိုတွေ့လျှင် ကျူးရယ်က—

'သား ဖေဖေဟာ သားကိုဘယ်လောက်ချစ်တယ်ဆိုတာသားသိပါတယ် သားကိုချစ်လွန်းလို့ ဂုဏ်ရှိစေချင်လွန်းလို့ ဖေဖေ အခုလိုလုပ်နေတယ်ဆိုတာ မှတ်ထားပါသားရယ်''

ဟု ပြောလိုက်သည်။

ကျူးယို့ပင် ဘာမှပြန်မပြောနိုင်ချေ။

ထိုစဉ် အခန်းတွင်းသို့ ရှမ်းပုယင်း ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်၊

ကျူးရယ် မျက်မှောင်ကုပ်သွားသည်။ ရှမ်းပုယင်းကို လှမ်းကြည့်ယင်း...

'ဘာကိစ္စလဲဟေ့'

ဟု လှမ်းမေးလိုက်သည်။

ရှမ်းပုယင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ယင်း....



'ဧည့်သည်တစ်ယောက် သခင်ကြီးကို စောင့်နေပါတယ်'

ဟု အစီရင်ခံလိုက်သည်။

ကျူးရယ် မျက်မှောင်ကုပ်သွားသည်။

သို့သော် ချက်ချင်းထိုင်ရာမှထကာ...

'သား ဒီမှာ ခဏစောင့်နေဦး'

ပြောပြီး ရှမ်းပုယင်းထံ လှမ်းသွားသည်။

ရှမ်းပုယင်းက ကျူးရယ်အနီးသို့ကပ်ကာ တစ်စုံတစ်ခု တိုးတိုးပြောလိုက်သည်။

ကျူးရယ် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ တစ်ချက်တစ်ချက် ကျူးယို့ပင်ကို လှမ်းကြည့်၏။

ထို့နောက် အခန်းတွင်းမှ ခပ်သွက်သွက်လေး ထွက်သွားသည်။ တစ်စုံတစ်ခုထူးခြားနေပြီဖြစ်ကြောင်း ကျူးယို့ပင်ရိပ်မိလိုက်သည်။

ထို့ကြောင့် အခန်းတွင်းမှ မသိမသာထွက်လိုက်သည်။

အပြင်ဘက်သို့ရောက်လျှင် ရှမ်းပုယင်းရှိနေသည်ကို တွေ့ရ၏။

ရှမ်းပုယင်းက—

'သခင်လေး ဘယ်သွားမလို့လဲ'

ဟု မေးလိုက်သည်။

ကျူးယို့ပင် ပခုံးတွန့်ကာ....

'ခရီးပန်းလာတယ်ဆိုတော့ အရေးတမောလောက် အိပ်ပြီး အနားယူလိုက်ဦးမယ်လေ'

'ကောင်းပါတယ် သခင်လေး။ သခင်ကြီးကလဲ ဘယ်မှ မသွားဘဲ အနားယူစေချင်ပါတယ်'

ကျူးယို့ပင် ဘာမှမပြောဘဲ သူ၏အခန်းဘက် ထွက်လာခဲ့လေသည်။ ရှမ်းပုဆိုး မျက်စိကွယ်ရာသို့ရောက်လျှင် ပြတင်းပေါက်တစ်ခုမှနေ၍ အပြင်ဘက်ခုန်ထွက်လိုက်၏။

အပြင်ဘက်ရောက်လျှင် ကျူးရယ်ခြံဝင်းထဲမှ ခပ်သုတ်သုတ်ထွက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

ကျူးယို့ပင်လည်း တိတ်တဆိတ်နောက်ယောင်ခံကာ လိုက်သွားလေတော့သည်။

* * *



ကျူးရယ် ခပ်သွက်သွက်အလေး လှမ်းသွားသည်။

တောအုပ်ထဲသို့ ရောက်လျှင် ခြေလှမ်း ရပ်သိုက်လေသည်။ တစ်ဖန်ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်လေသည်။ ပတ်ဝန်းကျင်၌ လူသူအင်းရှင်းကာ တိတ်ဆိတ်နေသည်။

ကျူးရယ်က…

'မျက်ကန်း မင်းဘယ်မှာလဲ ထွက်လာခဲ့စမ်း'

ဟု အော်ခေါ်လိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဟား ဟား ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်။

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၏နောက်ကွယ်မှ မျက်ကန်းထွက်လာလေသည်။ ကျူးရယ် မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းသည်ကိုရောက်အောင် လာနိုင်တယ်ဆိုတော့ ဝိညာဉ်နတ်ဆက်ငါးချောင်းကို ရှင်းပစ်နိုင်ခဲ့ပြီထင်တယ်'

'ဟုတ်တယ်'

'မင်းဘယ်ဆိုးလို့တုန်း၊ မင်းကို ဆုကောင်းကောင်းချီးမြှင့်ရမှာပေါ့ကွာ'

'ကျုပ်လာတာ ဆုငွေလိုချင်လို့ဟုတ်ဘူး'

'ဟေ'

'ကျုပ်ရဲ့ မိတ်ဆွေတွေအတွက် အသက် လျော်ကြေး လိုချင်လို့'

ကျူးရယ် မျက်မှောင်ကုပ်သွားသည်။

'မျက်ကန်း မင်းဘာတွေပြောနေတာလဲ'

'ကျုပ်ဘာပြောတယ်ဆိုတာ ခင်ဗျားသိပါတယ်။ လက်သူကြွယ်က ကျုပ်ကို အကုန်ဖွင့်ပြောလိုက်တယ်၊ ကျွန်းမြိုင် တောအုပ်ထဲကို ကျုပ်ရောက်ခဲ့ပြီးပြီ'

'ဘာ'

ကျူးရယ် မျက်လုံးပြူးကျယ်သွားလေသည်။ မျက်ကန်းကို စိုက်ကြည့်ရင်း....

'မင်း...မင်း ကျွန်းမြိုင်တောအုပ်ထဲ ရောက်ခဲ့ပြီးပြီ ဟုတ်လား'

'ဟုတ်တယ်'

'ဒါ....ဒါဖြင့်'

'ဟား ဟား ဟား၊ လက်သူ့ကြွယ်ရဲ့အလောင်းကို တွေ့ခဲ့ပြီးပါပြီဗျား သူ့ကို ခင်ဗျား ရှင်းပစ်လိုက်တာမဟုတ်လား'

'မင်း....'

'ကျုပ်အားလုံး နားလည်သဘောပေါက်သွားပါပြီဗျာ။ ခင်ဗျားဟာ ဂုဏ်နေမှက်မောတဲ့ လူယုတ်တစ်ယောက်ပါပဲ၊ ခင်ဗျား ရဲ့သား ကျူးယို့ပင်ကို တန်းတူရည်တူ ချမ်းသာကြွယ်ဝတဲ့ ဂုဏ်သရေရှိတဲ့မိသားစုက ပေါက်ဖွားလာတဲ့ မိန်းကလေးနဲ့ပဲ ပေးစားချင်တယ်၊ ကျင်းကျင်းကို အချေသည်မလေးတစ်ယောက်နဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးမဟုတ်လား'

ကျူးရယ်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါ သွားလေသည်။ မျက်ကန်းကိုစိုက်ကြည့်ရင်း....

မင်း... အည်ကိစ္စကို သိသွားပြီပေါ့'



'ကျုပ်လဲ စဉ်းစားတွေးခေါ်တတ်တဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျားမှတ်ထားပါ ကျင်းကျင်းမှာ ရန်သူမရှိဘူး၊ ခမ်ဗျားမှာလဲ ရန်သူမရှိဘူး ကျင်းကျင်းကို လူဆိုးတွေ ဖမ်းဆီးသွားတာဟာ ခင်ဗျားကြောင့် ဖြစ်ရမယ်ဆိုတာ ကျုပ် တွေးမိတယ်၊ အမှန်တော့ ခင်ဗျားက ဝိဉာဉ်နတ် လက်ငါးချောင်းကို ငှားရမ်းပြီး ကျင်းကျင်းကို ဖမ်းခိုင်းလိုက်တယ် ဝိဉာဉ်နတ် လက်ငါးချောင်းက ခိုက်ဖုန်မြို့ထဲ လမ်းဟောင်းက ဝင်ခဲ့ပေမယ့် သူတို့ကို သိုင်းသမားဝမ်းကုန်းက ရွှေညှော်သည် စားသောက်ဆိုင်မှာ တွေ့သွားတယ် ဒီတော့ သူတို့လက်ချက်ဆိုတာ ပေါ်လွင်လာတာပေါ့'

ကျူးရယ်က ဘာမှမပြောတော့ချေ။

မျက်ကန်းကို မျက်ထောင့်နီကြီးဖြင့် ကြည့်နေသည်။

မျက်ကန်းက ဆက်ပြောလိုက်သည်။

'ဝိဉာဉ်နတ် လက်ငါးချောင်းရဲ့ လက်ချက်ဖြစ်မယ် ဆိုတာ တိတိကျကျ မပြောနိုင်သေးခင်မှာ ခင်ဗျားဟာ အကြံတွေ ပေါ်ကုန်မှာ ကြောက်ပြီး ကျုပ်ကို ငှားရမ်းခဲ့တယ် ကျုပ်တို့အလဲ ဘာမသိဘာမှသိ ကြားဝင်ပါခဲ့တယ် ဒါပေမယ့် နောက်ဆုံးမှာ ခင်ဗျားသားနဲ့ ကျင်းကျင်းကို သဘောမတူနိုင်တာကြောင့်တမင် အကွက်ဆင်ဖန်တီးလိုက်တယ်ဆိုတာ ပေါ်လွင် ထင်ရှားလာခဲ့တယ် ခင်ဗျား ငြင်းဦးမလား'

မျက်ကန်း၏ စကားအဆုံးတွင် ကျူးရယ် သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

'ဟား ဟား ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မျက်ကန်းက သူ့အား မျက်တောင်မခတ် ကြည့်နေပါသည်။

ကျူးရယ် အတန်ကြာ ရယ်မောလိုက်ပြီးမှ

'ငါ့အကြောင်း မင်းသိသွားပြီဆိုတော့ မင်းကိုပါ ရှင်းပစ်ရတော့မှာပေါ့ကွာ'

'ဒီလိုပဲလေ မဟုတ်တာလုပ်တဲ့လူဟာ ရှေ့ကလုပ်တာ ပေါ်မှာ စိုးလို့ နောက်ထပ်လုပ် တစ်ခါခါအချောအောင်ထပ်လုပ် ဒီလိုနဲ့ မကောင်းမှုတွေ ဆက်တိုက်ကျူးလွန်မိတော့တာပေါ့ဘဲ'

'စကားမရှည်နဲ့ မင်း သေဖို့သာပြင်ထား'

'ကောင်းပြီ ကျုပ်ကလဲ ကျုပ်ရဲ့မိတ်ဆွေတွေနဲ့ အပြစ်မရှိပဲ အသတ်ခံလိုက်ရတဲ့ ကျွင်းကျွင်းအတွက် ခင်ဗျားကို ဆုံးမချင်နေတာပဲ'

'သေပေတော့'

ကျူးရယ်က အော်ငေါက်ရင်း စတင် တိုက်ခိုက်လိုက်လေသည်။

မျက်ကန်းက တောင်ဝှေးကို ဝှေ့ယမ်းရင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

သူတနှစ်ယောက်၏ တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်စွာ ဖြစ်ပေါ်လာလေတော့သည်။



ကျူးရယ်နှင့် မျက်ကန်းတို့ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်နေကြလေသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲကို ချောင်းကြည့်နေသူတစ်ယောက် ရှိနေပါ၏။

ထိုလူမှာ ကျူးယို့ပင် ဖြစ်လေသည်။

ကျူးယို့ပင်သည် ကျူးရယ်နှင့် မျက်ကန်းတို့၏ ပြောစကားများကို လုံးစေ့ပတ်စေ့ ကြားသိထားပြီး ဖြစ်သည်။

သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေသည်။

တရားခံအစစ်ကို တွက်ဆကြည့်မည်ဆိုလျှင် သူ၏ဖခင် လက်ချက်၊ ဖခင်၏ ဂုဏ်မနေမက်မောမှုကြောင့်ဖြစ်ကြောင်း နားလည်ထားသည်။

သူ၏ချစ်သူ ကျွင်းကျွင်းကား မဆီမဆိုင်ကြားမှ သနားစရာ သေဆုံးခဲ့ရချေပြီ။

ကျူးယို့ပင်၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းလာသည်။

တိုက်ပွဲကိုလည်း ငေးမောကြည့်နေမိလေတော့သည်။

ကျူးရယ်နှင့် မျက်ကန်းတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်။

ကျူးရယ်ကအသာစီးယူကာ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိနိုင်သည်။

ကျူးရယ်က လက်နက်မဲ့ တိုက်ခိုက်နေသော်လည်း အသာစီးရနေခြင်း ဖြစ်သည်။

မျက်ကန်းက တောင်ဝှေးဖြင့် ပြန်လည်တိုက်ခိုက်နေသည်။ မျက်ကန်းမှာ သိုင်းပညာခေသူ မဟုတ်ပါချေ။

သို့သော် ကျူးရယ်နှင့် ရင်ဆိုင်ရသောအခါ တဖြည်းဖြည်း နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

တစ်ချိန်တွင် ကျူးရယ်က လက်ဝါးရိုက်ထုတ်လိုက်ရာ…

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်လာသည်။ မျက်ကန်းမှာ တောင်ဝှေးတခြား လူတခြား အနောက်ဘက် လွင့်စဉ်သွားလေတော့သည်။

'ဟား ဟား ဟား'

ကျူးရယ်သဘောတွေ ရယ်မောလိုက်သည်။ မြေပေါ်လဲကျသွားသောမျက်ကန်းကိုကြည့်ရင်း….

'ငါ့အကြောင်းသိတဲ့လူ မင်းတစ်ယောက်ပဲ ရှိတော့တယ်၊ မင်းကိုရှင်းပစ်လိုက်ရင် ဘယ်သူက သိနိုင်တော့မှာလဲ။ သတိ သာထားပေတော့'

ကြုံးဝါးရင်း ရှေ့တိုးလာလေသည်။ မျက်ကန်းမြေပေါ်မှ လူးလိမ့်ထလိုက်၏။

ထိုစဉ် ကျူးရယ်မှာ လျှပ်တပြက်ရောက်ရှိလာပြီး တိုက်ခိုက်လေသည်။ မျက်ကန်းကအံကြိတ်ခုခံလိုက်သည်။ သို့သော် သူတို့နှစ်ယောက် ရင်ဆိုင်မိသည်နှင့်…



'ဝုန်း'

အသံတစ်ချက်ထွက်ပေါ်လာပြီး မျက်ကန်း မြေပေါ် လိမ့်ထွက်သွားလေသည်။

'ဟား ဟား ဟား'

ကျူးရယ်၏ရယ်မောသံ တောအုပ်ထဲ၌ ဟိန်းထွက်လာသည်။ မျက်ကန်းက နုတ်ခမ်းကိုလက်ခုံဖြင့် သုတ်လိုက်၏။ သူ၏နုတ်ခမ်းထောင့်၌ သွေးများယိုစီးကျနေပါသည်။ ကျူးရယ်၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာများမှထားပြီဖြစ်ခလသည်။

သို့တိုင် သူက နောက်ဆုတ်ရှောင်တိမ်းသွားရန် လုံးဝ စိတ်မကူးချေ။ ကျူးရယ်ကို စိုက်ကြည့်ရင်း….

'ကျုပ်အသက် သေချင်သေပါစေ၊ ခင်ဗျားကိုရှင်းပစ်မယ်'

ဟုပြောကာ မြေပေါ်မှခုန်ထလိုက်သည်။ တစ်ဖန် ကျူးရယ် ထံပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ကျူးရယ် မဲ့ပြုံးပြုံးရင်း ချာခနဲ ခြေတစ်ချက်ဖြင့် ဆန့်ကျောက်လိုက်၏။

'ဝုန်း'

'အား'

စူးရှ ကျယ်လောင်သော အသံများ ဆက်တိုက် ထွက်ပေါ်လာ၏။

မျက်ကန်းမှာ အနောက်ဘက်သို့ လွင့်စဉ်သွားသလို အရှိန်မထိန်းနိုင်ပဲ မြေပေါ် သို့လေးပတ်မျှလိမ့်သွားလေသည်။

ကျူးရယ်၏မျက်လုံးများ အာရုံတဖိတ်ဖိတ် တောက်ပလာသည်။

'မျက်ကန်း မင်းသေဖို့သာပြင်ထား'

ပြောရင်း မျက်ကန်းတို့ထံ တစ်လှမ်းချင်းလျှောက်သွား၏။ မျက်ကန်းမြေပေါ်မှ လူလိမ့်ထလိုက်၏။ သို့သော် မဟန်နိုင်ဘဲ ပြန်လဲကျသွားသည်။

ကျူးရယ်မှာ မျက်ကန်းအနီးသို့ ရောက်လာပြီဖြစ်သည်။ မျက်ကန်းမှာ မြေပေါ်မှလူးလိမ့်ကာ ရှောင်ထွက်သွားရန် ကြိုးစားလိုက်၏။

ထိုစဉ် မြေပေါ်လွတ်ကျခဲ့သော သူ၏ တောင်ဝှေးကို တွေ့သွား၏။ တောင်ဝှေး ကောက်ယူရန် ဟန်ပြင်လိုက်စဉ်—

'မင်း ဘာတတ်နိုင်မှာလဲ'

အော်ငေါက်သံနှင့်အတူ ကျူးရယ် အနီးသို့ ရောက်လာသည်။ တောင်ဝှေးလှမ်းယူနေသည့် မျက်ကန်း၏လက်ကို ခြေထောက်ဖြင့် တက်နင်းထားလိုက်လေသည်။

'အား'

မျက်ကန်း အော်ဟစ်လိုက်၏။ ကျူးရယ်က မျက်ကန်း၏ လက်ကို တအားနင်း ထားလိုက်သည်။ တစ်ဆက်တည်းပင်—

'မင်းဘာမှမတတ်နိုင်တော့ဘူးမဟုတ်လား၊ သေပေတော့'

ပြောဆုံးလျှင် ကျန်ခြေထောက်တစ်ဖက်ဖြင့် မျက်ကန်း၏ ဦးခေါင်းပေါ် ဆောင့်ချရန် ဟန်ပြင်လိုက်လေသည်။



ထိုစဉ်မှာပင်....

'ဖေဖေ မလုပ်လိုက်ပါနဲ့၊ နောက်ထပ် မကောင်းမှုတွေ မကျူးလွန်ချင်ပါနဲ့တော့'

အော်သံနှင့်အတူ ကျူးယို့ပင်ပုန်းကွယ်ရာမှ ပြေးထွက်လာလေသည်။

ကျူးယို့ပင်အားတွေ့ရလျှင် ကျူးရယ် မျက်နှာပျက်သွားလေသည်။ ကျူးယို့ပင်က ပြေးဝင်လာရင်း...

'ဖေဖေ သူ့ကိုလွှတ်ပါ'

ဟု အော်ပြောလေသည်။

ကျူးရယ်မှာ အသည်းနှလုံးများ အစိတ်စိတ်အမွှာမွှာကွဲအက် ကြေမွသွားသည်ဟု ခံစားလိုက်ရသည်။

သူ၏လုပ်ရပ်များကို ကျူးယို့ပင် သိသွားပြီမဟုတ်လား။
ထိုစဉ်မှာပင် မျက်ကန်းက တအားရုန်းထွက်လိုက်သည်။
ကျူးရယ် ဒေါသ ခြောင်းခြောင်းထွက်ကာ—
'မင်းကြောင့် အခုလိုဖြစ်ရတာ သေပေတော့'
အော်ငေါက်ယင်း ခြေထောက်ဖြင့် ဆောင့်နင်းလိုက်၏။

မျက်ကန်းကလည်း တအားရုန်းထွက်ပြီး တောင်ဝှေးဖြင့် ကြုံးရိုက်လိုက်သည်။

တောင်ဝှေးရိုက်ချက်မှာ မထင်မှတ်ဘဲကျူးရယ်၏ ဦးခေါင်းကိုထိမှန်သွားသည်။

'ခွပ်'

အသံတစ်ချက် ထွက်ပေါ်လာသည်။

ပြင်းထန်သော ရိုက်ချက်မို့ ဦးခေါင်းကွဲအက် ကြေမွသွားသည်။

ကျူးရှယ်မှာ တခဏမျှ တောင့်တောင့်ကြီး ရပ်နေပြီးမှမြေပေါ် ဝုန်းခနဲလဲကျသွားတော့သည်။

* * *



လေပြည်လေညှင်း ငွေ့ယမ်းတိုက်ခတ်လာသည်။

မွှေးကြိုင်သော ပန်းရနံ့မှာ လေပြည်တွင် ပါဝင်လာ၏၊

အေးမြသော လေပြည် မွှေးကြိုင်သောပန်းရနံ့သည် စိတ်နှလုံးညှိုးနွမ်းနေသူများကို ကြည်လင်လန်းဆန်းလာစေမည်ဖြစ်သည်။

ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ ကင်းစင်နေ၏။

အဝေးတွင် မှိုင်းညို့သော တောင်တန်းများ တွေ့မြင်နေရသည်။

တောင်တန်းကြီးခြေရင်း၌ ရွာကလေးတစ်ရွာ ရှိနေပါ၏။

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

ရွာကလေးဆီသို့ သွားရာလမ်း၌ မြင်းတစ်ကောင် ဒုန်းစိုင်းလာနေသည်ကို တွေ့မြင်နိုင်သည်။

မြင်းစီးလာသူကား မျက်ကန်းဖြစ်သည်။

တောင်ခြေရွာကလေးကို လှမ်းမြင်ရလျှင် မျက်ကန်းသက်ပြင်းချလိုက်သည်။

သူ၏မျက်လုံးထဲ၌ တောင်ခြေရွာကလေး၌ လွတ်လပ်ပျော်ရွှင်စွာ မင်္ဂလာပွဲ ဆင်နွှဲနေခဲ့ကြသော လုံးဟွာီးတို့ ဇနီးမောင်နှံကိုမြင်ယောင်နေမိသည်။

လုံးဟွာီးအား သေဆုံးသွားချေပြီ။

ထိုအကြောင်း ဇနီးသည်အား မည်သို့ပြောပြရအံ့နည်း။

မျက်ကန်း သက်ပြင်းချလိုက်သည်။

သူတစ်ပါးမလုပ်လိုသော ကိစ္စများ သူကလုပ်ရစမြဲပင်။

လုံးဟွီး ကိုယ်တိုင်က သူ၏ဇနီးသည်ထံ အကြောင်းကြား ပေးစေလိုသည့်ဆန္ဒရှိသည် မဟုတ်ပါလား။

ပြန်မလာနိုင်တော့သည့် လုံးဟွီးအား မြန်လှာနိုး မျှော်ကိုး နေရမည့်ဘဝကို ကရုဏာသက်မိသည်။

မျက်ကန်း သက်ပြင်းချလိုက်သည်။

လောကဓံတရားကို တွေးတောယင်း တောင်ခြေရွာကလေး ဆီသို့ မြင်းဒုန်းစိုင်းစီးနှင်သွားတော့သည်။

ပြီး၏။

မိုး ကျော်သူ